
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁ )

### ထူးဆန်းသောမြေပုံ

နွေဦးပေါက်ကာလ။ ရာသီဥတုက သာသာယာယာ ရှိလှသည်။

ရွက်ဝါကြွေတွေကမူ မြေသို့ ကြွေကျလျက်ရှိနေလေပြီ။

တောတောင်အနှံ့ ကျေးငှက်သာရကာတို့၏ အော်မြည်ဟစ်ကြွေးသံများက နားပျော်ဖွယ် ပေါ်ထွက်နေသည်။

တစ်ချက်တစ်ချက် ခပ်ဝေးဝေးဆီမှ သားကောင်ကြီးများ၏ ဟိန်းသံ၊ အော်သံလည်း ပေါ်ထွက်လာတတ်လေသည်။

ဝှမ်ကျိုးမြို့နှင့် လီနှစ်ဆယ်ခန့် အကွာ အဝေးတွင်ရှိနေသော ကြက်ဖတောင်ခြေတစ်ဝိုက်ဆီမှ မြင်းခွာသံများကလည်း ခပ်မှန်မှန် ပေါ်ထွက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



လူငါးယောက် မြင်းကိုယ်စီ ခပ်မှန်မှန် စီးလာနေကြ၏။ သူတို့ငါးဦးစလုံး၏ ကိုယ်ပေါ်တွင် တူညီသော မီးခိုးရောင် ဝတ်စုံကိုယ်စီကို ဝတ်ဆင်ထားကြသည်။

သူတို့၏ ကျောတွင်လည်းကောင်း၊ ခါးတွင်လည်းကောင်း လက်နက်ကိုယ်စီ ချိတ်တွယ်ထားကြသဖြင့် သိုင်းသမားများ ဖြစ်ကြောင်း သိနိုင်၏။ သူတို့၏ ရင်ဘတ်တွင် အနီရောင် စက်ဝိုင်းတစ်ဝိုင်းစီ ရှိနေသဖြင့် သူတို့ကို သွေးစက်ဝိုင်း ဂိုဏ်းမှ ဂိုဏ်းသားများဖြစ်ကြောင်း သိနိုင်လေ၏။

သွေးစက်ဝိုင်းဂိုဏ်းသည် ရှောင်လင်ဂိုဏ်းတော်ကြီး၊ ဝူတန် ဂိုဏ်းကြီးနှင့် အိုမေ့ဂိုဏ်းကြီးကဲ့သို့ ပြည်နယ်အနှံ့ ဂိုဏ်းခွဲများ ထားရှိနိုင်သည့် ဂိုဏ်းကြီးမျိုးလည်း မဟုတ်ပေချေ။

ထို့ကြောင့် ထင်ရှားကျော်ကြားလွန်းလှသော ဂိုဏ်းကြီး မျိုးလည်း မဟုတ်ပေချေ။

သိုင်းလောကသားတိုင်းလည်း မသိကြပါချေ။

သိုင်းလောကကြီးတစ်ခုလုံး၏ ထက်ဝက်မျှလောက်သော သိုင်းလောကသားတို့သာ သွေးစက်ဝိုင်းဂိုဏ်းကို သိရှိထားကြ သည်။

သို့သော် သွေးစက်ဝိုင်းဂိုဏ်းသည် တစ်စစ အင်အားများ ပြားလာပြီး ကျော်ကြားစ ပြုလာလေ၏။



နောင်လေးငါးနှစ်အတွင်းတွင် ထိပ်တန်းဂိုဏ်းကြီး တစ် ဂိုဏ်းအဖြစ်သို့ ရောက်ရှိလိမ့်မည်ဟု အကြောင်းစုံသိသူအားလုံး က ထင်မြင်ချက် ပေးကြသည်။

ရှောင်လင်ဂိုဏ်းအပါအဝင် ဂိုဏ်းကြီးအသီးသီးမှ ဂိုဏ်း များကလည်း စက်ဝိုင်းဂိုဏ်းကို လေးလေးစားစား အသိ အမှတ်ပြုကြသည်။

အကြောင်းမှာ သွေးစက်ဝိုင်းဂိုဏ်းသည် အဖြူရောင် သိုင်း ဂိုဏ်းဖြစ်ပြီး သိုင်းလောကအတွင်း၌ တက်သစ်စအမျိုးသား ပိုးတော အနက်ရောင် ဒုစရိုက်သိုင်းဂိုဏ်းများကို ချေမှုန်းတိုက် ခိုက်နေသောကြောင့် ဖြစ်သည်။

ယခု ကြက်ဖတောင်ခြေမှ ပတ်၍ မြင်းကိုယ်စီနှင့် [illegible] ကြသူငါးဦးသည် [illegible] ဖြင့် မှန်မှန် [illegible] နေကြ ခြင်းဖြစ်၏။

ရှေ့ဆုံးမှ မြင်းကို ဦးဆောင်စီးလာသူနှစ်ဦးအနက် တစ်ဦးမှာ အသက် နှစ်ဆယ့်ငါးနှစ်ခန့် အရွယ်ရှိပြီး တည်ကြည်ခံ့ညား သော ရုပ်အသွင်မျိုးလည်းရှိသည်။

ကျစ်လျစ်သန်မာသော ခန္ဓာကိုယ် အချိုးအစားလည်းရှိ၏။

သူ၏နာမည်မှာ ကျန်းတာန့်ဖြစ်ပြီး ယခုလူစုတွင် ဦးစီး ခေါင်းဆောင်လည်းဖြစ်သည်။

သူသည် ထက်မြက်ရည်နှင့်နှလုံးရည် ပြည့်ဝသူမို့ သွေးစက် ဝိုင်းဂိုဏ်းချုပ်ကြီး ဝမ်ခက၏ အားထားရသူ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းဟန်နှင့်အတူ မြင်းကို ယှဉ်စီးပြီး စကားပြောလာသူ ရှောက်လီမှာလည်း သွေးစက်ဝိုင်းဂိုဏ်း၏ ထက်မြက်ထူးချွန်သော လက်ရွေးစင်သိုင်းသမားတစ်ယောက် ဖြစ်လေသည်။

သူတို့သည် ခရီးစဉ်တစ်လျှောက် ခရီးမြင်းကိုမရပ်မနားဘဲ နှင်လာကြပြီးမှ ကြက်ဖတောင်မြေအရောက်တွင် မြင်းတွေ ပင်ပန်းလွန်းသဖြင့် အရှိန်ကိုလျှော့ကာ ခပ်မှန်မှန် နှင်ခဲ့ကြခြင်းဖြစ်၏။

'ကျွန်တော်တို့ ဒီနေ့ညအမီ စခန်းဌာနချုပ်ကို ပြန်ရောက်ကောင်းပါရဲ့နော် ဆရာကျွန်း'

ရှောက်လီက ပြောလိုက်သောအခါ ကျွန်းဟန်ကလည်း ပြန်ပြောသည်။

'ဒီညအမီ စခန်းဌာနချုပ်ရောက်အောင်တော့ ပြန်ကြရမှာပေါ့ဗျာ၊ ဒါမှလဲ ဂိုဏ်းချုပ်ကြီးရဲ့မွေးနေ့ပွဲကို လာကြမယ့် ဧည့်သည်တွေထဲမှာ ကောင်းသောရည်ရွယ်ချက်နဲ့ လာကြမယ့်လူတွေရှိသလို မကောင်းတဲ့ရည်ရွယ်ချက်နဲ့ လာကြမယ့်လူတွေလဲ ရှိမှာပဲ၊ ကျွန်တော်တို့တစ်တွေ အခု ကြားခဲ့ကြရတဲ့သတင်းတွေကို ဂိုဏ်းချုပ်ကြီးကတော့ သိဦးမှာမဟုတ်သေးဘူး၊ ဒါကြောင့်လဲ အမှုမဲ့အမှတ်မဲ့ ဧည့်သည်တွေကို ဧည့်ခံမှာပဲ၊ ဒီတစ်ခါ ယုတ်မာတဲ့အကြံအစည်နဲ့လာတဲ့သူတွေက ဂိုဏ်းချုပ်ကြီးနဲ့ ကျွန်တော်တို့ဂိုဏ်းကို ဒုက္ခပေးနိုင်တယ်'

ရှောက်လီက ညည်းညည်းညူညူ ပြန်ပြောသည်။



'အေးဗျာ....ဘယ်သူတွေက ဒီသတင်းကို လွှင့်လိုက်တယ် မသိပါဘူး၊ ဝှာစန်းဂိုဏ်းရဲ့ လျှို့ဝှက်မြေပုံဟာ ကျွန်တော်တို့ ဂိုဏ်းချုပ်ကြီးဆီမှာ ရှိနေတယ်လို့ သိုင်းလောကမှာ သတင်းပြန့်နေတာတော့ အတော်ကိုဆိုးတယ် ဆရာကျွန်း၊ အခုတော့ လျှို့ဝှက် ရတနာမြေပုံကို လိုချင်နေကြတဲ့ သိုင်းသမားတွေက ဒီသတင်းကို ကြားတာနဲ့ ကျွန်တော်တို့ရဲ့ ဂိုဏ်းချုပ်ကြီးကို ဒုက္ခပေးကြမှာအမှန်ပဲ၊ စေ့စေ့တွေးကြည့်ရင် ကျွန်တော်တို့ သွေးစက်ဝိုင်းဂိုဏ်းရဲ့အန္တရာယ်က မသေးလှဘူး'

ရှောက်လီ၏စကားကို ကျွန်းဟန်ကလည်း ခေါင်းညိတ် ထောက်ခံလိုက်သည်။

* * *

သိုင်းလောကကြီးတစ်ခုလုံး အေးချမ်းတည်ငြိမ်ခဲ့သည်မှာ ဆယ်နှစ်ကျော်ကျော် ရှိသွားလေပြီ။

လွန်ခဲ့သော ဆယ်နှစ်ကျော်ကတည်းက အင်အားကြီးမား၍ ကျော်ကြားခဲ့သော ဒုစရိုက်ဂိုဏ်းကြီးတစ်ဂိုဏ်း ဖြစ်သည့် ယက္ခဂိုဏ်းကြီးကို အဖြူရောင်သိုင်းသမားများက တိုက်ခိုက် ချေမှုန်းလိုက်ပြီးကတည်းက ဖြစ်လေသည်။

ယက္ခဂိုဏ်းကြီးပြိုကွဲသွားပြီးကတည်းက သိုင်းလောကကြီး တစ်ခုလုံး အုတ်အော်သောင်းနင်း ဖြစ်သွားမည့်သတင်းများ ပေါ်မလာသည်မှာ ကြာသွားချေပြီ။

www.burmeseclassic.com

သို့သော် ယခုနှစ်နှစ်ဦးပိုင်းတွင်မူ သိုင်းလောက၏ အထွတ်အထိပ်ဖြစ်သော ရှောင်လင်၊ ဝူတန်၊ အိုမေ့ခအော သိုင်းဂိုဏ်းအပါအဝင် သိုင်းလောကကြီး တစ်ခုလုံး ရှုတ်ရှက်သဲသဲ ဖြစ်သွားစေမည့် ထူးထူးခြားခြားသတင်းတစ်ရပ်က ပေါ်ထွက်လာသည်။

ရှင်းမှု 'မင်း' ဆက်ကတည်းက ဝှာစန်းဂိုဏ်းကြီး၏ ပျောက်ဆုံးနေသော လျှို့ဝှက်ရတနာသိုက် မြေပုံကြီးမှာ သိုင်းလောကတွင် ပြန်လည်ပေါ်ထွက်လာပြီဟူသော သတင်း ပ[illegible]စီးနေသည်။

ထိုသတင်းမှာ မှန်ကန်သောသတင်းဖြစ်နိုင်သလို ကောလာဟလ သတင်းလည်း ဖြစ်နိုင်ပေသည်။

သို့သော် မှန်ကန်သောသတင်းပင်ဖြစ်စေ၊ ကောလာဟလ သတင်းပင်ဖြစ်စေ ၎င်းသတင်းကိုကြားရသည့် သိုင်းလောကသားတိုင်း လွန်စွာ စိတ်ဝင်စားကြသည်သာဖြစ်၏။ ရတနာမြေပုံကို လိုချင်စိတ်ဖြစ်မိသည်သာဖြစ်၏။

ဝှာစန်းဂိုဏ်း၏ ရတနာသိုက်ကြီး၌ များလှစွာသော ရွှေ၊ ငွေရတနာများရှိသလို အလွန်ရှားပါးပြီး ထက်မြက်လွန်းလှသော 'ကျုန်းအန်း' သိုင်းကျမ်းလည်းရှိနေကြောင်း အားလုံးပင် ကြားသိကြထားသောကြောင့် ဖြစ်၏။

ထို့ကြောင့် နေ့ချင်းညချင်း ချမ်းသာလိုသူများကလည်း ဝှာစန်းမြေပုံသတင်းကို အနံ့ခံလိုက်ကြတော့၏။

BURMESE CLASSIC



ပြိုင်ဘက်ကင်းသိုင်းသမားဖြစ်လိုသူတို့ကလည်း ကျုန်းအန်း သိုင်းကျမ်းကြီးကို လိုချင်ကြသဖြင့် ဝှာစန်း ရတနာမြေပုံ သတင်းကို စုံစမ်းကြသည်။

သူဌေးလည်းဖြစ်ချင်၊ ပြိုင်ဘက်ကင်းသိုင်းသမားအဆင့်ကို ရောက်လိုသူတို့ကလည်း ဝှာစန်းရတနာသိုက်မြေပုံကို ရှာဖွေရေးအတွက် လိုက်နေကြသည်။

သိုင်းသမားမဟုတ်သူတို့ကလည်း ချမ်းသာကြွယ်ဝလိုစိတ်ဖြင့် လိုက်နေကြသည်။

မျိုးချစ်သိုင်းသမားများ၊ အဖြူရောင်သိုင်းသမားများကလည်း လိုချင်လောဘစိတ်ဖြင့် ရတနာမြေပုံနောက်သို့ လိုက်နေခြင်းမဟုတ်ချေ။

သူတို့သည် ၎င်းရတနာမြေပုံကို ကိုယ်ကျိုးအတွက် အသုံးချရန်လည်း ရည်ရွယ်ချက်မရှိကြချေ။

အဓိကအားဖြင့် ရတနာသိုက်မြေပုံနောက်သို့ အဖြူရောင်သိုင်းသမားများ လိုက်နေကြခြင်းမှာ အနက်ရောင်သိုင်းသမားများ၊ ဒုစရိုက်သမားများ၊ တိုင်းပြည်၏ရန်သူများ လက်တွင်းသို့ ရတနာမြေပုံ ရောက်ရှိမသွားစေရန်ပင် ဖြစ်လေသည်။

ဒုစရိုက်ဂိုဏ်း သို့မဟုတ် အနက်ရောင်သိုင်းသမားများ လက်တွင်းသို့ ဝှာစန်း ရတနာမြေပုံ ရောက်ရှိသွားပါက သိုင်းလောကကြီးတစ်ခုလုံး၏ နောင်ရေးမှာ မတွေးဝံ့စရာပေ။

www.burmeseclassic.com



၎င်းတို့တစ်တွေ အင်အားပြည့်တင်းသွားမည်ဖြစ်ပြီး သိုင်းလောကကြီးတစ်ခုလုံး ဒုစရိုက်သမားတို့၏ လွှမ်းမိုးခြင်းကို ခံရတော့မည်မှာ သေချာနေလေသည်။

ထို့ကြောင့် ဝှာစန်းရတနာသိုက်မြေပုံသည် သိုင်းလောကတစ်ခုလုံး၏ ကံကြမ္မာနှင့် တိုက်ရိုက်ပတ်သက်နေသည်ဆိုလျှင် မှားမည်မဟုတ်ပါချေ။

ဒုစရိုက်သမားများကမူ ကိုယ်ကျိုးအတွက် အသုံးပြုရန်သာ ရတနာသိုက်မြေပုံနောက်ကို လိုက်နေကြခြင်းဖြစ်၏။

မိမိ ချမ်းသာကျော်ကြားရေး၊ မိမိ၏အဖွဲ့အစည်း သိုင်းဂိုဏ်းကြီး ကြွယ်ဝကျော်ကြားရေး၊ သိုင်းလောကကြီးတစ်ခုလုံးအား လွှမ်းမိုးနိုင်ရေးအတွက် ဖြစ်ကြသည်။

သိုင်းသမားတိုင်းလိုလို ၎င်း ရတနာသိုက်မြေပုံ သတင်းကြားရာဆီသို့ လိုက်နေကြသည်ဖြစ်လေရာ သိုင်းလောကကြီးတစ်ခုလုံးမှာ တည်ငြိမ်အေးချမ်းခြင်းမရှိဘဲ ရှုတ်ရှုတ်သဲသဲဖြစ်နေရတော့၏။

သွေးစက်ဝိုင်းဂိုဏ်းဝင် ကျန်းဟန်နီတို့လူစုသည် အခြားကိစ္စတစ်ခုဖြင့် သွေးစက်ဝိုင်းစခန်းဌာနချုပ်မှ ခရီးထွက်လာခဲ့ကြသည်မှာ ဆယ်ရက်ကျော်ကျော်ရှိသွားလေပြီ။

သူတို့အညီ အသွားခရီးတုန်းက သူတို့ သွေးစက်ဝိုင်းဂိုဏ်းနှင့်ပတ်သက်သော သတင်းစကားတို့ကို မကြားခဲ့ကြချေ။ ယခု အပြန်ခရီးတွင်မှ ကြားခဲ့ရခြင်းဖြစ်၏။



သူတို့လူစုမှာ အစက ရှစ်ယောက်ဖြစ်သည်။

လွန်ခဲ့သောလေးရက်က ဒုစရိုက် သိုင်းသမားတစ်စုနှင့် သူတို့လူစု စပြီးတွေ့ကြသည်။

ဒုစရိုက်သိုင်းသမားများက သွေးစက်ဝိုင်းဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးထံတွင် ဝှာစန်းရတနာသိုက်မြေပုံ ရှိနေသည်ကို သိကြောင်း၊ ၎င်းရတနာသိုက်ကို မည်သည့်နေရာတွင် ဝှက်ထားကြောင်း ကျန်းဟန်တို့လူစုကို မေးကြသည်။

ကျန်းဟန်တို့လူစုကလည်း ကောလာဟလ သတင်းသာဖြစ်ကြောင်း ငြင်းကွယ်ကြသည်။

ထို့ကြောင့် သူတို့လူစုနှင့် ဒုစရိုက်သိုင်းသမားများ တိုက်ပွဲဖြစ်ပွားကြသည်။

၎င်းတိုက်ပွဲတွင် ဒုစရိုက်သိုင်းသမားများ အထိနာကြကာ ထွက်ပြေးသွားကြသော်လည်း ကျန်းဟန်တို့လူစုထဲမှ နှစ်ယောက်သည်။ ရန်သူ့လက်ချက်ဖြင့် သေဆုံးခဲ့ရ၏။

တစ်မြန်နေ့တလည်း လမ်းခရီးတွင် ကျန်းဟန်တို့လူစု တောပုန်းဓားပြတစ်စု တွေ့ခဲ့ကြပြန်သည်။

တောပုန်းဓားပြများက ကျန်းဟန်နီတို့လူစုကို ဝှာစန်းရတနာသိုက်မြေပုံအကြောင်း မေးမြန်းအကြမ်းဖက်ရာမှ တိုက်ပွဲဖြစ်ခဲ့ကြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုတိုက်ပွဲတွင်လည်း ယောပုန်းခေါးပြမျှား အထိနာကာ ထွက်ပြေးသွားကြသော်လည်း ကျွန်းဟာန်တို့လူစုဘက်မှ နှစ်ယောက် သေဆုံးခဲ့ရပြန်သည်။

ထို့ကြောင့် ယခုအခါ ကျွန်းဟာန်တို့လူစုသည် ငါးယောက်သာ ကျန်လေတော့၏။

ကျွန်းဟာန်တို့သည် သူတို့လူစုအတွက်ထက် သူတို့ဂိုဏ်းချုပ်ကြီးအတွက်ကိုသော်လည်းကောင်း၊ သေနက်ဝိုင်းဂိုဏ်းကြီးအတွက်ကိုသော်လည်းကောင်း စိုးရိမ်မကင်း ဖြစ်မိကြသည်။

သူတို့၏ဂိုဏ်းချုပ်ကြီးထံတွင် ဝှာစန်းရတနာသိုက်မြေပုံ ရှိနေသည်ဟူသောသတင်း ထွက်ပေါ်နေသောကြောင့်ကြားသိသမျှသော အဖြူရောင်သိုင်းသမားများရော အနက်ရောင်သိုင်းသမားများပါ သူတို့၏ဂိုဏ်းချုပ်ကြီးထံသို့ နည်းအမျိုးမျိုးဖြင့် ချဉ်းကပ်ကြမည်မှာ သေချာသည်။

သူတို့၏ဂိုဏ်းချုပ်ကြီးဝမ်ခသည် ဤအကြောင်းကို သိလိမ့်ဦးမည်မဟုတ်ချေ။

ထို့ကြောင့်လည်း ကြိုတင်အစီအစဉ်ကာကွယ်ခြင်းများကိုလည်း လုပ်လိမ့်မည်မဟုတ်ချေ။

ဤသည်ကြောင့်လည်း ဂိုဏ်းချုပ်ကြီးဝမ်ခသည် လည်းကောင်း၊ သေနက်ဝိုင်းဂိုဏ်းသည်လည်းကောင်း ရန်သူ



ရှုတ်သရက် ချောမွန်းတိုက်ခိုက်ခြင်းကို ခံရမည်ကောင်း ခံရနိုင်လေသည်။

ကျွန်းဟာန်တို့လူစုသည် ထိုအတွေးကြောင့် စိုးရိမ်မကင်းဖြစ်ကြပြီး ခရီးပြင်းကို နှင်ခဲ့ကြခြင်းဖြစ်သည်။

ကြက်ဖတောင်ခြေသို့ရောက်မှသာ မြင်းတွေကော လူတွေပါ ပန်းလာသဖြင့် ခပ်မှန်မှန်လာရင်း စကားပြောလာကြခြင်းဖြစ်သည်။

ရှောက်ဆီက နှစ်ကိုယ်ကြားလောက်သံဖြင့် မေးလာပြန်သည်။

'အစ်ကိုကျွန်း၊ ကျွန်တော်တို့ဂိုဏ်းချုပ်ကြီးဆီမှာ ဝှာစန်းရတနာသိုက်မြေပုံ ရှိနေတယ်လို့ သတင်းထွက်ပေါ်နေတာလား၊ တကယ်ပဲ ရှိနေလို့လား'

ကျွန်းဟာန်က ခေါင်းကို ဖြည်းလေးစွာခါယမ်းရင်းပြီး....

'ကျွန်တော်လဲ ဘယ်သိမှာလဲဗျာ၊ ဒီအကြောင်းနဲ့ပတ်သက်ပြီး ဂိုဏ်းချုပ်ကြီးက ကျွန်တော်တို့ကို ပြောဖူးတာမှမဟုတ်ဘဲ၊ သူ့ဆီမှာ ဝှာစန်းသိုက်မြေပုံ တကယ်ရှိနေခဲ့ရင်တောင်၊ ကျွန်တော်တို့အဆင့်လောက်လူမျိုးကို ဘယ်ပြောမလဲ၊ ဂိုဏ်းချုပ်ကြီးက သူ့စိတ်ချရတဲ့လူတစ်ယောက်ကို ပြောကောင်းပြောမှာပေါ့'

'ဟုတ်တော့ဟုတ်ပါတယ်လေ၊ ဒါနဲ့တောင် ဆရာကြီးနဲ့ ဒီသတင်းက သိုင်းလောကကို ဘယ်လိုပျံ့နှံ့သွားတယ်မသိပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်ရှောက်လီ၊ ဒါတော့ အံ့သြစရာပဲ၊ ဂိုဏ်းချုပ်ကြီးနဲ့ ကျွန်တော်တို့ရဲ့ သွေးစက်ဝိုင်းဂိုဏ်းကို မလိုမုန်းထားလို့ ဒီကောလာဟလသတင်းကို တစ်ယောက်ယောက်က စပြီး ဖြန့်လိုက်တယ်ဆိုရင် ဖြစ်နိုင်တယ်၊ ကဲဗျာ့ မြင်းတွေ ဒီလောက်ဆို အမောပြေလောက်ပါပြီ၊ ကျွန်တော်တို့ ခရီးပြင်းကို ဆက်ပြီးနှင်ကြဦးစို့၊ ဒါမှ ဂိုဏ်းချုပ်ကြီးရဲ့မွေးနေ့ပွဲကို မှီမှာ'

'ဟုတ်တယ်ဗျာ....မြင်းတွေကို ဒုန်းစိုင်းကြစို့၊ မီမှသာနော ခပေါ်တော့ ကျွန်တော်တို့တစ်တွေ ဂိုဏ်းချုပ်ကြီးရဲ့ မွေးနေ့ကို ခပျော်ပျော်ပါးပါး စားသောက်ကြရတာပေါ့လေ'

ကျွန်းဟန်က လက်မြှောက်အချက်ပြကာ မြင်းကို ဒုန်းစိုင်းနှင်သောအခါ ကျန်လူစုလည်း နောက်မှ မြင်းကိုယ်စီ ဒုန်းစိုင်း၍ လိုက်ခဲ့ကြတော့သည်။

'ခွပ်....ခွပ်....ခွပ်'

'ခွပ်....ခွပ်....ခွပ်'

သမုဟုတ်ချင်း မြင်းခွာသံတွေ သောသောညံသွားတော့သည်။

ကျွန်းဟန်တို့လူစုသည် ကြက်ပေါင်မြေကို ဖြတ်၍ မြင်းကိုယ်စီ ဒုန်းစိုင်းစီးကာ တောအုပ်ကြီးအတွင်းသို့ ဝင်ခဲ့ကြလေ၏။

တောအုပ်ထဲသို့ အရောက်တွင် ကြိုတင်စောင့်ဆိုင်းနေကြသော ရန်သူများ၏တိုက်ခိုက်ခြင်းကို ကျွန်းဟန်တို့ ခံကြရလေတော့သည်။



ဒုန်းစိုင်းပြေးနှင်လာသော ကျွန်းဟန်၏မြင်းရှေ့တွင် ကြိုးတန်းတစ်ခုက လမ်းကို ကန့်လန့်ဖြတ်၍ ရုတ်တရက် ပေါ်လာသည်။

၎င်းကြိုးတန်းကို ကျွန်းဟန်က လှစ်ခနဲ မြင်လိုက်သဖြင့် မြင်းဇက်ကြိုးကို တုံ့ခနဲဆွဲကာ အော်လိုက်သည်။

'ရန်သူ'

'ဟီး....ဟီး....ဟီး'

'ဟီး....ဟီး....ဟီး'

ကျွန်းဟန်၏သတိပေးချက်ကြောင့် ကျန်လူများက မြင်းဇက်ကြိုးများကို ရုတ်ခြည်း ဆွဲလိုက်ကြသဖြင့် မြင်းဟီသံများ ထွက်ပေါ်လာသည်။

ပတ်ရပ်သည့်မြင်းကရှိ၊ ခွေလဲလုမတတ် ဖြစ်သည့်မြင်းဖြစ်၊ နောက်ဖက်မှ အရှိန်လွန်ကာ ကြိုးတန်းဖြင့်တိုက်မိပြီးစိုက်ကာ လဲသည့်မြင်းကလဲဖြင့် မြင်းတွေ လုံးလုံးထွေးထွေး ဖြစ်ကုန်သည်။

'ဝိုင်းထားကြဟေ့....ဝိုင်းထားကြ'

'ထွက်ပေါက်မရှိစေနဲ့'

'ခုခံရင် သတ်ပစ်'

အော်ဟစ်သံများကလည်း၊ တစ်ခဲနက်ပေါ်ထွက်လာကာ သစ်ပင်များပေါ်မှ ဝတ်စုံနက်ဝတ်ထားသူများမှာ ခုန်ဆင်းလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝဲယာ တောင်ဖက်တစ်ချက်ရှိ သစ်ပင်ကြီးများနောက်ကွယ်
လည်း ဝတ်စုံနက်ဝတ်ထားသူများ ခုန်ထွက်လာကြသည်။
ဓူးစုခေါင်း လူနှစ်ဆယ်နီးပါးခန့်ရှိပြီး သူတို့လက်ထဲတွင်
လေးနှင့်ကိုယ်စီ ... အဆင့်ကိုင်ထားကြသည်။

သူတို့ခေါင်းကွင်းသည် မျက်လုံးပေါက်နှစ်ပေါက်သာပေါ်
သော အနက်ရောင်ခေါင်းစွပ်ကိုယ်စီကို စွပ်ထားကြသည်။
ထို့ကြောင့် သူတို့၏မျက်နှာများကို မမြင်ရချေ။
အမှတ်အသားတံဆိပ်မပါသဖြင့် သူတို့ကို မည်သည့်ဂိုဏ်း
အဖွဲ့အစည်းဖြစ်ကြောင်းလည်း ကျွန်းဟန်တို့ မသိကြချေ။
ဝတ်စုံနက်များက ကျွန်းဟန်တို့လူစုကိုပတ်လည်ဝိုင်းထား
ကြပြီးဖြစ်၏။

ကျွန်းဟန်သည် ဖရိုဖရဲဖြစ်သွားသော သူ့အမြင်းကို
ထိန်းလိုက်ပြီး မြင်းပေါ်မှပင် ဝတ်စုံနက်များကို မျက်လုံး
ကြည့်ကာ အော်မေးလိုက်၏။

'ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ဘယ်ဂိုဏ်းဘယ်အဖွဲ့အစည်း
ကလဲ၊ ကျုပ်ကို ဘာဖြစ်လို့ ရန်မူရတာလဲ'

ဝတ်စုံနက်တစ်ဦးထံမှ စကားပြောသံ ထွက်လာသည်။

'ဟေ့ ကောင်၊ မင်းသိချင်တာတွေကို ငါတို့ ပြန်မပြော
ဘူး၊ ငါတို့သိချင်တာတွေကိုပဲ မင်းတို့ ဖြေရလိမ့်မယ်၊
မှန်မှန်ကန်ကန် ဖြေကြမယ် ဆိုရင်တော့ မင်းတို့ကို
အန္တရာယ်မပေးဘဲ လိုရာခရီးကို ဆက်ခွင့်ပြုမယ်၊ ငါတို့



ချင်တာကို မသိရဘူးဆိုရင်တော့ မင်းတို့အကုန်လုံး ဒီနေရာ
မှာသေ အသေပဲ'

ဝတ်စုံနက်၏ ခြိမ်းခြောက်စကားကြောင့် ကျွန်းဟန်သခင်
အစ သူ့လူတွေပါ ခံပြင်းဒေါသဖြစ်သွားကြသည်။

သို့သော် အင်အားချင်းမမျှကြောင်း တွက်ဆကြသဖြင့်
ဒေါသစိတ်ကို ချုပ်တည်းလိုက်ကြသည်။

ကျွန်းဟန်က လေသံမှန်မှန်ဖြင့်ပင် ပြန်ပြောလိုက်သည်။
'ခင်ဗျားတို့က ဘာတွေသိချင်လို့လဲ'

'မင်းတို့ရဲ့သူဌေးစက်ဝိုင်းဂိုဏ်းချုပ်ကြီး ဝမ်ခဆီမှာ ဝှာစန်း
ရတနာသိုက်မြေပုံ ရှိနေတယ်ဆိုတာ ငါတို့ သိတယ်၊ မင်း
သူဌေးစက်ဝိုင်းဂိုဏ်းအနေနဲ့ တင်ပါးထိုင်ခုံရထားတဲ့ ကျွန်းဟန်
ဆိုတာလဲ ငါတို့သိတယ်၊ ဂိုဏ်းချုပ်ကြီးဝမ်ခရဲ့ အရေးပေး
ထားရသူဆိုတာလဲ ငါတို့သိတယ်။ ဒါကြောင့် မင်းတို့
ဂိုဏ်းချုပ်ကြီးဆီမှာ ရှိနေတဲ့ ဝှာစန်းရတနာသိုက်မြေပုံနဲ့ ပတ်
သက်တဲ့ကိစ္စကိုလဲ မင်း အစောကြီးသိထားလိမ့်မယ်ဆိုတာ ငါတို့
ထင်ကြတယ်၊ ဒီတော့ ငါတို့မေးတာကို မင်း မှန်မှန် ဖြေပါ၊
မင်းတို့ဂိုဏ်းချုပ်ကြီးဆီမှာရှိနေတဲ့ ဝှာစန်းရတနာသိုက် မြေ
ပုံဟာ တစ်ခုလုံးပဲလား၊ တစ်ခြမ်းတည်းပဲလား၊ ပြီးတော့
မင်းတို့ဂိုဏ်းချုပ်ကြီးက ဘယ်နေရာမှာ ဝှက်ထားသလဲ'

'ခင်ဗျား ဘာတွေမေးနေတာလဲ၊ ကျုပ် ဘာမှမသိဘူး'

ကျွန်းဟန်က စိတ်တိုတိုနှင့် အော်ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



တကယ်လည်း သူသည် ရတနာသိုက်မြေပုံနှင့်ပတ်သက်၍ ဘာမျှမသိပါချေ။

ဂိုဏ်းချုပ်ကြီးဝမ်ခထံတွင် ရှိမရှိဟူ၍ပင် မသိပါချေ။

ဝတ်စုံနက်ခေါင်းဆောင်ကလည်း ဒေါသဖြင့် ပြန်အော်ပြောသည်။

'ဟေ့ကောင် ကောင်းကောင်း မေးနေရင် ကောင်းကောင်းဖြေစမ်းပါ'

'ကျုပ်က ခင်ဗျားတို့ကို ဆဲဖြေနေလို့လား၊ တကယ်မသိလို့ မသိဘူးပြောတာပဲ'

ကျန်းဟန်ကလည်း စိတ်ရှုပ်ရှုပ်ဖြင့် ဘုပြန်ပြောလိုက်၏။

'အေးလေ... ဒါဆိုလဲ မင်းပါးစပ်ဖွင့်ဟပြောလာအောင် လုပ်ရတော့မှာပေါ့ကွာ၊ ဝိုင်းတိုက်ကြ'

ဝတ်စုံနက်က ပြောပြောဆိုဆို စကားအဆုံးတွင် လက်ကို မြှောက်ကာ အမိန့်ပေးလိုက်လေ၏။

သူကိုယ်တိုင်လည်း ကျန်းဟန်ထံ ခုန်ဝင်ကာ သူ့လက်ထဲမှ လှံတံရှည်ဖြင့် တိုက်ခိုက်လေသည်။

ကျန်ဝတ်စုံနက်များကလည်း အော်ဟစ်ကာ လက်နက်တွေကို ဝှေ့ယမ်းလျက် ကျန်းဟန်တို့လူစုကို ဝိုင်းတိုက်ကြလေသည်။



'ယား'

'ဟိုင်း'

'ဂွစ်....ဂွစ်'

'ထန်း....ထန်း....ထန်း'

'အီး....ဟီး....ဟီး'

အော်ဟစ်တိုက်ခိုက်သံများ၊ မြင်းဟီသံများ ထစ်ခဲနက် ပေါ်ထွက်လာသည်။

လူတွေ ရှစ်ထွေးကုန်သည်။ မြင်းတွေလည်း ဆောက်တည်ရာမရ ဖြစ်ကုန်ကြသည်။

ကျန်းဟန်တို့လူစုက မြင်းပေါ်မှမဆင်းကြဘဲ အပေါ်စီးမှ ပြန်တိုက်ကြသည်။

ဝတ်စုံနက်များက မြေပေါ်မှ ဝိုင်းတိုက်ကြသည်။

ထွက်ပြေးခွင့်မရအောင် ပိတ်ဆို့ကြသည်၊ တရကြမ်း ဖိတိုက်ကြသည်။

ကျန်းဟန်တို့ အပေါ်စီးမှ တိုက်ခိုက်ကြရသဖြင့် ပထမဦးစွာ ဝတ်စုံနက်သုံးယောက်ကို တိုက်ခိုက်သုတ်သင်နိုင်သည်။ ထိုအခါ ဝတ်စုံနက်များက ကျန်းဟန်တို့ကိုသာမက မြင်းတွေ၏ခြေထောက်များကို ဓားဖြင့် ဝိုင်းခုတ်ကြသည်။

'အီး....ဟီး....ဟီး'

www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်ကို ဓားချက်ထိသောမြင်းတွေ မြေပြင်ကို ဦးခိုက်ကုန်၏။

မှောက်လဲတိုက်စစ်တွေ တစ်ယောက်ပြီးတစ်ယောက် မြင်းပေါ်မှ ခုန်ဆင်းကြရသော် မြေပြင်မှပင် ရန်သူကို ပြန်လည်ခုခံ တိုက်ခိုက်ရလေ၏။

လဲသည့်မြင်းက လဲကုန်သည်။

ခြေထောက်ကွင်းထက်ရာရကာ သွေးရူးသွေးတမ်းဖြစ်ကာ ထွက်ပြေးသည့်မြင်းက ပြေးသည်။

သို့သော် ထွက်ပြေးသောမြင်းမှာ ခြေလှမ်း လေးငါးလှမ်းမျှ မပြေးနိုင်တော့ဘဲ လဲကျသွားပြန်သည်။

ကျန်းဟန်တစ်ယောက်သာ သူ့မြင်းနှင့် သူ့ကိုမထိချက် ကာကွယ်ရင်း မြင်းပေါ်မှသာ တိုက်ခိုက်နေသေးသည်။

သူသည် လှံတံအရှည်ကိုကိုင်ထားသော ဝတ်စုံနက်တို့၏ ခေါင်းဆောင်ကို နောက်ဆုတ်သွားအောင် မတိုက်ခိုက်နိုင်သေး သော်လည်း သူ့ဓားချက်ဖြင့် ဝတ်စုံနက် သုံးယောက်ကို တော့ လဲကျသွားစေပြီ ဖြစ်၏။

'ထန်း....ချွင်း....ချွင်း'

'ဟိတ်'

'အား....အင့်'



အော်ဟစ်တိုက်ခိုက်သံများကြားမှ နာကျင်စွာ ညည်းတွားသံများ ဆက်တိုက် ထွက်ပေါ်လာသည်။

ကျန်းဟန်တို့၏လက်ချက်ကြောင့် ဝတ်စုံနက်များ အထိနာသလို ဝတ်စုံနက်တို့၏လက်ချက်ကြောင့်လည်း ကျန်းဟန်တို့၏နောက်လိုက်တွေ တစ်ယောက်ပြီးတစ်ယောက် လဲကျကုန်သည်။

ကျန်းဟန်၏ဝမ်းဗိုက်ကိုလည်းဓားချက်တစ်ချက် ထိသွားသည်။

ကျန်းဟန်သည် သူကိုယ်တိုင် ရန်သူတွေက သတိတစ်ချက် မလစ်အောင် ပြန်လည်ခုခံတိုက်ခိုက်နေရသဖြင့် သူ့လူတွေကိုလည်း ကူညီပံ့ပိုးနိုင်ခြင်း မရှိပါချေ။

သူ့လူတွေ တစ်ယောက်ပြီးတစ်ယောက် ရန်သူ့ဓားချက်ဖြင့် လဲကျသွားသည့်အတွက် စိတ်ဆိုးဒေါသထွက်ခြင်းဖြစ်ရသော်လည်း သူ မည်သို့မျှ မတတ်နိုင်သဖြင့် ဥပေက္ခာ ပြုထားလိုက်ရသည်။

ကျန်းဟန်ကိုယ်တိုင်မှာ ရန်သူ၏ ဝိုင်းဝန်းပိတ်ဆို့တိုက်ခိုက်ခြင်းကို ခံရသည်။

'အား'

နောက်ဆုံးတွင် ရှောက်လီသည်း ရန်သူ့ဓားချက်မိကာ လဲကျသွားပြန်သည်။

ကျန်းဟန်၏ဘက်တော်သားတွေ တစ်ယောက်မှမရှိတော့ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဝက်စိုနက်များသည် ကျန်းဟန်ကိုသာ ဝိုင်းဝန်းတိုက်ခိုက်ကြတော့၏။

ဝက်စိုနက်များ၏အင်အားမှာ ဆယ်ယောက်ကျော်ကျော် ရှိနေသေးသည်။

အချိန်ကြာသည်နှင့်အမျှ သူလည်း ကိုယ်ကျိုးနည်းတော့မည်ဖြစ်ကြောင်းကို ကျန်းဟန် သိလာသည်။

ဤအတိုင်းတိုက်ခိုက်ရင်း သေရမည့်အတူတူ ဖောက်ထွက်ကာ အသေခံမည်ဟုလည်း ဆုံးဖြတ်ချက် ချလိုက်၏။

'ဟိုင်း'

ကျန်းဟန်က သူ့မြင်းဖြင့် ပိတ်ဆို့နေသော ဝက်စိုနက်များကို အတင်း တိုးဖောက်သည်။

ဝက်စိုနက်တွေက ဓားကို ခုန်ရှောင်လိုက်ကြပြီး သူ့ကို ဖိတိုက်ကြသည်။

သူက မြင်းဇက်ကြိုးကို လုံးလုံးမကိုင်တော့ဘဲ လက်နှစ်ဖက်ခြေနှစ်ဖက်နှင့် ရန်သူများကို တိုက်ခိုက်သွားသည်။

သူ့မြင်းကလည်း တစ်ရှိန်ထိုး ပြေးနှင်သည်။

သူ့ဓားချက်ဖြင့် ရန်သူနှစ်ယောက် ခွေခနဲ လဲကျသွား၏။

သူ့ခြေချက်ထိကာ ဝက်စိုနက်နှစ်ယောက် နောက်ကို လွင့်သွားကြသည်။

ကျန်းဟန်၏ပခုံးတွင်လည်း ဓားတစ်ချက် ထပ်ထိသွားပြန်သည်။

ကျန်းဟန်မြင်း၏ ပေါင်ရင်းကိုလည်း လှံချက်တစ်ချက် ရှစ်ထိသွားသည်။



သို့သော် သူ့မြင်းက တုံ့ခနဲနှေးသွားခြင်းမရှိဘဲ ဝက်စိုနက်များကို ထိုးဖောက်ကာ တစ်ရှိန်ထိုး ပြေးထွက်လာနိုင်ခဲ့သည်။

နောက်မှ ဝက်စိုနက်များက အော်ဟစ်၍ ပြေးလိုက်ကြသေးသော်လည်း နောက်တွင် တဖြည်းဖြည်း ဝေး၍ဝေး၍ ကျန်ရစ်ခဲ့သည်။

ကျန်းဟန်သည် မြင်းကိုဒုန်းစိုင်းရင်း ရန်သူ့လက်တွင်းမှ လွတ်မြောက်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

### ထူးခြားသော မွေးနေ့ပွဲ

လီရှန်မြို့။

ကီဝမ ပြည်နယ်တွင် ထင်ရှားသော မြို့ကြီးတစ်မြို့ဖြစ်သလို ဈေးဝယ်ဖောက်ကားမှု အဆင်ပြေပြီး စည်ကားသော မြို့ကြီးလည်းဖြစ်၏။

လီရှန်မြို့ကောင်ဘက် လီသုံးဆယ်ခန့်အကွာတွင် ကျယ်ပြောသော တောင်ကုန်းတစ်ကုန်းရှိရာ ၎င်းတောင်ကုန်းပေါ်တွင် သေ့စက်ဝိုင်းဂိုဏ်း၏ စခန်းဌာနချုပ် ရှိနေလေ၏။

တောင်ကုန်းအောက်ခြေနှင့် အပေါ်တွင် သစ်ပင်ကြီးများ ထူထပ်စွာ ပေါက်ရောက်လျက်ရှိသဖြင့် အရိပ်အာဝါသလည်း ကောင်းလှသည်။



တောင်ကုန်းပေါ်မှ အောက်ခြေပတ်လည်ကို လှမ်းမြင်နိုင်အောင် စီမံထားသဖြင့်လည်း သေ့စက်ဝိုင်းဂိုဏ်းက မသိဘဲ ရန်သူများ ချဉ်းကပ်ဝင်ရောက်နိုင်ရန်မှာ မလွယ်ကူလှပါချေ။

သေ့စက်ဝိုင်းဂိုဏ်းချုပ်ကြီးဝမ်ခသည် မိဘဘိုးဘွား အဆက်ဆက်မှ ချမ်းသာကြွယ်ဝလာသူဖြစ်လေရာ သူ၏စခန်းဌာနချုပ်ကို လိုအပ်သောအဆောက်အဦများဖြင့် ခမ်းနားလှပအောင် တည်ဆောက်ထားလေသည်။

တောင်ကုန်းပေါ်တွင် သာယာလှသော ပန်းဥယျာဉ်ကြီးကိုလည်း ဖန်တီးထားသည်။ ပန်းဥယျာဉ်ကြီးထဲတွင် ရာသီမရွေး၊ အချိန်မရွေး ရောင်မျိုးစုံသော ပန်းပင်တို့က ဖူးပွင့်နေကြသည်။ ပန်းရနံ့တို့က သင်းထုံကြိုင်လှိုင်နေတော့၏။

ဂိုဏ်းချုပ်ကြီးဝမ်ခသည် သူ့အိမ်ထောင်ပြုစဉ်က လွန်ခဲ့သော နှစ်ဆယ့်နှစ် ကျော်ကျော်ကတည်းက သူ၏ချစ်ဇနီး စိတ်ချမ်းမြေ့ရေးအတွက် ဤပန်းဥယျာဉ်ကြီးကို စတင်ဖန်တီးပေးခဲ့ခြင်းဖြစ်၏။

သိုင်းလောကကြီးတွင် သူ၏သေ့စက်ဝိုင်းဂိုဏ်း ဝင်ဆန့်လာကတည်းက သူသည် ဤဥယျာဉ်ကြီးထဲတွင် သူ့မွေးနေ့ပွဲကို နှစ်စဉ်မပျက် ကျင်းပခဲ့သည်။

သူဖိတ်ကြားထားသော သိုင်းအကျော်အမော်များ၊ သိုင်းဂိုဏ်းအသီးသီးမှ ပုဂ္ဂိုလ်များသည် သူ့မွေးနေ့ကို တက်ရောက် ချီးမြှင့်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုနေ့တွင်လည်း မိုးမချုပ်ခင်ကတည်းက ဂိုဏ်းချုပ်ကြီး ဝမ်ခ၏ နှစ်ငါးဆယ်မြောက် မွေးနေ့ပွဲသို့ ဆက်ရောက်ရန် သိုင်းလောကသားများ တဖွဲ့ဖွဲ့ စောင်ဝင်ရောက်ချက် ရှိကြသည်။

ဂိုဏ်းချုပ်ကြီးဝမ်ခနှင့် သူ့ထက် အသက်နှစ်ဆယ် ငယ်သော ဇနီးဖြစ်သူ ချူးမိုတို့က ရပ်ဝေးရပ်နီးမှ ရောက်လာသမျှ ဧည့်သည်များကို ဝမ်းသာစွာ ကြိုဆိုကြသည်။

အသက်လေးဆယ်အရွယ်မျှသာ ရှိသေးသော ချူးမိုသည် ချောမောလှပတုန်းမင်ဖြစ်၏။ သူမလက်ဖြင့် အသက်ငါးနှစ်အရွယ် သားငယ်လေးကို ဆွဲထားသည်။

သူတို့သည် အိမ်ထောင်သက် တစ်ဆယ့်နှစ်နှစ် ရှိပြီးမှ သားတစ်ယောက်ကို မွေးဖွားခဲ့သည်။ သားဦးမို့ အရူးအမူး ချစ်ကြ၏။

သားဖြစ်သူကို 'ဝမ်ရှောင်' ဟု နာမည်ပေးကာ အရိပ်တကြည့်ကြည့်ဖြင့် ဂရုစိုက် စောင့်ရှောက်ခဲ့ကြ၏။

သားဖြစ်သူ၏ ခြေလက်အရိုးအစားကိုကြည့်ပြီး ထူးချွန်သော သိုင်းသမားတစ်ယောက်ဖြစ်နိုင်ကြောင်း ဂိုဏ်းချုပ်ကြီး ဝမ်ခ တွက်ဆမိသည်။

ဂိုဏ်းချုပ်ကြီးဝမ်ခသည် ထိပ်တန်း သိုင်းအကျော်အမော်ကြီးတစ်ယောက်ပီပီ သူ၏သားကိုလည်း ထိပ်တန်း သိုင်း



အကျော်အမော်ကြီး တစ်ယောက် ဖြစ်စေချင်သည်။ ဖြစ်အောင်လည်း ဖန်တီးပေးဖို့ ဆုံးဖြတ်ထားသည်။

ထို့ကြောင့် သူသည် ဝမ်ရှောင်ကလေး ငါးနှစ်သား အရွယ်မှစပြီး သူကိုယ်တိုင် သိုင်းပညာရပ်များကို သင်ကြားပေးလာသည်။

ဝမ်ခ၏ဇနီးဖြစ်သူ ချူးမိုကမူ ရိုးရိုးအေးအေးနေလိုသူပီပီ သိုင်းပညာကိုလည်း သင်ကြားခြင်း မပြုခဲ့ပေ။

သိုင်းပညာကိုလည်း တတ်မြောက်လိုစိတ်မရှိပေ။ တတ်သည်း မတတ်မြောက်ချေ။ သူမ၏အသားနာကျင်မှုကြောက်သလို သူမကြောင့် သူတစ်ပါး နာကျင်ထိခိုက်မှုကိုလည်း မလိုလားချေ။

သူမ၏ဆန္ဒအတိုင်းဆိုပါလျှင် သားဖြစ်သူ ဝမ်ရှောင်ကို သိုင်းပညာ သင်မပေးချေ။ သို့သော် ခင်ပွန်းဖြစ်သူက သားဖြစ်သူဝမ်ရှောင်ကို ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်စေချင်သည်။

ဝမ်ရှောင်သည် တစ်နေ့တွင် သေနင်းစက်ဝိုင်းဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးအရာကို ဆက်ခံမည့်သူဖြစ်သောကြောင့် ထိပ်တန်းသိုင်းပညာရပ်များကို တတ်ထားသင့်သည်။ ထို့ကြောင့် သူမသည် ခင်ပွန်းဖြစ်သူ၏ဆန္ဒကို ဆန့်ကျင်ခြင်း မပြုခဲ့ပါချေ။

* * *

ဝမ်ခသည် သားဖြစ်သူဝမ်ရှောင်ကို နှစ်နှစ်မျှသာ သူကိုယ်တိုင် အခြေခံသိုင်းပညာရပ်များကို သင်ကြားပေးပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



ထက်မြက်သည့် သိုင်းပညာရပ်များကို ဆက်လက်သင်ကြားနိုင်ရန် ဝမ်ရှောင်အား သူ ယုံကြည်စိတ်ချရဆုံးဖြစ်သော 'လုံဖေ' ထံသို့ အပ်နှံခဲ့သည်။

လုံဖေးသည် သူ၏အရင်းနှီးဆုံး၊ ယုံကြည်စိတ်အချရဆုံး မိတ်ဆွေဖြစ်သလို သူ့ထက်လည်း သိုင်းပညာ ပိုမိုထက်မြက်သူဖြစ်လေသည်။

သူသည် သားဖြစ်သူဝမ်ရှောင်ကို အလိုလိုက် အကြိုက်ဆောင်သူဖြစ်လေရာ သူ့အနေဖြင့် စည်းကမ်းတကျ ကြပ်ကြပ်မတ်မတ် သင်ကြားရန် မဖြစ်ပါချေ။

ထို့ကြောင့်လည်း ဖမ်ခသည် သားဖြစ်သူဝမ်ရှောင်ကို လုံဖေးထံ ပို့လိုက်ခြင်းဖြစ်သည်။

လုံဖေးသည် ကျင့်လွှမ်းချောယောက်အဖွဲ့ကို တည်ထောင်ကာ စီးပွားရေးလုပ်ကိုင်နေသူလည်း ဖြစ်သောကြောင့် ဝမ်ရှောင်အနေဖြင့် ချောယောက်လုပ်ငန်းများကိုပါ ကျွမ်းကျင်စွာ တတ်မြောက်နိုင်မည် ဖြစ်လေသည်။

ဇနီးချော ချူးပိုကမူ တစ်ဦးတည်းသော သားဖြစ်သူ နောင်ရေးကောင်းစားဖို့အတွက်ဟု ခင်ပွန်းဖြစ်သူ ဖမ်ခကို ပြောထားသဖြင့် ချူးပိုလည်း သူ၏စိတ်ကို ဖြေသိမ့်နေရလေသည်။

ဖမ်ခနှင့်ဇနီးဖြစ်သူ ချူးပိုတို့သည် သူတို့အတွက် နောက်ထပ် သားတစ်ယောက်တော့ လိုချင်ကြသေးသည်။



သူတို့တစ်တွေ ကွယ်လွန်သွားကြသောအခါ ဝမ်ရှောင်တစ်ယောက်တည်း သွေးရင်းသားရင်းမရှိဘဲ ကျန်နေခဲ့မှာကို စိုးလား၍။

ညီအစ်ကိုနှစ်ယောက်သာရှိပါက ဆိုးတိုင်ပင် ကောင်းတိုင်ပင် ရှိနိုင်သည်။

အန္တရာယ်ကိုလည်း လက်ချင်းတွဲကာ ခုခံနိုင်ကြမည်ဖြစ်သည်။

ထို့ကြောင့် သူတို့ဇနီးမောင်နှံသည် နောက်ထပ် သားတစ်ယောက်ကို လိုချင်နေကြ၏။

အသက်အရွယ်ယောက်လာတော့ နောက်ထပ် သားသမီး ရနိုင်တော့ဟု ထင်လာသည်။ သို့သော် ချူးပို အသက် လေးဆယ် မတိုင်မီမှာပင် သားလေးတစ်ယောက် မွေးဖွားလာသောအခါ ဇနီးမောင်နှံ နှစ်ယောက်စလုံး လွန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြသည်။

သားလေးကို မျက်စိအောက်က အပျောက်မခံဘဲ ရှိကြသည်။ ဂရုစိုက်ကြသည်။

ချူးပိုသည် သားလေးကို အိမ်ဖော်များနှင့် လွှဲမထားဘဲ သူမကိုယ်တိုင် တပွေ့ပွေ့ တချီချီနှင့် ပျော်ရွှင်နေသည်။ သားလေး၏နာမည်ကိုလည်း 'ဝမ်ချန်' ဟု ပေးထားကြသည်။

သားကြီးဝမ်ရှောင်သည် လုံဖေးနှင့်အတူ ချိန်နန်မြို့တွင်နေထိုင်ရသူဖြစ်ပြီး မိဘနှစ်ပါးထံသို့ ခြောက်လတစ်ကြိမ်သာ လာလည်ခွင့်ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖခင်ဖြစ်သူ၏မွေးနေ့ပွဲ ကျင်းပသည့်အကြိမ်နှင့် နှစ်ဝက်တွင် တစ်ကြိမ်သာ လာလည်ခွင့်ရှိလေရာ သူသည် လွန်ခဲ့သော ခြောက်လက အိမ်သို့ ခေတ္တပြန်လာစဉ် ညီလေး ဝမ်ချန်နှင့် တွေ့ခဲ့ရသည်။

အိမ်တွင် ရက်သတ္တတစ်ပတ်သာနေပြီး ချီနန်မြို့သို့ ပြန်သွားရသည်။

ယခု မွေးနေ့ပွဲအချိန်တွင်လည်း ဝမ်ရှောင်သည် အိမ်သို့ ခေတ္တ ပြန်လာခွင့်ရဦးမည်ဖြစ်သည်။ ဂိုဏ်းချုပ်ကြီး ဝမ်ခနှင့် ဇနီးဖြစ်သူတို့သည် ပြီးခဲ့သောနှစ်များ၏ မွေးနေ့ပွဲများထက် ယခုမွေးနေ့ပွဲတွင် ပို၍ ပျော်ရွှင်နေကြသည်။

ယခုမွေးနေ့ပွဲမှာလည်း သူတို့တစ်တွေ အပျော်ဆုံး ဖြစ်အောင် ထူးခြားနေသည်။ ထူးထူးခြားခြားပင် ဝမ်ခနှင့် သားလေးဝမ်ချန်တို့၏ မွေးလ၊ မွေးရက်မှာ တူနေသည်။

ထို့ကြောင့် ယနေ့ကျင်းပမည့် မွေးနေ့ညစာခံပွဲမှာ ဂိုဏ်းချုပ်ကြီးဝမ်ခ၏ နှစ်ငါးဆယ်မြောက်မွေးနေ့ပွဲလည်း ဖြစ်နေလေသည်။

မွေးနေ့ညစာခံပွဲကိုလည်း သားကြီးဝမ်ရှောင် ရောက်လာမည်ဖြစ်သဖြင့် မိသားစုတွေ စုံစုံလင်လင် တွေ့ရကြမည်ဖြစ်သည်။

ဝမ်ခနှင့် ဇနီးဖြစ်သူချူးပိုတို့သည် ညနေကတည်းက ရောက်လာသမျှဧည့်သည်များကို ကြိုဆိုနေရာချထားပေးရင်း သားကြီးဝမ်ရှောင်အလာကိုလည်း မျှော်နေကြသည်။



ဝမ်ရှောင်သည် နှစ်စဉ် မွေးနေ့ပွဲကျင်းပတိုင်း ဆရာကြီးလုံဖေးနှင့်အတူ နှစ်စဉ် မပျက်မကွက် ရောက်လာတတ်၏။

ခါတိုင်းနှစ်များတွင် မွေးနေ့ပွဲသို့တိုင်မီ တစ်ရက် ကြိုတင်၍ ရောက်တတ်သည်။

ယခုနှစ် မွေးနေ့ပွဲကို လာရောက်ရန်အတွက်မူ ဆရာလုံဖေးက ဂိုဏ်းချုပ်ကြီး ဝမ်ခထံသို့ စာရေးအကြောင်းကြားထားပြီးဖြစ်၏။

သူသည် ယခင်နှစ်များကဲ့သို့ မွေးနေ့ပွဲမတိုင်မီ တစ်ရက် ကြို၍ မလာနိုင်ပါကြောင်း၊ သူ့တွင် လွန်စွာ အရေးကြီး ကြောင်း၊ ဝမ်ရှောင်ကို တခြားသူများလွှတ်ရန် စိတ်မချသဖြင့် သူနှင့်အတူ ခေါ်လာမည်ဖြစ်ကြောင်း အကြောင်းကြားခဲ့၏။

ဤသို့သော ကြိုတင်အကြောင်းကြားစာ ရထားသဖြင့် ဂိုဏ်းချုပ်ကြီးဝမ်ခနှင့် ဇနီးဖြစ်သူ ချူးပိုတို့သည် သားကြီး ဝမ်ရှောင် ရောက်မလာသေးသည့်အတွက် စိတ်မပူကြသော်လည်း ရောက်အလာကို မျှော်နေမိကြသည်။

* * *

မှောင်စပျိုးသည်နှင့် မွေးနေ့ညစာခံပွဲ ကျင်းပမည့် ပန်းခြံကြီးထဲတွင် ရောင်စုံမီးပုံးတွေ ထိန်လင်းနေလေပြီ။ စားပွဲ အတော်များများတွင်လည်း ဧည့်သည်တွေ ရောက်နေကြလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လင်ဂိုဏ်းဖောင်ကြီး အပေါ်တွင် ဂိုဏ်းအသီးသီး အဖွဲ့အစည်းအသီးသီးမှ စေလွှတ်ခဲ့သော ကိုယ်စားလှယ်တွေ ပင် ရောက်နေကြလေပြီ။

လို့ရန်မြို့မှ မြို့မျက်နှာဖုံးလူကြီးများပင် ရောက်နေကြပြီ ဖြစ်၏။

ဦးစွာ ရောက်ရှိနေသောဧည့်သည်များကို အကောင်းဆုံး အရက်၊ အကောင်းဆုံးအမြည်းများဖြင့် ဧည့်ခံကျွေးမွေးလေ၏။ စားပွဲတိုင်းလိုလို စားသောက်နေရင်း ရောက်တတ်ရာရာ စကား များကို ပြောဆိုနေကြလေရာ စကားသံတွေ ညံစီနေတော့ သည်။

မိခနှင့်ချူးပိုတို့သည် သားလေးမိချန်ကို ချီပွေ့လျက် တစ်စားပွဲမှတစ်စားပွဲသို့ လိုက်လံနှုတ်ဆက်စကားပြောကြား လျက်ရှိနေသည်။

ထို့နောက် မိခသည် ဧည့်သည်အားလုံး မြင်သာသော နေရာတွင်ရပ်ကာ အားလုံးကြားနိုင်သောလေသံဖြင့် မင်္ဂလာ စကား ဆိုလေတော့၏။

'ကျွန်တော့်ရဲ့နှစ်ငါးဆယ်မြောက် မွေးနေ့ပွဲ၊ သားလေး မိချန်ရဲ့ ငါးနှစ်မြောက်မွေးနေ့ပွဲကို တက်ရောက်ချီးမြှင့်ကြ တဲ့ မိတ်ဆွေအပေါင်းအသင်း ရောင်းရင်းတို့ခင်ဗျား၊ အခု ကြွရောက်ချီးမြှင့်ကြတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါ ကြောင်း ဦးစွာ ပြောကြားလိုပါတယ်၊ ဒီနေ့ဟာ ကျွန် တော့်ရဲ့ နှစ်ငါးဆယ်ပြည့် မွေးနေ့ဖြစ်သလို သားလေး မိ ချန်ရဲ့ ငါးနှစ်မြောက် ဖြစ်လို့လဲ ထူးခြားတဲ့မွေးနေ့လဲ ဖြစ်ပ



ါတယ်၊ ဒါကြောင့် ကျွန်တော့်အနေနဲ့ အလွန်ပဲ ပျော်ရွှင် မိသလို မိတ်ဆွေများကလဲ ပျော်ပျော်ရွှင်ရွှင် အားပါးတရ သုံးဆောင်ကြပါလို့ မေတ္တာ ရပ်ခံအပ်ပါတယ် ခင်ဗျား'

'ဖြောင်း...ဖြောင်း...ဖြောင်း'

ဧည့်သည်များက လက်ခုပ်သြဘာများ ပေးကြသည်။

ပန်းဥယျာဉ်ကြီးအတွင်း လက်ခုပ်သြဘာသံတွေ ညံစီသွား သည်။

လက်ခုပ်သြဘာသံများ မစဲခင်မှာပင် ဧည့်သည် တစ် ယောက်က အရက်ခွက်ကို ကိုင်မြှောက်၍ ထ,ရပ်ရင်း အား လုံးကြားအောင် အော်ပြောလိုက်သည်။

'ကျွန်တော်တို့အားလုံး ဂိုဏ်းချုပ်ကြီးတို့သားအဖအတွက် မင်္ဂလာဆုမွန်တောင်းရင်း မင်္ဂလာအရက်ကို သောက်ကြပါ စို့ခင်ဗျာ'

ဧည့်သည်အားလုံးပင် အရက်ခွက်ကိုယ်စီ ကိုင်မြှောက်၍ ထ,ရပ်ကြ၏။

'ဂိုဏ်းချုပ်ကြီးတို့သားအဖနှစ်ယောက်စလုံး ကျန်းမာရွှင် ပျမှစ၍ အသက်ရာကျော် ရှည်ကြပါစေ'

'ပျော်ရွှင်ချမ်းမြေ့ကြပါစေ'

'နှစ်စဉ်နှစ်တိုင်း ဤကဲ့သို့ ကျွေးမွေးနိုင်ပါစေဗျား'

www.burmeseclassic.com

www.burmeseclassic.com



ညှော်သည်များအားလုံးမှင် ဆုအသီးသီးဆောင်းကြပြီး အရက်ကို ပြိုင်တူ မော့သောက်ကြလေသည်။ ထို့နောက် စားပွဲထိုးများက အငွေ့တထောင်းထောင်းထနေသော စား ကောင်းသောက်ဖွယ်များကို လင်ဗန်းများဖြင့် သယ်ဆောင် ကာ စားပွဲများတွင် လိုက်လံချပေးလေသည်။

ထိုစဉ် ကြို့ဆိုနေရာချထားရေးတာဝန်ခံလည်း ဂိုဏ်းချုပ် ကြီးဝမ်ခထံသို့ရောက်လာပြီး အကြောင်းကြားလေသည်။

'ဂိုဏ်းချုပ်ကြီးခင်ဗျား၊ တောင်ပိုင်းပြည်နယ်က သိုင်း ဆရာကျော်အမော်တစ်ဦးဖြစ်တဲ့ သံမဏိကျောပွတ်ရှင် ဆရာလိမ် ကွန် ရောက်လာပါပြီခင်ဗျာ'

ဝမ်ခလည်း ချက်ချင်းပင် သံမဏိကျောပွတ်ရှင် ဆရာလိမ် ကွန်ကို ထွက်၍ ကြို့ဆို ဖိတ်ခေါ်လာ၏။

'ဆရာလေးလိမ်က နောက်ကျနေတာကိုး၊ ကျုပ်ဖြင့် လာ မှလာပါ့မလားလို့၊ အခုလိုရောက်လာတဲ့အတွက် ဝမ်းသာပါ တယ်၊ အများကြီးလဲ ကျေးဇူးတင်ပါတယ်၊ ကြွပါဗျာ... ကြွပါ'

သံမဏိကျောပွတ်ရှင် လိမ်ကွန်ကလည်း ဝမ်ခကို လေးလေး စားစားပင် ပြန်ပြောသည်။

'ကျွန်တော်လဲ ကိစ္စလေးတစ်ခုရှိလို့ နည်းနည်း နောက်ကျ သွားပါတယ် ဂိုဏ်းချုပ်ကြီးခင်ဗျား၊ ဂိုဏ်းချုပ်ကြီး ဖိတ်



ကြားထားတာကို ကျွန်တော်မလာဘဲနေလို့ ဘယ်ဖြစ်မ မလဲဗျာ၊ ဂိုဏ်းချုပ်ကြီးကို မလေးစားရာ ရှိုင်းရာ ကျသွား မှာပေါ့'

သံမဏိကျောပွတ်ရှင်လိမ်ကွန်က စကားကို ဖြတ်လိုက်ကာ သူ့နောက်တွင် ရိုကျိုးစွာရပ်နေသောသူ့တပည့်ကို အမိန့် ပေးလိုက်၏။

'ချောင်ဝု လက်ဆောင်ထုပ်ကိုပေးစမ်း'

လက်ဆောင်ပစ္စည်းထုပ်ကို ကိုင်ထားသော ချောင်ဝုက တရိုတသေဖြင့်ပင် လက်ဆောင်ထုပ်ကို သံမဏိကျောပွတ်ရှင်၏ လက်ထဲသို့ အပ်လိုက်သည်။

သံမဏိကျောပွတ်ရှင်က လေးလေးစားစားဖြင့်ပင် လက် ဆောင်ထုပ်ကို ဂိုဏ်းချုပ်ဝမ်ခလက်ထဲသို့ ပေးအပ်သည်။

'ဂိုဏ်းချုပ်ကြီးတို့သားအဖအတွက် မွေးနေ့လက်ဆောင် ပါခင်ဗျာ'

'ဟား...ဟား...ဟား၊ ကျေးဇူးတင်ပါတယ် ဆရာလေး လိမ်'

ဝမ်ခက လက်ဆောင်ပစ္စည်းထုပ်ကို လက်ခံယူကာ ဂိုဏ်း သားတစ်ဦးလက်သို့အပ်၍ သူကိုယ်တိုင် ကျောပွတ်ရှင်အား နေရာ ထိုင်ခင်းပေးလေ၏။ သံမဏိကျောပွတ်ရှင်လိမ်ကွန်သည် အသက်

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆယ့်ငါးနှစ်ကျော်သာ ရှိသေးသော လူရွယ်တစ်ယောက် ဖြစ်၏။

သူသည် သုံးနှစ်အတွင်း သိုင်းလောကတွင် တဟုန်ထိုး ကျော်ကြားလာခဲ့သူဖြစ်၏။

သူသည် အရွယ်နှင့်မလိုက်အောင် သိုင်းပညာ ထက်မြက် လှသူဖြစ်၍ ဂိုဏ်းချုပ်ကြီးဝမ်ခမင်လျှင် အရေးတယူ ဆက်ဆံ နေခြင်းဖြစ်သည်။

သူ့ကို သိုင်းလောကသားများက အဖြူရောင်သိုင်းသမား တစ်ယောက်ဟု သာ သိထားကြသည်။

သူ့တွင် ဂိုဏ်းအဖွဲ့အစည်းမရှိသော်လည်း နောက်လိုက် တပည့်တပန်းများ ရှိနေကြောင်းကိုတော့ သိထားကြလေ သည်။

ဧည့်သည်အားလုံးပင် ရယ်ရယ်မောမော ပြောဆို စား သောက်နေကြသည်။

ဂိုဏ်းချုပ်ကြီးဝမ်ခသည် ဧည့်သည်များကို တပြုံးပြုံး ဖြင့် ဧည့်ခံနေရသော်လည်း သားကြီးဝမ်ရှောင်နှင့် သူ၏ မိတ်ဆွေကြီးလုံမေးတို့ ယခုတိုင် ရောက်မလာသည့်အတွက် နောက်ဆံတင်းလျက် ရှိနေသည်။

ထိုစဉ် ဂိုဏ်းသားတစ်ယောက် ဝမ်ခအနီးသို့ ပျာပျာသလဲ ရောက်လာကာ အမကြောင်းကြားလေ၏။



'ဂိုဏ်းချုပ်ကြီးခင်ဗျာ။ ဆရာကျန်းဟန် ပြန်ရောက်လာပါ တယ်။ ဆရာကျန်းဟန်တို့လူစု အတိုက်အခိုက်ခံရပြီး ဆရာ ကျန်းဟန်တစ်ယောက်လဲ ဒဏ်ရာတွေရလာပါတယ်'

ဝမ်ခ စိုးရိမ်မကင်းဖြစ်သွားကာ....

'ဟေ....အခု ကျန်းဟန် ဘယ်မှာလဲ'

'ဆေးကုသဆောင်ထဲမှာ ရှိနေပါတယ်၊ ဆရာကျန်းဟန်က ဂိုဏ်းချုပ်ကြီးကို အရေးတကြီး ပြောစရာရှိတယ်ဆိုလို့ ကျွန် တော် လာအကြောင်းကြားတာပါခင်ဗျာ'

ဝမ်ခလည်း အကျိုးအကြောင်းကိုသိလိုအဖြင့် ပန်းဥယျာဉ် ကြီးထဲမှ မသိမသာ ထွက်လာခဲ့လေသည်။

=+=

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

### သွေးစက်ဝိုင်းဂိုဏ်း၏ ကံကြမ္မာ

ဂိုဏ်းချုပ်ကြီးဝမ်ခသည် ဆေးကုသဆောင်ထဲတွင် သွေးအလူးလူးနှင့်ဖြစ်နေသော ကျန်းဟာန်ကို တွေ့ရသည်။

'ဘယ်လိုဖြစ်တာလဲ ကျန်းဟာန်၊ ရှောက်လီတို့တွေကော'

ကျန်းဟာန်သည် ဝမ်းပိုက်တွင်လည်းကောင်း၊ ပခုံးတွင်လည်းကောင်း ပြင်းထန်စွာ ဒဏ်ရာများရထားသည့်အပြင် အားတင်း၍ ခရီးပြင်းနှင်ခဲ့ရသဖြင့် ထမရပ်နိုင်အောင်ပင် ဖြစ်နေသည်။

ထို့ကြောင့် သူသည် ဝမ်ခကို အရိုအသေ မပေးနိုင်တော့ဘဲ ကျိုးနွံစွာသာ ပြန်ပြောသည်။

'ရှောက်လီတို့အားလုံး ရန်သူ့လက်ချက်နဲ့ သေဆုံးကုန်ပါပြီ ဂိုဏ်းချုပ်ကြီး'



ကျန်းဟာန်က ကြေကွဲဆို့နင့်စွာ ပြောဆိုလိုက်ရာ ဝမ်ခလည်း အံ့သြတုန်လှုပ်ခြင်း၊ စိတ်မချမ်းမြေ့ခြင်း၊ ခံပြင်းဒေါသထွက်ခြင်း ဖြစ်သွားသည်။

'ဟေ...ဘယ်သူတွေရဲ့ လက်ချက်လဲ၊ ဘယ်လိုဖြစ်ကုန်ကြတာလဲ'

'ဘယ်သူဘယ်ဝါတွေရဲ့လက်ချက်မှန်းတောင် မသိပါဘူး ဂိုဏ်းချုပ်ကြီး၊ ဒီကအသွားတုန်းကတော့ ကျွန်တော်တို့ ခရီးစဉ် တစ်လျှောက်လုံး ဘာကိုမှ အန္တရာယ်မှ မတွေ့ရဘဲ အဆင်ပြေ ချောမွေ့ပါတယ်၊ အပြန်ခရီးမှသာ အန္တရာယ်တွေနဲ့ တွေ့ကြုံရတာပါ၊ ကျွန်တော်တို့အပြန်မှာ သိင်းလောကသား အတော်များများရဲ့ပြောသံကို ကြားရပါတယ်၊ ၄၇ စန်းရတနာသိုက်မြေပုံဟာ သွေးစက်ဝိုင်းဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး ဝမ်ခဆီမှာ ရှိနေတယ်လို့ ပြောနေကြတာပါပဲ'

'ဘာ'

ဝမ်ခ အံ့သြတုန်လှုပ်သွားသည်။

သူ့တွင် ၄၇ စန်းရတနာသိုက်မြေပုံရှိနေသည်မှာ အမှန်ပင်ဖြစ်သည်။

သို့သော် မြေပုံတစ်ခုလုံး အပြည့်အစုံရှိသည်တော့ မဟုတ်ချေ။

မြေပုံတစ်ခြမ်းသာရှိနေခြင်း ဖြစ်၏။

သို့သော် သူသည် ထိုအကြောင်းကို အထူးပင်လျှို့ဝှက်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



ယုတ်စွအဆုံး သူ၏ ချစ်ဇနီးချူးပိုကိုပင် ဖွင့်ပြောထား ခြင်း မရှိပေ။

ချူးပိုမှာ စိတ်နုသူဖြစ်ပြီး ခံနိုင်ရည်ရှိသူ မဟုတ်သဖြင့် ရန်သူက ခြိမ်းခြောက်မေးမြန်းလာပါက ဖွင့်ပြောမှာ စိုးရ သောကြောင့် ဖြစ်လေ၏။

သူသည် သူ့တွင် မြေပုံအစ်ခြမ်းရှိကြောင်းကို ယုံကြည် စိတ်အချရဆုံး သူ၏အရင်းနှီးဆုံးမိတ်ဆွေကြီး လုံဖေးတစ်ဦး ကိုသာ ဖွင့်ပြောထားသေးသည်။

လုံဖေးအား ဖွင့်မပြောလျှင် မဖြစ်၍ ပြောရခြင်းဖြစ်၏။ ယခုတော့ ထိုသတင်းမှာ မည်သို့ ပေါက်ကြားသွားလေ သနည်း။

လုံဖေးထံမှ ပေါက်ကြားခြင်းမဟုတ်ကြောင်းတော့ သူ ကောင်းကောင်းကြီးယုံသည်။ လုံဖေးသည် တည်ကြည် သစ္စာရှိသည်။ အနစ်နာခံနိုင်သောစိတ်ရှိ၏။

လောဘစိတ် လုံးလုံးမရှိချေ။ မဟုတ်မတရားတာ နည်း နည်းမှလုပ်တတ်သူ မဟုတ်ချေ။ ထိုလျှို့ဝှက်သတင်း ပေါက် ကြားသွားခြင်းအတွက် ဂိုဏ်းချုပ်ကြီးဝမ်ခမှာ စဉ်းစားမရ အောင် ဖြစ်နေမိ၏။

ကျွန်းဟန်က စိတ်မချမ်းမြေ့စွာ ဆက်ပြောသည်။

'ကျွန်တော်တို့တောင် ဒီသတင်းကိုကြားရတော့ အတော် အံ့ဩသွားကြရတယ်။ ကျွန်တော်တို့ ယွမ်းစက်ဂိုဏ်းဂိုဏ်းနဲ့ ဂိုဏ်းချုပ်ကြီးအောင် ချောက်ကျအောင် ဘယ်သူတွေက ဒီကောလာဟလသတင်းကို လွှင့်လိုက်တာလဲဆိုတာ စဉ်းစား



မရဖြစ်မိကြပါတယ်။ ဒါနဲ့ ကျွန်တော်တို့ အပြန်ခရီးမှာ လောင်ကျောက်ရွာကိုရောက်တော့ ဒုစရိုက်သမားတစ်စုက ဗုဒ္ဓစန်းပုတနဒသိုက်မြေပုံအကြောင်းကို မေးရင်း ဝိုင်းတိုက် ကြတယ်။ အဲဒီမှာ တိုက်ပွဲဖြစ်ပြီး ကျွန်တော်တို့ဘက်က နှစ် ယောက် ရန်သူ့လက်ချက်နဲ့ သေဆုံးသွားပါတယ်၊ ကျွန် တော်တို့လက်ချက်နဲ့ ရန်သူငါးယောက်သေပြီး ကျန်လူတွေက ထွက်ပြေးသွားပါတယ်'

ကျွန်းဟန်ဒဏ်ရာမှာ သွေးထွက်လွန်နေသဖြင့် အားနည်း မောပန်းနေရှာ၏။ စကားကိုပင် တစ်ချိန်တည်း ဆက်မပြော နိုင်ဘဲ ခဏနားပြီးမှ ဆက်ပြောသည်။

'ကျွန်တော်တို့ ခရီးဆက်ခဲ့ကြတော့ ထိုက်လံတောင်ပေါ် မှာ ဓားပုန်းဓားပြတွေဟာ ဒီ ဗုဒ္ဓစန်းပုတနဒသိုက် မြေပုံ ကိစ္စနဲ့ပဲ ကျွန်တော်တို့လူစုကို ဝိုင်းတိုက်ပြန်တယ်၊ ဒီတိုက်ပွဲ မှာ ကျွန်တော်တို့ဘက်က တစ်ယောက်ကျပါတယ်၊ ရန်သူ သုံးယောက်သေပြီး ကျန်လူတွေ ထွက်ပြေးသွားကြတယ်၊ ကျွန်တော်တို့ ခရီးဆက်ခဲ့ကြတော့ ဒီနေ့လယ်မှာ ကြက်ဖ တောင်ခြေကို ရောက်လာကြပါတယ်၊ ကြက်ဖတောင်ခြေ အလွန် တောအုပ်ကြီးထဲကိုဝင်တော့ အင်အားများပြားတဲ့ တောပုန်းဓားပြတွေက ကျွန်တော်တို့ကို ဝိုင်းတိုက်ကြပြန်ပါ တယ်၊ တိုက်ပွဲမှာ ရန်သူကိုးယောက်လောက်ကို ကျွန်တော် တို့က သတ်ဆင်လိုက်နိုင်ပေမယ့် ခြောက်လီတို့ငါးယောက်က ရန်သူ့လက်ချက်နဲ့ ကျဆုံးကြတယ်၊ ကျွန်တော်လဲ ဒဏ်ရာ

www.burmeseclassic.com

www.burmeseclassic.com



တွေပြီး ဘယ်လိုမှ မခုခံနိုင်တဲ့အဆုံး ကိုယ်လွတ်ရုန်း ထွက်ပြေးခဲ့ရပါတယ် ဂိုဏ်းချုပ်ကြီး"

ကျွန်းဟန်က မောသွားသဖြင့် ခဏ နားလိုက်ပြီးမှ ဆက်ပြော၏။

"ကျွန်တော် ကိုယ်လွတ်ရုန်း ထွက်ပြေးခဲ့ရတာ ရန်သူကို အသေခံမတိုက်ရဲလို့ မဟုတ်ပါဘူး၊ ဒီသတင်း သိုင်းလောကမှာ ပျံ့နှံ့နေတာ၊ ဂိုဏ်းချုပ်ကြီးရဲ့မွေးနေ့ပွဲမှာ အဲဒီသတင်းကြောင့် ဂိုဏ်းချုပ်ကြီးကို ရန်မူမယ့်သူတွေ ပေါ်လာနိုင်တယ်လို့ ယူဆမိတဲ့အတွက်ကြောင့် ကျွန်တော် မွေးနေ့ပွဲအမီ ပြန်လာခဲ့ရတာပါ"

ထိုအခါမှ ခမ်ခသည် ယခုမွေးနေ့ပွဲသို့ တက်ရောက်လာကြသည့် ဧည့်သည်များထဲတွင် မိမိကို ရန်မူမည့်သူများ ရှိနိုင်ကြောင်းတွေးမိကာ အမြန်ဆုံး ကာကွယ်မှုများလုပ်ရန် သတိရလာလေ၏။

သူသည် ကျွန်းဟန်ကိုပင် ဘာမှပြန်မပြောနိုင်တော့ဘဲ ကုသဆောင်ထဲမှ အတိုက်အရိုက် ပြန်လည် ထွက်လာခဲ့လေတော့သည်။

* * *

ဝမ်ခသည် မွေးနေ့ပွဲကျင်းပရာသို့ အရောက်တွင် ပန်းဥယျာဉ်ကြီးထဲ၌ တန်းမဝင်သေးဘဲ အဝင်ဝမှာ ဧည့်သည်များအားလုံးကို အကဲခတ်ရှုကြည့်သည်။



မည်သည့်ဧည့်သည်က မူပျက်နေကြောင်းကို လေ့လာကြည့်သည်။

ဧည့်သည်များအားလုံးလိုလို ရယ်ရယ်မောမော ပြောဆိုစားသောက်နေကြသော်လည်း သံမဏိကျောပွတ်ရှင် လိမ်ကွန်သည် မသိမသာ မူပျက်နေပြီး တပည့်ဖြစ်သူ ချောင်ဝူကမူ သိသိသာသာကြီး မူပျက်နေကြောင်း လှမ်းတွေ့ရလေ၏။

လိမ်ကွန်တို့ဆရာတပည့်နှစ်ယောက်စလုံး ပြုံးပြုံးရယ်ရယ် မရှိကြပေ။

လိမ်ကွန်က ဘေးဘီကို မသိမသာ အကဲခတ်လျက် ကြည့်ရင်း၌ ဆင်ခြင်ကြံစည်သောမျက်နှာမျိုးဖြင့် ရှိနေ၏။ တပည့်ဖြစ်သူ ချောင်ဝူကမူ မလုံမလဲဖြစ်နေကာ တိုးကန်းတောင်းမှောက်ဖြင့် ဟိုသည်သည်ကြည့် ဂနာမငြိမ်ဖြစ်နေ၏။

ဝမ်ခ၏စိတ်ထဲတွင် လိမ်ကွန်တို့ ဆရာတပည့်နှစ်ယောက်အပေါ် သင်္ကာမကင်း ဖြစ်သွားသည်။ သူ့အနေဖြင့် လိမ်ကွန်တို့ဆရာတပည့်ကို သတိထားကြည့်ရမည့်သူအဖြစ် ဦးဆုံးသတိမှတ်လိုက်၏။

သူက ဂနာငြိမ်မှုပျက် ပန်းဥယျာဉ်ကြီးထဲကို ပြန်ဝင်ခဲ့၏။

ဇနီးဖြစ်သူ ချူးပိုက သားလေးဝမ်ချန်ကို လက်ဆွဲလျက် ဧည့်သည်များကို လိုက်လံ ဧည့်ခံစကားပြောနေဆဲ ဖြစ်၏။

ရုတ်တရက် တိုက်ပွဲဖြစ်ပွားလာလျှင် ဇနီးဖြစ်သူနှင့်သားလေး အန္တရာယ်ဖြစ်နိုင်သည်မို့ လုံခြုံရာတွင် ရှောင်ခိုနေစေလိုသောအတွေးဖြင့် ချူးပိုတို့သားအမိထံ လျှောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ခနှင့် မျက်နှာချင်းဆိုင်မိသောညွှန့်သည်များက ပြုံးရွှင်စွာ နှုတ်ဆက်ကြလေ၏။ သူကလည်း ဟန်မပျက် ပြုံးပြုံးရွှင်ရွှင် ပြန်လှည့်နှုတ်ဆက်၏။

သူ့အကြည့်က သံမဏိကျောက်ရှင်လိမ်ကွန်ထံသို့ ရောက်သွားစဉ် လိမ်ကွန်က ခေါင်းကို ကုတ်သလိုလိုနှင့် မသိမသာ အချက်ပြလိုက်သည်ကို ရုတ်တရက် တွေ့ရသည်။

'ကျား'

'ယား'

'ဟိုင်း'

ထိုစဉ် ကြေးကြော်အော်ဟစ်သံများ နေရာအနှံ့မှ ရုတ်တရက် ပေါ်ထွက်လာပြီး အဆောက်အဦများ၏ ခေါင်မိုးပေါ်မှ လည်းကောင်း၊ အနက်ရောင်ဝတ်စုံ ကိုယ်စီဝတ်ထားကြပြီး လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြသူများ ခုန်ဆင်းလာကြသည်။

ဝတ်စုံနက်များသည် ခေါင်မိုးများ၊ သစ်ပင်များပေါ်ကြိုတင်ရောက်ရှိကာ ပုန်းအောင်းနေကြပြီး ယခုမှ ရုတ်ခြည်းပေါ်ထွက်လာကြခြင်းဖြစ်၏။

ဝတ်စုံနက်များ ရုတ်တရက် ပေါ်ထွက်လာသောအခါ ညွှန့်သည်များအားလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားကြ၏။ ဝတ်စုံနက်များမှာ ဓားအား မြှောက်ပြီး လှုပ်ပြီး တစ်ခဏအတွင်းမှာပင် မွေးနေ့ပွဲကို ဝိုင်းထားပြီးဖြစ်နေကြ၏။

ဂိုဏ်းချုပ်ကြီးဝမ်ခ ကြက်သေသေသွားစဉ်မှာပင် သူ့ရှေ့သို့ လူရိပ်တစ်ရိပ် လှစ်ခနဲ ရောက်လာသည်။ အညိုရောင်ဝတ်စုံ



ကြီးကို ဝတ်ဆင်ထားသည့် အဘိုးကြီး တစ်ယောက်ပင်ဖြစ်မေသည်။

'ဟာ....မျက်ခုံးဖြူ ဘိုးဘိုး'

'ဒုစရိုက်ခေါင်းဆောင်ကြီး လျူကျူပါလား'

ညွှန့်သည်တချို့ထံမှ စိုးရိမ်တကြီး ပြောဆိုသံများလည်း ပေါ်လာ၏။

ဝတ်စုံညိုနှင့်အဘိုးကြီးမှာ နာမည်ကျော်လှသည့် ဒုစရိုက်ခေါင်းဆောင်ကြီး မျက်ခုံးဖြူဘိုးဘိုးလျူကျူပင် ဖြစ်၏။

သူ့ဝင်သိုင်းပညာမှာ ဆန်းပြားယ် သားမြက်လွန်းလှသည့်ပြင် ရက်စက်ကြမ်းကြုတ်သူလည်း ဖြစ်သောကြောင့် သိုင်းလောကသားအများစုမှာ သူ့နာမည်ကို ကြားရုံမျှဖြင့် ထိတ်လန့်တုန်လှုပ်ကြရသည်။

ဂိုဏ်းချုပ်ကြီးဝမ်ခသည် သူ့ရှေ့သို့ မျက်ခုံးဖြူဘိုးဘိုးလျူကျူ ရုတ်တရက် ရောက်လာသည်ကို တွေ့ရသောအခါ ထိတ်ခနဲဖြစ်သွားပြီး နောက်ကိုပင် ခြေတစ်လှမ်း ပြန်ဆုတ်လိုက်မိသည်။

နာမည်ကောင်းရထားသော သံမဏိကျောက်ရှင် လိမ်ကွန်လိုလူမျိုးနှင့် လျူကျူလို ဒုစရိုက်ခေါင်းဆောင်ကြီးနှင့် ပတ်သက်ဆက်စပ်နေသည့်အတွက်လည်း စဉ်းစားမရအောင်ဖြစ်မိသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ခ၏စိတ်ထဲတွင် စိုးရိမ်ထိတ်လန့်ခြင်း ဖြစ်သွားသော်လည်း ဣန္ဒြေဆည်၍ လေသံအေးအေးဖြင့်ပင် မေးလိုက်၏။

'ကျွန်တော့်ရဲ့မွေးနေ့ပွဲကို တက်ရောက်လာကြတဲ့ ဧည့်သည်တွေ အထိတ်တလန့်ဖြစ်အောင် ဆရာလျုကျုတို့က ခုလိုပုံစံနဲ့ ဘာကြောင့် လာရတာလဲဗျာ၊ အေးအေးဆေးဆေး လာမယ်ဆိုရင်လဲ ဖြစ်ပါတယ်'

အတိုးကြီးလျုကျုက မျက်နှာထားတင်းတင်း လေသံမာမာဖြင့် ပြန်ပြောသည်။

'စကားအပိုတွေ မပြောမနေနဲ့ဝမ်ခ၊ မင်းဆီမှာရှိနေတဲ့ ထူးဆန်းရတနာသိုက်မြေပုံကို ငါလိုချင်တယ်၊ ပေးမယ်မပေးဘူးဆိုတာသာ ပြောပါ၊ မပေးလို့ကတော့ မင်းတို့ တစ်မိသားစုလုံး အသေပဲ'

ဝမ်ခသည် တစ်ကိုယ်တော် လျုကျုလိုလူမျိုးနှင့် ပြဿနာမဖြစ်ချင်ပေ။ တိုက်ပွဲဖြစ်ပွားပါက မိမိဘက်မှ အထိနာမည်ကို သိ၏။

ထို့ကြောင့် ဖြေဖြေလည်လည် ဖြစ်လိုဖြစ်ငြား လေသံအေးအေးဖြင့်ပင် ပြောလိုက်၏။

'ဆရာလျုကျု၊ ဘယ်က ကောလာဟလသတင်းတွေကို ကြားလာတာလဲဗျာ၊ ကျွန်တော့်မှာ ရတနာမြေပုံမှမရှိဘဲ'

'ဟေ့ အေဝင်-ငါက မသေချာဘဲနဲ့ မလာဘူးကွ၊ ကောင်းကောင်းမွန်မွန် တောင်းလို့မရရင်တော့ မင်းရဲ့သွေးစက်ဝိုင်းဂိုဏ်းကို အပြုတ်တိုက်ရလိမ့်မယ်၊ ငါ့ကို ဘယ်လိုကောင်မျိုးမှတ်နေသလဲ'



လှုပ်ပုံအလှယ်တွင် ဒုစရိုက်သမားတစ်ယောက်၏ စော်စော်ကားကား ပြောခြင်းကို ခံလိုက်ရသဖြင့် ဂိုဏ်းချုပ်ကြီးဝမ်ခသည်း စိတ်ကို ချုပ်တည်းထားသည့်ကြားမှ ဒေါသထွက်သွား၏။ ဒေါသတကြီးဖြင့်လည်း အော်ပြောလိုက်၏။

'ဒီမယ် ကျုပ်က ရှုတ်ရှုတ်သဲသဲဖြစ်ပြီး ကျုပ်ရဲ့မွေးနေ့ပွဲပျက်သွားမှာစိုးလို့ ခင်ဗျားလိုလူမျိုးကို သည်းခံပြီး အေးအေးဆေးဆေး ပြောနေတာ၊ ကျုပ်ဆီမှာ ဘာရတနာမြေပုံမှမရှိဘူး၊ ရှိနေရင်လဲ ခင်ဗျားလို ဒုစရိုက်ကောင်ကြီးရဲ့လက်ထဲကို မအပ်နိုင်ဘူး'

'ခွေးကောင်...လူပါးဝလှချည်လား၊ တိုက်ကြဗျာ'

လျုကျုက ဒေါသဖြင့် အော်ပြောရင်း တစ်ဆက်တည်းပင် သူ့နောက်လိုက်များကိုလည်း အမိန့်ပေးလိုက်တော့၏။

သူကိုယ်တိုင်လည်း သူ၏လက်စွဲတော် ဓားပြားကြီးကို ချုပ်တစ်ဖြက်ဆွဲထုတ်ကာ ဝမ်ခထံ ခုန်ဝင်၍ တရကြမ်း တိုက်ခိုက်လေတော့၏။

ဝတ်စုံနက်ဝတ်ထားကြသည့် ဒုစရိုက်သိုင်းသမားများကလည်း မြင်မြင်ကရလူကို တရကြမ်း ဝင်တိုက်ကြ၏။

'တိုက်'

'ယား'

'ချွင်...ချွင်...ထန်း'

'ဝှစ်...ဝှစ်'

'အား...အင့်'

'ဗုန်း...ဗုန်း'

www.burmeseclassic.com

www.burmeseclassic.com



ရှုတ်ခြည်းပင် မင်္ဂလာရှိ၍ ပျော်ရွှင်စရာကောင်းသော မွေးနေ့ပွဲမှာ ထိတ်လန့်ကြောက်ရွံ့စရာ ကောင်းလှသော စစ် ထလင်းကြီးအဖြစ်သို့ ကမဟုတ်ခြင်း ပြောင်းလဲသွားပါ၏။

နောတောင်တိုက်ခိုက်သံတွေ ညံစီသွား၏။

ခုံများ လဲပြိုသံ၊ လူများ ညည်းတွားသံတို့လည်း ပေါ် ထွက်လာ၏။

ဗုစရိုက်သမားတို့သည် သိုင်းပညာထက်မြက်သူများ ဖြစ် အလို အင်အားလည်း များပြားကြ၏။

သူတို့သည် ရက်စက်ကြမ်းကြုတ်သူများပီပီ မည်သူ့ကို ညှာတာထောက်ထားခြင်းမရှိဘဲ အတင်း ဖိတိုက်ကြသည်။ သွေးစက်ဝိုင်းဂိုဏ်းသားတို့ကလည်း မိမိတို့ စခန်းချုပ်အတွင်း ကျူးကျော်စော်ကားလာကြသော ဗုစရိုက်သမားများကို ကြံ့ကြံ့ခံ၍ ပြန်လည်တိုက်ကြသည်။

မွေးနေ့ဧည့်ခံပွဲကို တက်ရောက်လာကြသော ဧည့်သည် များအနက်မှ မဟုတ်မခံစိတ်ရှိကြသော အဖြူရောင် သိုင်း သမားအချို့ကလည်း သွေးစက်ဝိုင်းဂိုဏ်းဘက်မှ ဝင်ရောက် သိုင်းသမားများကို ဝင်တိုက်ကြ၏။

သိုင်းပညာ လုံးလုံးမတတ်သူများနှင့် မိမိအသက်ကို သေ ရမှာကြောက်သောသိုင်းသမားအချို့ကမူ တိုက်ပွဲနှင့် လွတ် သည့်နေရာသို့ ပြေးကြသည်။

ဂိုဏ်းချုပ်ကြီးဝမ်ခသည် သူ့ထက် သိုင်းပညာ အဆင့် မြင့်သော မျက်ခုံးဖြူဘိုးဘိုး လျုကျုကို သတ်ကြီးစွာထား ပြီး ခုခံတိုက်ခိုက်နေရစဉ် တစ်ကြောင်း၊ တိုက်ခိုက်သူတွေ



ပ်ထွေးနေ၍တစ်ကြောင်း၊ ဇနီးဖြစ်သူ ချူးပိုနှင့် သားသေး မ်ချန်တို့ မည်သည့်နေရာကို ရောက်သွား၍ မည်သို့ဖြစ်နေ ကြောင်း မသိတော့ပါချေ။

အဖြူရောင်သိုင်းသမားများနှင့် အနက်ရောင်သိုင်းသမား တို့ မီးကုန်ယမ်းကုန် တိုက်ခိုက်ကြခြင်းဖြစ်သောကြောင့်လည်း ဒဏ်ရာရသူတွေ၊ သေဆုံးသူတွေ များပြားလှလေသည်။

အမြဲတမ်း ပန်းရနံ့တို့နှင့်မွှေးကြိုင်နေသော ပန်းဥယျာဉ် ကြီးမှာ ယခုတော့ ဆိုးရွားလှသော သွေးညှီနံ့တွေ ရက် သိုင်နေသည်။

* *

တင်-တောင်၊ တင်-တင်
တောင်-တင်၊ ထန်-ထန်

ထိုစဉ် တစ်နေရာဆီမှ စောင်းတီးခတ်သံများ ရှုတ်တရက် ပေါ်လာ၏။

စောင်းသံများမှာ တိုက်ခိုက်အော်ဟစ်သံများကို ဖုံးလွှမ်း သွားအောင် ကျယ်လောင်သလို သာညင်းပျောင်းခြင်းလည်း ရှိပါချေ။

ဒီလိုင်းလုံးကြီးများက ကျောက်ဆောင်ကို ဝင်တိုက်သလို ခက်ထန်ကြမ်းတမ်းလှ၏။ မြေလျှင်လှုပ်ခတ်သံ တော် ထဲသံများက ကြောက်စရာကောင်းလှ၏။

www.burmeseclassic.com



ဤင်းစောင်းသံများကို ကြားကြရသောအခါ အဖြူရောင် သိုင်းသမားများသည် ပို၍စိုးထိတ်ကာ ဆောက်တည်ရာမ ဖြစ်ကုန်၏။

ဒုစရိုက်သိုင်းဂိုဏ်းများ အနက် ကြောက်စရာ ကောင်း သော အဆိပ်တစ်ရာဂိုဏ်းဝင်များ ရောက်လာတော့မည်ကို သိလိုက်သောကြောင့် ဖြစ်သည်။

အဖြူရောင်သိုင်းသမားတို့သည် တစ်ပူပေါ် တစ်ပူဆင့် ဆိုသလို ဖြစ်ကြရလေသည်။

သူတို့သည် မျက်ခုံးဖြူဘိုးဘိုး လျူကျူ ဦးဆောင်သော ဒုစရိုက်သမားများကိုပင် မနည်း ခုခံတိုက်နေရလေရာ ယခု အခါ ကြောက်စရာကောင်းလှသော အဆိပ်တစ်ရာဂိုဏ်း ဆင့်၍ ရောက်လာကြပြန်သဖြင့် စိုးရိမ်ပူပန်ကုန်သည်။

တိုက်ပွဲအတွင်းသို့ လှပသော ရောင်စုံလိပ်ပြာကလေးများ ပျံဝဲရောက်ရှိလာသည့်နှယ် အသွေးအရောင်အမျိုးမျိုးကို ဝတ် ဆင်ထားသည့် လှပသော မိန်းမချောကလေးများလည်း တ မှုဟုတ်ချင်း ရောက်လာကြလေသည်။

မိန်းမချောကလေးများမှာ အနည်းဆုံး အသက်တစ်ဆ ရှစ်နှစ်မှ အများဆုံး နှစ်ဆယ်ငါးနှစ်မျှသာရှိကြပြီး အားလုံး ပင် ချောမောလှပကြသည်။

ဤင်းမိန်းမချောကလေးများမှာ သူတို့၏ရုပ်သွင်နှင့်မလိုက် အောင် ကြောက်စရာကောင်းလှသည့် ဒုစရိုက်ဂိုဏ်းကြီးဖြစ် ဂိုဏ်းဖြစ်သော အဆိပ်တစ်ရာဂိုဏ်းမှ ဂိုဏ်းဝင်များ ဖြစ် လေသည်။



အဆိပ်တစ်ရာဂိုဏ်းသည် နာမည်နှင့်လိုက်အောင် အဆိပ် ဖြင့် ရန်သူကိုတိုက်ခိုက်ရာတွင် ကျွမ်းကျင်လှသည်။

ထူးခြားချက်မှာ အဆိပ်တစ်ရာဂိုဏ်းဝင်များ အားလုံး အသက် တစ်ဆယ့်ရှစ်နှစ်မှ နှစ်ဆယ့်ငါးနှစ်အတွင်း မိန်းမလှ ကလေးများသာ ဖြစ်ကြခြင်းပင်တည်း။

သူမတို့သည် ငယ်ရွယ်ချောမောလှပသူများ ဖြစ်ကြသော် လည်း အရွယ်နှင့်မလိုက်အောင်၊ ရုပ်ရည်နှင့် မလိုက်အောင် ရက်စက်ကြမ်းကြုတ်လေသည်။

တိုက်ခိုက်ရာတွင် ထောက်ထားညှာတာခြင်းမရှိဘဲ ရက် ရက်စက်စက် တိုက်ခိုက်တတ်သည်။ ထို့ကြောင့်လည်း သိုင်း လောကသားအပေါင်းတို့သည် အဆိပ်တစ်ရာဂိုဏ်းကို အထင် မသေးရဲကြခြင်းဖြစ်၏။

ရှီး....ရှီ....ရှိ

ရှိ ရှိ ....ရှိ ....ရှိ

အဆိပ်တစ်ရာဂိုဏ်းဝင်မိန်းမချောလေးများသည် လေချွန် သံများပေးလျက် တိုက်ပွဲတွင်းသို့ ရောက်လာကြလေတော့ သည်။

သူတို့ကို ဦးဆောင်လာသူမှာ အဆိပ်တစ်ရာဂိုဏ်း၏ ဦးစီး ဦးဆောင် ဂိုဏ်းချုပ်ကြီး 'မိုရွမ်း' ကိုယ်တိုင်ပင် ဖြစ်လေတော့ သည်။

မိုရွမ်းသည် ဂိုဏ်းချုပ်ကြီး ဖြစ်သော်လည်း နုပျိုမယ် အလား ချောမောလှပသည့် အသက် နှစ်ဆယ့်တစ်နှစ်အရွယ် မိန်းကလေးတစ်ယောက်သာ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏အလှအပကြောင့်လည်း သူမကို သိုင်းလောကသားများက နတ်မိမယ်ဟုပင် ခေါ်ကြသည်။ အဆိပ်တစ်ရာဂိုဏ်း ရောက်လာသဖြင့် အမျိုးကောင်းသိုင်းသမားတို့လည်း ဗျာများနေကြသည်။

ထိုအခွင့်ကောင်းကိုယူ၍ ဝတ်စုံနက်များက ဖိတိုက်ကြသောအခါ အမျိုးကောင်းသိုင်းသမားများမှာ အထိနာကြလေသည်။

ဂိုဏ်းချုပ်ကြီးဝမ်ခလည်း အဆိပ်တစ်ရာ ဂိုဏ်းဝင်များ ရုတ်တရက်ရောက်လာခြင်းအတွက် အာရုံ ထွေပြားသွားရ၏။

ထိုအခါ မျက်ခုံးဖြူဘိုးဘိုး၏ဓားဦးက သူ့ရင်အုံကို စိုက်ဝင်သွားလေ၏။

'ဖင့်'

မျက်ခုံးဖြူဘိုးဘိုးလျှကျူက သူ့ဓားကို ပြန်ဆွဲနုတ်လိုက်သောအခါ ဝမ်ခလည်း ရင်ဘတ်မှ သွေးတွေကျလာလျက် လဲကျသွားသည်။

'ဂိုဏ်းချုပ်ကြီး ကျသွားပြီ'

သွေးစက်ဝိုင်းဂိုဏ်းသားများထဲမှ စိုးထိတ်ပူပန်စွာ အော်ပြောသံများ ပေါ်လာ၏။

* * *

လျှကျူ၏ရှေ့သို့ နတ်မိမယ်မို့ရှမ်း ရောက်လာ၏။

သူမလက်တွင် ပါးလွှာဝင်းလက်နေသော ဓားမြှောင်တစ်လက်ကို ကိုင်ထားသည်။



သူမက လျှကျူကို စူးစူးရဲရဲကြည့်လိုက်ပြီး ခံပြင်းဒေါသသံဖြင့် အော်ပြောသည်။

'ဒီမယ်အဘိုးကြီး၊ ရှင်က ယုတ်မာရက်စက်လှချည်လား၊ သူတစ်ပါး မင်္ဂလာယူပြီး မွေးနေ့ပွဲကျင်းပနေချိန်မှာ သွေးချောင်းစီးတဲ့ မင်္ဂလာပွဲဖြစ်အောင် လာလုပ်ရသလား'

လျှကျူကလည်း ခက်ထန်ကြမ်းကြုတ်စွာ ပြန်ပြော၏။

'ဟဲ့ကောင်မ၊ နင်က လာပြီး မင်္ဂလာယူမနေစမ်းပါနဲ့၊ တစ်ခြားလူတွေက နင်တို့အဆိပ်တစ်ရာဂိုဏ်းကို မှုပေမယ့် ငါကတော့ မမှုဘူး၊ နင့်တို့တစ်တွေ မသေချင်ရင် ပြန်ထွက်သွားကြ'

'ရှင့်တို့မမှုလို့ ရောက်လာပြီးမှ ဘာဖြစ်လို့ ပြန်ထွက်သွားရမှာလဲ'

'ဘာလဲ၊ နင်လဲ ထူးဆန်းသောမြေပုံကိုလိုချင်နေပြီလား'

'လိုချင်ပေမယ့် ခုလိုအချိန်မျိုးမှာတော့ ရှင့်လို ဝင်မတိုက်ဘူး၊ တစ်ခြားလူတွေကို ထိမှာစိုးလို့၊ ရှင့်တို့ကို အဆိပ်လက်နက်နဲ့လဲ မတိုက်ဘူး၊ ဒီဓားနဲ့ပဲ ရှင့်ကိုသတ်မယ်'

'ကြိုက်ပြီဟေ့၊ ဘယ်သူကသတ်နိုင်မလဲဆိုတာ ကြည့်ကြသေးတာပေါ့'

လျှကျူက ပြောပြောဆိုဆို မို့ရှမ်းထံ ခုန်ဝင်၍ ဓားဖြင့်ပိုင်းသည်။

'ထန်း....ချွင်'

www.burmeseclassic.com

www.burmeseclassic.com



မိုရှမ်းက သူမ၏ခေါင်းပျော့ဖြင့် ဆီး၍ ခုခံလိုက်ရာ ခေါင်းခေါင်းချင်း အရှိန်ပြင်းစွာထိပြီး သူမ၏နေးဆာ ကွေးညွတ်သွား၏။

ထို့နောက် စပရှိန်ကဲ့သို့ ပြန်ကန်လေရာ အဘိုးကြီးလျှုကျူ၏ခေါင်းလည်း နောက်ကို ပြန်ကန်သွား၏။ ထိုအခါ အဆိပ်တစ်ရာဂိုဏ်းဝင် မိန်းမချောလေးများကလည်း လက်နက်ကိုယ်စီဖြင့် ဝတ်စုံနက်ဝတ်ထားသော ဗုဒရိုက်သမားများကို ဝိုင်းတိုက်ကြ၏။

အဖြူရောင်သိုင်းသမားများ အကျအဆုံးများပြီး ဝတ်စုံနက်ဗုဒရိုက်သမားတို့၏အင်အားမှာ များပြားနေသေး၏။

လျှုကျူသည် အဆိပ်တစ်ရာဂိုဏ်းဝင်များ ရောက်လာပြီး သူတို့ကို တိုက်ခိုက်ခြင်းအတွက် လွန်စွာ ဒေါသထွက်နေ၏။

ထို့ကြောင့် သူသည် နတ်မိမယ်မိုရှမ်းကို တိုက်ခိုက်နေရင်းမှ မြင်မြင်သမျှ အဖြူရောင်သိုင်းသမားများကိုလည်း တိုက်ခိုက်သုတ်သင်သွား၏။

'ပါး....ဝါး....အီး'

ထိုစဉ် အော်ဟစ်တိုက်ခိုက်သံများကြားမှ ကလေးငိုသံပေါ်ထွက်လာ၏။

မိုရှမ်းကော လျှုကျူပါ ကြားရသည်။

'စမ်ခရဲမျိုးဆက်တွေကိုပါ ဖြုတ်မယ်ဟေ့'

လျှုကျူက ကြိမ်းဝါး၍ ကလေးငိုသံကြားရာဆီသို့ ပြေးသွားသောအခါ မိုရှမ်းလည်း စိုးရိမ်စိတ်ဖြင့် ထက်ကြပ်မကွာ ပြေးလိုက်သွား၏။ ချုံးပုံမှာ သွေးအိုင်ထဲတွင် လဲ၍သေဆုံးနေလေပြီ။



သားလေးဝမ်ချန်သည် မိခင်အလောင်းဘေးတွင် ငိုနေလေ၏။

လျှုကျူက ခေါင်းကိုမြှောက်ရွယ်၍ ဝမ်ချန်ကလေးကိုသတ်ရန် ပြေးလာ၏။

မိုရှမ်းလည်း ကလေးငယ်နှင့် အဘိုးကြီးလျှုကျူကြားသို့ ခုန်ဝင်ကာ ကလေးငယ်ကို အကာအကွယ်ပေးပြီး အဘိုးကြီးလျှုကျူကို တရကြမ်း တိုက်သည်။

လျှုကျူလည်း နောက်သို့ ဆုတ်မရှောင်လျှင် မိုရှမ်း၏ခေါင်းချက် ထိသွားနိုင်သည်မို့ နောက်ကို ကတိုက်ကရိုက်ဖြင့် ဆုတ်ရှောင်ရင်း ဒေါသဖြင့် အော်လိုက်၏။

'နင် ဝင်ရှုပ်ပြန်ပြီလား'

မိုရှမ်းကလည်း ဒေါသဖြင့် ပြန်အော်ပြောလေ၏။

'ရှင် ယုတ်မာရက်စက်လှချည့်လား၊ ဘာမှ မသိနားမလည်တဲ့ကလေးလေးကို ဘာဖြစ်လို့ သတ်ချင်ရတာလဲ'

'သွေးစက်ဝိုင်းဂိုဏ်းရဲ့မျိုးဆက် မကျန်ရအောင်ဟေ့'

'ကျွန်မသေမှ ဒီကလေးကို ရှင်သတ်လို့ရမယ်'

'ဒါဆို နင့်ကို အလျှင်သတ်မယ်'

လျှုကျူက မိုရှမ်းကို တရကြမ်း ဝင်တိုက်သည်။

မိုရှမ်းကလည်း ကလေးငယ်ဝမ်ချန်ကို အကာအကွယ်ပေးရင်း လျှုကျူကို အကွက်စေ့စေ့ ပြန်တိုက်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးဖြူဘိုးဘိုးလျှကျူးအည့် လွန်စွာဒေါသကြီးနေပြီး မိုရှမ်းနှင့် ကလေးငယ်ဝမ်ချုန်ကိုလည်း သတ်လိုစိတ် ကြီးစိုးနေသည်။

ထို့ကြောင့် သူ၏တိုက်ကွက်များမှာ ယစ်လယ်ကုန်၏။

ထိုအခါ အကွက်စေ့စေ့နှင့်တိုက်နေသော မိန်းမချော မိုရှမ်းလည်း ဟာကွက်ဖြစ်သွားသော လျှကျူး၏ ဝဲဘက် ပခုံးကိုဓားဖြင့် ထိုးလိုက်နိုင်၏။

'အား'

လျှကျူးလည်း ဝဲဘက်ပခုံးတွင် ဓားချက် ထိသွားပြီး နောက်ကို ခြေလှမ်းနှစ်လှမ်း ဆုတ်သွားသည်။ ထိုအခါ မိုရှမ်းလည်း အားတက်သွားပြီး အဆင်းဖိတိုက်တော့၏။

ယုတ်မာစောက်ကျစ်သည့် လျှကျူးသည် ဘယ်လက်ဖြင့် အိတ်ထဲမှဆေးမှုန့်များကို လျှပ်တစ်ပြက်နှိုက်ယူကာ မိုရှမ်း၏ ၏မျက်နှာကို ရုတ်တရက် ပက်လိုက်၏။

'အား'

ဆေးမှုန့်များက မိုရှမ်း၏မျက်လုံးအစုံထဲသို့ ဝင်သွားပြီး နောက်ကို ယိုင်ဆုတ်သွားမိ၏။ သူမ၏မျက်လုံးအကြည့်မှာ လည်း မှုန်ဝါးသွား၏။

မျက်လုံး အစုံမှာလည်း တမုဟုတ်ချင်း နာကျင်လာ၏။

သူမသည် ရန်သူကို မည်သို့မှ ပြန်တိုက်နိုင်တော့မည် မဟုတ်ကြောင်းကိုလည်း သိလိုက်၏။

မိုရှမ်းက ကလေးငယ်ဝမ်ချုန်ကိုသာ ကောက်ယူ ပွေ့ချီ လိုက်သည်။



ထိုစဉ် အဆိပ်တစ်ရာဂိုဏ်းဝင် မိန်းမချောအချို့နှင့် သွေးစက်ဝိုင်းဂိုဏ်းသားအချို့လည်း ရောက်လာကြပြီး မိုရှမ်းကို အကာအကွယ်ပေး၍ လျှကျူးကို ဝိုင်းတိုက်ကြ၏။

မျက်ခုံးဖြူဘိုးဘိုးသည် သူတို့တွေထက် သိုင်းပညာအဆင့်မြင့်သူဖြစ်ရာ သူ့ရှေ့တွင် ပိတ်ဆို့တိုက်ခိုက်နေသူ မှန်သမျှကို တိုက်ခိုက်သုတ်သင်လျက်ရှိနေတော့သည်။

ထိုအချိန်တွင် မျက်လုံးအစုံတွင် ဒဏ်ရာရသွားသော မိုရှမ်းလည်း ကလေးငယ်ဝမ်ချုန်ကို ပွေ့ချီလျက် မှုန်ဝါးဝါးမြင်ကွင်းဖြင့်ပင် ဓားလွတ်ရာသို့ ပြေးထွက်ခဲ့တော့၏။

ကလေးငယ်ဝမ်ချုန်၏အသက်ကို ရန်သူများ မလုပ်ကြံနိုင်ရန် ပြေးခဲ့ရခြင်းဖြစ်သည်။

ထိုအချိန်တွင် သံမဏိကျားပွင့်ရှင် လိမ်ကွန်တို့ ဆရာတပည့်နှစ်ယောက်စလုံး တိုက်ပွဲတွင် မရှိတော့ချေ။ သူတို့သည် အဖြူရောင်သိုင်းသမားများအကြားမှ လျှကျူးတို့လူစုကိုလည်း တိုက်၍မဖြစ်။

လျှကျူးတို့အကြားမှ မိုရှမ်းတို့ကိုလည်း တိုက်၍မဖြစ်သော ကြောင့် မိုရှမ်းတို့လူစု ရောက်မလာခင်ကပင် တိုက်ပွဲတွင်းမှ သိမ်မွေ့စွာ ရှောင်ထွက်သွားကြလေပြီ။

နတ်မိမယ်မိုရှမ်း ထွက်သွားပြီးနောက် မကြာမီအချိန် အတွင်းမှာပင် တိုက်ပွဲလည်း ပြီးဆုံးသွားသည်။

မျက်ခုံးဖြူဘိုးဘိုးနှင့် နောက်လိုက် ဝတ်စုံနက် ရှေ့ချက် သိုင်းသမားများသည် မြင်မြင်သမျှ အဖြူရောင်သိုင်းသမား များကို တိုက်ခိုက်သုတ်သင်ပြီး ထွက်ခွာသွားကြသည်။

www.burmeseclassic.com



ပန်းဥယျာဉ်ကြီးထဲတွင် အလောင်းတွေ၊ ဒဏ်ရာရသူတွေ ပြန့်ကျဲကျန်နေသည်။

ထိုအခါမှ ရှောင်တိမ်းနေသော သိုင်းပညာမတတ်သော ကုန်သည်ပွဲစားတချို့လည်း ပန်းဥယျာဉ်ကြီးအတွင်းသို့ ပြန်လည်ဝင်ရဲကြသည်။

အလောင်းများထဲတွင် သွေးစက်ဝိုင်းဂိုဏ်းသားများ၏ အလောင်းတွေက ပိုများသည်။ ဧည့်သည်အဖြစ် ရောက်လာပြီး ဒုစရိုက်ဂိုဏ်းသားများကို ပြန်တိုက်ခဲ့သော အဖြူရောင် သိုင်းသမားအချို့လည်း ဒဏ်ရာရသူရ၊ သေသူ သေကြ၏။

မျက်ခုံးဖြူဘိုးဘိုးလျှူကျူ၏ နောက်လိုက် ဒုစရိုက်သိုင်းသမားတို့၏အလောင်းများကိုမူ အနည်းငယ်မျှသာ တွေ့ရသည်။

အတွေ့အကြုံရင့်ကျက်ပြီး စိတ်ဓာတ်ကြံ့ခိုင်သော လုံဖေး ပင်လျှင် စိတ်မချမ်းမြေ့ဖွယ်ရာမြင်ကွင်းကြောင့် လွန်စွာ စိတ်လှုပ်ရှားနေသည်။

ဂိုဏ်းဝင်များက ဖြစ်ပျက်သမျှကို ပြောပြကြသည်။

နောက်ဆုံးတွင် ဝမ်ရှောင်ကလေးမှာ ဖခင်နှင့် မိခင်တို့၏ အလောင်းများကိုဖက်ကာ သည်းထန်စွာ ငိုကြွေးနေ၏။

'ညီလေးကို ရှာပေးကြပါ…ညီလေးကို ရှာပေးကြပါ'

ပျောက်ဆုံးနေသော ညီလေးဝမ်ချန်ကိုလည်း တမ်းတမ်း တတ ဖြစ်နေ၏။

သိုင်းဆရာကြီး လုံဖေးကိုယ်တိုင်လည်း ချစ်မိတ်ဆွေ ဂိုဏ်းချုပ်ကြီး ဝမ်ခတို့ဇနီးမောင်နှံ အတွက် ယူကျုံးမရ ဖြစ်နေ၏။



သူ့စိတ်ထဲတွင် ရက်စက်ယုတ်မာလှသော မျက်ခုံးဖြူ ဘိုးဘိုး လျှူကျူအပေါ် လွန်စွာ မကျေမချမ်း ဖြစ်နေ၏။

မိဘမဲ့သွားပြီဖြစ်သော ဝမ်ရှောင်ကိုလည်း သားအဖြစ် မွေးစားရန်နှင့် သူတတ်မြောက်ထားသမျှ သိုင်းပညာများကို ပညာကုန်အောင်ပေးရန် ဆုံးဖြတ်ချက် ချလိုက်၏။

ယုတ်မာရက်စက်သော မျက်ခုံးဖြူဘိုးဘိုး လျှူကျူကိုလည်း တိုက်ခိုက်သုတ်သင်ရန် ဆုံးဖြတ်ချက်ချလိုက်လေသည်။

--+--

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

## တောထဲမှ သားအမိ

မုံမုံကုလျှိုမြောင်ချိုင့်ဝှမ်း။

ကျောက်တောင်ကြီးနှစ်တောင်၏ အောက်ခြေတွင်ရှိ၏။

ချိုင့်လှမ်းဟုဆိုသော်လည်း ကျယ်ပြန့်၏။

သစ်ပင်ကြီးငယ်များ အုပ်အုပ်ဆိုင်းဆိုင်း ရှိနေသ အရိပ်အာဝါသလည်း ကောင်းသည်။ ကြည်လင်သော ချောင်းကလေးများလည်း ရာသီမရွေး ရှိ၏။

မုံမုံကု လျှိုမြောင်ချိုင့်ဝှမ်းတွင် ကျား၊ ခြင်္သေ့ စသော သားကောင်ကြီးများမရှိသော်လည်း သမင်၊ ဒရယ်၊ စသော သားကောင်ငယ်ကလေးများ အေးချမ်းစွာ ကျက်စားနေ လျက်ရှိ၏။



ရှင်းချိုင့်ဝှမ်းတွင် သားကောင်ကလေးများအကြိုက် စား င်များလည်း ရှိသည်။ စမ်းချောင်းငယ်ကလေးများတွင် ည်း ရေသောက်ဆင်းကြသည်။

ညနေဆည်းဆာချိန်မို့ မုံမုံကုလျှိုမြောင်ထဲတွင် နေ ရောင် အားပျော့နေသည်။

ကြည်လင်သော စမ်းချောင်းကလေးအစပ်တွင် သမင်ဖို တစ်ကောင် ရေသောက်ဆင်းနေသည်။ ပတ်ဝန်းကျင်တစ်ခု လုံးမှာ လေတိုက်သံ ခပ်မျှင်းမျှင်းသာ ပေါ်ထွက်နေသဖြင့် သမင်ဖိုကြီး၏ ရေသောက်သံက ပီပီသသ ထွက်ပေါ်နေ၏။

'ဖြောင်း...'

ထိုစဉ် ဖူးဖူးဝါးဝါး ခြောက်လှန့်သံတစ်သံ ပေါ်လာ၏။

သမင်ဖိုကြီး လန့်သွားပြီး နောက်ကိုလှည့်ကာ တစ်ဟုန် ထိုး ထွက်ပြေး၏။

'ဂွစ်...ဂွစ်'

ထိုစဉ် ဝင်းလက်သောဓားမြှောင်ရှည်တစ်လက်က လေထဲ ဝဲပျံလာကာ သမင်ဖိုကြီး၏လည်မျိုကို အရှိန်ပြင်းစွာ စိုက် င်သွား၏။

တစ်ရှိန်ထိုးပြေးနေသော သမင်ဖိုကြီး လဲကျလုမတတ် မ်းယိုင်သွားပြီး ရှေ့ကို သွေးရူးသွေးတန်းဖြင့် ဆက်ပြေး ည်။

သို့သော် ပေသုံးဆယ်ခန့်သာ ပြေးနိုင်ပြီး လဲကျသွား၏။ လေးငါးချက်ခန့် အကြောဆွဲပြီး သေသွား၏။

'ဟာ...သမင်ကြီးသေသွားပြီ မေမေ'

www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးက သေနေသောသမင်ဖိုကြီးအနီးတွင် ထိုင်လိုက်ကာ မိန်းမချောလေးကို လှည့်ပြောတော့ မိန်းမချောလေးလည်း သူမရှေ့တွင် တောင်ဝှေးနှင့်စမ်းထောက်၍ အနီးကို သွက်လက်စွာ ရောက်လာ၏။

မိန်းမချောလေးသည် နတ်မိမယ်တမျှ ရုပ်ရည် ချောမောလှသော်လည်း မျက်စိ လုံးလုံးမမြင်ရှာသော ကြောင်တောင်ကန်းမလေးသာ ဖြစ်၏။

သူမသည် လွန်ခဲ့သောငါးနှစ်ခန့်က သေွးစက်ဝိုင်းဂိုဏ်းစခန်းတိုက်ပွဲတွင် မျက်ခုံးဖြူဘိုးဘိုး လျှို့ကျုံ၏လက်ချက်ဖြင့် မျက်လုံးတွင် ဒဏ်ရာရခဲ့သော နတ်မိမယ်မိုရှမ်းဗင် ဖြစ်ပေလသည်။

ချုံပင်ကြီးနောက်ကွယ်မှ အားပါးတရ ပြောလိုက်သော စကားသံ ပေါ်လာသည်။ ထိုနောက် ချုံပင်နောက်ကွယ်မှ အသက် ဆယ်နှစ်အရွယ် ကောင်လေးတစ်ယောက်နှင့် အသက်နှစ်ဆယ့်လေးနှစ်အရွယ် မိန်းမချောလေးတစ်ယောက် ထွက်လာကြသည်။ ကောင်လေးလက်ထဲတွင် ဓားရှည်တစ်ချက်ကို ကိုင်ထားကာ သမင်ဖိုကြီးဆီ ဝမ်းသာအားရ ပြေးလာ၏။

မိန်းမချောလေးကမူ လက်ထဲတွင် တောင်ဝှေးတစ်ချောင်းကို ကိုင်ထားသည်။

သူမကိုယ်ပေါ်တွင် အစိမ်းရောင်ဝတ်စုံကို ဝတ်ထားကာ ကျောတွင်လည်း ဓားရှည်အစ်လက် လွယ်ထား၏။

'မေမေ သမင်ကြီးရဲ့လည်မျိုကို တည့်တည့်ထိတာပဲ'



ကောင်လေးကမူ သွေးစက်ဝိုင်းဂိုဏ်းချုပ်ကြီး ဝမ်ခ၏ ...းငယ် ဝမ်ချန်ပင်ဖြစ်၏။ နတ်မိမယ်မိုရှမ်းသည် မျက်လုံး ...ံ့ ဒဏ်ရာရရချင်း ကန်းမသွားသေးချေ။

အမြင်မပီသဘဲ ဝိုးတိုးဝါးတားသာ ဖြစ်သွား၏။

သူမသည် ဝမ်ချန်ကလေး အသက်မသေစေရန်အတွက် ...ချိကာ တိုက်ပွဲအတွင်းမှ ပြေးထွက်လာခဲ့သည်။ အမြင် ...း ဝိုးဝါးသောကြောင့် ပြေးရင်းမှ မကြာခဏ လဲကျ၏။ ...သော် ဇွဲတင်း၍ ဆက်ပြေးခဲ့သည်။ သန်းခေါင်တိုင်သည် ...ထိ ဆက်ပြေးသည်။

မကြာခဏ လဲကျသဖြင့် သူမကိုယ်တွင် ပွန်းပဲ့ရာတွေ ဖြစ်...၏။ သွေးလိမ်းလိမ်းဖြစ်နေ၏။

သန်းခေါင်ယံတိုင်တော့မှ သူမလည်း ဆက်၍မပြေးနိုင်...ဘဲ အပြေးမှ ရပ်တော့၏။ ခြေဦးတည်ရာ ပြေးလာခဲ့...င်းဖြစ်၍ မည်သည့်နေရာသို့ ရောက်လာမှန်းလည်း မသိပါ...ချေ။ ထိုစဉ် ငါးနှစ်အရွယ်သာရှိသော ဝမ်ချန်ကလေးမှာ ...ပ်လမ်းလုံး ငိုလာပြီးမှ မောမောနှင့် အိပ်ပျော်သွား၏။

နတ်မိမယ်မိုရှမ်းသည် ဝမ်ချန်ကလေးကို မြေပေါ်တွင် ...သာချသိပ်သည်။

သူမ၏မျက်လုံးအစုံက လွန်စွာ နာကျင်နေသည်။

သူမတို့ အဆိပ်တစ်ရာဂိုဏ်းဝင်များသည် ခရီးထွက်သည့် ...ခါတိုင်း အဆိပ်လက်နက်များကိုလည်းကောင်း၊ ဆေး...ားကိုလည်းကောင်း ပြည့်ပြည့်စုံစုံယူဆောင်လာလေ့ရှိ၏။ ...့ကြောင့် သူမထံတွင်လည်း ဆေးဝါးများ ပါလာလေရာ

www.burmeseclassic.com



သူမသည် သူမကိုယ်တွင်ရှိထားသော ဇက်ဆူများကို လည်းကောင်း မျက်လုံးအစုံကိုသော်လည်းကောင်း ဆေးထည့်၏။

ထို့နောက် ဝမ်ချုန်ကလေးကိုဖက်၍ မြေပေါ်မှာပင် အိပ်သည်။

ဝမ်ချုန်ကလေးငိုသံကြောင့် သူမ နိုးလာတော့ နေရောင်ပင် ထွက်နေလေပြီ။

သူမက ဝမ်ချုန်ကလေးကိုချော့ရင်း သူမ ဆက်လုပ်သင့်သည်ကို စဉ်းစားသည်။

အခုတော့ သူမလုပ်ရမည်မှာ သူမ၏ အဆိပ်တစ်ရာဂိုဏ်း စခန်းချုပ်ဌာနကို ပြန်ရမည်သာဖြစ်၏။

အဆိပ်တစ်ရာဂိုဏ်းတွင် သူမသည် အကြီးအကဲဂိုဏ်းချုပ်ဖြစ်သောကြောင့် သူမမျက်စိက မြင်ကောင်းအောင် သေချာပေါက် ကုသနိုင်လိမ့်မည် ဖြစ်၏။ သို့သော် သူမသည် အဆိပ်တစ်ရာဂိုဏ်းသို့ ပြန်ချင်စိတ် မရှိပါချေ။

ဝမ်ချုန်ကလေးကို အဆိပ်တစ်ရာဂိုဏ်းသို့ ခေါ်သွားရန်လည်း မဖြစ်ပေ။

ဂိုဏ်း၏ အင်းကြပ်သေသော စည်းကမ်းချက်အရ စခန်းချုပ်တွင် ငယ်ငယ်ကြီးကြီး မည်သည့်ယောကျ်ားသားကိုမှ နေထိုင်ခွင့် မပြုပါချေ။

နေထိုင်ခွင့်မရှိပါချေ။

မိုရှမ်းသည် မိဘမဲ့သွားပြီဖြစ်သော ကလေးကို လျစ်လျူရှုရှိုက် ခေါင်းဆောင်ကြီးက အပ်လိုသော ဝမ်ချုန်ကလေးကို ဥပေက္ခာ မပြုနိုင်ချေ။



သူမကိုယ်တိုင်ပင် ကလေး၏လုံခြုံရေး၊ တိုးတက်ကြီးပွားရေးကို ဆောင်ရွက်ချင်သည်။

သူမ၏စိတ်အာရုံကလည်း အဆိပ်တစ်ရာဂိုဏ်းချုပ်ကြီးအဖြစ် ရပ်တည်လိုသည့်မှာ ကြာပါပြီ။ အဆိပ်တစ်ရာဂိုဏ်းသည် သိုင်းလောကတွင် ဒုစရိုက်သိုင်းဂိုဏ်းအဖြစ် ကျော်ကြားထင်ပေါ်နေ၏။ ဒုစရိုက်လုပ်ငန်းများကိုလည်း လက်ရှိ လုပ်ကိုင်နေ၏။

နောင်တွင်လည်း လုပ်ကိုင်သွားရန် ရည်ရွယ်ထားသော ဂိုဏ်းကြီးလည်းဖြစ်၏။

နတ်မိမယ်မိုရှမ်း၏ မိခင်ကြီးလက်ထက်ကတည်းက မိန်းကလေးများသာ ပါဝင်ဖွဲ့စည်းထားသည့် အဆိပ်တစ်ရာဂိုဏ်းကို တည်ထောင်ခဲ့၏။

ဂိုဏ်းစည်းကမ်းနှင့် ရည်ရွယ်ချက်ကိုလည်း ချမှတ်ခဲ့၏။

မိခင်ကြီးကွယ်လွန်သောအခါ နတ်မိမယ်မိုရှမ်းမှ ဂိုဏ်းချုပ်ကြီးအရာကို ဆက်ခံသည်။ ဂိုဏ်း၏စည်းကမ်းချက်များအတိုင်း ရည်ရွယ်ချက်၊ ဦးတည်ချက်များအတိုင်း လိုက်နာကျင့်သုံးခဲ့၏။

စည်းကမ်း၏ ရည်ရွယ်ချက်နှင့် ဦးတည်ချက်များမှာ လေးပုံတစ်ပုံသာကောင်းပြီး သုံးပုံက မကောင်းပေ။

မိုရှမ်းတွင် သူမထက် တစ်နှစ်ကျော်သာငယ်သော ညီမရင်း မိုဖန်း ရှိသေးသည်။ မိုဖန်းလည်း ချောမောလှပလွန်းသောကြောင့် သူမ၏နာမည်ကိုပင်မခေါ်ဘဲ ချောကလျာဟုသာ ခေါ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ချောကလျှာမိုဖန်းကမူ စိတ်ဆတ်သူ၊ ဒေါသကြီးသူ၊ မာန်မာနကြီးသူ၊ အပြောအဆိုအနေအထိုင် ခက်ထန်ကြမ်းတမ်းသူ ဖြစ်၏။

သူမသည် မိခင်ကြီး၏အကျင့်စရိုက်တိုင်း ရှိသူဖြစ်၏။

သနားကြင်နာခြင်းကင်းသူလည်းဖြစ်၏။

သူမသည် အစ်မဖြစ်သူမိုရှမ်း၏လုပ်ရပ်များကို မပြတ်သား ဟုဆိုကာ အားမလိုအားမရ ဖြစ်နေသူပင်။

မိုရှမ်းသည် စည်းကမ်းတွေ၊ ထုံးစံတွေရှိနေ၍သာ ဂိုဏ်းချုပ်ကြီးအဖြစ် ရပ်တည်ပြီး ဒုစရိုက်လုပ်ရပ်များကို လုပ်နေသော်လည်း စိတ်ပါလက်ပါ မရှိလှပါ။

သူတို့နှစ်ဦးသည် တစ်အူတုံဆင်း ညီအစ်မရင်း ဖြစ်ကြသော်လည်း အကျင့်စရိုက်ချင်း မတူကြချေ။

ထို့ကြောင့်လည်း မိုရှမ်းသည် အဆိပ်တစ်ရာဂိုဏ်းချုပ်ကြီးအဖြစ် မရပ်တည်လိုတော့သဖြင့် ညီမဖြစ်သူ ချောကလျှာမိုဖန်းအား ဂိုဏ်းချုပ်လုပ်ရန် အကြိမ်ကြိမ်မြှောက်ပင့်ဖူးသည်။

သို့သော် ချောကလျှာမိုဖန်းက လက်မခံပေ။

မိုရှမ်း အသက်ရှင်နေသရွေ့ သူမအနေနှင့် အဆိပ်တစ်ရာဂိုဏ်းချုပ်ကြီး မလုပ်ဟု ပြန်လည်ပြောခဲ့၏။

ထို့ကြောင့် မိုရှမ်းသည် အဆိပ်တစ်ရာဂိုဏ်းနှင့် ဝေးရာသွားရ ကောင်းမလားဟု အကြိမ်ကြိမ်စဉ်းစားခဲ့သည်။

သို့သော် ညီမလေး မိုဖန်းအတွက် နောက်ဆုံးတင်းခံအဖြစ် ထွက်မသွားဖြစ်ခဲ့။ ယခုအခါတွင် တွယ်တာရမည့်သူ



တစ်ယောက်ရမည့်သူ ဝမ်ချန်ဆလေး ရှိနေပြီ။ သူမစိတ်ဆန္ဒကလည်း စခန်းဌာနချုပ်ကို ပြန်လိုစိတ် လုံးလုံး မရှိတော့ပေ။

ဂိုဏ်းချုပ်ကြီးအဖြစ် ရပ်တည်ကာ ဒုစရိုက်လုပ်ငန်းများကိုလည်း လုပ်လိုစိတ် မရှိတော့ပေ။

ထို့ကြောင့် သူမဘဝကို ဇာတ်မြှုပ်၍ ဝမ်ချန်ကလေးနှင့်အတူ နေထိုင်သွားရန် ဆုံးဖြတ်ချက် ချလိုက်လေတော့သည်။

*   *   *

မိုရှမ်းသည် ယာတီပြုတ် ဆုံးဖြတ်ချက်ချပြီးနောက် ဝမ်ချန်ဆလေးကိုချီကာ ဦးတည်ရာမဲ့ ထွက်လာခဲ့သည်။

သူမ၏အမြင်များက ဝိုးဝါးနေသော်လည်း နေရောင်ဖြင့် အန္တရာယ်မဖြစ်အောင်တော့ လာနိုင်ခဲ့သည်။

ပထမတွင် သူမသည် မည်သည့်အရပ်သို့ ရောက်နေမှန်း မသိသော်လည်း မုံမုံကု လျှိုမြောင်အတွင်းသို့ ရောက်လာသောအခါ သူမ ရောက်လာသည့်နေရာကို မှတ်မိသွား၏။

သူမသည် မုံမုံကုလျှိုမြောင်ထဲသို့ သုံးလေးကြိမ်ခန့် ရောက်ဖူးသည်။

မုံမုံကု လျှိုမြောင်အကြောင်းကိုလည်း သိထား၏။

ထို့ကြောင့် သူမသည် မုံမုံကုလျှိုမြောင်ထဲတွင် သူမနှင့် ဝမ်ချန်ကလေးတို့နေထိုင်ရန် ဆုံးဖြတ်ချက် ချလိုက်လေသည်။

ကျောက်တောင်ကြီး၏ အောက်တွင် လိုဏ်ဂူကြီးတစ်ခု ရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဇူင်းလိုဏ်ဂူကြီးကို သူတို့၏နေအိမ်အဖြစ် သတ်မှတ်လိုက်သည်။

ထိုနေရာသို့ ကားကောင်ကြီးများ မလာသဖြင့် လည်းကောင်း၊ လူသူ အရောက်အပေါက်လည်း မရှိသလောက် ချောင်ကျလှသဖြင့်တစ်ကြောင်း ငြိမ်းချမ်းစွာ နေနိုင်လေ၏။

လူသူ အရောက် အပေါက်မရှိခြင်းကြောင့် သားကောင်ငယ်များလည်း ကျက်စားကြလေရာ သားငါးလည်း ပေါများ၏။

မိုရှမ်းတွင် လေးလေးဆယ် ရိက္ခာခြောက် အနည်းငယ် ပါလာ၏။

သူမသည် လိုဏ်ဂူကြီးထဲတွင် မီးမွှေးလိုက်ပြီး အသားခြောက် အနည်းငယ်ကို မီးကင်ကာ ဝမ်ချွန်ကို ကျွေးသည်။

စမ်းရေကိုတိုက်သည်။ အစာဝကာ ဝမ်ချွန် အိပ်ပျော်သွား၏။

မိုရှမ်းလည်း မြက်ခြောက်များကို ဂူထဲသို့ဆယ်ယူ၍ ထွေးထွေးနွေးနွေး အိပ်နိုင်ရန် ပြင်ခင်း၏။

သူမ၏မျက်လုံးကို အခါခါအားလျော်စွာ အဆိပ်ဖြေဆေးခတ်၏။ ဒဏ်ရာများကိုလည်း ဆေးထည့်သည်။

ဝမ်ချွန်သည် သူ့ကို ပြုစုကျွေးမွေးသော မိုရှမ်းအပေါ် ခင်တွယ်၍ အားကိုးအားထား ပြုလာသည်။

မိုရှမ်း၏ကိုယ်တွင် ရထားသောဒဏ်ရာများမှာ ရက်ပိုင်းအတွင်း ပျောက်ကင်းသွားသော်လည်း မျက်လုံးအမူ မသက်သာပါချေ။



မှုန်ဝါး၍ နာကျင်မြဲ နာကျင်နေသည်။

သို့သော် သူမ၏မျက်လုံးထက် ဝမ်ချွန်ကို ပို၍ဂရုစိုက်၏။ ပြုစုစောင့်ရှောက်သည်။ သူ၏မျက်လုံးမှာ အဆိပ်ဖြေဆေးခတ်နေသဖြင့် မှုန်ဝါးဝါးတော့ မြင်ရသည်။ သို့သော် တစ်နေ့နေ့တစ်ချိန်ချိန်တွင် သူမ၏မျက်စိ ကွယ်သွားနိုင်ကြောင်း တွက်ဆမိ၏။

သူမသည် မုံမုံကုလျှိမြောင်သို့ရောက်ပြီး နှစ်လကျော်အကြာတွင် ဝမ်ချွန်ကို ချီပွေ့ကာ တစ်ရက်ခရီး ကွာဝေးသော ဖုစမ်းမြို့သို့ တက်ခဲ့သည်။

သူမတွင်ပါလာသော ငွေစလေးနှင့် လိုအပ်မည့် ပစ္စည်းအသုံးအဆောင်များဝယ်ကာ မုံမုံကုလျှိမြောင် လိုဏ်ဂူသို့ ပြန်လာခဲ့သည်။

အိုးခွက်ပန်းကန်များရှိလာသဖြင့် ချက်ပြုတ်စားသောက်သာနိုင်သည်။

လက်နက်ထောင်ချောက်များကို ဝယ်လာသဖြင့် သားကောင်ငယ်များကို ဖမ်းဆီးနိုင်၏။ ထို့ကြောင့် စားရေးသောက်ရေး မပူရချေ။

ဝမ်ချွန်သည် မိုရှမ်းအား မိခင်ရင်းလို ခင်တွယ်နေ၏။

သူမသည် တစ်နေ့နေ့တစ်ချိန်ချိန်တွင် သူမ၏မျက်စိကွယ်ရည်ဖြစ်ကြောင်းကိုသိသဖြင့် အမြင်အာရုံအားမထားတော့ဘဲ

www.burmeseclassic.com

www.burmeseclassic.com



အကြားအာရုံကို အားထားသည့်အလေ့အကျင့်ကို စွဲမြဲ သည်။ အနံ့အာရုံကို ထက်မြက်အောင် လေ့ကျင့်သည်။

သူသည် မျက်လုံးမကွယ်ခင်ကပင် မျက်လုံးမှိတ်၍ အနံ့ နားစွင့်၍လည်း လျှပ်ရှားသွားလာခြင်းပြုသည်။ လုပ် ဆောင်ရွက်ခြင်းပြု၏။

ထို့ကြောင့် တစ်နှစ်ကျော်ကျော်အကြာတွင် သူမ၏မျက် ကွယ်သွားသောအခါ သူမ အဖို့ သွားလာလှုပ်ရှားရ အတွက် အခက်အခဲ မဖြစ်တော့ပါ။

သူမသည် မျက်မမြင်ဘဝနှင့်ပင် သားကောင်တို့၏အနံ့ ခံနိုင်သည်။

အနံ့ခံပြီး မည်သို့သောသားကောင်မှန်း သူမ သိ၏။

သားကောင်ငယ်တို့ကိုလည်း ပစ်ခတ်ဖမ်းဆီးနိုင်၏။

* * *

ဝမ်ချန်မှာလည်း တောပျော်လေးဖြစ်နေပြီ။

မျက်မမြင်မို့ရှမ်းသည် ဝမ်ချန့် ခုနစ်နှစ်သားအရွယ် သူ ဖမ်း၍ရထားသော သားကောင်တို့၏သားရေ၊ အစွယ် တို့ယူကာ ဖုစမ်းမြို့သို့ တစ်ခေါက်တက်ရောင်းသည်။ သူမ



စတီစားဆင်ယင်ပုံ အသွင်အပြင်ပြောင်းလဲသွားသဖြင့် သူမ ကို အဆိပ်တစ်ရှာဂိုက်းချုပ် နုတ်မီမယ်မို့ရှမ်းဟု မည်သူမျှ မထင်ကြချေ။

သူမသည် ဖုစမ်းမြို့မှ လိုအပ်သော ပစ္စည်းအသုံးအဆောင် များကို ဝယ်လာပြီးနေဇက် မုံမုံကုလိုဏ်ဂူဆီ ပြန်အရောက် တွင် ဝမ်ချန်အား သိုင်းပညာ စတင်သင်ကြားပေးတော့၏။

သူမသည် မျက်စိမြင်သောဝမ်ချန်အား အမြင်အာရုံ ရှု စိုက်မှုဖြင့် တိုက်ခိုက်နိုင်သော သိုင်းပညာကို သင်ကြားပေး၏။

သူမ မျက်မမြင်ဘဝရောက်မှ တီထွင်ထားသော အကြည့် အာရုံ၊ အနံ့အာရုံဖြင့် တိုက်ခိုက်နိုင်သောသိုင်းပညာကိုလည်း သင်ကြားပေး၏။

သားကောင်များ ဖမ်းဆီးခြင်းပညာကိုလည်း သင်ကြား ပေး၏။

မို့ရှမ်းသည် အခါအားလျော်စွာ လူတွေအကြောင်း၊ လူ့ လောကကြီးအကြောင်း၊ သိုင်းလောကအကြောင်း၊ သိုင်း သမားတွေ၏အကြောင်းကို ပြောပြကာ ဝမ်ချန်အား အသိ ပညာပေးတတ်သည်။

သို့သော် သူမ၏ဘဝဖြစ်စဉ်နှင့် ဝမ်ချန့်၏ဘဝမှန်ကိုလည်း မပြောပြသေးချေ။ ဝမ်ချန်က သူမကို မိခင်ရင်းတစ်ယောက် အဖြစ်ပင် ထင်မှတ်နေစေလိုသောကြောင့် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အရွယ်မရောက်ခင်၊ ပညာမပြည့်စုံခင် ဝမ်ချန်အနေနှင့် ရှန်သူမျှားကိုသွားရောက်လက်စားချေမှုကိုလည်း မလိုလားပေ။

ထို့ကြောင့် မိုရှမ်းသည် သူတို့နှစ်ဦးစလုံးအားဘဝမှန်ကို ဖုံးကွယ်ထားခြင်းဖြစ်၏။ ပြောသင့်ပြောထိုက်သော အချိန်တွင်တော့ ဖွင့်ပြောမည်ဟု ဆုံးဖြတ်ချက်ချထားသည်။

မိုရှမ်းသည် အသိုင်းအဝိုင်းဂိုဏ်းချုပ်ကြီး အဝတုန်းက စည်းစိမ်ချမ်းသာ အခြွေအရံနှင့် နေထိုင်ရသူဖြစ်၏။

ယခုအခါမူ မှုံမှုံ ကုလျှိမြောင်တွင် မပြည့်မစုံနေရသည်။ ပျက်မြင်ဘဝလည်း ဖြစ်နေသည်။ သို့သော် သူမသည် အသိုင်းအဝိုင်းဂိုဏ်းချုပ်ကြီးဘဝမှ နေခဲ့ရသည်ကို ပြန်လည်တမ်းတခြင်းမရှိပါ။ လက်ရှိဘဝမှာပင် ပျော်ရွှင်နေသည်။

*

စိုက်ချမ်းသာခြင်းလည်းရှိ၏။ သားအမိနှစ်ယောက် လုပ်ကိုင်လုပ်ကိုင်နေခြင်းကို သဘောကျသည်။ ဝမ်ချန်မှာလည်း သိုင်းပညာ သင်ချိန်တွင် သင်သည်။ လေ့ကျင့်သည့်အခါ လေ့ကျင့်သည်။ ငါးမျှားသည်။ သားကောင်လိုက်သည်။ သစ်သီးဝေ ခူးသည်။ သူ့ဘဝနှင့်သူ ပျော်နေသည်။

ယခုလည်း မိုရှမ်းသည် ဝမ်ချန်အား လှုပ်ရှားနေသော သားကောင်အား ပစ်ခတ်နည်းကို သင်ကြားပေးနေခြင်း ဖြစ်၏။



ရေသောက်ဆင်းနေသော သမင်ကြီးအား ခြောက်လှန့်၍ လှုပ်ရှားသွားကိုနားစွင့်ကာ ခေါ်မြောင်ရှည်ဖြင့် ပစ်ပြလိုက်ခြင်းဖြစ်၏။

သူသည် ပလားနှစ်ဆကြားတွင် အကြွေးအာရုံ၊ အနံ့ အာရုံ ပိုရှိပိုရှိ တက်မြောက်လာခဲ့ရာ မျက်စိမြင်သူ တစ်ယောက်လိုပင် သွားလာလှုပ်ရှားနိုင်လေပြီဖြစ်၏။

မိုရှမ်းလည်း ဖောနေသောသမင်ကြီးအနီးတွင် ထိုင်လိုက်ပြီး ခေါ်မြောင်ဝိုက်ဝင်နေသောလည်ပင်းကို သူမ၏လက်ဖြင့် စမ်းကြည့်ကာ ဝမ်ချန်ကို ပြောလိုက်၏။

'ဒါတောင် ပစ်မှတ်က မတိကျသေးဘူးသားလေးရဲ့၊ ဒါကြောင့် သမင်ကြီးဟာ ထိထိချင်း နေရာမှာ လဲကျမသွားဘဲ ဒီနေရာအထိ ဆက်ပြေးနိုင်တာပေါ့၊ ဟောဒီအချက်ကို လက်သုံးလုံးလောက်ရွှေ့ပြီးထိမယ်ဆိုရင် ပစ်မှတ် အတိအကျပဲ။ ဒါဆို ဒီသမင်ကြီး ထိထိချင်း နေရာမှာ လဲကျသွားမှာပဲ၊ သားတော့ ပစ်မှတ်မလွဲအောင် လေ့ကျင့်ရမယ်နော်'

'ဟုတ်ကဲ့မေမေ'

သူတို့သည် အားအောင်မြားကို အရမ်းကာရော ပစ်ခတ်ခြင်းမပြုချေ။

စားနပ်ရိက္ခာဖြစ်သည့်အခါမှ ပစ်ခတ်သည်။

အခြောက်လှမ်းကာ ရက်ရှည်လမျှား စားသောက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ချန်သည် အများအားဖြင့် ငှက်ကလေးများကိုပစ်ခတ်လေ့ကျင့်တတ်၏။ ခဲလုံးလေးများကို လက်နက်ပုန်းအဖြစ် ပစ်ခတ်နိုင်အောင် မျက်မမြင်မိုရှမ်းအာ သင်ကြားပေး၏။

လျှိုမြောင်ကြီးထဲတွင် သီးနှံပင်များ၊ သားငါးများ ပေါများသဖြင့် သူတို့သားအမိအဖို့ စားရေးသောက်ရေး မပူကြကြရဘဲ အဆင်ပြေကြလေသည်။

=+=

အခန်း ( ၅ )

## ဂိုဏ်းချုပ်သစ်၏ မူဝါဒ

အဆိပ်ဖြစ်ဂိုဏ်း စခန်းဌာနချုပ်။

ဂွာအွင်းမြို့ တောင်ဘက် တံခါးပေါက်ရှိ ကျယ်ဝန်းသော ...ကြီးထဲတွင် ရှိနေသည်။

ယောကျ်ားသား တစ်ဦးမှမရှိဘဲ မိန်းမပျိုလေးများသာ ...သည့်နေရာမို့ ခြံကြီးကို လှပသော ပန်းဥယျာဉ်ကြီး ...ဖြစ် တန်ဆာဆင်ထား၏။

ပန်းဥယျာဉ်ကြီးထဲတွင် ရေကန်များ၊ ကျောက်...ါးရုပ်...များ လှပစွာ ဖန်တီးထား၏။

www.burmeseclassic.com

www.burmeseclassic.com



ပန်းဥယျာဉ်ကြီးပတ်လည်ကို ဝင်းနံရံ ကာရံထားပြီး ဝင်းတံခါးပေါက်ကို ရှေ့တွင်တစ်ပေါက် နောက်တွင် တစ်ပေါက် ထားသည်။

ဝင်းတံခါးပေါက် နှစ်ပေါက်စလုံးတွင် နေ့ရောညပါ ဂိုဏ်းဝင်မိန်းမချောလေးများက အလှည့်ကျ စောင့်ကြပ်နေကြသည်။

ပန်းဥယျာဉ်ထဲတွင် အဆောက်အအုံပေါင်း များစွာရှိ၏။ မြင်းဇောင်းတွေရှိသလို စားဖိုဆောင်လည်းရှိသည်။

အဆောက်အအုံ တစ်ခုအတည်းတွင် ထူးထူးခြားခြား လှောင်အိမ်များ ရှိနေသည်။

လှောင်အိမ်အသီးသီးတွင် အဆိပ်ပြင်းသော မြွေများ၊ ကင်းမြီးကောက်များ၊ ပင့်ကူများကို မွေးမြူထားသည်။

အဆိပ်တစ်ရာဂိုဏ်းသည် ရန်သူကိုတိုက်ခိုက်သောအခါမှာ ၎င်းတိရစ္ဆာန်များမှထုတ်ယူသော အဆိပ်များဖြင့် လက်နက်အမျိုးမျိုးလုပ်ကိုင်ကာ တိုက်ခိုက်တတ်ကြသလို အဆိပ်ပြင်းသော တိရစ္ဆာန်များနှင့်လည်း တိုက်ခိုက်တတ်၏။

ထိုအဆောက်အအုံကြီးအနီးတွင် အဆိပ်ပင်များကို များစွာ စိုက်ပျိုးထား၏။ ၎င်းအပင်များမှ အဆိပ်လက်နက်များ ဖန်တီးကြသလို အဆိပ်ငွေ့များ၊ အဆိပ်မှုန့်များလည်း ပြုလုပ်ကြသည်။

ထို့ကြောင့်လည်း ယင်းဂိုဏ်းသည် အဆိပ်လက်နက်ဖြင့် တိုက်ခိုက်ရာတွင် နာမည်ကြီးခြင်း ဖြစ်လေ၏။ ယခုအခါ



အဆိပ်တစ်ရာဂိုဏ်းတွင် ဂိုဏ်းချုပ်ကြီးအဖြစ် ချောကလျှာမိုဖန်းက ရပ်တည်လျက်ရှိနေ၏။

ချောကလျှာမိုဖန်းသည် စရိုက်ကြမ်းသော်လည်း အစ်မဖြစ်သူ မိုရှမ်းအပေါ်မှာတော့ ချစ်ခင်တွယ်တာ သံယောဇဉ်ရှိ၏။

သို့သော် အစ်မဖြစ်သူ၏ပျော့ညံ့သော စိတ်ကို သူမနှစ်မြို့ချေ။ ထို့ကြောင့် အစ်မဖြစ်သူကို အမြဲလိုလို ဖိအားပေးခဲ့၏။ သူသည် မိခင်ကြီးချမှတ်သွားသော စည်းကမ်းများနှင့် ဆုံးဖြတ်ချက် ဦးတည်ချက်များကို နှစ်သက်သူဖြစ်၏။ ထိုအတိုင်းလည်း အကောင်အထည်ဖော်သူဖြစ်၏။

ထို့အတွက်တော့ အစ်မဖြစ်သူနှင့် မကြာခဏ အတိုက်အခံ ဖြစ်ရသည်။

သို့သော် အစ်မဖြစ်သူ မိုရှမ်းတစ်ယောက် သေးစက်ဝိုင်းဂိုဏ်း ဌာနချုပ်တိုက်ထဲတွင် ဝင်ရောက်ခဲ့ပြီးနောက် ပျောက်ချင်းမလှပျောက်သွားသည့်အတွက် ပူပန်စိုးရိမ်ခြင်းဖြစ်သည်။ မိုရှမ်းသည် မျက်ခုံးမြူဟိုးဘိုးလျုကျူ၏လက်ချက်ဖြင့် မျက်စိတွင် အဆိပ်ရောက်သွားကြောင်း၊ သေးစက်ဝိုင်းဂိုဏ်းချုပ်ကြီး ဇမ်ခံ၏သားလေး မေချုန်ကို အတာအကူယ်ပေးရင်း ခေါ်သွားကြောင်းသတင်းကိုတော့ သူမ ကြားရ၏။

သူမသည် ထိုသတင်းကို ကြားလျှင်ကြားချင်း လူလွှတ်၍ အစ်မဖြစ်သူကို ရှာစေ၏။

အစ်မဖြစ်သူ၏သတင်းကို စုံစမ်း၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် နှစ်လ ကြာလာသည့်တိုင်အောင် အစ်မဖြစ်သ
မိုရှမ်းနှင့်ပတ်သက်သောသတင်းကို မကြားရသောအခါ သေ
ဆုံးသွားပြီလားဟု တွေးမိသည်။ အစ်မဖြစ်သူ အသက်ရှ
လျက် ရှိနေပါက စခန်းသို့ မလွဲမသွေ ပြန်လာခဲ့လိမ့်မည်
ယုံကြည်ထားသောကြောင့်ဖြစ်သည်။

မိုဖန်းသည် တစ်နှစ်ကျော် ကြာသွားသောအခါ အဆိ
တစ်ရာဂိုဏ်းချုပ်ကြီးအဖြစ် ဆက်ခံသည်။ အစ်မဖြစ်သူ
သတင်းကိုတော့ စုံစမ်းနေသည်။

အစ်မဖြစ်သူ ပြန်ရောက်လာပါက ဂိုဏ်းချုပ်ကြီးရာထူး
ကို ပြန်လွှဲပေးမည်ဟုလည်း ဆုံးဖြတ်ချက်ချထား၏။

မိုဖန်းသည် ဂိုဏ်းချုပ်ကြီးဖြစ်လာသောအခါ အဆိ
တစ်ရာဂိုဏ်းကို သူမ စိတ်တိုင်းကျ ပုံစံသွင်းတော့၏။

ဒုစရိုက်လုပ်ငန်းများကို အဆက်မပြတ် လုပ်ဆောင်၏

ကြီးနိုင်ငယ်ညှဉ်း လုပ်ရပ်များကို လုပ်သည်။

သူမတို့ဂိုဏ်း ပိုမိုအာဏာထက်မြက်စေရန် သိုင်းဂိုဏ်းငယ်
များကို အဆိပ်လက်နက်ဖြင့် တိုက်ခိုက်အနိုင်ယူ၍ သူမတို့
ဂိုဏ်း၏ လက်အောက်ခံ ဖြစ်စေသည်။

ထို့ကြောင့် သူမတို့ဂိုဏ်းသည် သုံးလေးနှစ်အတွင်းမှာပင်
သိုင်းလောကတွင် ပိုမိုနာမည် ကျော်ကြားခဲ့တော့၏။

ကောင်းသတင်းဖြင့် ကျော်ကြားခြင်းမဟုတ်ဘဲ မကောင်း
သတင်းဖြင့် ကျော်ကြားခြင်းဖြစ်၏။

* * *



ဓားတောင်းရောင်း တောင်းငယ် လုပ်ကိုင်စားသောက်သူ
မြို့ရောင်သိုင်းသမားတို့၏ ရွံမုန်းခြင်းကို ခံရလေ၏။

ဒုစရိုက်သမားတို့၏ အလေးထားခြင်းကို ခံရ၏။

လောလောဆယ်တွင် အဆိပ်တစ်ရာဂိုဏ်းသည် မတရား
ဖြင့် ကြီးပွားချမ်းသာလျက် ရှိနေသည်။ ဂိုဏ်းချုပ်ကြီး
အဖြစ် ရပ်တည်နေသော မိုဖန်းမှာ ပို၍ မာန်မာန ထောင်
သွားလျက် စိတ်ကြီးဝင်နေသည်။

မည်သူ့ကိုမဆို အပေါ်စီးမှ မောက်မောက်မာမာဆက်
ဆံသည်။

သို့သော် အစ်မဖြစ်သူမိုရှမ်းကိုတော့ အစဉ်အမြဲ သတိရ
နေသည်။

အစ်မဖြစ်သူ၏သတင်းကို အခါအားလျော်စွာ စုံစမ်းနေ
ဲဖြစ်သည်။

ယခုနေလည်း အစ်မဖြစ်သူကို သတိရသဖြင့် အစ်မဖြစ်သူ
နေသွားသောအိပ်ခန်းထဲသို့ဝင်ကာ မိုရှမ်း အသုံးပြုသွား
သော ပစ္စည်းများကို သတိတရကြည့်နေ၏။

ထိုစဉ် မိန်းကလေးတစ်ယောက်ရောက်လာပြီး မိုဖန်းကို
ကြောင်းကြားသည်။

'သခင်မလေး၊ ညှော်ခံဆောင်မှာ ဆရာလိမ့်ကွန် ရောက်နေ
ါတယ်'

'အေး...ငါ လာခဲ့မယ်လို့ ပြောလိုက်'

အိမ်ဖော်မလေး ပြန်ထွက်သွားတော့ ခဏကြာလျှင် မိုဖန်း
တန်ကြာအောင် ထိုင်လျက် ကျန်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သံမဏိကျူမှုတ်ရှင်လိမ်ကျွန်သည် မိုရှမ်းရှိစဉ်ကတည်းက အဆိပ်တစ်ရာဂိုဏ်းသို့ ဝင်ထွက်သွားလာခွင့်ရှိသူဖြစ်၏။

သူသည် မိုရှမ်းကို ပိုးပမ်းနေသူ၊ မိုရှမ်း၏အချစ်ကို ရယူရန် ကြိုးစားနေသူဖြစ်ကြောင်း မိုဖန်း သိထားသည်။

သံမဏိကျူမှုတ်ရှင်လိမ်ကျွန်သည် ရုပ်လည်းချော၏။

အပြောလည်းကောင်း၏။

တစ်ဖက်သားကို လိုက်လျောညီထွေ ပြောတတ်သူဖြစ်၏။

ထို့ကြောင့် နတ်မိမယ်မိုရှမ်းသည် လိမ်ကျွန်ကို အလေးထား ဆက်ဆံခဲ့သည်။

အဆိပ်တစ်ရာဂိုဏ်း စခန်းဌာနချုပ်သို့ ယောကျ်ားသား ဆို၍ ဆရာလိမ်ကျွန်တစ်ယောက်ကိုသာ တံခါးမရှိ ဓားမ ဝင်ထွက်ခွင့် ပြုထား၏။

သို့သော် သူမသည် လိမ်ကျွန်ကို ချစ်ခွင့် မပေးခဲ့ပေ။

အဆိပ်တစ်ရာဂိုဏ်းတွင် မိုရှမ်း မရှိတော့သော်ငြားလည်း လိမ်ကျွန်သည် ဝင်ထွက်မြဲ ဝင်ထွက်နေ၏။

မိုဖန်းကလည်း အစ်မဖြစ်သူ၏သတင်းကို လိမ်ကျွန်ထံ ကြားရလိမ့်နိုးဖြင့် ဆက်လက်ဝင်ထွက်ခွင့်ပြုခဲ့ခြင်းဖြစ်၏။

လိမ်ကျွန်သည် မိုရှမ်းထံ ချဉ်းကပ်စဉ်က အဖြူရောင် သိုင်းသမားလိုလို မရေမရာဖြင့် ချဉ်းကပ်ခဲ့ခြင်းဖြစ်၏။

မိုရှမ်းသည် ဒုစရိုက်သိုင်းဂိုဏ်း၏ ဦးစီးဦးဆောင်အဖြစ် ရပ်တည်နေသော်လည်း နူးညံ့ သိမ်မွေ့သော စိတ်ထားရှိ မတရားမှုများကို လွန်လွန်ကျူးကျူး လုပ်တတ်သူ မယုံ ကြောင်း လိမ်ကျွန် သိထားသောကြောင့်ဖြစ်၏။



ယခု သူသည် ချောကလျာ မိုဖန်းထံ ချဉ်းကပ်ရာတွင် အနက်ရောင်သိုင်းသမား ဒုစရိုက်သမားတစ်ယောက် အဖြစ် ပေါ်ပေါ်ထင်ထင် ချဉ်းကပ်ခဲ့ခြင်းဖြစ်၏။

သူမကို ဤကဲ့သို့ချဉ်းကပ်မှ ဆင်ပြေလိမ့်မည်ဖြစ်ကြောင်း သိထားသောကြောင့်ဖြစ်၏။ မိုဖန်းသည် မထမပိုင်းက လိမ်ကျွန်ကို လက်ခံတွေ့ဆုံစဉ်က အစ်မဖြစ်သူ၏သတင်းစကားကို ကြားလို၍ဖြစ်၏။

လိမ်ကျွန်က မိုဖန်း၏ကြိုက်ကို လိုက်ပြီးပြော၏။

တိုက်ခိုက်လုယက်နိုင်မည့်သတင်းများကို ပေးတတ်၏။

သူသတင်းပေးသည့်အတိုင်း အဆိပ်တစ်ရာဂိုဏ်းက လုပ်ဆောင်လျှင် မှန်ကန်နေသည်သာဖြစ်ပြီး အောင်မြင်သည်ချည်းများ၏။

ထို့ကြောင့်လည်း သူမသည် လိမ်ကျွန်ကို ဆက်၍ ဝင်ထွက်သွားလာခွင့် ပေးထားခြင်းဖြစ်၏။ သူမကိုယ်တိုင်ကလည်း လိမ်ကျွန်အပေါ် လိုလိုလားလားပင် ဆက်ဆံခဲ့လေသည်။ ယခု သူမသည် လိမ်ကျွန်ကို တွေ့ဆုံရန် ဧည့်ခန်းဆောင်ဆီသို့ လာခဲ့သည်။

* * *

လိမ်ကျွန်သည် ဧည့်ခန်းဆောင်တွင်းရှိ ထိုင်ခုံပေါ်တွင်ကန့် ဒါပါ ထိုင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်ပေါ်တွင် ရွှေဝါရောင်ပိုးဝတ်စုံကို သားသားနားနား ဝင်ဆင်ထား၏။ သူ၏အသက်မှာ သုံးဆယ်ကျော်သာ ရှိသေးသည်။

သို့တိုင်အောင် သူ့ရုပ်သွင်က လှပနုပျိုနေဆဖြင့် အသက် နှစ်ဆယ်ကျော်အရွယ်ဟု ထင်ရသည်။ သူ့ကိုယ်တွင် အပိုးတန် သော ဝတ်ရုံကို ဝတ်ထားသောအခါ နန်းတွင်းမှ မင်းသား လေးတစ်ပါးနှင့်ပင် တူနေတော့သည်။

ညွှန်ခန်းဆောင်တွင်း မှိုဖန်းဝင်လာသောအခါ လီမ်ကွန် လည်း မြူးရွှင်စွာ ထရစ်၍ ရင်းနှီးသောလေသံဖြင့် ပြော သည်။

'ညီမကတော့ တစ်နေ့တခြား အလှတွေ တိုးနေတော့ တာပဲနော်၊ ဟိုတစ်ခေါက် တွေ့ရတာထက် ဒီတစ်ခေါက် တွေ့ရတာ ပိုပြီးလှလာတယ်၊ ဟင်း....ဟင်း'

သူမကလည်း ရင်းနှီးသောလေသံဖြင့်ပင် ခပ်ပြုံးပြုံး ပြန် ပြော၏။

'တင်း....ဟင်း၊ ထိုင်ပါဦး အစ်ကိုလီမ်ရယ်၊ ချီးမွမ်းခန်း တွေ ဖွင့်ချင်ရင်လဲ အေးအေးဆေးဆေးမှ ဖွင့်တာပေါ့'

လီမ်ကွန်က ခပ်ပြုံးပြုံးဖြင့် ပြောပြန်သည်။

'အဆိပ်တစ်ရာဂိုဏ်းကို ညီမကိုယ်တိုင်ဦးစီးခေါင်းဆောင် လုပ်တော့မှပဲ သိုင်းလောကသားတိုင်းက အလေးထား ကြွေခက်ရှိရတဲ့ဂိုဏ်းကြီး ဖြစ်လာတော့တာပဲ၊ အဖြူရောင် ဂိုဏ်း အစောင်များများက ညီမတို့ဂိုဏ်းကို မလိုလားကြပေ မယ့် သင်းတို့တွေ မယှဉ်နိုင်မှန်းသိလို့ မယှဉ်ရဲကြဘူးလေ၊ နောင်ဆိုရင် ညီမတို့ရဲ့ဂိုဏ်းကို ရှောင်လင်ဂိုဏ်းကြီးလို၊ ဝူတန် ဂိုဏ်းကြီးလို ဂိုဏ်းကြီးတွေကတောင် မော်ကြည့်ရတော့မှာ ဟုတ်ဘူး၊ အဆိပ်တစ်ရာဂိုဏ်းဟာ သိုင်းလောကရဲ့အထွတ် အထိပ်ဂိုဏ်းကြီးဖြစ်လာမှာ သေချာတယ်'

ထိုစကားကိုတော့ ချောကလျာမှိုဖန်း သဘောကျသွား လေ၏။

သူမကိုယ်တိုင်လည်း သူမ၏ဂိုဏ်းကို သိုင်းလောက၏ ပြိုင် ဘက်ကင်း သိုင်းဂိုဏ်းကြီးဖြစ်လာစေရန် ရည်မှန်းထားသည် မဟုတ်ပါလား။

'ဟင်း....ဟင်း၊ တစ်နေ့နေ့တစ်ချိန်ချိန်မှာတော့ ဖြစ်လာ မှာပေါ့ အစ်ကိုရယ်၊ ဖြစ်အောင်လဲ ကျွန်မ ကြိုးစားနေ ပါတယ်၊ ဒါကြောင့် အလုပ်လုပ်တဲ့နေရာမှာ ဘယ်သူ့မျက် နှာကိုမှမထောက်ဘဲ ပြတ်ပြတ်သားသားလုပ်တယ်၊ မလေး ခန့်လုပ်သူတွေကို ရက်ရက်စက်စက် သတ်ပြတယ်၊ ကျွန်မရဲ့ ဂိုဏ်း အင်အား တောင့်တင်းသည်ထက် တောင့်တင်းအောင် ရေရတဲ့နည်းနဲ့ ရှာတယ်၊ ကျွန်မကတော့ ဘယ်သူ့သေသေ ငတေမသာရင်ပြီးရောဆိုတဲ့စိတ်ဓာတ်မျိုးပဲထားတယ်'

www.burmeseclassic.com



'ဟား....ဟား....ဟား.... သိပ်ဟုတ်တာပေါ့ ညီမရယ်၊ လုပ်နိုင်တာကိုလုပ်မယ်ဆိုရင် ဒီလိုစိတ်မျိုးထားရမှာပဲ၊ သူတော်ကောင်းစိတ်ထားလို့ ဘယ်လိုလုပ်ပြီး ကြီးပွားချမ်းသာမှာလဲ ရက်စက်နိုင်မှ ပြတ်သားနိုင်မှဖြစ်မှာပေါ့၊ မိုးရှမ်းနဲ့ ညီမတို့ ညီအစ်မအရင်းတွေဖြစ်ကြပေမယ့် စိတ်ဓာတ်ခြင်းကတော့ချင်း တူတာ တော်တော့ကို မတူဘူးနော်၊ မိုးရှမ်းဟာ အဆိ အစ်မ ဂိုဏ်းချုပ်လုပ်ခဲ့ပေမယ့် စိတ်ဓာတ် ပျော့ညံ့တယ် ပြတ်ပြတ်သားသား မလုပ်ရဲဘူး။ ထောက်ထားညှာတာစိတ် ရှိနေတော့ဘယ်ဖြစ်ပါ့မလဲ'

ချောကလျာ မိုဖန်းကလည်း ခေါင်းညိတ်၍ ပြန်ပြော လေသည်။

'ဟုတ်တယ်အစ်ကိုလိမ်၊ မမနဲ့ ကျွန်မရဲ့စိတ်ဓာတ်ကတော့ တော်တော်ကြီးကို ဆန့်ကျင်တယ်၊ မမဟာ ဒုရိုက်တာ ခေါင်း ဆောင်လုပ်နေပြီး စိတ်ပျော့လွန်းတယ်၊ ဒရိုက်အလုပ်လုပ် သူတော်ကောင်းစိတ်ထားလို့ ဘယ်ဖြစ်ပါ့မလဲ၊ အခုပဲတစ် ဂိုဏ်းကို မမအုပ်ချုပ်တုန်းက စော်ကားချင်တဲ့သူတွေ အားရဲတဲ့သူတော ရှိသေးတယ်၊ အခုတော့ ကျွန်မရဲ့ဂိုဏ်း ဘယ်သူတွေကမှ မစော်ကားရဲကြတော့ဘူး။ နောက်ဆို မော်မကြည့်ရဲအောင်ကို ကျွန်မလုပ်ပြမယ်'

လိမ်ကွန်က ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး....

'အလျှင်တုန်းကတော့ ညီမအကြောင်းကို အခုလော မသိတာအမှန်ပဲ၊ မိုးရှမ်းနဲ့တွေ့တိုင်း သူ့စိတ်ဓာတ်ကြံ့ခိုင်



လူဖြစ်အောင် ပြတ်ပြတ်သားသား လုပ်ရဲလာအောင် သနားညှာတာစိတ်မထားအောင် သူ့ကို ပြောခဲ့ပါသေးတယ်၊ နားမဝင်ခဲ့ဘူး။ ဒါ့ကြောင့်လဲ မိုးရှမ်းဟာ သွေးစက်ဝိုင်းဂိုဏ်းခေါင်းချုပ် တိုက်ပွဲမှာတုန်းက အဘိုးကြီး လျူကျူရဲ့ လက်ချက်မိသွားတာပေါ့'

'ဟုတ်တယ်၊ ဒီမြေပုံရုပ်ကိုပြန်တွေးတိုင်း ကျွန်မ မခံချင်စိတ်ဖြစ်မိတယ်၊ ယူကျုံးမရဖြစ်မိတယ်၊ တကယ်တော့ မမတို့ဟာ သွေးစက်ဝိုင်းဂိုဏ်းချုပ်ဆီက ဝှာစန်း ရဲဆန့်ဆိုတဲ့ မြေပုံကို အရယူဖို့သွားကြတာပေါ့။ ဟိုရောက်တော့ အဖြူရောင်ဆိုင်းသမားတွေနဲ့ အဘိုးကြီး လျူကျူတို့လူစုနဲ့ တိုက်ပွဲဖြစ်ခဲ့ကြတာကို တွေ့ရတယ်၊ ဒီတော့ မမတို့ သွားတဲ့ဂိုဏ်းဝင်တွေကို အမိန့်ပေးလိုက်တဲ့ အဖြူရောင်ဆိုင်းသမားတွေဘက်က အဘိုးကြီး လျူကျူတို့လူစုကို တိုက်ကြရမယ်၊ ဝင်တိုက်ကတော့လဲ အဆိပ်လက်နက်မှန်သမျှကို ထုတ်မသုံးရဘူး။ အဆိပ်လက်နက်ပုန်းကို သုံးရင် မဆိုင်တဲ့လူတွေကိုပါ ထိသွားမှာစိုးလို့တဲ့လေ မမရဲ့ အမိန့်အတိုင်း ဝင်တိုက်တော့ ဒုက္ခဖြစ်ကုန်တာပေါ့'

'မမရဲ့မွေးနေ့ပွဲကို အစ်ကိုလဲလာခဲ့ပေမယ့် အဘိုးကြီး လျူကျူတို့လူစုကို ဝင်တိုက်ကြတော့ အစ်ကိုလဲ ဘယ်ဘက်မှ ဝင်မပါချင်တာနဲ့ ရှောင်ထွက်ခဲ့တယ်။ မိုးရှမ်းတို့ ဘာတွေ ရောက်လာကြမယ်ဆိုတာကိုလဲ မသိဘူးလေ၊ အဲဒီလိုကတော့ အဆိပ်လက်နက်ကိုပဲ သုံးခိုင်းမိမှာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ထုတ်တယ် ကျွန်မသာဆိုရင် အဆီပ်ငွေ့ လက်နက်ပုန်းပဲ သုံးမှာပဲ၊ ဘယ်သူပဲသေသေ ဂရုမစိုက်ဘူး။ ဒီလိုသာ အဆိပ် လက်နက်ကိုသုံးရင် ပုန်းဥယျာဉ်ကြီးထဲမှာ ရှိတဲ့လူမှန်သမျှ သေကြမှာပဲ၊ ကိုယ့်ဘက်ကလဲ အထိအခိုက်ရှိမှာမဟုတ်ဘူး။ အားလုံးသေကုန်တော့မှ စခန်းအန္တိ ဝှာစခန်း ရတနာသိုက် မြေပုံကို စိတ်ကြိုက်ဝင်ရှာမှာပဲ၊ ခုတော့ မမက ငဲ့ညှာစိတ် တွေ ဖထာက်ထားစိတ်တွေ များလွန်းနေတယ်။ သူ့မျက်လုံး မှာ ဒဏ်ရာရသွားတာတောင် ကိုယ်လွတ်ရုန်းမပြေးတဲ့ ဝမ်ခ ရဲသားလေးကို အသက်ကယ်ပြေးတယ်။ ဒီတော့ မိုပြီး ဒုက္ခ ရောက်တာပေါ့၊ သူ့နောက်ကို ရန်သူတွေကလိုက်ပြီး ဒုက္ခ ပေးကြမှာပေါ့၊ မမဟာ သိပ်ပြီး မိုက်တာပါပဲ'

ပြောရင်းမှ ချောကလျာ မိုဖန်းလည်း အစ်မဖြစ်သူကို အတ်ရသဖြင့် မျက်နှာတလေး ညှိုးငယ်သွားသည်။ ခဏမျှ ဈတ္တဝသွားပြီးမှ သူမ၏ မျက်နှာထားက တင်းမာလာပြန် သည်။

'ကျွန်မတော့ အဘိုးကြီး လျူကျူကို ဘယ်တော့မှ မကျေဘူး။ ဒင်းကို လက်စားချေနိုင်ဖို့ ကြိုးစားနေပေမယ့် အခုထိ အခွင့်အရေးမရဘူး။ အခွင့်အရေးရတဲ့နေ့ကတော့ အဘိုးကြီးအသေပဲ'

'အစ်ကိုလဲလျူကျူရဲ့သတင်းကို စုံစမ်းနေပါတယ်၊ နောက် ပိုင်းမှာ အဘိုးကြီး လျူကျူဟာ အတော်ကြီး ပျောက်ချက်



သွားကောင်းနေတယ်။ ရတဲ့ သတင်းတွေကျတော့ မသေချာ ဘူး'

သံမဏိကျာပွတ်ရှင် လိမ်ကွန်သည် သူနှင့်မျက်ခုံးဖြူ ဘိုးဘိုး လျူကျူတို့ အဆက်အသွယ်ရှိကြောင်း မည်သူမျှ မရိပ်စားမိ အောင် အပြောအဆို အနေအထိုင်ဆင်ခြင်သည်။ ထို့ကြောင့်ပဲ သူနှင့် လျူကျူတို့မကြာ ခဏတွေ့ဆုံကာ ဒုစရိုက်လုပ်ငန်းများ သုပ်ကိုင်ခဲ့သည်ကိုလည်း မိုဖန်းမရိပ်မိအောင် ဖုံးဖိထားနိုင် ခဲ့သည်။

* * *

'မမရဲ့သတင်းကိုရော ကြားရသေးသလားအကို'

မိုဖန်းက မျှော်လင့်ချက်မထားဘဲ မေးလိုက်သောအခါ လိမ်ကွန်က ခေါင်းကိုခါယမ်း၍ပြန်ပြောသည်။

'မိုရှမ်းနဲ့ပတ်သက်လို့ ဘာသတင်းမှကို မကြားရသေးပါ ဒ်ကိုရောက်တဲ့နေရာတိုင်းမှာစုံစမ်းပါတယ်၊ မိုရှမ်းနဲ့ပါသွား ဲ ဝမ်ချန်ရဲ့သတင်းကို စုံစမ်းလို့ ကိုမရဘူး။ ကျင့်ယွမ်ချော တက်အဖွဲ့ရဲ့ တာဝန်ခံ လုံဖေးဟာ ဝမ်ချန်ရဲ့အစ်ကို ချောင်ကို မွေးစားထားလေတော့ သူတို့ဆီမှာ စုံစမ်းကြည့် ာပါပဲ၊ ကျင်ယွမ် ချောတောက် အဖွဲ့ထဲမှာ အစ်ကို သွရှိလေတော့ ပိုခိုင်လုံ တိကျတဲ့သတင်းတွေကို ရတာပါ ယ်၊ ဆရာလုံဖေးကိုယ်တိုင် အခုထက်ထိ ပျောက်သုံးနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



ခင်ချွန်ကိုရှာနေတုန်းပဲတဲ့၊ ဘယ်လိုစုံစမ်းလို့မှ မရသေးဘူးတဲ့၊ ခင်ချွန်ရဲ့သတင်းကိုရရင် မိုးရွှမ်းသတင်းကိုလဲ ရမှာပဲ မဟုတ်လား'

မိုဖန်း၏ မျက်ဝန်းထဲတွင် မျက်ရည်များ ရစ်ဝဲလာသော–

'မမတော့သေပြီထင်ပါရဲ့၊ မမသာ အသက်ရှင်နေသေးရင် ဘယ်လိုအခြေအနေမျိုးနဲ့ပဲဖြစ်ဖြစ် ဒီကိုရောက်အောင်ပြန်လာမှာပဲ၊ သူ မလာနိုင်လောက်အောင် ဒုက္ခဘာဝမျိုးကို ရောက်နေတယ်ဆိုရင်တောင် လူလွှတ်ပြီးကျွန်မဆီကိုတော့ အကြောင်းကြားမှာပဲလေ'

'ဒါပေ ညီမရယ်၊ ဖြစ်ပြီးမှတော့ စိတ်မကောင်းစရာတွေကို တွေးမနေပါနဲ့တော့၊ ညီမရဲ့ရှေ့ဘဝတိုးတက်စရာတွေကို တွေးကြည့်မယ်ဆိုရင် ဝမ်းသာစရာ အားတက်စရာတွေချည်းပါပဲ၊ ညီမရဲ့ ရှေ့တက်လမ်းတွေကို တွေးပြီး ပျော်ပျော်ရွှင်ရွှင်သာ နေပါ ညီမရယ်၊ အစ်ကိုကတော့ ညီမပျော်ပျော်ရွှင်ရွှင်နေတာကိုပဲ မြင်ချင်တယ်၊ ညီမပျော်ရွှင်နေတာမြင်ရရင် အစ်ကို စိတ်ချမ်းသာတယ်၊ ညီမ စိတ်ဆင်းရဲနေတာကို မြင်ရရင် အစ်ကိုလဲ စိတ်မချမ်းသာပါဘူး'

မိုဖန်း ဘာမှပြန်မပြောဘဲ ငြိမ်နေရလေတော့သည်။

လိမ်ကွန့်သည် လွန်ခဲ့သော တစ်နှစ်ခွဲခန့်ကစပြီး သူမကို ချစ်ရေးဆိုခဲ့သည်။ သူမကိုယ်တိုင်က လိမ်ကွန့်၏အရည်အချင်း



ကို သဘောကျနေသဖြင့် စိတ်ဆိုးခြင်း မဖြစ်ပါချေ။ လိမ်ကွန့်၏အချစ်ကို လက်ခံခြင်းလည်း မပြုပါချေ။

သူမစိတ်ထဲတွင် လိမ်ကွန့်က အစ်မဖြစ်သူမိုးရွှမ်းကို ချစ်ရေးဆိုခဲ့ဖူးကြောင်း သိနေသဖြင့် အပြောင်းအလဲ မြန်သော လိမ်ကွန့်၏ အချစ်ကို မယုံမရဲဖြစ်နေသည်။

ပြီးတော့ မိခင်ကြီးရေးဆွဲခဲ့သည့် စည်းကမ်းချက်အရ အဆိပ်တစ်ရာဂိုဏ်းဝင်မှန်သမျှသည် အိမ်ထောင်ပြုခြင်း၊ သားမွေးခြင်း မလုပ်ရချေ။

ထို့ကြောင့်လည်း လိမ်ကွန့်၏အချစ်ကို လက်မခံနိုင်ခြင်း ဖြစ်လေသည်။

လိမ်ကွန့်က မိုဖန်း၏ မျက်နှာရိပ် မျက်နှာကဲကိုကြည့်၍ ဆက်ပြောသည်။

'အစ်ကိုက အရင်တုန်းကတော့ မိုးရွှမ်းကို ချစ်ရေးဆိုခဲ့ဖူးတယ်ဆိုတာ ညီမသိမှာပါ။ အစ်ကိုက မိုးရွှမ်းရဲ့အရည်အချင်းကိုမကြည့်ဘဲ ချောမောလှပမှုကိုသာကြည့်ပြီး ချစ်ရေးဆိုခဲ့တာပါ။ ဒီတုန်းက ညီမဖန်းနဲ့ ရင်းရင်းနှီးနှီးမရှိသေးတော့ ညီမရဲ့အကြောင်းကို မသိခဲ့ရဘူး။ အခုနောက်ပိုင်းမှ ညီမဟာ အဆင်းရော အချင်းပါ ပြည့်စုံတဲ့သူဖြစ်ကြောင်း သိရတယ်။ မိုးရွှမ်းထက် ညီမက ပိုစိတ်အေးရာရာသာသူဖြစ်တဲ့အတွက် အစ်ကိုလဲ စိတ်ကို မထိန်းချုပ်နိုင်တော့ဘဲ ညီမကို ချစ်ရေး

www.burmeseclassic.com

www.burmeseclassic.com



ဆိုခဲ့တာပါ၊ အစ်ကိုရဲ့အချစ်ကိုတော့ အထင်မသေးစေချင်ဘူး ညီမ၊ ညီမဆီကအဖြေစကားကို အစ်ကိုသိချင်ပြီ'

ချောလျှာမိုဖန်းက သက်ပြင်းမျဉ်းမျဉ်းချလိုက်ပြီး....

'လောလောဆယ် ကျွန်မ ဒီကိစ္စကို မစဉ်းစားနိုင်သေးဘူး၊ အဆိပ်တစ်ရာဂိုဏ်းတိုးတက်ကြီးပွားရေးအတွက် လုပ်စရာတွေ အများကြီးရှိသေးတယ်၊ ကျွန်မတို့က ဂိုဏ်းဝင်တွေမှန်သမျှ အချစ်ရေးတို့၊ အိမ်ထောင်ရေးတို့ကို မစဉ်းစားရဘူးဆိုတဲ့ စည်းကမ်းချက်လဲ ရှိသေးတယ်၊ ဒါကြောင့် ကျွန်မ ပိုပြီး မစဉ်းစားချင်ဘူး'

လိမ်ကွန်၏စိတ်ထဲတွင် မချင့်မရဲဖြစ်သွားကာ ပြန်ပြော၏။

'အခုဆို ညီမဟာ အဆိပ်တစ်ရာဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး ဖြစ်နေပြီပဲ၊ ဒီတော့ အဆိပ်တစ်ရာဂိုဏ်းရဲ့ စည်းမျဉ်းဥပဒေတွေကို ညီမ ဆန္ဒရှိသလို ပြောင်းလို့ ရတာပဲ'

'အို...ဒီစည်းမျဉ်း စည်းကမ်းတွေဟာ မေမေကိုယ်တိုင် ရေးဆွဲချမှတ်ခဲ့တဲ့ စည်းမျဉ်းစည်းကမ်းတွေမို့ ကျွန်မ မပြင်ချင်ဘူး၊ အခုအချိန်ထိတော့ ဒီစည်းကမ်းချက်တွေကိုပဲ ကျွန်မ သဘောကျတယ်၊ နောက်မှ သဘောမကျဖြစ်လာရင်တော့ ပြောင်းမယ်'

'အစ်ကိုကတော့ ညီမဆီက အစ်ကိုလိုချင်တဲ့အဖြေ ရတဲ့အထိ စိတ်ရှည်ရှည်ထားပြီး စောင့်ပါမယ်၊ ဒါကိုတော့ ညီမ သတိထားပါနော်'



ချောကလျှာမိုဖန်းက စကားလွှဲလိုက်၏။

'ကဲပါ...အစ်ကိုလာတာ ဒီအကြောင်းပြောဖို့ပဲလား'

'ဒီအကြောင်းလဲပြောရင်း အလုပ်ဖြစ်မယ့်သတင်းတစ်ခုကို ပြောချင်လို့ပါ'

'ဆိုပါဦး၊ ဘယ်လိုအလုပ်ဖြစ်မယ့်သတင်းလဲ'

'ကုန်သည်ကြီးဆောက်လို ဦးဆောင်တဲ့ကုန်သည်အဖွဲ့ဟာ ဝေါင်မြို့မှာ ကုန်ရောင်းပြီးကျက်ကျန်းမြို့ကို ပြန်ကြလိမ့်မယ်၊ ကုန်သည်အဖွဲ့မှာ ကုန်ရောင်းလို့ရတဲ့ငွေနှစ်သိန်းကျော်လောက် ပါလိမ့်မယ်၊ ကုန်သည်အဖွဲ့ဟာ ဒီလ ဆယ့်ရှစ်ရက်နေ့ ဒါမှမဟုတ် ဆယ့်ကိုးရက်နေ့ တစ်နေ့နေ့မှာ ဟိန်စန်းတောင်ကြားလမ်းက ဖြတ်ကြလိမ့်မယ်၊ ကုန်သည်အဖွဲ့မှာ သိုင်းသမားတွေ ပါပေမယ့် အဆင့်မြင့်သိုင်းသမားတစ်ယောက်မှ မပါဘူး၊ လွယ်လွယ်ကူကူတိုက်ပြီး ငွေတွေကိုယူမယ်ဆိုရင် ရပါတယ်၊ အဲဒါ ညီမတို့လုပ်မယ်ဆိုရင် လုပ်ရအောင် သတင်း လာပေးတာပဲ'

မိုဖန်းက ခဏမျှ စဉ်းစားလိုက်ပြီး....

'နှစ်သိန်းကျော်လောက်ရမယ့်အလုပ်မျိုးဆိုရင် ကျွန်မ အဆိပ်တစ်ရာဂိုဏ်းအနေနဲ့ မလုပ်ချင်ပါဘူး၊ အခုလို အစ်ကို ရပေါက်ရလမ်းသတင်းကို လာပေးတဲ့အတွက်တော့ ကျေးဇူးတင်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ညီမမလုပ်ရင်တော့ အစ်ကိုပဲ လုပ်လိုက်တော့မယ်၊ အစ်ကိုကတော့ ဘယ်လောက်ပဲရရ ပိုင်ပိုင်နိုင်နိုင်ရှိမယ့်အလုပ်မျိုးဆိုရင်တော့ လုပ်ရမှာပဲ၊ ငွေရသလောက် စုရမယ်လေ၊ ဒါမှလဲ အစ်ကိုရဲ့ရည်မှန်းချက်အတိုင်း ယက္ခဂိုဏ်းကြီးကို မြန်မြန်ပြီး တည်ထောင်နိုင်မှာ'

= + =

## အခန်း ( ၆ )

## ဆေးမင်ကြောင် မြေပုံ

ကျောင်ယွမ် ချောထောက်အဖွဲ့။

ကျီနန်မြို့တွင်းရှိ ကျယ်ဝန်းသော ခြံကြီးထဲတွင် တည်ရှိနေသည်။

ချောထောက်အဖွဲ့၏ ဦးစီးခေါင်းဆောင် သိုင်းဆရာကြီး နေထိုင်သော အဆောက်အဦး၊ ချောထောက်အဖွဲ့ဝင် မိသားစုများနေထိုင်သည့် အဆောက်အဦးများ၊ ကုန်လှောင်ရုံများ၊ မြင်းဇောင်းများ စနစ်တကျ ရှိနေသည်။

ကျောင်ယွမ်ချောထောက်အဖွဲ့သည် မည်သို့သော ကုန်ပစ္စည်းကိုမဆို တစ်မြို့နှင့်တစ်မြို့၊ တစ်နယ်နှင့်တစ်နယ် ပို့ဆောင်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



လူသုံးကုန်ပစ္စည်းမှအစ တန်ဖိုးကြီးမားလှသော ရွေး... ရတနာများကိုလည်း အာမခံ၍ ပို့ဆောင်ပေးသည်။ ကျ... ယွမ် ချောထောက်အဖွဲ့မှ ပို့ဆောင်သော အာမခံပစ္စည်းမျ... သမျှ ဆုံးရှုံးသည်၊ ပျက်ဆီးသည်ဟု မရှိဘူးသဖြင့် ဟို... ပြည်နယ်အတွင်းရှိ ချောထောက်အဖွဲ့များအနက် ကျင့်ယွ... ချောထောက်အဖွဲ့သည် နာမည်ကောင်း အရဆုံး၊ နာမည်... အကြီးဆုံးအဖြစ် ရပ်တည်နိုင်ခဲ့သည်။

ကျင့်ယွမ်ချောထောက်အဖွဲ့သည် အမြဲတမ်း အလုပ်ရှိ... မြို့ရွာပြည်နယ်အနှံ့ အာမခံပစ္စည်းများ ပို့နေရသည်။ ထို့ကြောင့် မြင်းများ၊ လှည်းများကိုလည်း များစွာ... ထားရှိရသည်။

ယခုလည်း ချောထောက်အဖွဲ့ဝင်တချို့မှာ သူတို့ကျ... နေသို့ အာမခံပစ္စည်းများ ပို့ဆောင်နိုင်ရန် ခရီးထွက်... အလုပ်ရှုပ်နေကြ၏။

မြင်းတွေ မြင်းလှည်းတွေကို ပြင်ဆင်နေကြ၏။

ချောထောက်အဖွဲ့တာဝန်ခံ လုံဖေးကမူ သူ၏နေအိ... အခန်းဆက်အဆုံ ဧည့်ခန်းတွင် ရှိနေသည်။ သူနှင့်အတူ ကွယ်... လွန်သွားပြီဖြစ်သော သေနတ်ဝိုင်းဂိုဏ်းချုပ်ကြီး ဝမ်... သားကြီး ဝမ်ရှောင်လည်း ရှိနေသည်။

ဝမ်ရှောင်သည် အသက် တစ်ဆယ့်ခုနစ်နှစ်ကျော် အ... ဆယ့်ရှစ်နှစ်အရွယ်သို့ ရောက်နေလေပြီ။ လုံဖေးသည် သူ့... သားအရင်းတစ်ယောက်ကဲ့သို့ပင် ချစ်သည်။ အရေးပေး...



ဝမ်ရှောင်မှာ လိမ္မာရေးခြားရှိပြီး သူလိုချင်သော အရည်အချင်းနှင့် ပြည့်စုံနေသဖြင့် လုံဖေး ကျေနပ်အားရနေသည်။

သိုင်းဆရာကြီး လုံဖေးသော ဝမ်ရှောင်တို့ပါ လွန်ခဲ့သော ကိုးနှစ်ကျော်က ဖြစ်ပွားခဲ့သော သေနတ်ဝိုင်းဂိုဏ်း၏ ဖြစ်ရပ်ဆိုးကြီးကိုတော့ မမေ့ကြသေးပါ။ ဝမ်ရှောင်မှာမူ နုတ်မိမယ်မှိုရှမ်းနှင့်ပါသွားသော ညီလေးဝမ်ချန်ကို မမေ့သေးပါ။ အမြဲတမ်း သတိရလျက် ရှိနေ၏။

ယခုလည်း သူတို့နှစ်ဦးသည် ထိုအကြောင်းကို စကားစပ်မိပြီး ပြောနေကြခြင်းဖြစ်၏။

'ကျွန်တော့် စိတ်ထဲမှာ ဒီကနေ့အထိ ညီလေး အသက်ရှင်လျက်ရှိနေတယ်လို့ ထင်နေသေးတယ် ဘာဘာရယ်၊ သူ့ကိုလဲ နေ့တိုင်းပဲ သတိရနေမိတယ်'

ဝမ်ရှောင်က မျက်နှာညှိုးငယ်စွာ ပြောလိုက်သောအခါ လုံဖေးက နှစ်သိမ့်သည့်သဘောဖြင့် သူ့ပခုံးကို အသာအယာ ဆုပ်ကိုင်လိုက်ပြီး ပြန်ပြော၏။

'ဝမ်ချန် အသက်ရှင်လျက် ရှိနေလို့ကတော့ လူလေးတို့ ညီအစ်ကို တစ်နေ့မတွေ့ တစ်နေ့ ပြန်တွေ့ကြရမှာပေါ့ကွယ်၊ ဘာဘလဲ ဝမ်ချန်ရဲ့သတင်းကို အမြဲလိုလို စုံစမ်းနေမိပါတယ်၊ ခိုင်လုံတိကျတဲ့သတင်း မရမချင်း စုံစမ်းသွားမှာပါ၊ လူလေး အသက် တစ်ဆယ့်ရှစ်နှစ် ပြည့်ပြီးတာနဲ့ လူလေးရဲ့ ဖေဖေ ဝမ်ဟော သူ့ရဲ့ ဓနစန်း ရတနာသိုက်မြေပုံ တစ်ခြမ်းကို ဖော်ထုတ်အသုံးပြုခွင့် ပေးထားတယ်မဟုတ်လား၊ ...တော့ ဝမ်ချန်လေးကို မတွေ့တွေ့အောင်ပေါ့တော့ ရှာရမှာ...

www.burmeseclassic.com

www.burmeseclassic.com



'ဖေဖေဟာ ဝှာစန်းမြေပုံတစ်ခြမ်းကို ဘယ်မှာဝှက်ထားတယ်ဆိုတာ ဘာဘာကို တစ်ခါတည်းဖွင့်မပြောရင် သိပ်ကောင်းမှာပဲနော်၊ ခုတော့ ညီလေးကိုသာမတွေ့ရင် ဖေဖေ့ရဲ့ မြေပုံတစ်ခြမ်းကိုယူဖို့ဆိုတာ မလွယ်သလောက်ပါပဲ'

သေစက်ဝိုင်းကိုက်ချပ်ကြီး ဝမ်ခသည် ဝမ်ချန်ကလေး လေးနှစ်သားအရွယ်ကမှ သူ့တွင် ဝှာစန်းရတနာသိုက်မြေပုံတစ်ခြမ်းရှိနေကြောင်း၊ ၎င်းရတနာသိုက်မြေပုံကို လုံခြုံစိတ်ချရသော တစ်နေရာတွင်သိုဝှက်ထားပြီး သိုဝှက်ထားသည့်နေရာကို မြေပုံရေးဆွဲထားကြောင်း လုံဖေးအား ဖွင့်ပြောခဲ့သည်။

၎င်းရတနာသိုက်မြေပုံတစ်ခြမ်းကို ဝမ်ရှောင် တစ်ဆယ့်ရှစ်နှစ်ပြည့်မှပြန်လည်ဖော်ထုတ်ကာ သားနှစ်ယောက်အတွက် အသုံးပြုမည်ဖြစ်ကြောင်း ပြောပြသည်။

ထို့ကြောင့် မြေပုံတစ်ခြမ်းရှိရာဆီသို့ ညွှန်ပြသည့်မြေပုံကို စာရွက်တစ်ရွက်တည်း မထားလိုသဖြင့် နှစ်ခြမ်းခွဲကာ သားနှစ်ယောက်၏ကျောတွင် တစ်ခြမ်းစီ မင်ကြောင်ထိုး၍ ကူးထားချင်ကြောင်း တိုင်ပင်လေရာ လုံဖေးကလည်း သဘောတူခဲ့လေသည်။

ထို့နောက် သူတို့နှစ်ဦးတည်း ကြိတ်၍ ကလေးနှစ်ယောက်၏ကျောတွင် မြေပုံတစ်ခြမ်းစီကို ဆေးမင်ကြောင် ထိုးခဲ့ကြသည်။



ထိုအကြောင်းကို သိနားလည်စ ပြုနေပြီဖြစ်သော ဝမ်ရှောင်ကိုပင် ဖွင့်မပြောခဲ့ကြချေ။

* * *

ယခုတော့ ဝမ်ရှောင်၏ကျောတွင် ဆေးမင်ကြောင် ထိုးထားသော မြေပုံတစ်ခြမ်းသာရှိပြီး ဝမ်ချန်ကလေးနှင့် မြေပုံတစ်ခြမ်း ပါသွားသည့်အတွက် အခက်ကြုံနေကြသည်။

လုံဖေးသည် ဝမ်ရှောင် အသက် တစ်ဆယ့်ခြောက်နှစ်ပြည့်သော့မှ သူ့ဖခင် သိုဝှက်ထားခဲ့သော ရတနာသိုက်မြေပုံ တစ်ခြမ်းအကြောင်းကို လည်းကောင်း၊ ဝမ်ရှောင်နှင့် ဝမ်ချန်တို့ ညီအစ်ကို၏ကျောတွင် ဆေးမင်ကြောင်ဖြင့် ထိုးထားသော မြေပုံတစ်ခြမ်းစီအကြောင်းကိုလည်းကောင်း ဖွင့်ပြောပြလိုက်ခြင်းဖြစ်၏။

ဝမ်ရှောင်သည် ပြိုင်ဘက်ကင်း သိုင်းသမားတစ်ယောက် ဖြစ်လိုသောကြောင့် ဝှာစန်းရတနာသိုက်မှ ရတနာများကို မက်မောသော်လည်း ကျင်းကန်းသိုင်းကျမ်းကိုမူ လိုချင်စိတ်ရှိသည်။

ထို့ကြောင့် သူသည် မြေပုံတစ်ခြမ်း ညီဖြစ်သူနှင့်ပါသွားခြင်းအတွက် မချင့်မရဲ ဖြစ်နေသည်။ ညီဖြစ်သူကိုလည်း တမ်းတနေမိသည်။

သိုင်းဆရာကြီး လုံဖေးက ရှင်းလင်းပြောပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'လူလေးရဲ့ဖေဖေဟာ ဘဘကို သူ့မှာ ငှာစန်းရတနာသိုက်မြေပုံတခြမ်း ရှိတယ်ဆိုတာ ဖွင့်ပြောစဉ်က သူတို့တတွေ မျက်ခုံးဖြူဘိုးဘိုး လျူကျူရဲ့လက်ချက်နဲ့ သေကြရမယ်ဆိုတာကို ဘယ်သိပါ့မလဲ၊ သူ့မှာက ရန်သူနည်းလေတော့ အေးအေးချမ်းချမ်း နေရလိမ့်မယ်လို့ပဲထင်ထားတာပေါ့။ ဒါကြောင့်လဲ မြေပုံကို ဘယ်မှာဝှက်ထားခဲ့တယ်ဆိုတာ ဘဘကို မှ မပြောဘဲ လူလေးတို့ညီအစ်ကိုရဲ့ကျောမှာပဲ မြေပုံဝှက်တဲ့နေရာကို မဲဆေးမင်ကြောင်နဲ့ထိုးပြီး ပြခဲ့တာပေါ့။ ဖြစ်ချင်တော့ ဆေးမင်ကြောင်ထိုးပြီးလို့ နောက် ခြောက် လ အကြာမှာ လူလေးရဲ့မိဘတွေ သေခဲ့ရတယ်၊ လူလေးရဲ့ ညီလေး ပျောက်ဆုံးသွားတယ်။ အခုထိ ဝမ်ချန်ကလေးရဲ့သတင်း မကြားရတော့ ရက်နေတာပေါ့ကွယ်၊ နို့မို့ လူလေးတို့ ညီအစ်ကိုသာ အတူတူရှိနေရင် ရတနာသိုက် မြေပုံတခြမ်းကို ဖော်ယူနိုင်ပြီပေါ့'

'ဒါပေမယ့်ဘဘရယ်၊ ဖေဖေရဲ့ ရတနာသိုက်မြေပုံတခြမ်းကို ဖော်ယူနိုင်ဦးတော့ ကျန်နေတဲ့မြေပုံတခြမ်းက ဘယ်သူ့ဆီမှာရှိနေတယ်ဆိုတာ ကျွန်တော်တို့မှမသိဘဲ၊ ကျွန်တော်တို့တစ်တွေ ဆက်လိုက်ကြရဦးမှာပေါ့'

'ကျန်နေတဲ့ ငှာစန်းမြေပုံတစ်ခြမ်း ဘယ်သူ့ဆီမှာ ရှိနေတယ်ဆိုတာကို လွန်ခဲ့တဲ့ တစ်လကျော်လောက်ကမှ ဘဘ သိရပြီကွယ့်'

'ဟင်...ဘယ်သူ့ဆီမှာရှိနေသလဲဘဘ'



'လူလေးတို့ရဲ့ ရန်သူတော်ကြီး မျက်ခုံးဖြူဘိုးဘိုး လျူကျူဆီမှာ ရှိနေတယ်လို့ ဘဘကြားသိရတယ်ကွယ့်၊ ခိုင်လုံတဲ့ကျူနတော့ မရှိသေးဘူး၊ ဖြစ်နိုင်တဲ့ အလားအလာတော့ ရှိပါတယ်'

'ဒါဆို မျက်ခုံးဖြူ လျူကျူနောက်ကို ဘဘ မလိုက်ဘူးလား'

'လိုက်တာပေါ့ကွယ်၊ ဒါပေမယ့် မျက်ခုံးဖြူလျူကျူဟာ အတော်ကြီးကို ပျောက်ချက်ထား ကောင်းနေတယ်ကွယ့်၊ သူဘယ်မှာရှိတယ်ဆိုတာ တိတိကျကျ စုံစမ်းလို့ ကိုမရအောင် ဖြစ်နေတယ်၊ သူရှိနေတယ်လို့ ဆိုတဲ့နေရာကို လိုက်ကြည့်တော့လဲ သူ့ကိုမတွေ့ရဘူး။ လူလေးရဲ့ဖေဖေ ဆုံးပြီးကတည်းက မျက်ခုံးဖြူ လျူကျူဟာ ထင်ထင်ပေါ်ပေါ် မလှုပ်ရှားတော့ဘဲ စုန်းပုန်းလျှိုလျှို လှုပ်ရှားနေတယ်လေ'

'ကျွန်တော်တော့ ဒီလူကြီးကို ကျေကိုမကျေဘူး။ ဘဘ ကျွန်တော့မိဘတွေအတွက်ကောင်းကောင်းကြီး ပြန်လက်စားချေရမှာပဲ'

'လူလေးကိုတော့ ကြိုပြီး သတိပေးထားရဦးမယ်၊ မတော်တဆသူနဲ့များတွေ့ခဲ့ရင် စိတ်လိုက်မာန်ပါ သူ့ကို သွားမတိုက်နဲ့နော်၊ လူလေး အတတ်မြောက်ထားတဲ့ သိုင်းပညာအဆင့်က သူ့ကိုမမီသေးဘူး။ လူလေးအနေနဲ့ နောက်ဆယ်နှစ်လောက် သင်ကြားလေ့ကျင့်ပြီးမှ သူ့ကို ယှဉ်နိုင်လိမ့်မယ်။ ကြား

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ သူနဲ့တိုက်ဖို့ အခြေအနေပေးလာရင် ဘာဘာကိုယ်တိုင် တိုက်မယ်'

'ဟုတ်ကဲ့ ဘာဘ'

လုံဖေးလည်း ခဏမျှစဉ်းစားနေပြီးမှ ပြောသည်။

'မျက်ခုံးဖြူဘိုးဘိုး လျှို့ကျို့ အခုဘယ်မှာရှိနေတယ်ဆိုတာ ဘာဘ သတင်းကြားရပြန်ပြီ အခုသတင်းကတော့ အရင်က သတင်းတွေထက်ပိုပြီး ခိုင်လုံတိကျတယ်၊ ဟုတ်သော်ရှိ မဟုတ်သော်ရှိ မနက်ဖြန်ပဲ ဘာဘ သွားကြည့်ဖို့ ဆုံးဖြတ်ထားတယ်'

'ဒါဆို ကျွန်တော်ပါ လိုက်ခဲ့မယ် ဘာဘ'

'လူလေး မလိုက်ခဲ့နဲ့ဦး၊ နောက်တစ်နှစ် နှစ်နှစ်လောက် အထိ လူလေး အပြင်ကို သွားသွားလာလာ မလုပ်ပါနဲ့ဦး၊ ရန်သူထောင်ချောက်ထဲ လူလေးရောက်သွားရင် ခက်ကုန်မှာ စိုးလို့ ဘာဘ လူလေးကို သိုင်းလောကထဲမှာတောင် မကျက်စားခိုင်းသေးဘူး မဟုတ်လား'

ဝမ်ရှောင်လည်း သူ့ကို ဂရုတစိုက်ရှိလွန်းသည့် လုံဖေး၏ စကားကို ဖယ်ရှားရန်မသင့်သဖြင့် ငြိမ်နေလိုက်ရသည်။

'ဘဘ်အတွက်တော့ ဘာမှမစိုးရိမ်ပါနဲ့၊ လုံလောက်တဲ့ ဆင်အားကို ခေါ်သွားမယ်၊ မျက်ခုံးဖြူ ဘိုးဘိုးနဲ့ တွေ့တာတောင် မပိုင်ရင် ဘာမှမလုပ်ဘူး၊ လူလေးက ဘာဘမရှိတုန်း သာ ဒီကနေပဲ ချောထောက်လုပ်ငန်းကို ကြီးကြပ်ပါ'

ထိုစဉ် ညှိခန်းဆောင်အတွင်းသို့ ချောထောက်အဖွဲ့ဝင် တစ်ယောက်အပြေးရောက်လာသဖြင့် လုံဖေးစကားဖြတ်လိုက်ပြီး ထိုသူကို မေးလိုက်၏။



'ကျိုးထုံ ရေးကြီးသုတ်ပျာနဲ့ ဘယ်လိုဖြစ်လာတာလဲ'

'ဟိုနန်နယ်စားကြီးကိုယ်တော်တိုင် ကြွလာပါတယ် ဆရာကြီး'

ကျိုးထုံ၏ပြန်ပြောစကားကြောင့် လုံဖေးအံ့သြသွားသည်။

'ဟေ....ဘယ်မှာလဲ'

'အိမ်ရှေ့နားကို ရောက်လာပါပြီ'

လုံဖေးလည်း ဘာမှ ဆက်မမေးတော့ဘဲ ထိုင်ရာမှအကာ အံ့သြစိတ်ဖြင့် အိမ်ရှေ့တံခါးပေါက်သို့ ခပ်သုတ်သုတ် ထွက်လာလေသည်။

သူ့နောက်မှ ဝမ်ရှောင်နှင့်ကျိုးထုံတို့လည်း ပါလာသည်။

လုံဖေးအိမ်ရှေ့ပေါက်သို့အရောက်တွင် ဟိုနန်နယ်စားကြီး စီးနင်းလိုက်ပါလာသော ဝေါယာဉ်လည်း အိမ်ရှေ့ကို ရောက်လာလေသည်။

လုံဖေးက ဝေါယာဉ်နားအထိ ပျာပျာသလဲ ပြေးထွက်သွားပြီး အရိုအသေပြုသည်။

နယ်စားကြီးကိုယ်တော်တိုင် မြို့နယ်စားကြီး ရောက်လာတဲ့ အတွက် ကျွန်တော်မျိုး အံ့သြသွားမိပါတယ်ခင်ဗျာ၊ များစွာဘဲ ဂုဏ်ယူပါတယ်၊ ကြွပါ နယ်စားကြီးခင်ဗျား'

ဟိုနန်နယ်စားကြီးလည်း ဝေါယာဉ်ပေါ်မှဆင်းလိုက်၏။

သိုင်းဆရာကြီးလုံဖေးကို ရင်းနှီးသောလေသံဖြင့် ပြန်ပြောသည်။

'အခြားအကြောင်းကိစ္စတော့ မရှိပါဘူးလုံဖေး တခြား လူနဲ့ လွှဲလို့မဖြစ်တဲ့ အလုပ်တစ်ခုကို ကျုပ်ကိုယ်တိုင် လာအပ်

www.burmeseclassic.com

www.burmeseclassic.com



တာပါ၊ ခင်ဗျားနဲ့ အေးအေးဆေးဆေး စကားပြောချင်တယ်’

‘ကြွပါနယ်စားကြီး၊ ကျွန်တော့်ရဲ့ ဧည့်ခန်းဆောင်ထဲကို ကြွပါခင်ဗျာ’

လုံဖေးက ဖိတ်ခေါ်လိုက်သောအခါ နယ်စားကြီးလည်း နောက်မှ လိုက်ပါလာခဲ့သည်။ နယ်စားကြီး၏ အမှုထမ်းတစ်ယောက်ကလည်း ကတ္တီပါစဖြင့် ပတ်ထားသော အထုပ်တစ်ထုပ်ကို လက်နှစ်ဖက်ဖြင့် ပိုက်၍ လိုက်လာသည်။

ဝမ်ရှောင်နှင့် ကျိုးထုံတို့သည် ဧည့်ခန်းဆောင်အတွင်းထိ ပြန်ပါလာ၏။

လုံဖေးက နယ်စားကြီးနှင့် သူ၏အမှုထမ်းကို နေရာထိုင်ခင်းပေးသည်။ နယ်စားကြီးကသာ ခုံတစ်လုံးတွင် ထိုင်လိုက်ပြီး အမှုထမ်းကမူ ကတ္တီပါထုပ်ကြီးကို စားပွဲပေါ်တွင် အသာချထား ပြန်ထွက်သွား၏။

ထိုအခါ နယ်စားကြီးက ဝမ်ရှောင်နှင့် ကျိုးထုံတို့ကို တစ်ချက် အကဲခတ်ကြည့်လိုက်ပြီး လုံဖေးကို ပြောလိုက်သည်။

‘ခင်ဗျားကို ကျုပ် အရေးကြီးတဲ့အလုပ်တစ်ခု အပ်ချင်တယ် လုံဖေး၊ မသိဆိုင်မသိထိုက်တဲ့သူတွေ မသိစေချင်ဘူး’

လုံဖေးက ချက်ချင်းပင် ကျိုးထုံကို အမိန့်ပေးလိုက်၏။

‘ကျိုးထုံ မင်း အိမ်ရှေ့တံခါးပေါက်မှာ သွားစောင့်နေစမ်း၊ ငါ့ရဲ့ခွင့်ပြုချက်မရဘဲ ဘယ်သူ့ကိုမှ ဝင်ခွင့်မပေးနဲ့’

‘ဟုတ်ကဲ့ ဆရာကြီး’

ကျိုးထုံ ချက်ချင်းပင် လှည့်ထွက်သွား၏။



ကျိုးထုံ ပျောက်ကွယ်သွားမှ လုံဖေးသည် နယ်စားကြီးကို ပြောလိုက်၏။

‘သူကတော့ ကျွန်တော့်သား ဝမ်ရှောင်ပါ နယ်စားကြီး၊ ကျွန်တော့်သားကို ကျွန်တော့်လိုပဲ ယုံကြည်စိတ်ချနိုင်ပါတယ်’

‘ဟုတ်ပြီလေ၊ ဒါဆို ကျုပ်လာရင်းကိစ္စကို ပြောတာပေါ့’

ပြောပြောဆိုဆို နယ်စားကြီးက ကတ္တီပါစကို ဖြေချလိုက်ရာ ရွှေရောင် ဝင်းလက်နေသော သေတ္တာတစ်လုံး ပေါ်လာသည်။

လုံဖေးနှင့်ဝမ်ရှောင်တို့သည် ရွှေသေတ္တာလေးကို ငေးရှုစိုက်၍ကြည့်နေမိကြ၏။

နယ်စားကြီးက ရွှေရောင်၏အဖုံး ဖွင့်လိုက်သောအခါ သေတ္တာလေးထဲမှ ဝင်းလက်သောရောင်ခြည်များ ထွက်လာသည်။

လုံဖေးနှင့် ဝမ်ရှောင်တို့သည် ရွှေသေတ္တာကလေးထဲတွင် ကျောက်မျက်ရတနာများကို တွေ့ရသည်။

ထို့နောက်နယ်စားကြီးက ညင်သာအေးဆေးစွာ ပြော၏။

‘ဒီရတနာတွေရဲ့တန်ဖိုးဟာ ရွှေလျှံ ၄ သိန်းကျော်ဖိုးလောက် တန်ဖိုးရှိနေတယ်လုံဖေး၊ ဒီရတနာတွေကို ရွှေမြို့တော်အရောက် မပျောက်မပျက် ပို့ချင်တယ်၊ အဲဒါခင်ဗျား ကိုယ်တိုင် တာဝန်ယူပြီး ပို့ပေးဖို့ အလုပ်အပ်တာပဲ’

လုံဖေးက မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ကာ...

‘အချိန် အကန့်အသတ်နဲ့ ပို့ရမှာလား နယ်စားကြီး’

www.burmeseclassic.com

www.burmeseclassic.com



‘ဟုတ်တယ်လုံဖေး၊ ဒီနေ့ကစပြီး ဆယ်ရက်အတွင်းမှာ မြို့တော်ကို အရောက်ပို့ရမှာ၊ ဒီရတနာတွေကို ရွှေမြို့တော်က ဝူရှုမိန်းလက်ထဲကို အပ်ရမှာပဲ၊ အဲဒါ ခင်ဗျားကိုယ်တိုင် ဦးဆောင်ပြီး ပို့ပေးစေချင်တယ်လုံဖေး၊ သိပ်အရေးကြီးလို့ ကျုပ်ကိုယ်တိုင် အလုပ်လာအပ်ရတာပဲ’

သိုင်းဆရာကြီးလုံဖေး အကြပ်ရိုက်သွား၏။

သူသည် မနက်ဖြန်တွင် မျက်ခုံးဖြူဘိုးဘိုး လျူကျူကို သွားရှာရန် ခရီးထွက်ဖို့ စီစဉ်ပြီးနေလေပြီ။

ထိုခရီးမှာ မသွားလျှင်မဖြစ်သောခရီး ဖြစ်သည်။ သူ၏ ခရီးစဉ်က အနည်းဆုံး အသွားအပြန် ဆယ်ရက်ကျော် ကြာပေလိမ့်မည်။

ထို့ကြောင့် နယ်စားကြီး၏ရတနာများကို သူကိုယ်တိုင် ဦးဆောင်၍ ဆယ်ရက်အတွင်း ရွှေမြို့တော်ကို အရောက်ပို့နိုင်ရန်မှာ မဖြစ်နိုင်ချေ။

လျူကျူကို သွားရှာရမည့်ခရီးစဉ်ကိုလည်း ဖျက်၍မဖြစ်၊ လူစားလွှတ်ရန်လည်း မဖြစ်ပါချေ။

သူလည်း အားနာနာနှင့် ဟိုနန်နယ်စားကြီးကို ပြန်ပြော လိုက်ရ၏။

‘အားနာစရာတော့ဖြစ်နေပါပြီခင်ဗျာ၊ ကျွန်တော် မနက် ဖြန် အရေးတကြီး ခရီးထွက်ဖို့ အစီအစဉ်လုပ်ထားပါတယ်၊ လူစားလွှတ်လို့မဖြစ်တဲ့ခရီးစဉ်မျိုး ဖြစ်နေပါတယ်၊ ပြီးတော့ ကျွန်တော်သွားမယ့်ခရီးနဲ့ ရွှေမြို့တော်ကလဲ ဆန့်ကျင်ဘက် ခရီး ဖြစ်နေပါတယ်’



‘ဟာ...ဒုက္ခပါပဲ’

ဟိုနန်နယ်စားကြီး စိတ်ပျက်လက်ပျက် ညည်းတွားလိုက် သည်။

ပြီးမှ ဆက်ပြော၏။

‘ခင်ဗျားရဲ့ခရီးစဉ်ကို ရွှေ့လို့ရရင် ရွှေ့လိုက်ပါ လုံဖေး၊ ရွှေမြို့တော်က အမတ်ကြီးဝူရှုမိန်းလက်ထဲကို ဆယ်ရက်အတွင်း ဒီရတနာတွေ အပ်ဖို့ရာ သိပ်ပြီးအရေးကြီးနေလို့ပါ၊ ကျုပ် ကိုယ်တိုင်လာတာပဲကြည့်ပေတော့၊ ဒီရတနာတွေ ပို့ဆောင်ခ ကို ကျသင့်တာထက် နှစ်ဆ ပိုပေးပါ့မယ်’

‘ပိုပေးတာ မပေးတာက အကြောင်းမဟုတ်ပါဘူး၊ ကျွန် တော့်ခရီးစဉ်ကိုတော့ ဘယ်လိုမှ ရွှေ့ဆိုင်းလို့ မရပါဘူး၊ ကျွန်တော်လဲ ဆယ်ရက်ကျော်ကျော်လောက်မှ ပြန်ရောက်မှာ ဆိုတော့ နယ်စားကြီးရဲ့ရတနာတွေကို ကျွန်တော်ကိုယ်တိုင် ဦးဆောင်ပြီးပို့ဖို့ မဖြစ်နိုင်ပါဘူး၊ ဒါပေမယ့် နယ်စားကြီး စိတ်မပူပါနဲ့ခင်ဗျာ၊ နယ်စားကြီးရဲ့ရတနာတွေကို ဆယ်ရက် အတွင်း ရွှေမြို့တော်ကို အရောက်ပို့နိုင်ဖို့ ကျွန်တော် တာဝန် ယူပြီး စီစဉ်ပေးပါ့မယ်၊ ကျွန်တော်ကိုယ်တိုင် ဦးဆောင်ပြီး မပို့နိုင်ပေမယ့် ကျွန်တော့်ချောထောက်အဖွဲ့မှာ အရည် အချင်းပြည့်ဝတဲ့ လက်ရွေးစင်သိုင်းသမားတွေ ရှိနေပါသေး တယ်’

ထိုအခါမှ ဟိုနန်နယ်စားကြီး စိတ်သက်သာရာရသွားပြီး—

www.burmeseclassic.com

www.burmeseclassic.com



'ခင်လေး...ခင်ဗျားကိုယ်တိုင် တာဝန်ယူပေးမယ်ဆိုရင် ကျုပ် စိတ်ချပါတယ်လုံဖေး၊ ဒီရတနာတွေပို့ဖို့အတွက် ကျုပ်လူ-တွေကိုတောင် စိတ်မချလို့ ခင်ဗျားဆီကို လာအပ်တာပေါ့၊ ဘယ်ချောထောက်အဖွဲ့ကိုမှလဲ စိတ်မချဘူး'

'စိတ်ချပါနယ်စားကြီး၊ ကျွန်တော် တာဝန်ယူပါတယ်၊ နယ်စားကြီးရဲ့ရတနာတွေ အပျောက်အပျက် မရှိစေရပါဘူး'

'ဒါဆိုရင် ကျုပ် စိတ်ချပါပြီလုံဖေး၊ ကဲ...ရတနာတွေကို စာရင်းနဲ့ အပ်ခဲ့မယ်၊ ဆယ်ရက်အတွင်းလာ အမတ်ကြီး ဖိုးမိန်းလက်ထဲကို အရောက်ပို့ပေးပါနော့'

ထို့နောက် သိုင်းဆရာကြီးလုံဖေးသည် ရတနာများကို စာရင်းဖြင့် သေချာစွာလက်ခံပြီး နယ်စားကြီးပေးသော ပို့ဆောင်ခကို လက်ခံယူထားလိုက်၏။

ဟိုနန်နယ်စားကြီးလည်း ပြန်သွားသည်။

နယ်စားကြီး ပြန်သွားပြီးနောက် လုံဖေးလည်း နယ်စားကြီး၏ရတနာများကို ရွှေမြို့တော်သို့ ပို့ဆောင်ရေးအတွက် ချက်ချင်း စီစဉ်ရတော့သည်။

လုံဖေးသည် ချက်ချင်းပင် သူ ယုံကြည်အားထားရသော သူ၏ညာလက်ရုံး ထောင်စမ်းကိုခေါ်ယူကာ တာဝန်ပေးလိုက်သည်။

သူသည် ယခုကဲ့သို့ တန်ဖိုးကြီးပြီး အရေးကြီးသော အခံပစ္စည်းများကို သူကိုယ်တိုင် ဦးစီးမပို့နိုင်ပါက ထော



င်စမ်းကို ဦးစီး ပို့ဆောင်စေခဲ့သည်မှာ အကြိမ်ကြိမ်အခါခါ ရှိသွားချေပြီ။

ထောင်စမ်းကလည်း တစ်ခါမှ ချွတ်ချော်မှု မရှိအောင် ပို့ဆောင်နိုင်ခဲ့သည့်သူဖြစ်၏။

ထောင်စမ်းသည် ချက်ချင်းပင် ချောထောက်အဖွဲ့မှ သူ့စိတ်တိုင်းကျ လက်ရွေးစဉ်သိုင်းသမားများကို စုစည်းကာ ရွှေမြို့တော်သို့ ခရီးထွက်ဖို့ စီစဉ်ရလေတော့သည်။

=+=

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

### ရတနာများ လုယက်ခံရခြင်း

သံမဏိကျော့ပွတ်ရှင် လီမ်ကွန်သည် သူ၏စံအိမ်အတွင်းရှိ သီးသန့်အဆောင်ထဲတွင် လက်နှစ်ဖက်ကို နောက်ပစ်ကာ လမ်းလျှောက်လျက် ရှိနေသည်။

သူ၏မျက်နှာမှာ ကျေနပ်အားရမှုအသွင်ကိုဆောင်ကာ ပြုံးနေသည်။

တစ်ခါတစ်ခါ အဘောတွေ့သလို ခေါင်းကို တဆတ်ဆတ် ညိတ်နေသည်။

ထိုစဉ် သီးသန့်အဆောင်ထဲသို့ သူ၏ ညာလက်ရုံးတပည့် ချောင်ဝူ ဝင်လာသည်။



သူက အဆောင်ထဲကို ရောက်ရောက်ချင်း လီမ်ကွန်ကို ရိုအသေပေးကာ လေးစားကျိုးနွံစွာ ပြောသည်။

'ဆရာ အခေါ်လွှတ်လိုက်တယ်ဆိုလို့ ကျွန်တော် လာခဲ့တာပါခင်ဗျာ'

'အေး...ထိုင်ကွာချောင်ဝူ၊ တို့တစ်တွေ အလုပ်တစ်ခုလုပ်စရာရှိတယ်'

လီမ်ကွန်ညွှန်ပြသောထိုင်ခုံတွင် ချောင်ဝူဝင်ထိုင်သည်။

သူနှင့်မျက်နှာချင်းဆိုင်ခုံတွင် လီမ်ကွန် ဝင်ထိုင်၏။

လီမ်ကွန်က ထည့်ဝါသောလေသံဖြင့် ပြော၏။

'ငါတို့တွေ ရှေးဟောင်းသိန်းကျော်တန်ဖိုးရှိတဲ့ ရတနာတွေကို သိနေတယ်ချောင်ဝူ၊ ခဲခဲယဉ်းယဉ်းကြီးတိုက်ပြီး ယူစရာမလိုဘူး၊ ဒါကြောင့် ဒီလုပ်ငန်းမှာ ငါကိုယ်တိုင်တောင် ဦးဆောင်ဘူး၊ မင်းကပဲ ဦးဆောင်ပြီး လုပ်ရမယ်'

'ဟုတ်ကဲ့...ဆရာပေးအပ်တဲ့ တာဝန်ကို ကျေပွန်အောင် ကျွန်တော် ဆောင်ရွက်ပါ့မယ်၊ အလွဲအချော် မရှိစေရပါဘူး၊ ဘာလုပ်ရမယ်ဆိုတာသာ ဆရာက ညွှန်ကြားပါ'

'ဟိုနန်ပြည်နယ်စားကြီးဟာ ရှေးဟောင်းသိန်းကျော်တန်ဖိုး ရှိတဲ့ရတနာတွေကို ရွှေမြို့တော်ပို့ဖို့ ကျင်ယွမ်ချောထောက်အဖွဲ့မှာ အလုပ်အပ်တယ်၊ ဒီရတနာတွေကို လုံဖေးကိုယ်တိုင် ဦးဆောင်ပြီး မပို့ဘူး၊ လုံဖေးဟာ သူ့ရဲ့ညာလက်ရုံး ထော်ချင်မ်းကို ဦးဆောင်ပြီးပို့စေတယ်၊ ထော်ချင်မ်း ဦးဆောင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



လက်ရွေးစင်သိုင်းသမား လေးယောက်နဲ့ ရတနာတွေကို … လိမ့်မယ်၊ မင်းနဲ့အတူ ဆယ်ယောက်သော လူ ခေါ်သွားရ… လုံလောက်ပါပြီ၊ မင်းတို့တွေ ထုံကွမ်း နယ်ခြားအမ်းကနေ … ဖြတ်ပြီးတိုက်မယ်ဆိုရင် အပိုင်ပဲ'

'ရတနာတွေကို ထောင်စမ်းနဲ့ လေးယောက်ပဲပို့မယ် … တာ သေချာမှ ပါ့မယ်နော် ဆရာ'

'ဟဲ...ဟဲ...ဟဲ...သေချာပါတယ်ကွ၊ ငါက နိုင်လုံတိကျ… သတင်းကို ရထားတာပါ၊ ဒါကြောင့် ငါကိုယ်တိုင် လိုက်… စရာမလိုဘူးလို့ ပြောပါတယ်

'ဟုတ်ပါတယ် ဆရာ၊ ဒီအင်အားလောက် ဆိုရင်တော… ကျွန်တော်တို့နဲ့ပဲ ဖြစ်ပါတယ်'

'အေး...မင်းတို့ တစ်ခုသတိထားရမှာက ထောင်စမ်း… လူစုဟာ ချောင်ထောက်အဖွဲ့ပုံစံနဲ့ လာကြမှာမဟုတ်ဘူး၊ သာ… မန်ခရီးသွားတွေပုံစံမျိုးနဲ့ လာကြမှာ၊ မင်းတို့ မျက်စိ ရှမ်… မသွားဖို့တော့ လိုတယ်'

'စိတ်ချပါဆရာ၊ ထောင်စမ်းကို ကျွန်တော် မြင်ဖူးထား… တာပဲ၊ မလွဲချော်ပါဘူး'

'ကောင်းပြီ၊ ဒီလိုဆို မင်းတို့ ကြိုစောင့်ရမယ့်နေရာကို ငါ… ပြမယ်'

လိမ့်ကွန်က စားပွဲပေါ်မှ ထုံကွမ်းနယ်ခြားမြေပုံ စာရွက်… လိပ်ကို ဖြန့်ပြလိုက်သည်။

ထုံကွမ်း နယ်ခြားဒေသ။



…တောအုပ်ကြီးများ၊ တောင်ထွတ် တောင်တန်းကြီးများ …ကြီးစိုးနေ၏။ ရွာများ၊ လူနေအိမ်ခြေများ မရှိသလောက် …နည်းပါးသည်။

လူသူအရောက်အပေါက်နည်းပါးသောဒေသမို့ သားရဲ …တိရစ္ဆာန်တို့ နေထိုင်ကျက်စားကြသည်။ ပျော်ရွှင် မြူးထူးကြ …သည်။

ယုန်ကလေးတွေကလည်း ချုံပင်၊ မြက်ပင်များအကြား …သွားလာလျက် အစာရှာနေကြ၏။

ရှဉ့်ကလေးများကလည်း သစ်ကိုင်း တစ်ကိုင်းမှတစ်ကိုင်း …ခုန်ကူးလျက် ပျော်ရွှင်မြူးတူးနေ၏။ ရောင်မျိုးစုံသော …ငှက်သာရကာများ ကလည်း အသံစာစာ မြည်ကြွေး …ကာ တစ်ပင်မှတစ်ပင် ပျံသန်းနေကြ၏။

'ခွပ်...ခွပ်...ခွပ်'

'ခွပ်...ခွပ်...ခွပ်'

ထိုစဉ် ခပ်လှမ်းလှမ်းဆီမှ မြင်းခွာသံများ ပေါ်ထွက် …လာသည်။

မြေပြင်တွင် သွားလာနေသော ယုန်ကလေးများ နား …ထောင်ကလေးတွေ ထောင်သွားကြ၏။ ရှဉ့်ကလေးများလည်း …နားစွင့်လိုက်ကြ၏။

မြင်းခွာသံများ နီးလာသောအခါ ယုန်ကလေးတွေ …ချုံထဲ ပြေးဝင်ကြသည်။

ရှဉ့်ကလေးတွေ သစ်ခေါင်းထဲ ဝင်ပြေးကြ၏။

ကျေးငှက်သာရကာများလည်း အဝေးသို့ ပျံပြေးကြ၏။

www.burmeseclassic.com

www.burmeseclassic.com



တောလမ်းမှ မြင်းငါးစီး ခုန်းစိုင်းနှင်လာကြသည်။

ကျင့်ယှဉ် ချောစထောက်အဖွဲ့မှ ထောင်စမ်း ဦးဆော သော လက်ရွေးစင် သိုင်းသမားလေးယောက်တို့ မြင်းကိုယ် ခုန်းစိုင်းစီးလာခြင်းဖြစ်၏။

ထောင်စမ်းက အဖြူရောင်ဝတ်စုံကို ဝတ်ထား၏။

လက်ရွေးစင်သိုင်းသမားလေးယောက်တို့က အရောင်တ မျိုးစီ ဝတ်စုံကို ဝတ်ဆင်ထား၏။ သူတို့၏ကျောတွင် တစ်လက်စီ ချိတ်ထားကြပြီး ပခုံးတွင် အထုပ်တစ်ထုပ်စီ လွ ထားကြ၏။

သူတို့ကိုမြင်ရသူတိုင်း အာမခံပစ္စည်းကို သယ်ဆောင် ကြသည့် ချောအဖွဲ့မှုဟု ထင်ကြမည်မဟုတ်ဘဲ သာမန် သွားများဟုသာ ထင်ကြပေလိမ့်မည်။

ထိုသို့ထင်ရအောင် သူတို့သည် ဝတ်စုံကို အရောင်တစ်မျိုး ဝတ်ထားကြခြင်းဖြစ်၏။

တောအုပ်ကြီးအတွင်း မြင်းခွာသံများ ညံနေတော့၏။

တောလမ်းမှာ တစ်ခါတစ်ရံမှသာ လူသွားလူလာရှိသော လမ်းမို့ ဖြောင့်ဖြူးရှင်းလင်းခြင်း မရှိပါချေ။ ခပ်ရေး ပေါ်နေသောလမ်းဖြစ်၏။

သူတို့လူစု သစ်ပင်များထူထပ်ရာအရောက်တွင်....

'ဝုန်း'

ရှေ့နားဆီမှ သစ်ပင်ကြီးတစ်ပင် ရုတ်တရက် လဲကျလာ လမ်းကို ကန့်လန့်ဖြတ်ပိတ်သွား၏။ သူတို့သည် မြင်းများ ကမန်းကတမ်း အရှိန်သတ်၍ ရပ်လိုက်ကြ၏။



'ကျွား'

'ဆား'

ရုတ်တရက် အော်ဟစ်မာန်သွင်းသံများလည်း ပေါ်လာပြီး သစ်ပင်များပေါ်မှလည်းကောင်း၊ လမ်းဘေး တစ်ဘက်တစ်ချက်မှလည်းကောင်း ဝတ်စုံနက်များ ခုန်ဆင်းလာကြ၏။

ထောင်စမ်းတို့ငါးယောက်ကို ဝိုင်းထားလိုက်ကြ၏။

ဝတ်စုံနက်များအားလုံး အနက်ရောင် မျက်နှာဖုံးခေါင်းစွပ်များကို စွပ်ထားကြပြီး လက်နက်ကိုယ်စီ အသင့် ကိုင်ထားကြ၏။

သူတို့သည် သံမဏိကျောပွတ်ရှင် လီမ်ကွန်၏ ညာလက်ရုံး ချောင်ဝူ ဦးဆောင်သောအဖွဲ့ပင်ဖြစ်၏။

ချောင်ဝူတို့လူစုသည် ခေါင်းစွပ်နက်များ စွပ်ထားသဖြင့် ထောင်စမ်းသည် သာမန် တောပုန်းဓားပြဟုပင် ထင်လိုက်မိသည်။

ချောင်ဝူတို့အဖွဲ့မှာ ဆယ့်တစ်ယောက်ရှိသည်။

ချောင်ဝူက ဟိန်းဟောက်လိုက်၏။

'ဟေ့ ကောင်တွေ....မင်းတို့ရဲ့အသက် မသေချင်ရင် မင်းတို့မှာပါလာတဲ့အထုပ်တွေကို အေးအေးဆေးဆေး အောက်ချလိုက်ကြ၊ ဒါဆိုရင် မင်းတို့ကို အန္တရာယ်မပေးဘဲ လွှတ်ခွခွင့် ပြုမယ်'

ထောင်စမ်းက ပဋိပက္ခ မဖြစ်ချင်သဖြင့် ခပ်အေးအေးပင် ပြန်ပြောလိုက်၏။

www.burmeseclassic.com

'ကျွန်တော်တို့က သာမန်ခရီးသွားတွေပါဗျာ၊ ကျွန်တော်တို့မှာ အဖိုးတန်ပစ္စည်းဆိုလို့ ဘာမှမပါပါဘူး'

'ဟား....ဟား....ဟား'

ချောင်ဝုက မခိုးမခန့်ရယ်လိုက်ပြီး ပြန်၍ဆော်မြော၏။

'တခြားလူတွေကိုသာ မင်းတို့ လိမ်လို့ ရချင်ရမယ်၊ ငါ့ကိုတော့ လိမ်လို့မရဘူး၊ မင်းတို့ဟာ ကျင်ယွမ် ချော်ထောက်အဖွဲ့ကဆိုတာ ငါသိတယ်၊ မင်းဟာ ထောင်စမ်းဆိုတာလဲ ငါသိတယ်၊ မင်းတို့နဲ့အတူ ရွှေလျှို သုံးသိန်းကျော်ဖိုး တန်တဲ့ ရတနာတွေ ပါလာတယ်ဆိုတာလဲ ငါတို့သိတယ်၊ ဒီတော့ ရတနာသေတ္တာကို အေးအေးဆေးဆေး ထားခဲ့ပြီး ထွက်သွားကြ'

တစ်ဘက်ရန်သူက ကျွမ်းကျင်စွာ တိတိကျကျ သိနေသောကြောင့် ထောင်စမ်း အံ့ဩတုန်လှုပ်သွား၏။ ပြန်လည်တိုက်ခိုက်ရမှလွဲ၍ အခြားနည်းလမ်းမရှိတော့ကြောင်း နားလည်သွား၏။

'ဪ....မင်းတို့က ဒီလောက်ထိတောင် သိနေကြတာကိုး၊ ဒါဆို ငါတို့ကျင်ယွမ်ချော်ထောက်အဖွဲ့က ဘယ်ရသူ့မှ အညံ့မခံတတ်ဘူးဆိုတာ မင်းတို့ သိထားကြဖို့ ကောင်းတယ်၊ မင်းတို့ဘက်က အင်အားများလဲ မမှုဘူး၊ သေချင်ရင် ရှေ့ကို တိုးခဲ့ကြ'

'ဒါဆိုလဲ မင်းတို့ကိုသတ်ပြီးမှပဲ ရတနာသေတ္တာကို ယူရတော့မှာပေါ့၊ တိုက်ကြဟေ့'



ချောင်ဝုက ပြောပြောဆိုဆို သူ့လူတွေကို အမိန့်ပေးလိုက်သည်။

'ဟိုင်း'

'ယန်း....ယန်း'

'ဝှစ်....ဝှစ်....ချွင်'

'အသေသာသတ်ကြဟေ့'

'အီး....ဟီး....ဟီး'

'ရှွင်....ချွင်....ယန်း'

အော်ဟစ်တိုက်ခိုက်သံများ၊ မြင်းဟီသံများ တစ်ခဲနက် ညံစီသွား၏။

ချောင်ဝုတို့လူစုသည် ကြိုတင် နေရာယူထားကြသည့်အတိုင်း လူခွဲကာ ထောင်စမ်းတို့လူစုကို ဝိုင်းတိုက်ကြ၏။

ချောင်ဝု၏ နောက်လိုက်နှစ်ယောက်မှာ ထောင်စမ်း၏ နောက်လိုက်သစ်ယောက်ကို ဝိုင်းတိုက်ကြ၏။ ထောင်စမ်းတို့လူစုတွေ မြင်းပေါ်မှမတိုက်နိုင်စေရန် မြင်းခြေထောက်ကို ဓားနှင့်ပိုင်းသူက ပိုင်းသည်။

ဓားထိသွားသော မြင်း ခွေလဲသောအခါ မြင်းပေါ်မှလူသည် အောက်သို့ ခုန်းဆင်းရတော့၏။

ထောင်စမ်းသည် အမြဲမြင်း အနာတရဖြစ်မည်စိုး၍ မြင်းပေါ်မှခုန်ဆင်းပြီး သူ့ကိုဝိုင်းတိုက်နေသော ချောင်ဝုတို့ သုံးယောက်ကို ပြန်တိုက်၏။

www.burmeseclassic.com



ဒဏ်ရာရထားသောမြင်းများ သွေးရူးသွေးတန်းဖြင့် ထွက်ပြေးသွားသလို ဒဏ်မရသေးသည့်မြင်းများလည်း ကြောက်လန့်တကြား မြေဦးတည့်ရာ ထွက်ပြေးကုန်ကြ၏။

ထောင်စမ်းတို့လူစုနှင့် ချောင်ဝတို့လူစုသည် မြေပေါ်မှာပင် သူနိုင်ကိုယ်နိုင် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြ၏။

ထောင်စမ်းနှင့် ချောင်စု၏သိုင်းပညာမှာ မတိမ်းမယိမ်း ရှိနေ၏။

ထောင်စမ်းသည် ချောင်စုကိုသာမက လက်ရွေးစင်သိုင်းသမားနှစ်ယောက်ကိုပါ တိုက်ခိုက်နေရသဖြင့် သတိကြီးစွာ ထားနေရ၏။

ချောင်စုတို့အက်မှ အင်အားသာနေသည် မမှတ်ပါလား။

ထောင်စမ်းတို့လူစုမှ အောက်စီးမှသာ တိုက်ခိုက်နေကြသည်။

မြင်းငါးကောင်စလုံးထွက်ပြေးကုန်ပြီဖြစ်၍ တိုက်ပွဲထဲတွင် တစ်ကောင်မှမရှိတော့ချေ။

'ဒုစ်....ဝှစ်'

'အင့်'

'ဟိတ်'

'ထန်း....ထန်း....ဝှစ်'

'ယား'

အော်ဟစ်တိုက်ခိုက်သံများကြားမှ ညည်းတွားသံများပါ ထွက်ပေါ်လာ၏။



ကျင့်ယှမ်ချော့ထောက်အဖွဲ့ဝင် သိုင်းသမားတို့၏ လက်ချက်ဖြင့် ဝေ၏စုံနက်လေးယောက် တစ်ယောက်ပြီး တစ်ယောက် လဲကျသွားကြသလို ဝတ်စုံနက်တို့၏လက်ချက်ဖြင့် ထောင်စမ်း၏ နောက်လိုက်လေးယောက်လည်း တစ်ယောက်ပြီးတစ်ယောက် လဲကျကုန်သည်။

ထောင်စမ်းသည် သူ့လူတွေ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားသည်ကို မြင်သော်လည်း သူကိုယ်တိုင်က အသေအလဲ ခုခံတိုက်ခိုက်နေရသဖြင့် သူ့လူတွေကို မကူညီနိုင်ချေ။

သူ့ဝဲဘက် လက်မောင်းတွင်လည်း ဓားဒဏ်ရာတစ်ချက် ရထားသဖြင့် ရန်သူ့လက်ထဲမှရုန်းထွက်နိုင်ရန် ခက်ခဲနေလေသည်။

သို့သော် သူသည် စိတ်အားမလျှော့ပါ။

စိတ်အားလျှော့လိုက်မပါက ရန်သူ့လက်ချက်ဖြင့် သူသည် အသက်ဆုံးရလိမ့်မည်။

သူ့အသက်သာ ဆုံးသွားပါက အာမခံရတနာသေတ္တာမှာ ရန်သူ့လက်သို့ ပါသွားတော့မည်။ ရန်သူ့လက်တွင်းသို့ ရတနာသေတ္တာမပါစေရန် သူ၏အသက် ရှင်နေမှသာ ဖြစ်မည်။ မဖြစ်ဖြစ်သည့်နည်းနှင့် ရန်သူ၏လက်မှ ရုန်းထွက်ရပေမည်။

အင်အားချင်း လုံးလုံးမမျှတော့သဖြင့် ရန်သူ့ဝေးရာသို့ ပြေးရပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ် ထောင်စမ်းကို ချောင်ဝုအပေါ်အဝင် ရန်သူလေးယောက်က ဝိုင်းတိုက်နေ၏။ နောက်အပ် သုံးဦးမှာလည်း ဝင်တိုက်ရန် ပြေးလာကြသည်။

ဖင်းဆုံးယောက်သာ ရောက်လာပါက ရန်သူ့လက်မှ လွတ်မြောက်ဖို့ရန် မလွယ်တော့ကြောင်း ထောင်စမ်း သိသဖြင့် သူ့ကို ပိတ်ဆို့တိုက်ခိုက်နေသော ချောင်ဝုတို့လူစုကို အတင်း ဖိတိုက်လိုက်၏။

'ထန်း....ထန်း....ချွင်'

'ဗြား'

သူ့ဓားချက်ဖြင့် ပိတ်ဆို့ထားသော ဝတ်စုံနက်တစ်ဦး ထပ်၍ လဲကျသွားသလို သူ့ညာဘက်ပခုံးတွင်လည်း ရန်သူ့ဓားချက် ထပ်မိသွားပြန်၏။

သူ၏ တရကြမ်းဖိတိုက်မှုဖြင့် ချောင်ဝုတို့သည်း နောက်သို့ ဆုတ်ရှောင်ကြသည်။

ထိုအခါ ထောင်စမ်းမှာ တစ်ရှိန်ထိုး ထွက်ပြေးတော့၏။

'ဟာ....ပြေးပြီ ပြေးပြီ၊ လိုက်....လိုက်'

'ဟိုကောင်တွေရဲ့အထုပ်တွေထဲမှာ ရတနာသေတ္တာ ရှိချင်ရှိမယ်'

'ရှာကြည့်ကြစမ်းကွာ'

ချောင်ဝုတို့လူစုလည်း သေဆုံးနေသော ကျင့်ယွမ် ချောထောက်အဖွဲ့ဝင် ဘေးဖယောက်တို့၏အထုပ်များကို ကတိုက်ကရိုက် ရှာကြည့်သော်လည်း ရတနာသေတ္တာကို မတွေ့ရချေ။



ထိုအခါမှ ချောင်ဝုတို့လူစုလည်း ထောင်စမ်းနောက်သို့ တစ်ရှိန်ထိုး လိုက်ကြလေတော့သည်။

* * *

တောလမ်းလေးအတိုင်း ဝမ်ချန်သည် ညင်သာစွာ ဖြေးဖြေးစွာ လျှောက်လာ၏။

သူ့ပခုံးပေါ်တွင် ပစ်၍ရခဲ့သော တောဝက်တစ်ကောင်ကို ထမ်းလာသည်။

သူ့အသက်မှာ ဆယ့်လေးနှစ်သာ ရှိသေးသော်လည်း တောထဲတွင် သူသည် ကြမ်းကြမ်းတမ်းတမ်း နေထိုင်သွားလာခဲ့ရသဖြင့် ခန္ဓာကိုယ်နှင့်မလိုက်အောင် သန်မာထွားကျိုင်းနေသည်။

သူသည် မျက်မမြင်မိုရှမ်းထံမှ သိုင်းပညာရပ်များကိုသာမက အတွင်းအားကျင့်စဉ်ကိုပါ သင်ကြား လေ့ကျင့်ထားသဖြင့် အရွယ်နှင့်မလိုက်အောင် အတွင်းအားကောင်းလှ၏။

ထို့ကြောင့် ပိဿာချိန် နှစ်ဆယ်နီးပါးရှိသော တောဝက်ကြီးကို ပေါ့ပေါ့ပါးပါး ထမ်းလာနိုင်ခြင်းဖြစ်၏။

ယခုအခါ သူသည် တောကျွမ်းသောလူငယ်တစ်ယောက် ဖြစ်နေလေပြီ။

တောလိုက်ကောင်းသောမုဆိုးလေးလည်း ဖြစ်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မျက်မမြင်မိုရှမ်းထံမှ ထက်မြက်သော သိုင်းပညာအ
များကိုလည်းရရှိထားလေပြီ။ သူတစ်ဦးတည်းသည်း မြို့ပေါ်
တက်ကာ အသားခြောက်များ၊ အားဆောင်တို့၏သား
များ၊ အစွယ်များ၊ သည်းခြေများကို ရောင်းချတတ်နေပြီ
သူသည် မြို့တွင် ရက်ကူးအောင်မနေဘဲ ဈေးစရာရှိသည်
ကိုရောင်း၊ ဝယ်စရာရှိသည်ကိုဝယ်ကာ မုံမုံ ကုလျှိုမြောင်
ပြန်တတ်၏။

သူသည် အမြင့်ရှုပ်ထွေးလှသော မြို့မှာထက် အေးချမ်း
စွာနေရသောတောတွင် ပို၍ပျော်၏။ မျက်မမြင်မိခင်ကြီး
နှင့် ငြိမ်းငြိမ်းအေးအေးနေရသည်ကို သဘောကျ၏။

ထို့ကြောင့် သူငယ်ရွယ်စဉ်က မပီဝိုးဝါး ဖြစ်ရပ်များ
လည်း ဘယ်တော့မှ ပြန်မတွေးတော့ချေ။ မျက်မမြင်မိခ
ကြီးကိုလည်း ပြန်မမေးပါချေ။

မိုရှမ်းက သူ့ကို တောပျော်လေးဟုခေါ်သည်ကိုပင်
သဘောကျသည်။

မြို့သို့ရောက်သည့်အခါတိုင်း လူတွေနှင့် ဆက်ဆံရာ
သူ့နာမည် တောပျော်လေးဟုသာ ပြောတတ်၏။

ဝမ်ချန်ဟူသော သူ့နာမည်ရင်းကိုပင် မေ့နေပေပြီ။ သူ့
ဖခင်မှာ သွေးစက်ဝိုင်းဂိုဏ်းချုပ်ကြီးမင်ခ ဖြစ်ကြောင်းလည်း
မသိရတော့ပါချေ။

မျက်မမြင်မိန်းမကြီးကိုသာ သူ့အမေဟူသောအသိမျိုး
သူ့တွင် ရှိနေသည်။



သူ့တွင် လိုချင်တောင့်တစိတ်၊ လောဘဒေါသစိတ်လည်း
မရှိပါ။

ထို့ကြောင့်လည်း သူ့ဘဝသည် ငြိမ်းချမ်းသာယာနေ
ခြင်းဖြစ်၏။

သူသည် တောဝက်ကို ထမ်းလာရင်း လမ်းသုံးခွဆုံနားသို့
ရောက်လာ၏။

ထိုစဉ် သူ့နားထဲတွင် ပြေးလာသောခြေသံတစ်သံ ကြား
လိုက်ရ၏။

သူ့နောက်ဘက်မှ ပေါ်ထွက်လာသောခြေသံ ဖြစ်သဖြင့်
နောက်သို့ လှည့်ကြည့်၏။

မည်သူ့ကိုမျှ မတွေ့ပါချေ။

သူသည် မျက်မမြင်မိခင်ကြီး သင်ကြားပေးထားသဖြင့်
အများတကာထက် အကြားအာရုံတွင် ထက်မြက်နေ၏။

ထို့ကြောင့်လည်း အဝေးမှခြေသံကို ကြားရခြင်းဖြစ်
သည်။

ခြေသံက နီးသည်ထက် နီးလာ၏။

ဝမ်ချန်ကြည့်နေစဉ်မှာပင် တောလမ်းတစ်ကြောင်း စားရှည်
တစ်လက်ကိုကိုင်ထားသော လူတစ်ယောက် ပြေးလာသည်ကို
တွေ့ရ၏။ ပြေးလာသူ၏ကိုယ်ပေါ်တွင် ဝတ်ထားသည့်အဖြူ
ရောင်ဝတ်စုံပေါ်တွင် သွေးစွန်းနေသည်။

ဝမ်ချန်က အရေးရှိလျှင် တိုက်ခိုက်နိုင်ရန် အသင့် ပြင်
ထား၏။

ပြေးလာသူမှာ ထောင်စမ်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဝမ်ချန်၏အနီးသို့ ရောက်လျှင်ရောက်ချင်း အမော တကောနှင့် ပြောလိုက်သည်။

'ဦးလေးကို ကူညီပါ ငါ့တူရယ်၊ ဦးလေးရဲ့နောက်ကို လူဆိုးတွေ လိုက်လာနေတယ်'

ဝမ်ချန်လည်း ချက်ချင်းပင် ထောင်စမ်းကို အနားသွား ထား။

'ကျွန်တော် ဘာကူညီရမလဲ၊ ကူညီနိုင်တာဆို ကူညီပါ့ မယ်'

'ဦးလေး ဟို...ညာဘက်ကိုကွေ့ပြေးမယ်၊ လူဆိုးတွေ လိုက်လာရင် ငါ့တူက လမ်းလွှဲပေးပါ၊ ဘယ်ဘက်ကို ပြေး တယ်လို့ ပြောပေးပါ'

'စိတ်ချပါ၊ ကျွန်တော် လမ်းလွှဲပြောလိုက်မယ်'

'ကျေးဇူးပါပဲကွယ်၊ ငါ့တူရဲ့ကျေးဇူးကို မမေ့ပါဘူး'

ထောင်စမ်းက ဆက်ပြေးသွားသည်။

လမ်းသုံးခွဆုံအရောက် ညာဘက်ကို ချိုးကွေ့ကာ ဆက် ပြေး၏။

ဝမ်ချန်က သူ့ ပခုံးပေါ်မှ တောဝက်သေကို မြေပေါ်သို့ အသာချပြီး နားနေသည့်ပုံစံမျိုးဖြင့် ထိုင်နေလိုက်၏။

သူသည် မျက်မမြင်မိခင်ကြီးသင်ကြားပေးထားသောသိုင်း ပညာရပ်များကို တတ်ထားသူဖြစ်လေရာ သူ့ကို အန္တရာယ် ပြုလာမည်ဆိုလျှင် ပြန်တိုက်ရန် ဝန်မလေးပါချေ။ မည်သည့် ဘေးရန်ကိုမှလည်း ကြောက်လန့်စိတ် မရှိပါချေ။ တစ်ခဏ



အတွင်းမှာပင် ပြေးလွှားလာသောခြေသံများကို သူ နားထဲ တွင် ကြားလာရသည်။

ခြေသံကိုကြားရ၍ဖြင့် လူ လေးငါးယောက်ခန့် ရှိသည်ဟု ခန့်မှန်းမိသည်။ မကြာမီ သူသည် ပြေးလာသော ချောင်ဝူတို့ လူစုကို တွေ့ရသည်။

ဝတ်စုံနက်ဝတ်ထားပြီး အနက်ရောင် မျက်နှာဖုံးကိုယ်စီ စွပ်ထားကြသဖြင့် လူဆိုးများဖြစ်ကြောင်း သိသာသည်။ ချူ အမောဖြေသည့်ဟန်ဖြင့် မောဟိုက်ချင်ယောင်ဆောင်နေလိုက်၏။ ချောင်ဝူတို့လူစုမှာ ခြောက်ယောက် ဖြစ်၏။

သူတို့သည် ဝမ်ချန်ရှေ့အရောက်တွင် ရပ်လိုက်၏။

ချောင်ဝူတို့လူစုက....

'ဟေ့ ကောင် လူတစ်ယောက်ပြေးသွားတာ တွေ့လိုက် သလား'

ချောင်ဝူက မောက်မာခက်ထန်သောလေသံဖြင့် မေးလိုက် သောအခါ ဝမ်ချန်က အူကြောင်ကြောင် အမူအရာဖြင့် မော့ ကြည့်ကာ....

'ဗျာ...ဘာပြောလိုက်တာလဲ၊ ကျွန်တော် နားနည်းနည်း လေးနေလို့'

ချောင်ဝူက အသံမြှင့်၍ အော်လိုက်ပြန်၏။

'တယ်...ဒီကောင်ကတော့ အူကြောင်ကြောင်နဲ့၊ သေချာ မှတ်ပဲ၊ လူတစ်ယောက်ပြေးသွားတာ တွေ့မိလားလို့ မေးနေ တာကွ၊ မှန်မှန်ပြောစမ်း၊ မှန်မှန်မပြောလို့ကတော့ ခံအောင်ပဲ'

'ဟာ လူတစ်ယောက်လား၊ တွေ့လိုက်တယ် တွေ့လိုက်

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ခုနလေးကပဲ ကျွန်တော့်ရှေ့က မြတ်ပြေးသွားတာ သူ့ကိုယ်မှာလဲ သွေးတွေစွန်းနေတယ်'

'သူ ဘယ်ဘက်ကိုသွားလဲ ပြောစမ်း'

'ဟို....ဘယ်ဘက်လမ်းကိုချိုးပြီး ပြေးသွားတယ်'

ချောင်ဖိုက ခေါင်းစွပ်ကို ချွတ်လိုက်ပြီး....

'ဟော့ကောင် သေချာရဲ့လား'

'ကျွန်တော်က ဘာဖြစ်လို့ လိမ်ရမှာလဲဗျာ'

'လာတော့၊ အမှီလိုက်ကြမယ်'

ချောင်ဖိုက ပြောပြောဆိုဆို ရှေ့ကို ဆက်ပြေးလေရာ နောက်မှလူများလည်း အပြေးလိုက်သွားကြ၏။

စမ်ချွန်သည် ဘယ်ဘက်လမ်းကို ချိုးကွေ့ကာ ပြေးသွားကြသောလူစုကိုကြည့်ကာ ပြုံး၍ကျန်ခဲ့သည်။

သူသည် လူကောင်းတစ်ယောက်၏အသက်ကို လူဆိုးများ၏လက်တွင်းမှ မမင်မန်းဘဲနှင့် ကယ်တင်လိုက်နိုင်သည်ကို ကျေနပ်နေလေတော့သည်။

—+—

## အခန်း ( ၈ )

### ပျောက်သောသူ ရှာတွေ့ပြီ

စမ်းချောင်းလေးဘေးတွင် မျက်မမြင်မိုရှမ်း ထိုင်နေ၏။

သူမသည် အသက်သုံးဆယ်အရွယ်သို့ ရောက်ပြီဖြစ်သော်လည်း တောထဲတွင် စမ်ချွန်လေးနှင့် စိတ်ချမ်းသာစွာ နေခဲ့ရသဖြင့် သူမ၏ရုပ်ရည်မှာ နုပျိုလှပနေသေးသည်။

မုံမုံကုလျှိုမြောင်တွင် နေလာခဲ့သည်မှာ ကိုးနှစ်ခန့်ရှိသွားပြီဖြစ်သော်လည်း သူမ၏ရုပ်သွင်မှာ ယခင်တကဲ့သို့ပင် မပြောင်းလဲဘဲ ရှိနေသေးသည်။

သူမသည် သာယာသောစမ်းရေစီးသံကိုနားဆင်ရင်း ကြည်နူးဖွယ်ရာကောင်းသော ကျေးငှက်သာရကာတို့၏ မြည်တေးသံကိုနားထောင်ရင်း စမ်းချောင်းကလေးဘေးတွင် ငြိမ်းအေးစွာနေထိုင်နေခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမမျက်နှာအလေးက ကြည်လင်လန်းဆန်းနေသည်။

အဆိပ်တစ်ဆုပ်ကျိုးချုပ်ကြီးအဖြစ် ရပ်တည်စဉ်တုန်းက သူမ၏မျက်နှာသည် ယခုလောက် ကြည်လင်သန့်ရှင်းခြင်း မရှိချေ။

လောဘ ဒေါသ မောဟတွေ လွှမ်းနေခဲ့သည်။

ရက်စက်ကြမ်းကြုတ်မှုတွေ ဖုံးလွှမ်းခဲ့သည်။

ယခုအခါ သူမတွင် လောဘ ဒေါသစိတ်များ မရှိတော့ပါချေ။

ရက်စက်ကြမ်းကြုတ်ခြင်းသည်း မရှိတော့ပါချေ။

ထို့ကြောင့် သူမ၏မျက်နှာသည် အဖြစ်ကောင်းစွာ ကြည်လင်လန်းဆန်းနေခြင်း ဖြစ်လေသည်။ ယခင်က သူမသည် ဂူစန်းရတနာသိုက်ကို ဖော်ထုတ်နိုင်ရေးအတွက် စိတ်ဝင်စားသည်၊ ရတနာသိုက်မှ ရတနာများနှင့် ကျင်းကန်းသိုင်းကျမ်းကို ရယူပိုင်ဆိုင်လိုစိတ်ရှိခဲ့သည်။

ယခုအခါ သူမတွင် ရင်းစိတ်ဆန္ဒများ မရှိတော့ပါချေ။

သူမသည် ဓမ်ချန်ကလေးကိုခေါ်လာပြီးပြီးချင်းပင် ဆေးမင်ကြောင်ဖြင့် ရေးထိုးထားသော မြေပုံအညွှန်း တစ်ဝက်တစ်ပျက်ကို တွေ့ခဲ့ရသည်။

ပထမတွင် ရင်းမြေပုံညွှန်း ရေးထိုးထားသည်ကို သဘောပေါက်နားလည်ပါချေ။ စဉ်းစားမရပါချေ။

မြေပုံအညွှန်းမှာ တစ်ဝက်တစ်ပျက် ဖြစ်နေသောကြောင့် အဓိပ္ပာယ်ဖော်မရချေ။



နောက်မှ ရင်းဆေးမင်ကြောင်မှာ ဂူစန်းရတနာသိုက်နှင့် ပတ်သက်သော မြေပုံညွှန်းတစ်ဝက်တစ်ပျက် ဖြစ်လိမ့်မည်ဟု စဉ်းစားမိလာသည်။

ကျန်မြေပုံညွှန်းတစ်ဝက်မှာ ဓမ်ချန်၏အစ်ကို ဓမ်ရှောင်၏ ကျောတွင်လည်း ဆေးမင်ကြောင်နှင့် ရေးထိုးထားနိုင်သည်ဟု တွက်ဆမိသည်။

သို့သော် သူမသည် မုန်မုန်လျှိုမြောင်ကြီးထဲတွင် ငြိမ်းအေးစွာနေရသောဘဝကို နှစ်သက်ခုံမင်နေပြီဖြစ်၍ ဂူစန်းရတနာသိုက်ကို စိတ်မဝင်စားတော့ပါချေ။

ဓမ်ချန်ကိုလည်း ဂူစန်းရတနာသိုက်နှင့်ပတ်သက်သော အကြောင်းကို လုံးလုံးမပြောပါချေ။ သူမမျက်လုံးအစုံ ကွယ်သွားသောအခါ ဂူစန်းရတနာသိုက်နှင့်ပတ်သက်သမျှ သူမခေါင်းထဲတွင် မေ့ထားလိုက်တော့၏။

ထို့ကြောင့်လည်း သူမသည် ငြိမ်းအေးချမ်းမြေ့စွာ နေနိုင်ခဲ့ခြင်းဖြစ်လေသည်။

စမ်းရေစီးသံက သာယာစွာပေါ်ထွက်နေသည်။

မျက်မမြင်မိုရှမ်းဆီနားထဲတွင် စမ်းရေစီးသံအပြင် ခြေသံများကိုပါ ကြားလာရသည်။ လူငါးယောက် ခြောက်ယောက်ခန့် သူမဘက်သို့ ပြေးလာနေကြကြောင်း သိလိုက်သည်။

သူမ၏မျက်နှာအထားအသို လူအနေအထား ပြောင်းလဲခြင်းမရှိဘဲ နားအာရုံကို ပိုမိုစူးစိုက်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဓားတွင်ရှိနေသော တောင်ဝှေးကိုလည်း မသိမသ
ကိုင်ထားလိုက်သည်။

ပြေးလာသောခြေသံများက သူမနှင့် မလှမ်းမကမ်းတွ
ရပ်သွားသည်။

သူမက ဟန်မပျက်ပင် အေးအေးဆေးဆေးအမူအရာ
ထိုင်မြဲဆက်ထိုင်နေသည်။

* * *

ချောင်ဝုဦးဆောင်သောအဖွဲ့သည် ခေါင်စမ်းကိုမီလီမီ
နှင့် အပြေးလိုက်ခဲ့ကြရာ စမ်းချောင်းကလေးအနီးသို့ ရော
လာသည်။

ချောင်ဝုသည် စမ်းချောင်းကလေးဘေးတွင်ထိုင်နေသေ
နတ်မိမယ်မို့ရှမ်းကို တွေ့သောအခါ ဦးစွာခြေလှမ်းရပ်ထ
သွားသဖြင့် နောက်မှပြေးလိုက်လာသော သူ့လူတွေလည်
ရပ်သွားကြသည်။

ချောင်ဝုသည် နတ်မိမယ်မို့ရှမ်းကိုမြင်သည်နှင့် အံ့ဩသွာ
သည်။

သူသည် သူ၏ဆရာဖြစ်သူလိမ်ကွန်နှင့် တစ်ခါတစ်ရံ အဆေ
တစ်ရာဂိုဏ်းစခန်းသို့ လိုက်ဖူးသဖြင့် မို့ရှမ်းကို မြင်ဖူးထာ
သည်။

မို့ရှမ်းကလည်း သူ့ကိုသိသည်။



လွန်ခဲ့သောကိုးနှစ်ခန့်က သေနင်တ်ဝိုင်းဂိုဏ်းစခန်းချုပ်
ိက်ပွဲတွင် နတ်မိမယ်မို့ရှမ်း ပျောက်ဆုံးသွားခဲ့သည်။ ထို
တည်းက သူမ၏သတင်းကို မကြားရတော့ချေ။

ချောင်ဝုတို့ ဆရာတပည့်နှစ်ယောက်ကိုယ်တိုင် သူမ၏
သတင်းကိုစုံစမ်းကြသော်လည်း တစ်စွန်းတစ်စမျှပင် စုံစမ်း၍
ရကြချေ။

သူ၏ဆရာလိမ်ကွန်သည် နတ်မိမယ်မို့ရှမ်းကို အလွန်အမင်း
တ္တချင်နေကြောင်း ချောင်ဝု သိထားသည်။ ထို့ကြောင့်
ချောင်ဝုလည်း မျက်နှာရစေရန် သူ့နည်းသူ့ဟန်ဖြင့် စုံစမ်း
သည်။ သို့သော် ငွေကုန်လူပန်းသာဖြစ်ခဲ့သည်။

ယခုတော့ ချောင်ဝုသည် လုံးလုံးမျှော်လင့်မထားဘဲ နတ်
မယ်မို့ရှမ်းကို တွေ့ရလေပြီ။ နတ်မိမယ်မို့ရှမ်း၏မျက်လုံးအစုံ
မှာ ကြောင်တောင်ကွယ်ခန့်ခြင်းဖြစ်၍ ချောင်ဝုသည် မို့ရှမ်း
မျက်မမြင်ဖြစ်နေကြောင်းကိုတော့ မသိပါချေ။

နတ်မိမယ်မို့ရှမ်းသည် သူတို့လူစုထက် သိုင်းပညာ များစွာ
သာလွန်ကြောင်း သိထားသဖြင့် ရုတ်တရက်လည်း အနီးသို့
ကပ်ရဲပါချေ။

ချောင်ဝုနှင့်အတူပါလာသူများကမူ နတ်မိမယ်မို့ရှမ်းကို
မမြင်ဘူးကြပါချေ။

ထို့ကြောင့် ဆာမန်တောသူကလေးတစ်ယောက်ဟုသာ
ထင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့အချင်းချင်း တီးတိုးပြောဆိုကြ၏။

'ဟာ…ထက်ယ်ချောတဲ့အမျိုးသမီးပါလားကွ'

'အေးကွာ နတ်မိမယ်လေးလားလို့တောင် ထင်မှတ်တယ်'

'ဒီလိုအချောအလှမျိုးလေးနဲ့ တစ်ရက်လောက် ပေါ်ပေါက်ရမယ်ဆိုရင် သေပျော်ပါပြီကွာ'

'စမ်းကြည့်ပါလားကွ၊ သူက တစ်ယောက်တည်းပဲ'

ချောင်ဝိုက သူလူများကို တိတ်တိတ်နေရန် လက်ကာ[illegible]လိုက်၏။

ပြီးမှ နတ်မိမယ်မိုရှမ်းနှင့် ဆယ်ပေခန့်အကွာအဝေးထိ [illegible] လျှောက်သွား၏။

အကြားအာရုံထက်မြက်လှသော မိုရှမ်းသည် ချောင်ဝို[illegible] နောက်လိုက်များ ပြောနေသောစကားများကို အတိုင်းသား[illegible] ကြားရသည်။

ထို့ကြောင့် လူကောင်းများ မဟုတ်ကြောင်းလည်း [illegible] လိုက်သည်။

သူမသည် မှုံမှိုင်းကုလျှိမြောင်ထဲကို ရောက်လာကတည်း[illegible] တိုက်ခိုက်သတ်ဖြတ်ခြင်း အမှုကို လုပ်လိုစိတ် မရှိတော့[illegible] သူမသည် သိုင်းပညာရပ်များကို တီထွင်လေ့ကျင့်ခဲ့ခြင်း[illegible] ဝမ်းချုန်ကို သင်ကြားပေးလိုသောကြောင့်ဖြစ်၏။

သူမကိုယ်တိုင်က လွန်ခဲ့သော ကိုးနှစ်ကထက် သိုင်းပညာ[illegible] ပိုမိုတိုးတက်လာခဲ့သည်။ သူမ တီထွင်လေ့ကျင့်ထားသော[illegible] မျက်ကန်းသိုင်းမှာ ပိုမိုထိရောက်မှုရှိလေ၏။



သူမသည် သူ့အနီးသို့ လူတစ်ယောက် ရောက်လာသည်ကို အကြားအာရုံဖြင့် သိသော်လည်း မသိဟန် ဆောင်နေလိုက်သည်။

ချောင်ဝိုသည် သူတို့လူစုကို အခုထက်တိုင်အောင် လှည့်မကြည့်ဘဲ ငြိမ်နေသဖြင့် စိတ်ထဲတွင် သက်မကောင်း ဖြစ်လာသည်။

သူမ၏လက်ထဲတွင် တောင်ဝှေးကိုင်ထားသဖြင့် သက်သာမကောင်း ဖြစ်သွားရခြင်းပင်။

သူသည် လွန်ခဲ့သောကိုးနှစ်က မျက်ခုံးဖြူအိုးတို့၊ လျူကျူ၏စကားချက်ဖြင့် နတ်မိမယ်မိုရှမ်း ဒဏ်ရာရသွားသည်ကို သတိရလိုက်မိ၏။

ထိုဒဏ်ရာဖြင့်ပင် မိုရှမ်း မျက်လုံးကွယ်သွားလေသလားဟု တွေးမိသည်။

'အဟမ်း'

တိတိကျကျသိနိုင်ရန် ချောင်ဝိုက ချောင်းဟန့်သံပေးလိုက်ပြီး စတင် စကားဆိုသည်။

'ဒီမှာ ခင်ဗျား ဒီနားက လူတစ်ယောက်ဖြတ်ပြေးသွားတာ တွေ့လိုက်မိသလား'

မိုရှမ်းသည် ယခုရောက်လာကြသည့်လူစုမှာ ယောကျ်ားသားများသာဖြစ်ကြပြီး လူဆိုးများ ဖြစ်လိမ့်မည်ဟုလည်း တွေးမိ၏။

ထို့ကြောင့် သူမ မျက်စိမမြင်ကြောင်းကို ထိုလူစု သိမှာကိုလည်း မလိုလားပေ။

www.burmeseclassic.com

www.burmeseclassic.com



သူမက စကားသံထွက်ပေါ်လာရာဆီကို မျက်နှာတစ်ချက် လှည့်လိုက်ပြီး ခပ်အေးအေးပင် ပြန်ပြော၏။

'ဟင့်အင်း၊ ကျွန်မ မတွေ့မိပါလား၊ ရှင်တို့က ဘယ်သူတွေလဲ'

ချောင်ဝုက သူ့ကို မမှတ်မိ၍မေးလိုက်ခြင်း ဖြစ်သလားဟု တွေးမိသည်။ သို့သော် မိုရှမ်းမှာ မျက်တောင်မခတ်ဘဲ ရှိနေသဖြင့် ကြောင်တောင်ကန်း ဖြစ်နေသလားဟု တွေးမိပြန်၏။

သူက လက်ထဲမှဓားကို အသာမြှောက်ပြီး သူမ၏မျက်နှာကို ထိုးမည့်ဟန် ရွယ်လိုက်သည်။ ချောင်ဝု၏လှုပ်ရှားမှုက ဖြည်းလေးညင်သာလှသဖြင့် မိုရှမ်း မကြားရချေ။

ထို့ကြောင့် ငြိမ်မြဲငြိမ်၍ လေသံအေးအေးဖြင့်ပင် ထပ်ပြော၏။

'ရှင်တို့ သွားကြပါတော့၊ ကျွန်မဘာသာ အေးအေးဆေးဆေး နေပါရစေ'

မိုရှမ်းမှာ ကြောင်တောင်ကန်းဖြစ်နေကြောင်း သေချာသွားသဖြင့် ချောင်ဝုက စိုးရိမ်စိတ် အနည်းငယ် ပျောက်သွားသည်။

မိုရှမ်းကို ဖမ်းခေါ်၍ရလျှင် သူ့ဆရာလိမ်ကွန်ထံသို့ ခေါ်သွားလိုစိတ် ဖြစ်ပေါ်လာသည်။ သူမသည် မျက်လုံးကွယ်နေပြီဖြစ်သော်လည်း သူတို့လူစုနှင့် နိုင်မနိုင် သိချင်သည်။

စမ်းကြည့်ရန် ဆုံးဖြတ်ချက်ချကာ သူ့လူတွေကို လှည့်ပြီး 'တာဝေ'ဟု ခေါ်လိုက်၏။ တာဝေဆိုသူသည် သူတို့အထဲတွင် သူပြီးလျှင် သိုင်းပညာအဆင့်မြင့်ဆုံးဖြစ်၏။



သူက တာဝေကို လက်ဟန်ခြေဟန်ဖြင့် မိန်းမချောလေးမှာ မျက်စိမမြင်ကြောင်း၊ နိုင့်ထက်စီးနင်း လုပ်လိုက လုပ်နိုင်ကြောင်း အချက်ပြလိုက်၏။

တာဝေက ချောင်ဝု၏ဆိုလိုချက်ကို သဘောကျသွား၏။

သူတို့လူစုထဲတွင် တာဝေသည် မိန်းမအလိုက်စားဆုံး ဖြစ်သည်။ အဘောတူညီခြင်းမရှိသော မိန်းကလေးများကိုလည်း အနိုင်ကျင့်ခဲ့သူဖြစ်၏။

တကယ်တော့ ချောင်ဝုက သူ့ကို အစမ်းသပ်ခံအဖြစ် လွှတ်လိုက်ကြောင်းကို တာဝေ မသိပါ။ တာဝေသည် သွားအဖြီးသားနှင့် နတ်မီမယ်မိုရှမ်းထံသို့ လျှောက်သွား၏။

• • •

မိုရှမ်းသည် သူမအနီးကပ်သို့ လူတစ်ယောက် ရောက်လာကြောင်း သိရသဖြင့် စိတ်ညစ်သွားတော့သည်။

ခုခံတိုက်ခိုက်မှုကို လုပ်ရတော့မည်ဟု သိလိုက်ရသောကြောင့်ဖြစ်၏။

လွန်လွန်ကျူးကျူး မဖြစ်သရွေ့ သည်းခံနေလိုက်မည်ဟု ဆုံးဖြတ်ထားသည်။

တာဝေက ဦးစွာမိုရှမ်းမျက်စိရှေ့တွင် လက်ဝါးကို အသာယမ်းကြည့်သည်။ မိုရှမ်း မျက်တောင်ခတ်ခြင်း မပြုပါချေ။

မျက်စိမမြင်ကြောင်း သေချာသွားတော့ ပို၍ သဘောကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူပြုသမျှ နုရတော့မည့်သူဟု တွက်ဆမိလိုက်သောကြောင့် ဖြစ်သည်။

တာဝေက စိတ်မကောင်းသောလေသံမျိုးဖြင့် ပြောလေသည်။

'ခြော်....ညီမက မျက်စိမမြင်ရှာဘူးကိုး၊ ဒါပေမယ့် အားမငယ်ပါနဲ့ ညီမရယ်၊ အစ်ကို ညီမကို စေတနာအပြည့်နဲ့ စောင့်ရှောက်ပါမယ်'

ပြောပြောဆိုဆို တာဝေက နုတ်မိမယ်မို့ရှမ်းလက်တစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

မို့ရှမ်းက သူမလက်ကို ဆောင့်ရုန်းလိုက်ကာ...

'အို...ကျွန်မလက်ကို မကိုင်ပါနဲ့၊ ကျွန်မကို မျက်မမြင်ဆိုပြီး စော်ကားမယ်မကြံနဲ့'

မိန့်မောမို့ရှမ်း၏ အပြုအမူအပြောအဆိုက သိုင်းပညာမတတ်သောတောတွင်းသူကလေးနှင့်တူနေသည်ဟု ကြောင့် တာဝေသည် ပို၍ရဲတင်းသွားပြီး မို့ရှမ်း၏ပခုံးနှစ်ဖက်ကို ဖက်လိုက်ကာ ရယ်သွမ်းရွှံ့ပြောလေသည်။

'ဟဲ....ဟဲ....ဟဲ....မစော်ကားပါဘူး ညီမရယ်၊ အစ်ကိုက ညီမကို ချစ်လို့ပါ၊ အစ်ကို့နောက်ကိုသာ လိုက်ခဲ့၊ ညီမကို ချမ်းချမ်းသာသာထားမယ်'

'ရှင် လွှတ်ပေး....လွှတ်'

မို့ရှမ်း ခံပြင်းဒေါသဖြစ်လာပြီး ရုန်းရင်းအော်သည်။

'မလွှတ်ဘူး....မလွှတ်ဘူး၊ ညီမကိုချစ်ပြီးမှ လွှတ်မယ်'

'အား....အီး'



'အင့်....အားရှီး'

တခဏအတွင်းမှာမင်ချောင်ဝုန်၏နောက်လိုက်လေးယောက်စလုံး လူတခြားခေါင်းတခြားဖြစ်ကာ လဲကျကုန်သည်။

သူတို့ခေါင်းချက်က မို့ရှမ်း၏အကျီစကိုစင် မှုထိမိကြပါချေ။ အားလုံး ကြောက်ရွံ့ ထိတ်လန့်ကုန်သည်။

သူတို့ကို မျက်မမြင်အမျိုးသမီးက သတ်ပစ်မည်ဆိုလျှင် သတ်နိုင်ကြောင်း သိသွားကြ၏။

ချောင်ဝုလည်း မို့ရှမ်း၏သိုင်းပညာမှာ လွန်ခဲ့သောကိုးနှစ်ကထက် ပို၍ထက်မြက်လာကြောင်း သိရပြီးဖြစ်၍ ထိတ်လန့်တုန်လှုပ်သွားသည်။

သူမ၏စိတ်ထားသည်း ခက်ထန်ခြင်းမရှိဘဲ နူးညံ့ပျော့ပျောင်းနေကြောင်းသည်း သတိထားမိသည်။

မို့ရှမ်းက အေးစက်စက်လေသံဖြင့် ပြောလိုက်သည်။

'ကျွန်မကို မျက်စိမမြင်ဘူးဆိုပြီး ဗိုလ်လုပ်စမ်းလို့မရဘူး၊ ကျွန်မ အရင်လိုစိတ်မျိုးနဲ့သာဆိုရင် ရှင်တို့အားလုံး သေကုန်ပြီ၊ အခုတော့ မှတ်လောက်သားလောက်ရုံပဲ ဆုံးမလိုက်တယ်၊ အဲ....ထပ်ပြီး နှောင့်ယှက်လာဦးမယ်ဆိုရင်တော့ ရှင်တို့ကို အသတ်ပဲ၊ ရှင်တို့အားလုံး ကျွန်မနားက မြန်မြန်ထွက်သွားကြ၊ ကျွန်မအားပြန်လာရင် ရှင်တို့အားလုံး သေကုန်ကြလိမ့်မယ်'

သူမ၏နောက်ဆုံးစကား ကြားရသောအခါ ချောင်ဝုလည်း သူမနှင့်အတူ သေးကော်ဝိုင်းဂိုဏ်းချုပ်ကြီး ဝမိခ၏ သား

www.burmeseclassic.com

www.burmeseclassic.com



ငယ် ဝမ်ချန်မှာ သူမနှင့်အတူရှိနေဒေသကြောင်း သိသွားသည်။

ချောင်ဝုသည် မိုရှမ်းကို မမျှော်လင့်ဘဲတွေ့လိုက်ရသဖြင့် ထောင်စမ်းထဲမှ ရတနာများလိုက်လုရမည့်ကိစ္စကိုပင် အရေးမထားတော့ပါချေ။

ရတနာများထက် သူ၏ဆရာလိမ်ကွန်ထံ မိုရှမ်းသတင်းကို ပေးပို့နိုင်ရန် ပို၍အရေးကြီးနေသည် မဟုတ်ပါလား။

'ဟေ့ ကောင်တွေ....လာကြ၊ သွားကြမယ်'

ချောင်ဝုက ပြောပြောဆိုဆို လှည့်ထွက်သောအခါ သူ့လူများလည်း နောက်မှ ဖယ်ီးဖယိုင်ဖြင့် လိုက်လာခဲ့ကြသည်။

သူတို့လူစု အခြေမလှဘဲဆုတ်ခွာခဲ့ကြရသော်လည်း မိုရှမ်းနှင့်ဝမ်ချန်တို့ရှိနေသည့်ဒေသကို သိခဲ့ရပြီဖြစ်၍ ချောင်ဝုစိတ်ထဲတွင် များစွာကျေနပ်နေတော့၏။

=+=

BURMESE CLASSIC

# အခန်း ( ၉ )

## ငြိမ်းချမ်းစွာ

သံမဏိကျားပွတ်ရှင် လိမ်ကွန်သည် သူ၏စံအိမ်အတွင်း သီးသန့်အဆောင်ထဲတွင် သူ၏လူယုံတော်ကျူဖုံးနှင့် တိုင်ပင်စီစဉ်လျက်ရှိနေသည်။

'နောက်တစ်နှစ် နှစ်နှစ်အတွင်း ငါဟာ ယက္ခဂိုဏ်းကြီးကို ထင်ထင်ပေါ်ပေါ် ပြန်ပြီးဖွဲ့စည်းနိုင်ပြီကွ၊ ငါဟာ ပျက်စီးပြိုကွဲသွားတဲ့ ယက္ခဂိုဏ်းကြီးကိုပဲ အင်အားအတောင့်တင်းဆုံးဖြစ်အောင် ပြန်ပြီးဖွဲ့စည်းမယ်၊ ငါက ယက္ခဂိုဏ်းချုပ်ကြီးအဖြစ် ခံယူမယ်၊ ဒီတော့မှ ငါဟာ ဒုစရိုက်ခေါင်းဆောင်ကြီးအဖြစ် ထင်ထင်ပေါ်ပေါ် လှုပ်ရှားဆောင်ရွက်မယ်'

www.burmeseclassic.com

www.burmeseclassic.com



လူယုံတော်ကုဖုံးသည် သိုင်းပညာထက်မြက်ခြင်း မရှိလှ သဖြင့် တိုက်ပွဲများတွင် ဝင်ရောက်တိုက်ခိုက်ခြင်း မပြုပါချေ။

သို့သော် သူသည် ဉာဏ်စွမ်းဉာဏ်စရှိသူဖြစ်၍ လိမ်ကျန်က သူ့ကို အတိုင်ပင်ခံ လူယုံတော်အဖြစ် ထားရှိခြင်းဖြစ်လေသည်။

လူယုံတော်ကုဖုံးက ကျိုးနွံလေးစားစွာ ပြန်ပြောသည်။

'အခုလဲ ဆရာစုဆောင်းထားတဲ့ ငွေကြေးအင်အားနဲ့ဆိုရင် ဆရာ့အနေနဲ့ ယက္ခဂိုဏ်းကြီးကို တည်ထောင်လို့ရလောက်ပါပြီ ဆရာ'

'မှန်းပြောသလို အခုပဲ ယက္ခဂိုဏ်းကို တည်ထောင်မယ် ဆိုရင်တော့ ရပါတယ်၊ ဒါပေမယ့် အင်အားတောင့်တင်းတဲ့ ဂိုဏ်းကြီးအဖြစ်တော့ တည်ထောင်နိုင်မှာ မဟုတ်သေးဘူး။ ဒါက ယက္ခဂိုဏ်းကြီးကို တည်ထောင်မယ်ဆိုရင် သိုင်းလောကသားတိုင်း အလေးထားကြောက်ရွံ့ရမယ့် ထိပ်တန်းဂိုဏ်းကြီး အဖြစ်ပဲ တည်ထောင်ချင်တာ၊ နောက်ထပ်နှစ်နှစ်လောက်ဆို လိုအပ်တဲ့ငွေကြေးအင်အားကို ရပါပြီ၊ ချောအလျာ မိုဖန်းကိုလဲ ငါပိုင်ဆိုင်ပါပြီ'

လူယုံတော်ကုဖုံး အူမြူးသွားသည်။

'ဟား....ဟား....ဟား၊ အဆိပ်တစ်ရာဂိုဏ်းချုပ် မိုဖန်းကို ဆရာ ပိုင်လို့ဆိုတော့ အဆိပ်တစ်ရာဂိုဏ်းကိုလဲ ပိုင်ပြီပေါ့၊ ဒီလိုပိုင်လိုက်တော့ ဆရာတည်ထောင်မယ့်ဂိုဏ်းကြီးဟာ အင်အား တောင့်တင်းသထက် တောင့်တင်းသွားပြီပေါ့ဆရာ။ အဆိပ်တစ်ရာဂိုဏ်းကိုပိုင်လို့ကတော့ ဆရာ့အနေနဲ့ ငွေအင်အားတောင် ထပ်မလိုတော့ပါဘူး၊ ယက္ခဂိုဏ်းကြီးကို တည်ထောင်လို့ ရပါပြီ၊ မိုဖန်းကိုသာ ပိုင်အောင် ကြိုးစားပါ ဆရာ'



'ဟဲ....ဟဲ....ဟဲ၊ ပိုင်ရမှာပေါ့ကွာ၊ ပိုင်ရမှာပေါ့ အခုတောင် ငါ့ရဲ့ညှတ်ကွင်းထဲ တဖြည်းဖြည်း ရောက်လာနေပါပြီ'

'ကျွန်တော်လဲ ဆရာ့ရဲ့အမိန့်စကားအတိုင်း ထက်မြက်တဲ့ သိုင်းသမားအင်အား အတော်များများကို စည်းရုံးသိမ်းသွင်းထားပါတယ်၊ သူတို့ဟာ ယက္ခဂိုဏ်းကြီး တည်ထောင်တဲ့အခါမှာ အမာခံတွေ ဖြစ်လာကြမှာပါ'

'ကောင်းတယ်ဟေ့၊ ငွေကိုလဲ လိုအပ်သလောက်သာ ထုတ်သုံးတော့၊ ချောင်ဝုတို့ ပြန်လာရင် ရွှေလျှံ သုံးသိန်းကျော်ဖိုး တန်ဖိုးရှိတဲ့ ရတနာတွေ ပါလာဦးမှာကွ'

'ချောင်ဝုတို့လူစု ဒီနေ့မနက်တော့ ပြန်ရောက်ကောင်းပါရဲ့ဆရာ'

'ရောက်မှာပေါ့ကွ၊ ခက်ခက်ခဲခဲကြီးလုပ်ရမယ့် အလုပ်မျိုးမှ မဟုတ်တာ'

'ဆရာလိမ်ကျန်....ဆရာလိမ်ကျန်'

ထိုစဉ် အပြင်ဘက်မှ အသံပြု၍ ဆီးအန့်ခန်းအတွင်းသို့ ချောင်ဝု အပြေးရောက်လာ၏။ သူ၏အမူအရာက ဝမ်းသာအယ်လဲရှိနေ၏။ မြူးရွှင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟော....ပြောရင်းဆိုရင်း ချောင်ဝု ပြန်ရောက်လာပြီ'

လိမ်ကွန်လည်း ရွှင်မြူးသွား၏။

ချောင်ဝု၏အမူအရာကို ကြည့်၍ သူခိုင်းလိုက်သောကိ အောင်မြင်ခဲ့ပြီဟု သေချာပေါက် တွက်ဆလိုက်သည်။

သူက ရွှင်ရွှင်မြူးမြူးပင် မေးလိုက်၏။

'ဘယ့်နှယ်လဲချောင်ဝု၊ မင်းတို့ လွယ်လွယ်နဲ့ အောင်မြ ခဲ့ကြတယ်မဟုတ်လား'

ချောင်ဝုသည် ချက်ချင်း ဘာပြန်ပြောရမှန်းမသိ ဖြ သွား၏။

သေချာပေါက်တွက်ထားသော လိမ်ကွန်အား ထပ်ပြောပြ သည်။

'ချောင်ဝု ရတနာသေတ္တာရော ဘယ်မှာလဲ'

လိမ်ကွန်က အပိုင်မေးနေသဖြင့် ချောင်ဝုလည်း ပြန်ဖြေ ရတော့၏။

'ဒီလိုပါဆရာ၊ ကျွန်တော်တို့ ရတနာသေတ္တာကိုတော့ ရမလာပါဘူး'

လိမ်ကွန်၏မျက်နှာ တစ်မုဟုတ်ချင်း ညှိုးသွားသည်။

'ဘာကွ....ရတနာသေတ္တာ ရမလာခဲ့ဘူး ဟုတ်လား၊ ကျော့ယှမ်ချောထောက်အဖွဲ့နဲ့ မတွေ့လို့လား၊ ငါက ခိုင်လုံတဲ့ သတင်းကိုရထားတာပဲ၊ လွဲချော်စရာ အကြောင်းမရှိပါ ဘူး'

'ဆရာရထားတဲ့ သတင်းအတိုင်းပဲ၊ ကျော့ယှမ်ချောထောက် အဖွဲ့နဲ့ ကျွန်တော်တို့ တွေ့ပါတယ်၊ သူတို့အင်အားဟာ ထောင်



း အပေါ်အဝင်မှ ငါးယောက်ပဲ၊ ကျွန်တော်တို့ ဝိုင်းတိုက် တော့ ထောင်စမ်းရဲ့နောက်လိုက်လေးယောက် သေကုန် ပါတယ်၊ ကျွန်တော်တို့ဘက်က လေးယောက် ကျဆုံးသွား ပါတယ်'

'အိုကွာ ဒါတွေ ငါ မသိချင်ဘူး၊ ဘယ်သူပဲသေသေ ငါ ဂရုမစိုက်ဘူး၊ မင်းတို့တွေ အင်အားများလျက်နဲ့ ရတနာ သေတ္တာကို ဘာကြောင့်ရမလာတာလဲဆိုတာပဲ သိချင်တယ်'

လိမ်ကွန် ဒေါသထွက်နေမှန်းသိသဖြင့် ချောင်ဝုလည်း တီထားပြီး ဖြေ၏။

'ထောင်စမ်းဟာ ယိုင်ပညာ တော်တော်လေး ထက်မြက် ပါတယ်ဆရာ၊ ကျွန်တော်တို့တစ်တွေ သူ့ကို ဇာတ်ရှုပ်အောင် င်းတိုက်နိုင်ကြမယ့် သူဟာ ရတနာသေတ္တာကို အပေါ် ပြီး ကိုယ်လွတ်ရုန်း ထွက်ပြေးသွားပါတယ်'

'မင်းတို့ ဒီလောက်အောင် ညံ့ရသလားကွ၊ ညံ့ဦးကွ.... ညံ့ဦး'

'ဘုန်း....ဘုန်း'

'အင့်'

လိမ်ကွန်သည် ဒေါသဖြစ်သွားပြီး ခြေနှစ်ဖက်ဖြင့် ကန် လေရာ ချောင်ဝု လဲကျသွားသည်။

'ဒီကောင် ထွက်ပြေးသွားတာကို မလိုက်ဘဲ မင်းတို့ ဒီအတိုင်း ငြိမ်နေကြသလား၊ ဒီကောင့်ဆီက ရတနာသေတ္တာ ကို လိုက်မလုကြဘူးလား'

ချောင်ဝုသည် လူးလဲထပြီး ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့လိုက်ကြပါတယ်ဆရာ၊ ထောင်စမ်းကို အ
လိုက်ပြီး ရတနာတွေကို လုယူမယ်ဆိုရင်လဲ ရနိုင်ပါတယ်၊ ဒါ
ပေမယ့် ရတနာသေတ္တာရဲ့ထက် ပိုပြီးအရေးကြီးတဲ့ အမျိုး
သမီးတစ်ယောက်နဲ့ တွေ့ခဲ့ရလို့ ကျွန်တော်တို့တွေ ထော
စမ်းနောက်ကို မလိုက်တော့တာပါ၊ ဒီအမျိုးသမီးဟာ ဆရာ့
အတွက် ရတနာတွေထက် ပိုပြီး တန်ဖိုးရှိပါတယ်'

လိမ်ကွန် မျက်မှောင်ကြုတ်သွားပြီး....

'ဘယ်သူလဲကွ၊ ဘယ်ကအမျိုးသမီးလဲ'

'ဆရာသိပ်ပြီးတွေ့ချင်နေတဲ့ နတ်မိမယ်မို့ရှမ်းကို ကျွန်တော်
တွေ့ခဲ့ပါတယ်ဆရာ'

လိမ်ကွန် လွန်စွာအံ့ဩသွားသည်။

စိတ်လှုပ်ရှားခြင်းလည်း ဖြစ်သွားသည်။

'ဘာ....မို့ရှမ်းကို မင်း တွေ့ခဲ့တယ် ဟုတ်လား'

'ဟုတ်ပါတယ်ဆရာ၊ နတ်မိမယ်မို့ရှမ်းကို အသက်ရှင်လျက်
တွေ့ခဲ့ပါတယ်'

'ဘယ်မှာတွေ့ခဲ့တာလဲ'

'မုံမုံ ကုလျှိုမြောင်ကြီးထဲမှာ တွေ့ခဲ့တာပါ၊ မို့ရှမ်းအ
အဲဒီမှာ ဇာတ်မြှုပ်ပြီး နေပါတယ်၊ သူနဲ့အတူ သေးစက်ဝိုင်
ဂိုဏ်းချုပ်ကြီး ဇမ်ခရှိသား ဝမ်ချုန်လဲ ရှိနေပါတယ်'

'ဟင်...ဝမ်ချုန်ကိုပါ မင်းတွေ့ခဲ့သလား'

'နတ်မိမယ်မို့ရှမ်းနဲ့မတွေ့ခင် ကျွန်တော်တို့တွေ လမ်းမှာ
အသက်ဆယ့်လေးနှစ် ဆယ့်ငါးနှစ်လောက်ရှိတဲ့ ကောင်လေး



တစ်ယောက်နဲ့ တွေ့ခဲ့ကြပါသေးတယ်၊ ဒီကောင်လေးဟာ
ဝမ်ချုန်ဖြစ်လိမ့်မယ်လို့ ယူဆရပါတယ်'

လိမ်ကွန်၏မျက်နှာ ကြည်ကြည်လင်လင်ဖြစ်လာသည်။

'မို့ရှမ်းကလဲ မင်းကိုမြင်မြင်ချင်း မှတ်မိမှာပေါ့၊ ဝမ်ချုန်နဲ့
အတူပါသွားတဲ့ရတနာသိုက်မြေပုံအကြောင်းကော မင်း သိခဲ့
ရသေးသလား'

'နတ်မိမယ်မို့ရှမ်းဟာ ကျွန်တော့်ကို ဘယ်သူဘယ်ဝါမှန်း
မသိပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူဟာ မျက်မမြင်အဖြစ်ကို
ရောက်နေပါပြီ'

'ဟေ....ဟုတ်လား၊ အဘိုးကြီးလျုကျုလက်ချက်ကြောင့်
သူ့မျက်လုံးကန်းသွားတာပဲ ဖြစ်ရမယ်ကွ၊ ဒါဆိုလဲကွာ
သူ့ကို မင်းတို့လူအင်အားနဲ့ တစ်ပါတည်း ငါဆီခေါ်လာကြ
ရောပေါ့'

ချောင်ဝု ခေါင်းကိုခါယမ်းလိုက်ပြီး....

'မရဘူး ဆရာ၊ ကျွန်တော်တို့လဲ သူ့ကိုခေါ်လာနိုင်ဖို့
ကြိုးစားကြပါသေးတယ်၊ ဒါပေမယ့် သူဟာ မျက်ကန်းအဖြစ်
ရောက်နေတာတောင် အလျင်ကထက်ပိုပြီး သိုင်းပညာ ထက်
မြက်နေပါသေးတယ်၊ ကျွန်တော်တို့အားလုံး သူ့လက်ချက်နဲ့
သေမကျန်တာ ကံကောင်းတယ်'

'ဟော...ဟုတ်လားကွ၊ ကဲ...မို့ရှမ်းနဲ့ ဘယ်လိုတွေ့တယ်၊
ဘယ်လိုဖြစ်ပျက်ခဲ့တယ်ဆိုတာ အသေးစိတ် ပြောစမ်းပါဦး
ချောင်ဝု'

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ ဇချောင်ဝလည်း ဆောင်စမ်းနေ့ဇက်သို့ သူတို့ တစ်ခေါ့လိုက်ခဲ့ကြရာမှ ဦးစွာဝမ်ချုန်နှင့်တွေ့ခဲ့ကြပုံ၊ ထို့နောက် ဆက်လိုက်ကြရာတွင် စမ်းချောင်းကလေးအနီး၌ မိုရှမ်းနှင့် တွေ့ဆုံဖြစ်ပျက်ခဲ့ရပုံတို့ကို အသေးစိတ်ပြောပြလိုက်လေသည်။

လိမ်ကွန်လည်း သေချာစွာနားထောင်ပြီးမှ မှတ်ချက်ချ သည်။

'အင်း...မိုရှမ်းတာ သူ့သားရောက်လာရင်လို့ ပြောတဲ့ အတွက် သူနဲ့အတူ ဝမ်ချုန်ရှိနေတာသေချာပြီ၊ မင်းတို့တွေ့ခဲ့တဲ့ ကောင်လေးဟာလဲ ဝမ်ချုန်ပဲဖြစ်နိုင်တယ်၊ မိုရှမ်းရဲ့စကားအရ ဝမ်ချုန်ဟာလဲ သိုင်းပညာ အတော်ထက်မြက်မြက် တတ်နေလိမ့် မယ်'

ဟုတ်ကဲ့ယ် ဆရာ၊ ဒါကြောင့်လဲ မိုရှမ်းက သူ့သားလာ ရင် ကျွန်တော်တို့တစ်တွေ သေကုန်လိမ့်မယ်လို့ ပြောတာ ပေါ့'

'ကဲ...ကဲ...မင်း အနားယူပေတော့ ချောင်ဝူ၊ ရတနာတွေ ရမလာပေမယ့် မင်းကို ငါ အပြစ်မတင်တော့ဘူး၊ အေး... မိုရှမ်းကို အလိမ္မာသုံးပြီး တွေ့လာခဲ့တဲ့အတွက် မင်းကိုချီးကျူး ပါတယ်၊ အေး...မင်းပြောသလို ငါ့အတွက် ရတနာတွေထက် မိုရှမ်းက အရေးကြီးတယ်၊ မိုရှမ်းနဲ့ဝမ်ချုန် ဘယ်မှာရှိနေတယ် ဆိုတဲ့သတင်းဟာ ရတနာတွေထက်ပိုပြီး အဖိုးတန်တယ်၊ ဘာ ဖြစ်လို့လဲဆိုတော့ ငါတို့ဟာ ဝုဒစမ်းရတနာသိုက်ကို ဖော်



ထုတ်ဖို့ လမ်းစရလာပြီကိုးကွ၊ ဝုဒစန်းရတနာသိုက်ကို ဖော် ထုတ်နိုင်လို့ကတော့ ငါ အည်တောင်မယ့် ယကျွဂိုဏ်းက ဘယ် သူမှ မော်ကြည့်ရဲတော့မှာမဟုတ်ဘူး၊ ဟား...ဟား...ဟား'

* * *

မုံမုံ ကုလျှိမြောင်ဒေသမှာ အေးချမ်းသာယာစွာ ရှိနေ သည်။

မျက်မမြင်မိုရှမ်းသည် သူမတို့နေထိုင်သော လိုဏ်ဂူကြီး ရှေ့ရှိ ကျောက်တုံးကြီးပေါ်တွင်ထိုင်ကာ စဉ်းစားခန်း ဝင်နေ သည်။

သူမသည် မုံမုံ ကုလျှိမြောင်တွင် နေထိုင်ခဲ့သည်မှာ ကိုး နှစ်ကျော် ရှိသွားလေပြီ။

ထိုနှစ်ကာလများအတွင်း သူမတို့အားအမိသည် မည်သူ နှောင့်ယှက်မှုကိုမှမခံရဘဲ အေးချမ်းသာယာစွာ နေခဲ့ကြရ သည်။

လွန်ခဲ့သောခုနစ်ရက်ခန့်က လူတစ်ယောက်၏နှောင့်ယှက် ခြင်းကို ခံခဲ့ရသည်။

ထိုအဖြစ်က သူမ၏စိတ်ကို ယခုထက်တိုင်အောင် အနှောင့် အယှက် ဖြစ်နေမိသည်။

ထိုလူစုမှာ လူဆိုးများဖြစ်ကြောင်း၊ သူမ သိလိုက်သော် သည်း မည်သူမည်ဝါမှန်း မသိရသဖြင့် စိတ်ထဲတွင် မချင့် မရဲ ဖြစ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူစုသည် သူ့ကိုမိုရှမ်းမှန်း သိသွားကြပြီလားဟုလည်း
စိုးရိမ်မကင်း ဖြစ်မိသည်။

ထိုလူစုကသာ သူ့ကိုမိုရှမ်းမှန်းသိသွားပါက သိုင်းလော
ကတွင် သတင်းပြန့်သွားပေတော့မည်။

ထိုအခါ ငြိမ်းအေးစွာနေရသော သူမတို့သားအမိ အ
မှာလည်း အန္တရာယ်တွေ ပေါ်ပေါက်လာမည်။ ဝမ်ချန်လေ
စိတ်အနှောင့်အယှက်ဖြစ်မည်စိုး၍ သူသည် ထိုလူစုနှင့် ကြုံ
ဆည့်အဖြစ်ကို ဖွင့်မပြောချေ။

ဝမ်ချန်ကသာ လူကောင်းတစ်ယောက်၏အသက်ကို မယ
ပန်းဘဲနှင့် ကယ်တင်ခဲ့ကြောင်း၊ လူဆိုးခြောက်ယောက်
လမ်းလွှဲလိုက်ကြောင်း ပြန်ပြောသဖြင့် ၎င်းလူဆိုးခြော
မှာ သူမကို အနှောင့်အယှက်ပေးခဲ့သူများဖြစ်ကြောင်း သူ
သိရသည်။

ယခုအခါ ဝမ်ချန်မှာ မြို့ပေါ်သို့ အရောင်းအဝယ်
သွားနေသဖြင့် မုံမုံကုလျှိမြောင်တွင် ရှိမနေဘဲ သူမ တ
ဦးတည်း ရှိနေ၏။

သူမသည် ခါတိုင်းလို ပေါ့ပေါ့ဆဆမနေတော့ဘဲ အ
အမြဲ သတိဖြင့်နေ၏။

သူမ ထိုင်နေသည့်ဝန်းကျင်တွင် လေညင်းတိုက်ခတ်သံမျ
သာ ပေါ်ထွက်နေ၏။

သူမသည် အတွေးနယ်ချဲ့နေသော်လည်း အနီးအာရုံ
အကြားအာရုံက နိုးကြားနေသည်။



ထို့ကြောင့် သူမနားထဲတွင် သူ့ထံ ချဉ်းကပ်လာသော
ခြေသံကို ကြားနေရ၏။

မိုရှမ်းက သူ၏ဘေးနားမှတောင်ဓားကို ဆွဲကိုင်လိုက်ပြီး
ကျောက်တုံးပေါ်မှ လှစ်ခနဲ ခုန်ဆင်းလိုက်၏။

လေသံဆတ်ဆတ်ဖြင့် မေးလိုက်၏။

'ဘယ်သူလဲ...ရပ်လိုက်'

ခြေသံလည်း ရုတ်ခြည်း ရပ်သွား၏။

ချက်ချင်းပင် ချိုသာစွာပြောလိုက်သောစကားသံ ပေါ်
လာ၏။

'အစ်ကိုပါ မိုရှမ်းရယ်၊ မိုရှမ်း သိပ်ပြီးချစ်တဲ့ အစ်ကိုပါ'

ထိုအသံကို ကြားရသောအခါ မျက်မမြင်မိုရှမ်း လွန်စွာ
ပြုံးသွား၏။

စိတ်တွေလှုပ်ရှားသွားသည်။ အသံကို ရုတ်တရက် မမှတ်မိ
သော်လည်း လိမ်ကွန်ဖြစ်နေမလားဟူသောအတွေးက ချက်
ချင်း ဝင်လာသည်။ သူမကို နှာမည်ခေါ်၍ မည်သူကမျှ
ဆက်ဆံခဲ့ပေ။

'ဂိုက်ားချုပ်ကြီး' ဟု ခေါ်သူက ခေါ်ကြ၏။

သခင်မလေးဟု ခေါ်သူက ခေါ်ကြသည်။

သူမ၏နာမည်ကို ရင်းရင်းနှီးနှီးခေါ်၍ဆက်ဆံသူမှာ လိမ်
ကွန်တစ်ယောက်သာရှိ၏။ သူမက ထပ်မံမေးမြန်းခြင်းမရှိဘဲ
၍ နားစွင့်နေသည်။

စကားသံက ညင်သာစွာ ထွက်ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



'သေးစက်ဝိုင်းစခန်းချုပ်တိုက်ပွဲမှာ မိုရှမ်း ပျောက်သွားကတည်းက မိုရှမ်းကို အစ်ကို လိုက်ရှာနေတာပါ၊ မိုရှမ်းရဲ့ သတင်းကို အဆက်မပြတ် အစ်ကို စုံစမ်းနေတာပါ၊ မိုရှမ်း အတွက် ပူပင်သောကရောက်နေခဲ့တာပါ၊ မိုရှမ်းကို အမြဲတမ်းတနေခဲ့တာပါ၊ မကြာခင်ကမှ မုံမုံကို လျှိုမြောင်မှာ မိုရှမ်း ရှိနေတယ်ဆိုတဲ့သတင်းကို ကြားရတယ်၊ မိုရှမ်းဟာ မျက်မမြင်ဘဝကိုရောက်နေတယ်လို့ ကြားကြားချင်း အစ်ကို အများကြီး စိတ်မကောင်းဖြစ်မိတယ်၊ ဒါပေမယ့် မိုရှမ်း အသက်ရှင်လျက် ရှိနေသေးတဲ့အတွက် ပြောမပြနိုင်လောက် အောင် ဝမ်းသာသွားမိတယ်၊ ချက်ချင်းပဲ ဒီကို အရောက် အစ်ကို ပြေးလာခဲ့တာ၊ အခု အစ်ကို့မျက်စိနဲ့ မိုရှမ်းကို မြင် လိုက်ရတော့ သိပ်ပြီး ဝမ်းသာမိတယ်၊ မိုရှမ်းအပေါ် အစ်ကို ချစ်တဲ့အချစ်က သန့်ရှင်းဖြူစင်ပါတယ် မျက်မမြင်ဒုက္ခိတ ဘဝကိုပဲရောက်နေနေ၊ ခြေတွေလက်တွေပဲ ပြတ်နေနေ မိုရှမ်းအပေါ်မှာ ထားရှိတဲ့အချစ်ကတော့ မပြောင်းလဲမသွား ပါဘူး မိုရှမ်းရယ်'

ယခုတော့မျက်မမြင်မိုရှမ်းသည် အသံကို ကောင်းကောင်း ကြီး ကျက်မိပါပြီ၊ ကောင်းကောင်းကြီး မှတ်မိပါလေပြီ။

ယခုကဲ့သို့ ချစ်စကားကြိုက်စကားမျိုးကို လိမ်ကွန် တစ် ယောက်ကလွဲပြီး သူမအား မည်သူကမှ မပြောစဖူး ပါချေ။ လိမ်ကွန်ဖြစ်ကြောင်း သေချာသွားပါပြီ။

* * *



ယခင်က သူမသည် လိမ်ကွန်၏ ချိုသာသောစကားကို ကြားရလျှင် ကြည်နူးခြင်းဖြစ်ရသော်လည်း ယခုအခါ ထိုသို့ သော ခံစားမှုမျိုး မရှိတော့ပါချေ၊

လိမ်ကွန်သည် သူမ၏ရန်သူတစ်ယောက် မဟုတ်ဟူသော အသိဖြင့် တည်ငြိမ်အေးဆေးစွာပင် ပြန်ပြောလေသည်။

'ကျွန်မ ဒီမှာရှိနေတယ်ဆိုတာကို အစ်ကိုလိမ်ကွန် ဘယ် သူ့ဆီက သိရတာလဲ'

'အစ်ကို့ မိတ်ဆွေတစ်ယောက်ဆီက ကြားရတာပါ၊ အစ်ကို့ မိတ်ဆွေကလဲ တစ်ဆင့်စကားတစ်ဆင့်ကြားပြီး အစ်ကို့ ကို ပြန်ပြောတာဆိုတော့ ခိုင်လုံတိကျတဲ့သတင်းတော့ မဟုတ် ဘူးပေါ့၊ အစ်ကိုလဲ လာသာလာခဲ့ရပေမယ့် မယုံရဲဘူး၊ အခု ညီမကို တွေ့တော့မှပဲ ဒီသတင်းဟာ မှန်ဆိုတာ သိရတော့ တယ်'

လိမ်ကွန်သည် သူ့တပည့်များထံမှ ကြားသိရကြောင်းကို မပြောပါချေ။

သူ့ကို ဒုစရိုက်ခေါင်းဆောင်တစ်ယောက် ဖြစ်ကြောင်း မိုရှမ်း သိသွားမှာစိုးသောကြောင့်ဖြစ်၏။

ထိုသို့သိသွားပါက သူသည် မိုရှမ်းကို စည်းရုံးသိမ်းသွင်း ဖို့ရာ လွယ်ကူတော့မည် မဟုတ်ပါချေ။

ယခုလည်း သူသည် ချောင်စုကိုလမ်းပြအဖြစ် ခေါ်လာ ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



မျက်မမြင်မိုရှမ်းကို ခပ်ဝေးဝေးမှ လှမ်းတွေ့ရတော့မှပင် ချောင်ဝှက်ထားခဲ့ပြီး သူတစ်ဦးတည်း ချဉ်းကပ်လာခဲ့ခြင်း ဖြစ်သည်။

မိုရှမ်းအနေနှင့် လိမ်ကွန်နှင့်ပတ်သက်၍ ဘာမှ ပြောစရာ မရှိသဖြင့် ငြိမ်နေမိသည်။ လိမ်ကွန်ကသာ ဆက်ပြောသည်။

'ညီမ မျက်မမြင်ဘဝကိုရောက်နေလို့ အားငယ်စိတ်ဖြစ်ပြီး ဒီတောကြီးမျက်မည်းထဲမှာ ဇာတ်မြှုပ်ပြီး နေတာလား ဟင်၊ ဘာဖြစ်လို့ ဒုက္ခခံပြီး ဒီလိုနေရာမျိုးမှာ ဆင်းဆင်းရဲရဲ နေရတာလဲ ညီမရယ်၊ အစ်ကိုနဲ့ ညီမ လိုက်ခဲ့ပါ၊ ညီမကို တစ်သက်လုံး အစ်ကို ပြုစုစောင့်ရှောက်သွားပါ့မယ်'

သူက သက်ပြင်းမှျင်းမှျင်းချတာ ခေါင်းကို ခါယမ်းလိုက်ပြီး....

'လောဘဒေါသတွေဖုံးနေတဲ့ လူတွေရဲ့ကြားမှာ ကျွန်မ မနေချင်တော့ပါဘူး၊ ဒီမှာနေရတာ လူဆင်းရဲပေမယ့် အများကြီး စိတ်ချမ်းသာပါတယ်၊ ကျွန်မရဲ့ဘဝဟာ အင်မတန်မှ ငြိမ်းအေးပါတယ်၊ ကျွန်မရဲ့ဘဝနဲ့ ကျွန်မပဲ ရှိပါစေတော့၊ တစ်ချိန်က အဆိပ်တင်ရာဂိုဏ်းချုပ်ကြီး မိုရှမ်းဟာ သေဆုံးသွားပါပြီ၊ ကျွန်မ လူသစ်စိတ်သစ်နဲ့ ဒီမှာပဲ နေသွားပါတော့မယ်'

'အို...မဟုတ်တာညီမရယ်၊ ညီမဟာ မျက်မမြင်ဘဝကို ရောက်နေလို့ ဒီလိုအခြေအနေမျိုးနဲ့ ပိုပြီးမနေသင့်ပါဘူး။



အခြေအရံ အသင်းပင်းတွေနဲ့ ပြုစုစောင့်ရှောက်ပြီး နေသင့်ပါတယ်၊ ခြေခါ...ညီမနဲ့အတူ ဆေးစက်ဝိုင်းဂိုဏ်းချုပ်ရဲ့သား ငယ်ဝမ်ချန်လဲ ပါသွားတယ်လို့ ကြားရတယ်၊ အခု ဝမ်ချန်ရော ညီမနဲ့အတူတူပဲ ရှိနေသေးလား၊ ရှိနေတယ်ဆိုရင် သူ့ကို လဲ ခေါ်လာခဲ့ပါ၊ အစ်ကို တာဝန်ယူပြီး စောင့်ရှောက်ပါ့မယ်'

'အစ်ကို ကျွန်မကို တကယ်သနားတယ်၊ ကရုဏာ ထားတယ်ဆိုရင် ပြန်ပါတော့'

'သေသေချာချာစဉ်းစားပါဦး ညီမ၊ အစ်ကိုက ညီမ အပေါ် ဘေးအန္တရာယ် ... ရောက်မှာကိုမြင်လို့ ပြောနေရတာပါ၊ ဝမ်ချန်နဲ့အတူ ဂှာခန်းရတနာသိုက်မြေပုံလဲ ပါသွားတယ်လို့ သိုင်းလောကမှာ သတင်းထွက်နေတယ်၊ ဒီသတင်း ကြောင့် သိုင်းလောကသားတွေဟာ ဝမ်ချန်ကို ရှာနေတယ်၊ အခုဆိုရင် ညီမနဲ့ဝမ်ချန်တို့ ဒီမှာရှိနေကြတယ်ဆိုတာ သိတဲ့လူ တော်တော်များများရှိနေကြပြီလို့ အစ်ကို ယူဆတယ်၊ ဒီလူ တွေ ညီမတို့ဆီရောက်လာရင် ညီမတို့အတွက် အများကြီး အန္တရာယ်ရှိနေတယ်၊ ဒါကြောင့် ညီမတို့ကို အစ်ကိုနဲ့လိုက်ခဲ့ဖို့ ခေါ်တာပါ၊ အစ်ကိုနဲ့ လိုက်မနေချင်ဘူးဆိုရင်လဲ ညီမရဲ့ အဆိပ်ဘာစ်ရာဂိုဏ်းမှာ ပြန်နေသင့်ပါတယ်၊ မိုဖန်းလဲ ညီမရဲ့ သတင်းကိုကြားရလို့ အတော်ကြီး စိုးရိမ်ပူပန်နေပါတယ်၊ မိုဖန်းက ညီမမရှိတဲ့အတွက် လောလောဆယ် အဆိပ်တင်ရာ ဂိုဏ်းချုပ်ကြီးအဖြစ် ဆောင်ရွက်နေရပေမယ့် ညီမကို ပြန်တွေ့

www.burmeseclassic.com



တာနဲ့ ဂိုဏ်းချုပ်ကြီးအဖြစ် ပြန်လွှဲမယ်လို့ ပြောနေပါတယ်"

လိမ်ကွန်သည် သူ့ထံသို့ မိုရှမ်းတို့မလိုက်လျှင် အဆိပ်အစ်ရာ ဂိုဏ်းသို့ ပြန်ရန် စည်းရုံးနေခြင်းမှာ ဝှာစန်းရတနာ့မြေပုံကို ပိုင်ဆိုင်လိုသောကြောင့်ဖြစ်သည်။

သိုင်းလောကသားများက ဝှာစန်း ရတနာသိုက်မြေပုံသည် အသားစက်ဝိုင်းဂိုဏ်းချုပ်ကြီး ဝမ်ခထံတွင် ရှိနေသည်ဟု ယုံကြည်ထားကြ၏။

သူကမူ ဝမ်ခထံတွင် ရှိနေသည်မှာ ဝှာစန်းရတနာသိုက်မြေပုံ တစ်ဝက်သာရှိခြင်းဖြစ်ကြောင်း သိထား၏။

အကြောင်းမှာ ဝှာစန်းရတနာသိုက်မြေပုံ တစ်ဝက်မှာ သူ့ထံ၌ ရှိနေသောကြောင့်ဖြစ်သည်။

ထိုဝှာစန်းရတနာသိုက်မြေပုံတစ်ဝက်ကို သူနှင့် မျက်ခုံးဖြူဘိုးဘိုး လျူကျူတို့ ပိုင်ဆိုင်ကြ၏။

ထို့ကြောင့် ဝမ်ခထံတွင်ရှိနေသော ရတနာသိုက်မြေပုံ တစ်ဝက်ကို ရရှိရန် သူတို့တစ်တွေ ကြိုးစားနေခြင်းဖြစ်၏။

ထိုအကြောင်းကို သူတို့ အထူးသင် နှုတ်လုံကြသည်။

သူတို့ပိုင်ဆိုင်သည့် ရတနာသိုက်မြေပုံ တစ်ဝက်ကိုလည်း မျက်ခုံးဖြူဘိုးဘိုး လျူကျူထံတွင်သာ ထားရှိ၏။

သို့သော် မကြာမီကာလက လျူကျူထံတွင် ဝှာစန်းရတနာသိုက်မြေပုံတစ်ဝက် ရှိနေသည်ဆိုသောသတင်းသည် တစ်ရှိန်ထိုး ပေါက်ကြားသွားခဲ့သည်။



ထိုသတင်းကို ကြားသိသော သိုင်းလောကသားအချို့လည်း လျူကျူနောက်သို့ လိုက်ကြလေသည်။

ထို့ကြောင့် လျူကျူသည် သူ့ထံတွင်ရှိနေသော ရတနာသိုက်မြေပုံတစ်ဝက်ကို လိမ်ကွန်ထံတွင် လွှဲအပ်ထားလိုက်တော့၏။

သူတို့နှစ်ဦးသည် စိတ်တူသဘောတူ ယခုဂိုဏ်းကြီးကို တည်ထောင်ပြီး သိုင်းလောကကိုလွှမ်းမိုးရန် ကြိုးစားနေကြသူများဖြစ်၏။

လောလောဆယ် လျူကျူက ဒုတိယဂိုဏ်းခေါင်းဆောင်ကြီးအဖြစ် ပေါ်ပေါ်ထင်ထင် လှုပ်ရှားသော်လည်း လိမ်ကွန်ကမူ သူတော်ကောင်းဟန် ဆောင်ထား၏။

လိမ်ကွန်သည် ဝမ်ခထံတွင်ရှိနေသော ရတနာသိုက်မြေပုံတစ်ခြမ်းမှာ ဝမ်ချန်ထံတွင် ပါသွားသည်ဟု ယုံကြည်ထားသည်။

ယခုအခါ ဝှာစန်းရတနာသိုက်မြေပုံတစ်ခြမ်းကို ဝမ်ချန်အားစောင့်ရှောက်ထားသည့် မိုရှမ်းက ပိုင်ဆိုင်ထားလိမ့်မည်ဟု ယုံကြည်နေပြန်၏။

ထို့ကြောင့် သူသည် မိုရှမ်းအား အနီးကပ် စည်းရုံးနိုင်ရန် အနေနည်းဖြင့် ခေါ်နေခြင်းဖြစ်၏။

သူ့အနေဖြင့် လောလောဆယ် အကြမ်းနည်းကိုသုံး၍မဖြစ်သေးပေ။ မိုရှမ်းသာ အဆိပ်အစ်ရာဂိုဏ်းသို့ပြန်ရောက်လျှင် သူတစ်ဦးတည်းသာ အနီးကပ်စည်းရုံးခွင့် ရှိမည်မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့စကားကို မိုရှမ်းက လက်မခံပါချေ။

'ကျွန်မ အဆိပ်တစ်ရာဂိုဏ်းကို မပြန်တော့ဘူး၊ အဆိပ်တစ်ရာဂိုဏ်းချုပ်ကြီးလဲ မလုပ်ချင်တော့ဘူး၊ အဆိပ်တစ်ရာဂိုဏ်းဟာ ဒုစရိုက်ဂိုဏ်းဆိုတာ ရှင်လဲသိပါတယ်၊ ကျွန်မ ဒေတာထဲမှာနေပေမယ့် အခုဆိုရင် အဆိပ်တစ်ရာဂိုဏ်းဟာ ဒုစရိုက်မှုတွေကို လွန်လွန်ကျူးကျူးလုပ်နေတယ်လို့ ကျွန်မ ကြားနေရတယ်....

'ဒါကြောင့် ကျွန်မ ပိုပြီး မပြန်ချင်ဘူး၊ ကျွန်မရဲ့ညီမ မိုဖန်းကို သေွးသစ်းရင်းချာတစ်ယောက်အနေနဲ့ သံယောဇဉ်ရှိပါတယ်၊ ဒါပေမယ့် သူနဲ့ကျွန်မဟာ စရိုက်ချင်း လုံးလုံးမတူကြဘူး၊ မိုဖန်းပဲ အဆိပ်တစ်ရာဂိုဏ်းချုပ်လုပ်တာ မှန်ပါတယ်၊ သူပဲ ဆက်လုပ်ပါစေ၊ ကျွန်မကတော့ ဒီမှာပဲ အေးအေးနေတော့မယ်....

'ကျွန်မကို မျက်မမြင်ဆိုပြီး ရန်မူချင်တဲ့လူ ရန်မူပါစေ၊ ကျွန်မ မမှုပါဘူး၊ ဝှာစန်းရတနာသိုက်မြေပုံနဲ့ ပတ်သက်လို့လဲ ကျွန်မ ဘာမှမသိဘူး၊ ကဲ...ရှင်ပြန်ပါတော့ ကျွန်မဆီကို နောက်ထပ် မလာပါနဲ့တော့၊ ဒါမှမဟုတ်ရင် ရှင့်ကို မိတ်ဆွေအဖြစ်ကနေ ရန်သူအဖြစ် ကျွန်မ သတ်မှတ်ရလိမ့်မယ်'

လီမ်ကွန်၏စိတ်ထဲတွင် မချင့်မရဲ ဖြစ်နေ၏။

သူ့အနေနှင့် အကြမ်းနည်းသုံးပြီး မိုရှမ်းကို တိုက်ခိုက်ပါကလည်း သူသိချင်သော ဝှာစန်းရတနာသိုက်မြေပုံ တစ်ခြမ်းအကြောင်းကို သိရလိမ့်မည်မဟုတ်ချေ။



သူ့ကို မိုရှမ်း အယုံအကြည်မဲ့သွားပြီး အခြေအနေသာ ပိုဆိုးသွားမည်ဖြစ်၏။

ထို့ကြောင့် သူသည် စိတ်ကို လျှော့လိုက်ရတော့၏။

တစ်နည်းတစ်လမ်း ထပ်မံကြံရန် ဆုံးဖြတ်ချက်ချရတော့သည်။

'ကောင်းပြီလေ၊ ညီမရဲ့ဆန္ဒမပါဘဲ အစ်ကို ဇွတ်အတင်း မတိုက်တွန်းချင်ပါဘူး၊ အစ်ကို့ဆန္ဒက ညီမကို ခုလို ဆင်းဆင်းရဲရဲ မနေစေချင်လို့ ပြောနေရတာပါ၊ ညီမက ပြန်စေချင်ရင် အစ်ကို ပြန်ပါမယ် ညီမလဲ ခေါင်းအေးအေးထားပြီး စဉ်းစားပါဦးလို့ ပြောခဲ့ပါရစေ၊ အစ်ကိုသွားမယ်ညီမ'

လီမ်ကွန်လည်း အားမတန်၍ မာန်လျှော့ကာ ပြန်လှည့်လာခဲ့သည်။

သူ့ခေါင်းထဲတွင် နတ်မိမယ်မိုရှမ်း ဤဒေသမှထွက်ခွာပြီး အဆိပ်တစ်ရာဂိုဏ်းချုပ်သို့ ပြန်ရောက်ရေးအတွက် စဉ်းစားလာသည်။

* * *

ချောင်ဖုံ စောင့်နေရာသို့ ရောက်သောအခါ ချောင်ဖုံက သူ့ကို စကားပြောမည်အပြု မပြောရန် လက်ကာလိုက်ပြီး လျှောက်ခဲ့သဖြင့် ချောင်ဖုလည်း ဘာမှမပြောတော့ဘဲ လိုက်လာသည်။

သူက လမ်းလျှောက်ရင်း စဉ်းစားလာ၏။

မကြာမီ သူသည် အကြံရလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘေးမှ ငြိမ်သက်စွာလိုက်လာသော ချောင်ဝုကို အသံပြုလိုက်၏။

‘ဟုတ်ကဲ့…အမိန့်ရှိပါ ဆရာ’

‘ပေါ့…အဆိပ်တစ်ရာဂိုဏ်းကိုသွားပြီး မိုရှမ်း ဒီမှာရှိနေတဲ့အကြောင်း မိုဖန်းကို ပြောလိုက်မယ်၊ မင်းက သိုင်းလောကထဲကိုလှည့်ပြီး မိုရှမ်းနဲ့ဝမ်ချန်တို့ ဒီမှာရှိနေတဲ့အကြောင်းကို သတင်းဖြန့်ပေတော့’

ချောင်ဝုက အံ့သြသွားပြီး….

‘ဟာ….ဆရာ၊ ဂိုဏ်းချုပ်မိုဖန်းဆီ မိုရှမ်းရဲ့အကြောင်း သွားပြောတာတော့ မှန်ပါတယ်ဆရာ၊ ဒါပေမယ့် ကျွန်တော်က သိုင်းလောကမှာ သတင်းဖြန့်ရမယ်ဆိုတော့ ဟုတ်ပါ့မလားဆရာ၊ မိုရှမ်းနဲ့ဝမ်ချန်တို့ ဒီမှာရှိနေတယ်ဆိုတဲ့သတင်းကိုသာ သိုင်းလောကသားတွေကြားရင် ရှာစန်းရတနာသိုက်မြေပုံကို လိုချင်တဲ့ဇောနဲ့ သူတို့ ဒီကိုရောက်လာကြမှာပဲ၊ ဒါဆို ရတနာသိုက်မြေပုံဟာ တခြားလူတွေရဲ့လက်ထဲ ရောက်သွားမှာပေါ့ဆရာ’

‘ငါပြောသလိုသာ လုပ်စမ်းပါ ချောင်ဝု၊ ငါဟာ အလုပ်တစ်ခုကို အရမ်းကာရော မလုပ်တတ်ဘူးဆိုတာ မင်း သိပါတယ်၊ မိုရှမ်းနဲ့ဝမ်ချန်တို့ ဒီမှာရှိနေကြတယ်ဆိုတာ သိုင်းလောကသားတွေ ကြားသွားရင် သူတို့ဆီကို ရောက်သွားကြလိမ့်မယ်ဆိုတာ ငါသိပါတယ်၊ ရောက်သွားအောင်လဲ မင်းကို သတင်းလွှင့်ခိုင်းတာပဲ….’



‘ဒါပေမယ့် ဘယ်သူမှ မိုရှမ်းတို့ကို လွယ်လွယ်နဲ့ မယှဉ်နိုင်ပါဘူး၊ မိုရှမ်းဆီမှာရှိနေတဲ့ ရတနာသိုက်မြေပုံကို ယူသွားနိုင်ပါဘူး၊ မိုရှမ်းဟာ သူတို့ကို သိုင်းလောကသားတွေ ကြာခဏ လာပြီး အနှောင့်အယှက်ပေးပါများရင် မုံမုံကုကျိုမြောင်မှာ သူ့ကို တွေ့ရမှာမဟုတ်တော့ဘူး၊ အဆိပ်တစ်ရာဂိုဏ်းကို ပြန်မှာ သေချာတယ်၊ ဒါဟာ ငါဖြစ်စေချင်တဲ့ အချက်ပဲ’

‘ဟုတ်ကဲ့…ကျွန်တော် နားလည်ပါပြီဆရာ၊ ဆရာ့အမိန့်အတိုင်း မိုရှမ်းနဲ့ ဝမ်ချန်တို့ မုံမုံကုကျိုးမြောင်မှာ ရှိနေတဲ့အကြောင်း သတင်းဖြန့်လိုက်ပါ့မယ်ဆရာ’

ထို့နောက် သူတို့နှစ်ဦး လမ်းခွဲကြလေတော့သည်။

လိမ်ကွန့်သာ အဆိပ်တစ်ရာဂိုဏ်းသို့ လာခဲ့၏။

လိမ်ကွန့်သည် အဆိပ်တစ်ရာဂိုဏ်းသို့ ရောက်ရောက်ချင်း မုံမုံကုကျိုမြောင်တွင် မိုရှမ်းဇာတ်မြုပ် နေထိုင်လျက်ရှိကြောင်း မိုဖန်းကို သတင်းပေး၏။

မိုရှမ်းသည် မျက်မမြင်ဘဝ ရောက်နေသဖြင့် အဆိပ်တစ်ရာဂိုဏ်းသို့ ပြန်ခေါ်ရန် မိုဖန်းကို တိုက်တွန်းလိုက်၏။

မိုဖန်းသည် ကြမ်းတမ်းသောစရိုက်၊ နှင့်ထက်စီးနင်းလုပ်လိုသောစရိုက်ရှိသော်လည်း အစ်မဖြစ်သူမိုရှမ်းကိုတော့ ချစ်ခင်တွယ်တာ၏။

www.burmeseclassic.com

www.burmeseclassic.com



အစ်မဖြစ်သူ မျက်မမြင်ဒုက္ခိတဘာဝဖြင့် တောကြီးထဲတွင် ဆင်းဆင်းရဲရဲ နေရကြောင်း သိရသောအခါ လွန်စွာ စိတ်မကောင်း ဖြစ်မိ၏။

အစ်မဖြစ်သူမိုရှမ်းကို အမြန်ဆုံးသွားခေါ်ရန်လည်း ဆုံးဖြတ်ချက်ချလိုက်သည်။

=+=

အခန်း ( ၁၈ )

မုံမုံကု စခန်းသို့ ရောက်လာကြသူများ

မုံ မုံ ကု လျှိုမြောင်တွင် မိုရှမ်းနှင့်ဝမ်ချန်တို့ နေ့ဆိုင်ကြ သည့်သတင်းကို ချောင်ပုက လွှင့်လိုက်ရာ သိုင်းလောကထဲတွင် အဖော်ကလေး သတင်းပျံ့နှံ့သွားလေသည်။

ရှောင်လင်ဂိုဏ်းတော်ကြီး၏ ဂိုဏ်းချုပ် ဆရာတော်ကြီး ဝေလျှံသည် ထိုသတင်းကို ကြားကြားချင်း စိုးရိမ်မကောင်း ဖြစ်သွား၏။

ဆရာတော်ကြီး ဝေလျှံ စိုးရိမ်ကောင်းဖြစ်ရသည်မှာ နတ်မိမယ်မိုရှမ်း၏လက်ထဲတွင် ရှိနေမည့် ဟွာခန်းရှုတာနဒသိုက်မြေပုံကို ဒုစရိုက်သိုင်းသမားများသာ ရရှိသွားမည်စိုးသောကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဂိုဏ်းချုပ်ဆရာတော်ကြီးသည် ထိုသတင်း ကြားလျှင်ကြားချင်း ထိပ်တန်း သိုင်းပညာများကို တ မြောက်ထားသည့် ဘုန်းကြီးငါးပါးကိုခေါ်ကာ မုံမုံ စခန်းသို့ ရောက်လာကြသောအခါ လူတို့တွေ ခဲခဲယဉ်းယဉ်း မရှာကြရဘဲ မိုရှမ်းကို တွေ့ကြရသည်။

သူတို့သည် မိုရှမ်းအနီးသို့ ရုတ်ခြည်း မကပ်ကြသေးဘဲ ခပ်လှမ်းလှမ်းမှပင် ခဏမျှ အခြေအနေကို စောင့်ကြည့်နေကြ သည်။

သူမသည် တောင်ဝှေးကို ထောက်လျက် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်နေလေရာ သူမ၏လမ်းလျှောက် ပုံကို ကြည့်ခြင်းအားဖြင့် သူတို့တွေ သတင်းကြားထားရသလို သူမသည် မျက်မမြင်ဘဝသို့ တကယ်ပင် ရောက်ရှိနေကြောင်း ဆရာတော်ကြီး ငါးပါးတို့ သိကြရလေသည်။

သူတို့သည် သူမအပြင် မည်သူ့ကိုမျှ မမြင်ကြရတော့ ကိုယ်ဖျောက်ပညာကိုသုံးကာ အသာ ချဉ်းကပ်ခဲ့ကြတော့၏။

မျက်မမြင်တို့သည် အကြားအာရုံတွင် မျက်စိမြင်သူတို့ထက် ထက်မြက်လှကြောင်း သိထားသဖြင့် သူမ၏အကြားအာရုံ မည်မျှထက်မြက်ကြောင်းကို စမ်းသပ်လိုသောကြောင့် ယ ကဲ့သို့ ကိုယ်ဖျောက်ပညာကိုသုံးကာ ချဉ်းကပ်လာခဲ့ခြင်း ဖြစ်၏။

ဆရာတော်ကြီးတို့သည် ကိုယ်ဖျောက်ပညာတွင် ပြိုင်စံရှား အောင် ထက်မြက်ကြသောပုဂ္ဂိုလ်များဖြစ်ကြလေရာ သူတို့၏ လှုပ်ရှားမှုကြောင့် မည်သည့်အသံမျှ ထွက်ပေါ်လာခြင်း မရှိ ပါပေ။



မည်မျှ နားပါးသူဖြစ်ပါစေ သူတို့၏ခြေသံ၊ လှုပ်ရှားသံ ကို ကြားရလိမ့်မည် မဟုတ်ပါ။

သို့ဖြင့် မျက်မမြင်မိုရှမ်းနှင့် ဆယ်ပေခန့်အကွာသို့ ရောက် လာကြသည်။

'ဆရာတော်တို့ တပည့်တော်မဆီ ဘယ်လိုအကြောင်းနဲ့ ရောက်လာကြပါသလဲ ဘုရား'

ရုတ်တရက် မိုရှမ်းက သူတို့ဘက်ကို မျက်နှာလှည့်ပြီး တည် ငြိမ်စွာ မေးသဖြင့် ဆရာတော်ငါးပါးတို့အားလုံး အံ့ဩသွား ကြကာ ခြေလှမ်းများ ရပ်တန့်သွားလေတော့သည်။

သူတို့၏လှုပ်ရှားသံကို သူမ မကြားနိုင်ဟု ထင်ထား၏။

ယခုတော့ သူမက ကြားရုံသာမက သူတို့ကို ဘုန်းတော် ကြီးများဖြစ်ကြောင်း သိနေသဖြင့် အံ့သြကြခြင်းဖြစ်၏။

သည်အတိုင်းဆိုလျှင် သူမ မျက်စိမမြင်ဟုဆိုခြင်းမှာ မဟုတ် နိုင်ဟုပင် တွေးကြ၏။

မျက်မမြင်ဘဝသာဆိုပါက သူ့အနီးသို့ လူရောက်လာ သည်ကိုသာ အကြားအာရုံဖြင့် သိနိုင်မည်ဖြစ်ပြီး ဘုန်းတော် ကြီးများဖြစ်ကြောင်း သိနိုင်လိမ့်မည် မဟုတ်ချေ။

မိုရှမ်းက ထပ်ပြောသည်။

'ဆရာတော်တို့ ခရီးသွားရင်း တပည့်တော်မကို မြင်လို့ အလှူခံဖို့ ရောက်လာတာဆိုရင် တပည့်တော်မ တတ်အား သရွေ့ လှူလိုက်ပါ့မယ်ဘုရား'

ထိုအခါမှ ဆရာတော်ကြီးငါးပါးက ညှင်သာအေးဆေး စွာ ပြန်ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



'ဒကာမလေးဆီက ကျုပ်တို့ အလှူခံဖို့ရောက်လာတာတော့ မှန်ပါတယ်၊ ခရီးသွားဟန်လွှဲ ဒကာမလေးကိုမြင်လို့ အလှူခံ ဖို့ ရောက်လာကြတာတော့ မဟုတ်ပါဘူး၊ ခရီးဝေးက ဒကာမလေးဆီ အလှူခံဖို့သက်သက် ရောက်လာကြတာပါ။ ကျုပ်က ရှောင်လင်ဂိုဏ်းတော်ကြီးရဲ့ ဂိုဏ်းချုပ်ဆရာတော် ဝေလျှံပါပဲ၊ ကျုပ်နဲ့ပါလာတဲ့ ဘုန်းတော်ကြီးတွေက ရှောင်လင်ဂိုဏ်းတော်ကြီးက အရေးပါအရာရောက်တဲ့ ဘုန်း တော်ကြီးတွေပဲ ဒကာမလေး'

ထိုအခါမှ မျက်မမြင်မိုရှမ်းလည်း ဒူးထောက်ဆိုင်ချလိုက်ပြီး ဆရာတော်ကြီးဝေလျှံ၏အသံထွက်ပေါ်လာရာသို့မှန်း၍ ရှိခိုး လိုက်ကာ ရိုကျိုးသောအသံဖြင့် ပြော၏။

'ရှောင်လင်ဂိုဏ်းတော်ကြီးက ဆရာတော်တွေမှန်း တပည့် တော်မသိလို့ပါဘုရား၊ ဆရာတော်ကြီးများကို ကြည်ညို လေးစားပြီးသားပါဘုရား၊ ခရီးအဝေးကြီးက တပင်တပန်း လာပြီး တပည့်တော်ဆီမှာ အလှူခံတဲ့အတွက် တပည့်တော်မ အတော်ကြီး အံ့ဩမိပါတယ်၊ တပည့်တော်မဟာ မျက်မမြင် ဒုက္ခိတမို့ လှူဖွယ်ပစ္စည်း များများလဲ မရှိပါဘူး ဘုရား'

'ဒကာမလေးက မျက်စိမမြင်ဘူးသာဆိုတယ်၊ ကျုပ်တို့ရဲ့ အသံမထွက်အောင် လာကြတာတောင် ဒကာမလေးက ကျုပ်တို့ အနားရောက်လာတာကို သိနေတယ်၊ ကျုပ်တို့က ဘုန်းတော်ကြီးတွေမှန်း သိနေတာလဲ အတော်ဆန်းတယ် ဒကာမလေး ဘယ်လိုလုပ် သိသလဲ'



'တပည့်တော်မဟာ မျက်မမြင်ဒုက္ခိတမို့ အကြားအာရုံနဲ့ အနံ့အာရုံကို ထက်မြက်အောင် အထူး လေ့ကျင့်ထားရပါ တယ်ဘုရား၊ ဆရာတော်တို့ရဲ့ ထက်မြက်လှတဲ့ ကိုယ်ဖော့ ပညာကြောင့် ဆရာတော်တို့ရဲ့လှုပ်ရှားသံကို တပည့်တော်မ လုံးလုံး မကြားရပါဘူး....

'ဒါပေမယ့် ဆရာတော်တို့က လေအထက်က ရှိနေတာမို့ တပည့်တော်မနှာခေါင်းထဲမှာ ဘုန်းကြီးနံ့ကို ရှူမိပါတယ် ဘုရား၊ လူတွေစားတဲ့ အစားအစာအနံ့နဲ့ ဘုန်းတော်ကြီး တွေစားတဲ့သက်သတ်အနံ့ဟာ ကွဲပြားခြားနားပါတယ်ဘုရား၊ ဒါကြောင့် ဆရာတော်တို့ တပည့်တော်မအနားကို ရောက်လာ တာ သိရတာပါ'

ထိုအခါမှ ဆရာတော်ကြီးဝေလျှံနှင့် နောက်ပါ ဘုန်း တော်ကြီးများ သဘောပေါက်နားလည်သွားကြကာ ခေါင်း တစ်ဆတ်ဆတ် ညိတ်လိုက်ကြ၏။

ဆရာတော်ကြီးက ခေါင်းညိတ်၍ ဆက်ပြော၏။

'အင်း....ဒကာမလေး မျက်မမြင်ဘဝ ရောက်နေတယ်လို့ ကျုပ်တို့ ကြားကြားတုန်းက အတော်ကို စိတ်ပူသွားမိတယ်၊ ဒကာမလေး မျက်စိမမြင်တာကို အခွင့်ကောင်းယူပြီး ရန်သူ တွေက အန္တရာယ်ပေးကြမှာကို စိတ်ပူတယ်၊ အခုတော့ ဒကာ မလေးမှာ ရန်သူကို အတိုက်အခံလျှောက် ခုခံကာကွယ်နိုင်တဲ့ အရည်အချင်းတွေ ရှိနေသေးတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီး၏စကားကြောင့် မို့ရှမ်း၏စိတ်ထဲတွင်ထင့်ခနဲ ဖြစ်သွားမိသည်။

သူမကို သိနေသလိုလို ပြောလိုက်သောကြောင့်ဖြစ်၏။

'ဆရာတော်ဘုရား၊ တပည့်တော်မကို သိနေလို့လား ဘုရား'

'ဒကာမလေးလို ထင်ရှားကျော်ကြားတဲ့သူကို မသိဘဲ နေပါမလားကွယ်၊ ဒကာမလေးဟာ တစ်ချိန်က အဆိပ်တစ်ကိုက်ဆေးချုပ်အဖြစ် ဆောင်ရွက်ခဲ့တဲ့ နတ်မိမယ်မို့ရှမ်းဆိုတာ ကျုပ်တို့ သိပါတယ်'

ထိုအခါမှ မို့ရှမ်းသည်း ရှောင်လင်ဂိုဏ်းချုပ် ဆရာတော်ကြီးနှင့် ဘုန်းတော်ကြီးများ ရောက်လာရခြင်းအကြောင်းကို ရိပ်စားမိစ ပြုလာ၏။

သူမ၏စိတ်ထဲတွင် ထင့်ခနဲဖြစ်သွားမိ၏။

ဂိုဏ်းချုပ်ဆရာတော်ကြီးက ညင်သာအေးဆေးစွာ ဆက်ပြော၏။

'ဒကာမလေးမို့ရှမ်း၊ ကျုပ်တို့ဟာ လွန်ခဲ့တဲ့ ကိုးနှစ်ကျော်လောက်က ကွယ်လွန်သွားခဲ့တဲ့ သွေးစက်ပိုင်း ဂိုဏ်းချုပ်ကြီး ဝမ်ခဆီမှာ ဂုဏ်စန်းရတနာသိုက်မြေပုံ ရှိနေတယ်ဆိုတာ သိခဲ့ရတယ်၊ ဒါပေမယ့် ကျုပ်တို့ စိုးရိမ်ပူပန်ခြင်း မရှိခဲ့ပါဘူး၊ ဝမ်ခဟာ အများအကျိုးဆောင်တဲ့ အဖြူရောင်သိုင်းသမားကြီး မဟုတ်လား....

'ဝမ်ခ ကွယ်လွန်သွားတော့ ဒကာမလေးဟာ သူ့ရဲ့သား ဝမ်ချန်ရဲ့ အသက် ဘေးအန္တရာယ်ကို ကာကွယ်တဲ့ အနေနဲ့ ဒကာမလေး ခေါ်သွားတယ်၊ ဒီသတင်းကို ကြားရတုန်းက ဆိုရင် ဒကာမလေးရဲ့စိတ်ဓာတ်ကို ကျုပ်တို့ ချီးကျူးမိကြပါတယ်....



'ဒီတုန်းက ဒကာမလေးဟာ အဆိပ်တစ်ကိုက်ဂိုဏ်းချုပ်ကြီးအဖြစ် မလွှဲသာလို့ လုပ်နေရတယ်ဆိုတာကို ကျုပ်တို့ သိခဲ့ကြတယ်၊ ဝမ်ချန်နဲ့အတူ သူ့ဖခင်ပိုင်ဆိုင်တဲ့ ဂုဏ်စန်းရတနာသိုက်မြေပုံ ပါသွားတယ်ဆိုတာကိုလဲ ကျုပ်တို့ သတင်းကြားရပါတယ်'

'ဒီအတွက်တော့ ကျုပ်တို့တစ်တွေ စိုးရိမ်မကင်း ဖြစ်ကြရတယ်၊ ဝမ်ချန်ဆီမှာရှိနေတဲ့ ရတနာသိုက်မြေပုံကို ဒုစရိုက်သမားတွေ၊ ဒုစရိုက်ဂိုဏ်းအတွက် ရသွားကြရင် သိုင်းလောကကြီးအတွက် ဂြိုဟ်ဆိုး ကြမ္မာဆိုးတွေ ဖင်လာနိုင်တယ်မဟုတ်လား၊ ကျုပ်တို့ ရှောင်လင်ဂိုဏ်းတော်ကြီး အနေနဲ့ ဒီစိုးရိမ်မှုကြောင့်လဲ ဒကာမလေးနဲ့ ဝမ်ချန်တို့ရဲ့သတင်းကို စုံစမ်းခဲ့ကြပါသေးတယ်....

'ဒါပေမယ့် ဘယ်လိုမှ စုံစမ်းလို့ မရခဲ့ကြပါဘူး၊ အခုမှ ဒကာမလေးတို့ ဒီမုံမုံကုလျှိမြောင်မှာ ရှိနေကြတယ်ဆိုတဲ့ သတင်းကို ကြားရလို့ ဟုတ်လိုဟုတ်ငြားဆိုပြီး လာခဲ့တာပဲ၊ အခုလို ဒကာမလေးကို ငြိမ်းငြိမ်းအေးအေးနဲ့ တွေ့ရတော့မှပဲ ဘုန်းကြီးတို့ ရင်အေးသွားရတယ်'

မို့ရှမ်းသည် ရှောင်လင်ဂိုဏ်းချုပ်ဆရာတော်ကြီး ကြွလာခြင်းအကြောင်းကို တွက်ဆမိပြီဖြစ်သော်လည်း စိတ်ကျကျ

www.burmeseclassic.com

www.burmeseclassic.com



သီလိုသဖြင့် ဘာစမျှပြန်မပြောတဲ ငြိမ်နေလိုက်၏။ ဆရာတော်လေး က လိုရင်းအချက်ကို ဆက်ပြော၏။

'ဝမ်ချန်နဲ့အတူ ပါသွားတဲ့ ငှာစန်းရတနာသိုက်မြေပုံကို ဒကာမလေးပဲ ထိန်းသိမ်းစောင့်ရှောက်ထားလိမ့်မယ်လို့ ဘုန်းကြီးတို့က ယူဆထားကြတယ်၊ သိုင်းလောကသား အများစုကလဲ ဒီလိုပဲ ယူဆထားကြပါတယ်၊ ဒါကြောင့် အဖြူရောင်သိုင်းသမားတွေပါ ဒကာမလေး ထိန်းသိမ်းစောင့်ရှောက်ထားတဲ့ ရတနာသိုက်မြေပုံကို အရလာယူကြပါလိမ့်မယ်....

'အဖြူရောင် သိုင်းသမားတွေရဲ့ လက်ထဲကို ပါသွားရင် အကြောင်းမဟုတ်ပေမယ့် အနက်ရောင်သိုင်းသမားတွေရဲ့လက်ထဲကိုသာပါသွားရင် သိုင်းလောကကြီးဟာ အခြေအနေဆိုးဆိုး ရှုံးရှုံးကြီး တွေ့ရမှာပဲ၊ ရတနာသိုက်မြေပုံဟာ များပြားလှတဲ့ ရွှေငွေရတနာတွေ ရှိနေတဲ့အပြင် ချင်းကန်း သိုင်းကျမ်း ပါရှိနေတဲ့အတွက် ဓာရိုက်သမားတွေဟာ အင်အားအလုံးအရင်းနဲ့ စုစည်းနိုင်လိမ့်မယ်....

'သိုင်းလောကကို လွှမ်းမိုးခြယ်လှယ်နိုင်လိမ့်မယ်၊ ဒီအရေးကိုတွေးမိပြီး ဘုန်းကြီးတို့လဲ ဒကာမလေးဆီ လာခဲ့ကြတာပဲ၊ ဒကာမလေးဆီမှာရှိနေတဲ့ ရတနာသိုက်မြေပုံကို သိုင်းလောကရဲ့အကျိုးငှါ ရှေးရှုပြီး ဘုန်းကြီးတို့လက်ထဲကို လှူပါလို့ အလှူခံပါတယ်....

'ဘုန်းကြီးတို့ဟာ ရတနာသိုက်ကို ဖော်ထုတ်အသုံးပြုမှာ မဟုတ်ဘဲ ဘယ်သူ့လက်ကိုမှ မပါအောင် ထိန်းသိမ်းစောင့်



ရှောက်ထားကြမှာပါ၊ ဒကာမလေးအနေနဲ့ မျက်မမြင်ဘဝကိုရောက်နေတော့ ဘုန်းကြီးတို့လောက် စောင့်ရှောက်နိုင်စွမ်းရှိမှာ မဟုတ်ပါဘူး'

မိုရှမ်းသည် လောဘ မောဟ မရှိတော့သဖြင့် ငှာစန်းရတနာသိုက်ကိုလည်း မလိုမောခြင်း ပိုင်ဆိုင်ခြင်း မရှိတော့ပါချေ။

သူမထံတွင် ရတနာသိုက်မြေပုံရှိနေပါက သိုင်းလောကအကျိုးကို သည်ပိုးသော ရှောင်လင်ဂိုဏ်းတော်ကြီး လက်တွင်းသို့ လွှဲအပ်ချင်မိပါသည်။

သို့သော် အများထင်နေသကဲ့သို့ သူမတွင် ရတနာ သိုက်မြေပုံ မရှိပါချေ။

ဝမ်ချန်၏ကျောတွင် ဆေးမင်ကြောင်ဖြင့် ထိုးထားသော ငှာစန်းရတနာသိုက်မြေပုံဟု ယူဆရသည့် မြေပုံ တစ်ပိုင်းတစ်စ ရှိနေသည်ကိုတော့ သူမ သိထား၏။

သို့သော် သူမသည် ဝမ်ချန်၏ အန္တရာယ်ဖြစ်မည် စိုးသောကြောင့် ဤအကြောင်းကို မည်သူ့ကိုမှ ဖွင့်မပြောလိုပါချေ။

တစ်ဆင့်စကား တစ်ဆင့်နားဖြင့် သိုင်းလောကကိုသာ ဤသတင်း ပေါက်ကြားသွားပါက ဝမ်ချန်ကို အသေရရ အရှင်ရရ လိုချင်သူတွေ အများအပြား ပေါ်ပေါက်လာနိုင်၏။

မိုရှမ်းက ရိုကျိုးစွာပင် ပြန်လည် လျှောက်ထား၏။

'တပည့်တော်မ လျှောက်ထားပါရစေဘုရား၊ သိုင်းလောကမှာ အတင်းထွက်ပေါ်နေသလို ဆရာတော်ဘုရား ကြားသိထားသလို တပည့်တော်မမှာ ငှာစန်းရတနာသိုက်မြေပုံ မရှိ

www.burmeseclassic.com

www.burmeseclassic.com



ပါဘူးဘုရား၊ မြေပုံဆိုလို့ အပိုင်းအစတောင် မရှိပါဘူး၊ ကျိန်ဆိုပြီး ပြောရဲပါတယ်၊ ရှိနေရင်တော့ တပည့်တော်မ အနေနဲ့ ဆရာတော်တို့ကို မလှူနိုင်စရာ မရှိပါဘူး’

မိုရှမ်း၏စကားကို ဆရာတော်ကြီးတို့လည်း ရုတ်တရက် မယုံကြည်ပါ။

‘ဘုန်းကြီးတို့ကိုတော့ ဒကာမလေး ဘူးကွယ်မနေသင့်ပါဘူး၊ ကျုပ်တို့အနေနဲ့ ဒကာမလေးဆီက ရတနာသိုက်မြေပုံကို အလိုခံနေတာ ကျုပ်တို့အကျိုးအတွက် မဟုတ်ပါဘူး၊ သိုင်းလောကကြီးရဲ့အကျိုးအတွက်ပါ’

‘တပည့်တော်မ ခြွင်းချက်မရှိ ယုံကြည်ပါတယ်၊ တပည့်တော်အနေနဲ့ ဝမ်ချန်ကို ကယ်တင်လာတာဟာ ရတနာသိုက်ကို လိုချင်မက်မောတဲ့အတွက် ကယ်တင်လာခဲ့တာ မဟုတ်ပါဘူး၊ ရှေးအာဝရေစက်ကြောင့် သူ့ကို မြင်မြင်ချင်း ကရုဏာသက်မိတဲ့အတွက် ကယ်တင်ခဲ့တာပါ၊ ဝမ်ချန်ဆီက ဘာမြေပုံမှ မရခဲ့ပါဘူး....

‘တပည့်တော်မဟာ မျက်မမြင်ဒုက္ခိတအဖေကို ရှောက်နေတဲ့အတွက် ကြီးပွားချမ်းသာလိုစိတ် မရှိပါဘူး၊ တပည့်တော်မ အတွက် ရတနာလဲ မက်မောစရာ မလိုတော့ပါဘူး၊ ဒါကြောင့် တပည့်တော်မဟာ ဒီတောကြီးထဲမှာ အေးအေးချမ်းချမ်းနဲ့ ဇာတ်မြုပ်နေခဲ့တာပါ၊ တပည့်တော်သာ ကြီးပွားချမ်းသာ လိုစိတ်ရှိရင် အဆိပ်တစ်ရာဂိုဏ်းကိုပြန်ပြီး ဂိုဏ်းချုပ်ကြီးအဖြစ် ဆောင်ရွက်နေမှာပါဘုရား’



ဆရာတော်ကြီးဝေလျှံသည် မိုရှမ်း၏စကားကို ချင့်ချိန်ပြီး ယုံရခက်မယုံရခက် ဖြစ်နေသည်။

‘ဝမ်ချန်ဆီမှာ ရတနာသိုက်မြေပုံ ပါမလာခဲ့တာ အမှန်ပဲလား ဒကာမလေး’

ဆရာတော်ကြီးက ဤသို့မေးလာသောအခါ မိုရှမ်းသည် ‘ပါမလာပါ’ဟု လိမ်ပြောရမှာ ခက်နေ၏။

ပါလာသည်ဟု ပြောရမှာလည်း ခက်နေ၏။

မိုရှမ်းသည် သူမထံတွင် မည်သည့်မြေပုံမှ ရှိမထားသဖြင့် မရှိပါဟု ရဲရဲတင်းတင်း ပြောရဲ၏။

ဝမ်ချန်၏ကျောမှ မြေပုံတစ်ပိုင်းတစ်စကို ကူးယူထားခြင်းလည်း မရှိသဖြင့် ‘ဝမ်ချန်ထံမှ မရပါ’ဟုလည်း မုသားကွယ် ပြောရဲ၏။

သို့သော် ဝမ်ချန်၏နောက်ကျောတွင် ရတနာသိုက်မြေပုံ တစ်ပိုင်းတစ ရှိနေသည့်အတွက် မရှိပါဟု မုသားမသုံးလိုပါ။

ရှိသည်ဟုပြောလျှင်လည်း ထိုသတင်းစကား ပျံ့နှံ့သွားလျှင် ဝမ်ချန်မှာ အန္တရာယ်များစွာဖြင့် တွေ့ရပေမည်။

ထို့ကြောင့် သူမသည် ဘာမှပြန်မပြောဘဲ နှုတ်ဆိတ်နေလိုက်တော့၏။

သူမ၏အပြုအမူက ဘုန်းတော်ကြီးများကို အထင်မှားစရာ ဖြစ်သွားစေသည်။

နောက်ဆက်လိုက် ဘုန်းတော်ကြီးငါးပါးအနက် တစ်ပါးက ဂိုဏ်းချုပ်ဆရာတော် ဝေလျှံကို လျှောက်ထားလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



'မှန်လှပါ ဆရာတော်ဘုရား၊ မို့ရှမ်းဟာ ဆရာတော်ကြီးရဲ့ အမေးကို ဖြေရခက်နေပါတယ်၊ ဒီအချက်ကို ထောက်ဆခြင်းအားဖြင့် ဝမ်ချန်နဲ့အတူ ရတနာသိုက်မြေပုံ ပါလာတယ်ဆိုတာ ထင်ရှားနေပါတယ်။ သိုင်းလောကကြီး တစ်ခုလုံးရဲ့ အရေးကိစ္စမို့ သူ့နှုတ်က အမှန်အတိုင်း မွှင့်ထွက်လာအောင် မေးသင့်ပါတယ်ဘုရား'

ဆရာတော်ကြီးလည်း မို့ရှမ်း နှုတ်ဆိတ်သွားသည်ကို အကဲခတ်ကြည့်၍ ဤသို့ဖင် ယူဆလိုက်ပြီး မေးလိုက်ပြန်၏။

'ဒကာမလေးမို့ရှမ်း၊ ကျုပ်တို့လို ရှောင်လင်ဂိုဏ်းတော်ကြီးရဲ့အကြီးအကဲတွေကို ဖုံးကွယ်ထိန်ချန်မထားသင့်ပါဘူး။ ရတနာသိုက်မြေပုံနဲ့ပတ်သက်ပြီး ဒကာမလေး သိသလောက် မှင့်ပြောစေချင်တယ်၊ ကျုပ်တို့အနေနဲ့ သိုင်းလောကကြီးကို ဂိုဏ်းဆိုးတွေမှာဆိုး မဝင်နိုင်ရေးအတွက် ဒကာမလေးကို ပြတ်ပြတ်သားသား ဆက်ဆံသင့်ရင် ဆက်ဆံရမှာပဲ၊ ဒီလိုဆက်ဆံရင်တော့ ကျုပ်တို့ကို အဆိုးမဆိုပါနဲ့ ဒကာမလေး'

ဆရာတော်ကြီး၏စကားတွင် ခြိမ်းခြောက်မှု ပါလာသောကြောင့် မို့ရှမ်းလည်း အခက်ကြီးခက်သွား၏။

သူမသည် ရှောင်လင်ဂိုဏ်းတော်ကြီးမှ ဘုန်းကြီးများ၏ တိုက်ခိုက်မှုကို မကြောက်ပါချေ။

သို့သော် သူမအနေနှင့် ထိုကဲ့သို့သော သူတော်စင်များကို ပြန်လည် ခုခံတိုက်ခိုက်ရန် မသင့်တော်သဖြင့် အခက်တွေ့နေရတော့၏။



မို့ရှမ်းအာ ငြိမ်မြဲငြိမ်နေသောအခါ ဂိုဏ်းချုပ်ဆရာတော်ကြီးက ထင်းမာပြတ်သားသောလေသံဖြင့် ပြောလာပြန်၏။

'ကဲ....ဒကာမလေး၊ ကျုပ် နောက်ဆုံးအနေနဲ့ ပြတ်ပြတ်သားသားပဲ မေးမယ်၊ ဝမ်ချန်ဆီမှာ ဝှာစန်းရတနာသိုက်မြေပုံ ပါလာသလား၊ မပါလာဘူးလား မှန်မှန်ပြောပါ၊ လိမ်ပြောရင်တော့ ကျုပ်တို့ မညှာနိုင်ဘူး'

ထိုအခါ သူမသည် နှုတ်ဆိတ်၍မနေသာသဖြင့် လျှောက်ထားတောင်းပန်ရတော့၏။

'တပည့်တော်မ သိသင့်သလောက်သိထားပေမယ့် တပည့်တော်မရဲ့ သားရင်းတစ်ယောက်လို ချစ်ခင်တွယ်တာနေတဲ့ ဝမ်ချန်အတွက် အန္တရာယ်တွေ ပေါ်လာနိုင်တာမို့ မပြောပါရစေနဲ့ဘုရား'

'မပြောလို့မဖြစ်ဘူး ဒကာမလေး'

ဂိုဏ်းချုပ်ဆရာတော်ကြီးသည် ဒေါသသံဖြင့် ပြောရင်း ရှေ့ကို ခြေတစ်လှမ်းတိုးကာ လက်ကို မြှောက်ရွယ်လိုက်သည်။ မို့ရှမ်းကို ထိန်းချုပ်ရန် လှုပ်ရှားလိုက်ခြင်းဖြစ်၏။

'သည်းခံပါ ဆရာတော်ဘုရား'

တိုစဉ် ရုတ်တရက် ဟန့်တားသံတစ်သံ ပေါ်လာ၏။

ဆရာတော်ကြီးလည်း ရပ်တန့်သွားပြီး အသံလာရာကို ကြည့်လိုက်ရာ အပြာရောင်ဝတ်စုံဝတ်ဆင်ထားသူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့လိုက်ရ၏။

www.burmeseclassic.com

ဆရာတော်ကြီးသည် ထိုဝတ်စုံပြာကို မြင်မြင်ချင်း ရုတ်တရက် မမှတ်မိသဖြင့် တွေဝေသွားသော်လည်း ခဏနှင့်ပင် မှတ်မိသွား၏။

ဆရာတော်ကြီးက အံ့ဩတကြီးနှင့် မေးလိုက်၏။

'ဒကာကြီးက ကျွန်းဟန် မဟုတ်လား'

ဝတ်စုံပြာနှင့်လူမှာ သွေးစက်ဝိုင်းဂိုဏ်းကြီး မပျက်သုဉ်းခင်က ဂိုဏ်းချုပ်ကြီးဝမ်ခ၏ ညာလက်ရုံးသဖွယ်ဖြစ်သော ကျွန်းဟန်ပင် ဖြစ်လေ၏။

* * *

သွေးစက်ဝိုင်းဂိုဏ်းဌာနချုပ်ကို ရန်သူများဝင်တိုက်စဉ်က ဒဏ်ရာများရထားသော ကျွန်းဟန်သည် ဆေးကုဆောင်ကြီးထဲတွင် ရှိနေခဲ့၏။

သူသည် မွေးနေ့ပွဲကျင်းပသည့် ပန်းဥယျာဉ်ကြီးဆီမှ အော်ဟစ်တိုက်ခိုက်သံများကို ကြားရသောအခါ ဗွာစနီး ရတနာမြေပုံအတွက် ရန်သူတွေ ဝင်တိုက်ကြပြီဖြစ်ကြောင်း သိလိုက်၏။

သူသည် သွေးသံရဲရဲဖြင့် တိုက်ပွဲတွင်း ဝင်ရောက်တိုက်ခိုက်ရန် အားတင်း၍ ဆေးကုဆောင်ထဲမှ ထွက်မည်ပြု၏။

သို့သော် မည်သို့မျှမဟန်နိုင်ဘဲ သတိမေ့ လဲကျသွား၏။

ကျွန်းဟန် သတိပြန်ရလာသောအခါ သိုင်းဆရာကြီး လုံဖေးနှင့် ဝမ်ရှောင်တို့ ရောက်နေပြီဖြစ်၏။



ထိုအခါမှ သူသည် သွေးစက်ဝိုင်းဂိုဏ်းသား အားလုံးလိုလို သူ့ လက်ချက်ဖြင့် သေဆုံးသွားကြပြီဖြစ်ကြောင်းနှင့် ဂိုဏ်း ပ်ကြီးဝမ်ခနှင့် ဇနီးမောင်နှံလည်း ကျဆုံးသွားလေပြီဖြစ် ကြောင်း၊ ဝမ်ချန်ဆလေးမှာလည်း ပျောက်ဆုံးနေကြောင်း ရလေတော့၏။

သွေးစက်ဝိုင်းဂိုဏ်းကြီး ပြိုကွဲပျက်စီးသွားသဖြင့် သူသည် နှစ်စွာ ယူကြုံးမရဖြစ်၏။

ထိုစဉ်က သူနှင့် သိုင်းဆရာကြီး လုံဖေးတို့သည် တစ်နေ့နေ့ စ်ချိန်ချိန် သွေးစက်ဝိုင်းဂိုဏ်းကြီးကို ပြန်လည်တည်ထောင် န် ဆုံးဖြတ်ထားကြ၏။

ဝမ်ရှောင်ကိုလည်း ဂိုဏ်းချုပ်ကြီးအဖြစ် တင်မြှောက်ရန် ည်မှန်းထားကြ၏။

ထိုစဉ်က သိုင်းဆရာကြီးလုံဖေးသည် သူသိထားသော ာစန်းရတနာသိုက်မြေပုံ တစ်ခုအကြောင်းကို ကျွန်းဟန် အား ဖွင့်ပြောခဲ့၏။

ထိုအခါမှ ကျွန်းဟန်သည် ဝမ်ရှောင်၏ကျောတွင် ဆေး ခင်ကြောင့်ဖြင့် ထိုးထားသော မြေပုံတစ်ဝက် ရှိကြောင်းနှင့် ပျောက်ဆုံးနေသော ဝမ်ချန်၏ကျောတွင် မြေပုံတစ်ဝက် ပါ သွားကြောင်း သိရတော့၏။

လုံဖေးနှင့် ကျွန်းဟန်တို့သည် ဝမ်ရှောင် အသက်တစ်ဆယ် ရှစ်နှစ်မပြည့်မီအတွင်း ပျောက်ဆုံးသွားသော ဝမ်ချန်အား တွေ့အောင်ရှာရန်နှင့် နှစ်အလလအပိုင်းအခြားတွင် သွေးစက် ိုင်းဂိုဏ်းကြီးကို ပြန်လည်တည်ထောင်နိုင်ဖို့ အချိန်ယူရန်နှင့်

www.burmeseclassic.com



ဝမ်ရှောင်ကို ဂိုဏ်းချုပ်ကြီးအရည်အချင်းမျိုးရှိအောင် လေ့ကျင့်ပေး၍ အသက် တစ်ဆယ့်ရှစ်နှစ်ပြည့်သောအခါ သွေးစက်ဝိုင်းဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးအဖြစ် တင်မြှောက်ရန် ထပ်မံဆုံးဖြတ်ချက်ချထားကြ၏။

ထို့နောက် ကျန်းဟန်သည် သိုင်းလောကအနှံ့ လှည့်လည်ကာ ဝမ်ချန်အား စုံစမ်းရှာဖွေတော့၏။

သို့သော် လတွေနှစ်တွေသာ ကုန်ဆုံးသွားပြီး ဝမ်ချန်၏ သတင်းအစအနကိုပင် မကြားရချေ။

သူသည် အခါအားလျော်စွာ လုံဖေးနှင့် ဝမ်ရှောင်တို့ကို တွေ့ဆုံသည်။

သွေးစက်ဝိုင်းဂိုဏ်းကို ပြန်လည်တည်ထောင်ရန်လည်း လှုံ့ဆော်ရှာသည်။

ဂိုဏ်းဝင်အင်အားကို တဖြည်းဖြည်း စည်းရုံးစုစည်းခဲ့လေသည်။

ကျန်းဟန်သည် မိုရှမ်းနှင့် ဝမ်ချန်တို့သတင်းကို အမြဲတမ်း စုံစမ်းနေ၏။

ယခုမှ သူသည် မိုရှမ်းတို့ မျက်မမြင်တစဖြင့် မုံမုံ ကုလျှိ မြောင်တွင် ဇာတ်မြုပ်နေထိုင်လျက်ရှိကြောင်း သိရသဖြင့် ကြားကြားချင်း မုံမုံ ကုလျှိမြောင်သို့ လာခဲ့ခြင်းဖြစ်၏။

သည်ကိုရောက်တော့ မိုရှမ်းနှင့်အတူ ရှောင်လင်ဂိုဏ်း တော်ကြီးမှ ဆရာတော်ကြီးများကို တွေ့ရသည်။

သူသည် ချက်ချင်း ဝင်ရောက်လာခြင်းမပြုဘဲ အပြင်မှ အလှန်ပြောနေသော စကားများကို နားထောင်နေ၏။



ယခုမှ ပဋိပက္ခဖြစ်တော့မည့်အနေအထားကို အသံပြု ဝင်လာရခြင်းဖြစ်၏။

ရှောင်လင်ဂိုဏ်းချုပ်ဆရာတော်ကြီး ဝေလျံက 'ကျန်းဟန်' ဟု ခေါ်လိုက်သဖြင့် မိုရှမ်းလည်း မျက်မှောင်ကြုတ်သွား၏။

သူမသည် ကျန်းဟန်ဟူသောနာမည်ကို ကောင်းကောင်းကြီး ကြားဖူးထားသောကြောင့်ဖြစ်၏။

ကျန်းဟန်ကို သူမ မမြင်ဘူးသော်လည်း သွေးစက်ဝိုင်းဂိုဏ်းချုပ်ကြီးဝမ်ခ၏ညာလက်ရုံးတစ်ယောက် ဖြစ်ကြောင်း သိထား၏။

ကျန်းဟန်သည် ဆရာတော်ကြီးနှင့် နောက်ပါဘုန်းတော်ကြီးများကို ဒူးထောက်ရှိခိုးလျက် ရိုကျိုးစွာ လျှောက်ထားသည်။

'မှန်လှပါဘုရား၊ တပည့်တော်ဟာ သွေးစက်ဝိုင်းဂိုဏ်းချုပ်ကြီးရဲ့ ခေါင်းဆောင်တစ်ယောက် ဖြစ်ခဲ့ဖူးတဲ့ ကျန်းဟန်ပါဘုရား၊ မိုရှမ်းနဲ့ တပည့်တော်တို့ သွေးစက်ဝိုင်းဂိုဏ်းကြီးရဲ့ မျိုးဆက်တစ်ဦးဖြစ်တဲ့ ဝမ်ချန်တို့ ဒီမုံမုံ ကုလျှိမြောင်မှာ ရှိနေတယ်ဆိုတဲ့သတင်း ကြားရလို့ တပည့်တော်လည်း ရောက်လာရတာပါဘုရား'

ဆရာတော်ကြီးက ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး....

'အိမ်း....ဒကာတော်ကျန်းဟန်ကိုတွေ့ရတော့ ပြိုပျက်စီးသွားတဲ့ သွေးစက်ဝိုင်းဂိုဏ်းကိုလဲ ပြန်ပြီး သတိရမိပါရဲ့ဂိုဏ်း

www.burmeseclassic.com

www.burmeseclassic.com



ချုပ်ကြီးဝမ်ခကိုလဲ သတိရမိပါရဲ့၊ ဒါနဲ့ ဒကာတော် ဒီကို ရောက်လာရင်းအကြောင်းရင်းက ဘယ်လိုများလဲကွယ့်'

'ဝမ်ချုန်နဲ့ တွေ့ချင်လို့ပ ဘုရား၊ ပြီးတော့ ပြိုကွဲပျက်စီး သွားတဲ့ ကျောက်ပိုင်းကိုက်ကို ပြန်လည်တည်ထောင်ဖို့ တပည့်တော်တို့မှာ အစီအစဉ်ရှိပါတယ်ဘုရား'

'အိမ်း ကောင်းပါလေရဲ့ကွယ်....ကောင်းပါလေရဲ့၊ သိုင်း လောကကို အကျိုးပြုမယ့် ကျောက်ပိုင်းကိုက်ကြီး ပြန်လည် ပေါ်ထွက်လာမှာကိုတော့ ကျုပ်တို့တတွေ ဝမ်းပန်းတသာ ကြိုဆိုပါတယ်၊ လိုအပ်တဲ့ကူညီမှုတွေကိုလဲ ကျုပ်တို့ရှောင်လင် ကိုယ်တော်ကြီးတွေက ပေးပါ့မယ်'

'ကျေးဇူးကြီးလှပါတယ် ဆရာတော်ဘုရား'

ကျွန်းဟန်က ဒူးထောက်နေရာမှ ထရပ်ကာ ဆက်လက်၍ လျှောက်ထားအံ၏၊

'ဝှာစန်းရတနာသိုက်မြေပုံနဲ့ပတ်သက်ပြီး တပည့်တော် ဝင် ရှင်းပါရစေဘုရား၊ တပည့်တော်၏ရှင်းလင်းချက်ကို မပေါက် ကြားဖို့ ဆရာတော်တို့ကို မေတ္တာရပ်ခံပါတယ်၊ တပည့်တော် တို့မှာ ရတနာသိုက်မြေပုံနဲ့ပတ်သက်လို့ အပြည့်အစုံမဟုတ် ပေမယ့် မိုရှမ်းထက် ပိုပြီးသိထားပါတယ်'

ကျွန်းဟန်၏စကားကို မိုရှမ်းခေကာ ဘုန်းတော်ကြီးများ ကပါ စိတ်ဝင်စားသွားကြ၏၊

'ဒကာတော်အနေနဲ့ ရတနာသိုက်မြေပုံနဲ့ ပတ်သက်လို့ သိထားသမျှကို ပြောမယ်ဆိုရင် ပြောပါ၊ ကျုပ်တို့အနေနဲ့



ခပြောသင့်မပြောထိုက်တဲ့စကားကို အထူးပဲ လျှို့ဝှက်ထား တတ်တယ်ဆိုတာ ဒကာတော် ကြားသိထားမှာပါ'

ဆရာတော်ကြီးက မိန့်ဆိုလိုက်သောအခါ ကျွန်းဟန်က ကျိုးနွံစွာ ပြန်လည်လျှောက်ထား၏၊

'တပည့်တော် ကြားသိထားပါတယ်ဘုရား၊ ဆရာတော်တို့ ကိုလဲ ဖွင့်ပြောသင့်ပြီလို့ ယူဆမိလို့ ပြောမှာပါ၊ ဒါမှလဲ မိုရှမ်းအပေါ် ဆရာတော်တို့ ဆထင်လွဲတာတွေ ပျောက်ကုန် မှာပါ၊ ဒီလိုပါ ဆရာတော်ဘုရား၊ တပည့်တော်တို့ရဲ့ဂိုဏ်းချုပ် ကြီးဆီမှာ ဝှာစန်းရတနာသိုက်မြေပုံရှိနေတယ်လို့ သိုင်းလော ကမှ သတင်းထွက်ပေါ်သွားပါတယ်...

တပည့်တော်တို့ရဲ့ဂိုဏ်းချုပ်ဆီမှာ ရတနာသိုက်မြေပုံ ရှိနေ တာတော့ အမှန်ပဲ၊ ဒါပေမယ့် ပြည့်ပြည့်စုံစုံတော့ မဟုတ်ပါ ဘူး၊ ရတနာသိုက်မြေပုံတစ်ဝက်ပဲ ရှိနေတာပါဘုရား၊ ဂိုဏ်း ချုပ်ကြီးက သူမဆုံးခင် ခြောက်လလောက်ကမှ သူ့ဆီမှာ ရှိနေတဲ့မြေပုံအစိတ်ဝက်ကိုတစ်စက်စီထပ်ခွဲပြီး သားနှစ်ယောက် ဖြစ်တဲ့ ဝမ်ရှောင်နဲ့ ဝမ်ချုန်တို့ရဲ့ကြားမှာ ဆေးမင်ကြောင်နဲ့ ထပ်ကူးထားလိုက်တယ်ဘုရား....

ဒါကြောင့် ဝမ်ရှောင်နဲ့ဝမ်ချုန်တို့ ညီအစ်ကိုရဲ့နောက် ကျောမှာ ရတနာသိုက်မြေပုံတစ်ဝက်ရဲ့ တစ်ဝက်စီ ရှိနေတယ် ဘုရား၊ ကျန်တဲ့တစ်ဝက်ဟာ ဘယ်သူ့ဆီမှာရှိနေတယ်ဆိုတာ တော့ တပည့်တော်လဲ မသိရသေးပါဘုရား'

www.burmeseclassic.com

www.burmeseclassic.com





ဆရာတော်ကြီးလည်း ခေါင်းတစ်ဆတ်ဆတ်ညိတ်ပြီး....

'ဪ....ဒီလိုကိုး၊ ကျုပ်တို့လဲ အခုမှပဲ ဒီအကြောင်းကို သိရတော့တယ်၊ ဒါဆို သိုင်းလောကမှာ ထွက်ပေါ်နေတဲ့ သတင်းနဲ့ အဖြစ်မှန်ဟာ တစ်ခြားစီ ဖြစ်နေတာပေါ့'

ဆရာတော်ကြီးလည်း စကားဖြတ်ကာ မိုးရှမ်းကိုကြည့်၍ မေးလိုက်၏။

'ဒကာမလေးမိုးရှမ်း၊ ဒါဆိုရင် ဒကာမလေးက ဝမ်ချန်ရဲ့ ကျောမှာ ဆေးမင်ကြောင်နဲ့ထိုးထားတဲ့ မြေပုံတစ်ပိုင်းတစ်စကို တွေ့မှာပေါ့'

မိုးရှမ်းလည်း လက်ယှက်မိုး၍ ပြော၏။

'တွေ့ပါတယ်ဘုရား'

'ဒါဖြင့် ဘာကြောင့် ဒီအကြောင်းကို ထုတ်မပြောတာလဲ ဒကာမလေး၊ ဒကာမလေးသာ ဒီအကြောင်းကို ထုတ်ပြောလိုက်ရင် ဘုန်းကြီးတို့အနေနဲ့ ဒကာမလေးအပေါ် အထင်လွဲစရာ မရှိတော့ဘူးပေါ့'

'တပည့်တော်မ စိုးရိမ်စိတ်လွန်သွားလို့ ဒီအကြောင်းကို ထုတ်မပြောမိတာပါ၊ တပည့်တော်မက မျက်မမြင်ဘဝမို့ ဆရာတော်တို့ကို ဘုန်းကြီးတွေမှန်းသိပေမယ့် ရွှေဝင်လင်ဂိုဏ်းတော်ကြီးကဆရာတော် ဟုတ်မဟုတ် မသိပါဘုရား....

'ပြီးတော့ ဒီအကြောင်းကို သတင်းပြန့်သွားရင် တပည့်တော်မ သားရင်းတစ်ယောက်လို ချစ်မြတ်နိုးတဲ့ ဝမ်ချန်မှာ အန္တရာယ်တွေ ပေါ်ပေါက်လာနိုင်လို့ပါ၊ အခု အစ်ကိုကျန်းဟန် ရောက်လာမှပဲ ဆရာတော်တို့ကို ရွှေဝင်လင်ဂိုဏ်းတော်ကြီးက ဂိုဏ်းချုပ်ဆရာတော်တွေမှန်း သိရပါတယ်ဘုရား၊ တပည့်တော်မ အစိုးရိမ်လွန်သွားတာ ခွင့်လွှတ်တော်မူကြပါဘုရား'

'အိမ်း....ခွင့်လွှတ်ပါတယ်လေ၊ ဘုန်းကြီးတို့ အနေနဲ့လဲ ဝှာစန်းရတနာသိုက်မြေပုံကို ဗုစရိုက်သမားတွေသာ ရသွားခဲ့ရင် သိုင်းလောကကြီး ဒုက္ခဆိုတဲ့စိုးရိမ်စိတ်နဲ့ 'စိတ်လောသွားမိတယ်၊ အခု ဒကာတော်ကျန်းဟန်ဆီကစကားတွေကို ကြားရတော့ စိုးရိမ်ပူပန်စိတ် အတော်လျော့သွားပါပြီ....

'ဝှာစန်းရတနာသိုက်မြေပုံ အပြည့်အစုံရဖို့ဟာ တော်တော့ကို မလွယ်လှဘူးလေ၊ ဝမ်ချန်ကိုသာဂရုစိုက်ပါ ဒကာမလေး၊ ကျုပ်တို့သိထားသမျှတော့ ကျုပ်တို့ဆီက သတင်းမပြန့်စေရပါဘူး၊ ကဲ....ဒကာမလေး၊ ဘုန်းကြီးတို့ ပြန်ကြဦးတော့မယ်'

'တင်ပါ့ဘုရား'

ဂိုဏ်းချုပ်ဆရာတော်ကြီးဝေလျှံက ကျန်းဟန်တို့ကိုလည်း ပြောလိုက်၏။

'ကဲ....ဒကာတော်ကျန်းဟန်၊ ကျုပ်တို့တစ်တွေ ပြန်ကြမယ်၊ သွေးစက်ဝိုင်းဂိုဏ်းကို ပြန်ပြီးတည်ထောင်နိုင်အောင်ကြိုးစားကြပါ၊ လိုအပ်တဲ့ကူညီပံ့ပိုးမှုကို ရွှေဝင်လင်ဂိုဏ်းတော်ကြီးက ပေးပါ့မယ်၊ ဝမ်ရွှောင်နဲ့ဝမ်ချန်တို့ညီအစ်ကိုမှာ ရှိနေတဲ့ ဝှာစန်းရတနာသိုက်မြေပုံတစ်ဝက်ကိုလဲ ဒကာတော်တို့အနေနဲ့ အတတ်နိုင်ဆုံး ထိန်းသိမ်းစောင့်ရှောက်ထားကြပါ'

'တင်ပါ့ ဆရာတော်ဘုရား'

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ဆရာတော်ကြီးနှင့် နေ့တက်ပါသွန်းတော်ကြီးမျိုး
ပြန်လည်ကြသွားကြလေသည်။

မျက်မမြင်မိုရှမ်းနှင့် ကျန်းဟန်တို့ နှစ်ယောက်တည်းသာ
ကျန်ခဲ့ကြ၏။

ကျန်းဟန်က မိုရှမ်း၏မျက်နှာလှလှလေးကို အတန်ကြာ
စောင့် ငေးကြည့်နေ၏။

မိုရှမ်းသည် မျက်စိမမြင်ရသော်လည်း သူမကို ကျန်းဟန်
ကြည့်နေလိမ့်မည်ဖြစ်ကြောင်း သိနေ၏။

ထို့ကြောင့် အနေရခက်လာပြီး သူမကပင် စကားစ

'အစ်ကိုကျန်းဟန် ရှိနေသေးတယ်မဟုတ်လား'

ထိုအခါမှ ကျန်းဟန်သည် သူ့ လိပ်ပြာသူမလုံ ဖြစ်သွား
ပြီး ရှက်ပြုံးပြုံးကာ ပြန်ပြော၏။

'ခြောက်...ရှိပါသေးတယ်'

'အစ်ကိုကျန်းဟန်ရောက်လာလို့ တော်ပါသေးရဲ့၊ နို့မို့
ကျွန်မ ဘယ်လိုပဲရှင်းပြပြ သူတို့တွေ ယုံကြမှာမဟုတ်ဘူး သူ
က ကျွန်မဆီမှာ ငွေစန်းရတနာသိုက်မြေပုံရှိနေတယ်လို့ ထင်နေကြ
တာ'

'သိုင်းလောကမှာလဲ ဒီလိုပဲ သတင်းထွက်နေတာကို
ထင်မယ်ဆိုရင်လဲ ထင်ရလောက်စရာပဲ ဖြစ်နေတာပေါ့'

'ကျွန်မလဲ အစ်ကိုကျန်းဟန်ပြောမှပဲ ဒီအကြောင်းကို သိ
ရတော့တယ်၊ ကျွန်မကိုယ်တိုင်က ငွေစန်းရတနာသိုက်မြေ
အကြည့်အစိုက် ဂိုဏ်းချုပ်ကြီးဝမ်ခဆီမှာ ရှိနေတယ်လို့ ထ
ထားတာ'



'ကျွန်တော်လဲ ဒီအကြောင်းကို ဂိုဏ်းချုပ်ကြီး ကွယ်လွန်
သွားတဲ့အထိ မသိပါဘူး၊ နောက်မှ ဆရာလုံဖေးပြောပြလို့
သိရတာပါ'

'ဆရာလုံဖေးဆိုတာ ဝမ်ရှောင်ကိုမွေးစားထားတဲ့ ကျောင်း
ယွမ် ချောထောက်အဖွဲ့ပိုင်ရှင် သိုင်းဆရာကြီး လုံဖေးကိုပြော
တာလား'

'ဟုတ်ပါတယ်၊ ကျွန်တော်တို့ရဲ့ ဂိုဏ်းချုပ်ကြီးနဲ့ ဆရာ
လုံဖေးတို့ဟာ လူရင်းလူယုံ တွေဆိုတော့ သူတို့နှစ်ယောက် တိုင်
ပင်စီစဉ်ပြီး ဝမ်ရှောင်နဲ့ဝမ်ချန့်တို့ကျောမှာ ရတနာသိုက်မြေပုံ
ကို ဆေးမင်ကြောင် ထိုးခဲ့ကြတာပါ'

'သားလေးဝမ်ချန့်ရဲ့ကျော မှာ ဆေးမင်ကြောင်ထိုးထား
တဲ့ မြေပုံအပိုင်းအစကို တွေ့တော့ ကျန်တဲ့ မြေပုံတစ်ပိုင်းလဲ
ဝမ်ရှော ရဲ့ကျောမှာ ရှိနေလိမ့်မယ်လို့ ကျွန်မ တွက်မိတယ်၊
ဒါပေမယ့် ကျွန်မဟာ ငွေစန်းရတနာသိုက်ကို ဖော်ထုတ်ချင်
စိတ် မရှိခဲ့ပါဘူး၊ ဒီရတနာသိုက်နဲ့ပတ်သက်လို့ ပြဿနာတွေ
ရှုပ်ထွေးမှာကိုလဲ မလိုလားဘူး၊ ဒါကြောင့် သားလေးကို
တောင် သူ့ကျောမှာရှိတဲ့ ရတနာသိုက်မြေပုံရဲ့အကြောင်း
ပြောမပြခဲ့ဘူး၊ ဘယ်သူ့ရဲ့ ရှေ့မှာမှ အကျီချွတ်နဲ့မနေရဘူးလို့
သတိပေးထားတယ်၊ သားလေးက ကျွန်မစကားကို နား
ထောင်ပါတယ်'

'ရှင်းရှင်းပဲဝန်ခံရရင် ပထမတော့ ကျွန်တော်ဟာ ခင်ဗျား
အပေါ်မှာ အထင်လွဲမိသေးတယ်မိုရှမ်း၊ ခင်ဗျားဟာ ငွေစန်း

www.burmeseclassic.com

www.burmeseclassic.com



ရတနာ့သိုက်ကို ဖော်ထုတ်လိုတဲ့လောဘဇောနဲ့ ဝမ်ချန်ကို ခေါ်သွားတယ်လို့ ထင်မိသေးတယ်၊ နောက် ခေါင်းအေးအေးနဲ့စဉ်းစားမှပဲ ခင်ဗျားဟာ ဝမ်ချန်ကို ကရုဏာစိတ်နဲ့ ခေါ်သွားတယ်ဆိုတာ တွေးမိတယ်၊ အခု ဘုန်းတော်ကြီးတွေနဲ့ ခင်ဗျားပြောစကားတွေကို ကြားရှိတော့ ခင်ဗျားမှာ လောဘစိတ် လုံးလုံးမရှိတော့ဘူးဆိုတာ သိရပါတယ်၊ ဒါကြောင့် ကျွန်တော် ဝင်ဖြေရှင်းတာပါ၊ ဒါနဲ့ ဝမ်ချန်တစ်ယောက်ကော မမြင်ပါလား'

'ရှိပါတယ်အစ်ကို၊ တောလိုက်သွားနေပါတယ်၊ ပြန်လာခါနီးပါပြီ၊ အစ်ကို့ကို တစ်ခုတော့ မေတ္တာရပ်ခံပါရစေ'

'ပြောပါမှိုရှမ်း'

'သားလေးဝမ်ချန်ဟာ ငါးနှစ်သားအရွယ် လောက်ကတည်းက ကျွန်မနောက်ကို ပါလာလေတော့ သူ့ ဘက်ဝိုင်းဂိုဏ်းအကြောင်းကို မသိတော့ပါဘူး၊ သူ့မိဘတွေ ဘယ်သူ ဘယ်ဝါဆိုတာလဲ မသိတော့ပါဘူး၊ ကျွန်မကလဲ သူ့ကို ပြော မပြတော့ဘူး....

'ဘာဖြစ်လို့လဲဆိုတော့ သူ့ကို ရှုပ်ထွေးလှတဲ့သိုင်းလောကထဲကို မဝင်စေချင်လို့ပဲ၊ လူလူချင်း တိုက်ခိုက်သတ်ဖြတ်တဲ့ အလုပ်မျိုးတွေ မလုပ်စေချင်လို့ပါ၊ ပြီးတော့ သားလေး ဝမ်ချန် ကျွန်မကို ခွဲထွက်သွားမှာကို ကျွန်မအနေနဲ့ ခံနိုင်ရည် မရှိပါဘူး၊ ဒါပေမယ့် ခုတော့ ကျွန်မ ဖုံးကွယ်နိုင်စွမ်း ရှိမှာ မဟုတ်ပါဘူးလေ....



'သားလေးဟာ သူ့ရဲ့ဘဝမှန်ကိုသိရတော့မယ့်အချိန်မျိုးကို ရောက်လာပါပြီ၊ သူ့ဘဝမှန်ကို ကျွန်မ ဖွင့်ပြောရတော့မှာပါ၊ ဒါပေမယ့် ခုချက်ချင်း ဖြန်းစားကြီးတော့ ကျွန်မ ဖွင့်မပြောချင်သေးဘူး၊ အေးအေးဆေးဆေးမှပဲ ပြောချင်တယ်၊ ဒါကြောင့် သားလေးကို လောလောဆယ် အစ်ကို တွေ့ရင်....'

မှိုရှမ်း၏ ဆိုလိုရင်းကို ကျွန်းမာန် သဘောပေါက်သွားအဖြင့် စကားကို ဖြတ်ပြောလိုက်၏။

'ကျွန်တော် သဘောပေါက်ပါပြီမှိုရှမ်း၊ ခင်ဗျား မသိစေချင်တဲ့အချက်အလက်ကို ဝမ်ချန် မသိစေရပါဘူး၊ ခင်ဗျား အနေနဲ့ ပြောသင့်ပြောထိုက်ပြီဆိုတဲ့အချိန်ကျမှ ခင်ဗျားကိုယ်တိုင် ဖွင့်ပြောပါ၊ တစ်ခုပဲသတိပေးပါရစေ၊ စေတနာမှန်နဲ့ သတိပေးမှာပါ'

'ဟုတ်ကဲ့...ပြောပါရှင်'

'အခုဆိုရင် ခင်ဗျားနဲ့ဝမ်ချန်တို့ ဒီမှာရှိနေကြတယ်ဆိုတာ သိုင်းလောက သတင်းပေါက်ကြားသွားပြီ၊ အခုပဲ ရှောင်လင်ဂိုဏ်းတော်ကြီးက ဘုန်းတော်ကြီးတွေနဲ့ ကျွန်တော်ရောက်လာကြပြီ၊ ကျွန်တော်တို့ရောက်လာခြင်းဟာ ကောင်းသော ရောက်လာခြင်းဖြစ်ပေမယ့် နောက်ရောက်မယ့်လူတွေကတော့ အများအားဖြင့် ဝှာစန်းရတနာသိုက်မြေပုံကို ရယူလိုဇောနဲ့ ခင်ဗျားတို့ကို အန္တရာယ်ပေးကြမှာ သေချာပါတယ်၊ ဒါကြောင့် ခင်ဗျားတို့ ဒီနေရာကနေ တခြားနေရာကို ရှောင်နေကြပါလို့ အကြံပေးပါရစေ'

www.burmeseclassic.com



'ဟုတ်ကဲ့၊ ဒီအချက်ကိုတော့ ကျွန်မ စဉ်းစားနေပါတယ်၊ မထင်သာတဲ့အဆုံး သားလေးဝမ်ချန်ကို သူ့ဘခမွန် ရှင်းပြပြီး သူ့အစ်ကိုဝမ်ရှောင်ဆီကို လွှတ်လိုက်ပါမယ်၊ သားလေးကိုတော့ အန္တရာယ် မကျရောက်စေရပါဘူး'

'မေမေရေ...မေမေ'

ထိုစဉ် ခပ်လှမ်းလှမ်းဆီမှ ခေါ်သံ ပေါ်လာ၏။

မို့ရှမ်းက စိတ်လှုပ်ရှားစွာ ပြောလိုက်၏။

'တော့...သားလေးပြန်လာပြီ၊ ကျွန်မပြောထားတာတွေ မေ့မသွားနဲ့နော်'

'စိတ်ချပါ'

ထိုစဉ် ဝမ်ချန်သည်သမင်သေတစ်ကောင်ကိုထမ်းကာ သူတို့နှစ်ယောက်အနီးသို့ အပြေးရောက်လာ၏။

ခုနစ်ရောက်မှ သမင်သေကို ပစ်ချ၏။

ဝမ်ချန်နှင့်ကျန်းဟန်တို့ တစ်ဦးကိုတစ်ဦး သေချာစွာ ကြည့်မိကြ၏။

ဝမ်ချန်သည် အရွယ်နှင့်မလိုက်အောင် သန်မာထွားကျိုင်းသော ခန္ဓာကိုယ်ရှိပြီး ငယ်ရွယ်ပျော်နေသဖြင့် တစ်နေရာတွင် သွားတွေ့ပါက ကျန်းဟန် သိလိမ့်မည်မဟုတ်ချေ။

ကျန်းဟန်၏စိတ်ထဲတွင် ဝမ်ချန်ကို တွေ့ရသည့်အတွက် လွန်စွာမှဝမ်းသာနေ၏။

သူသည် လိုက်လိုက်လှဲလှဲကြီး ပြုံးနေသည်။

ဝမ်ချန်သည် ကျန်းဟန်၏ရုပ်သွင်ပြင် အမူအရာကိုကြည့်၍ သူတို့သားအမိ၏ရန်သူမဟုတ်ကြောင်းတော့ အကဲခတ်မိ၏။



'သားလေး'

မို့ရှမ်းကခေါ်လိုက်တော့ သူ့အကြည့်က မို့ရှမ်းထံ ရောက်လာ၏။

'ခင်ဗျာ...မေမေ'

'သူက မေမေ့ရဲ့အစ်ကိုတစ်ယောက်လို ယုံကြည်အားထားရတဲ့ အစ်ကိုကျန်းဟန်ပါပဲ၊ အစ်ကိုကျန်းဟန်က မေမေ ဒီမှာရှိတယ်ဆိုတာ ခုမှ သတင်းကြားလို့ ရောက်လာတာပဲ၊ သားလေးက အစ်ကိုကျန်းဟန်အပေါ် ဦးလေးသားချင်း တစ်ယောက်လို သဘောထားဆက်ဆံရမယ်နော်၊ ယုံယုံကြည်ကြည်နဲ့ ဘာအကူအညီမဆို တောင်းနိုင်တယ်'

ထိုအခါ ဝမ်ချန်က ရှင်းရှင်းလင်းလင်းသိသွားပြီး လက်ခမောင်းနှစ်ဖက်ကိုယှက်ကာ ကျန်းဟန်ကို အရိုအသေပေး၍ လေးလေးစားစား ပြောလိုက်၏။

'ဦးဦးကို ကျွန်တော် ဂါရဝပြုပါတယ်ခင်ဗျာ၊ ကျွန်တော်ကိုလဲ တူသားတစ်ယောက်လိုပဲ သဘောထားပါ'

'ဦးဦးလဲ ငါ့တူနဲ့တွေ့ရတဲ့အတွက် သိပ်ပြီး ဝမ်းသာပါတယ်'

ကျန်းဟန်သည် ဂိုဏ်းချုပ်ကြီးဝမ်ခ၏ မျိုးဆက်ညီးဆစ်ကို နှစ်ယောက်မြင့် သေးစက်ပိုင်း ဂိုဏ်းကြီးကို ပြန်လည်တည်ထောင်နိုင်တော့မည်ဖြစ်သဖြင့် လွန်စွာ ဝမ်းသာနေ၏။

ထို့နောက် ကျန်းဟန်သည် မို့ရှမ်းနှင့်ဝမ်ချန်တို့၏ စိတ်ဆန္ဒအရ သူတို့နေထိုင်ရာ လိုဏ်ဂူကြီးအတွင်းသို့ ပါလာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းဟာန်က သိုင်းလောကအကြောင်းကို ပြောပြ၏။

သူ့စကားထဲတွင် သွေးစက်ပိုင်းဂိုဏ်းအကြောင်း ပေါ်အောင်တော့ အထူးသတိထား၍ပြောပြီး အဆိပ်တစ်ရာဂိုဏ်း၏ လက်ရှိအခြေအနေကို ပြော၏။

သူတို့ ပိုပြီးရင်းနှီးသွားကြ၏။

ထိုညနေဘက်တွင် ကျွန်းဟာန်လည်း ဆောင်ရွက်စရာကိစ္စရပ်များရှိသည်ဟုဆိုကာ မိုရှမ်းတို့ထံမှ ပြန်သွား၏။

သူ့အနေနှင့် အားချင်း ဆောင်ရွက်ရမည့်ကိစ္စရပ်များ အမှန်ပင် ရှိနေ၏။

ချောမောလှပလှန်းသော မျက်မမြင်မလေးမိုရှမ်းကိုလည်း မြင်မြင်ချင်း ချစ်စိတ်ဝင်မိသည်ဖြစ်၍ ကြာကြာနေရမှာ သူ့စိတ်ကိုသူ မလုံသဖြင့် ပြန်သွားခြင်းဖြစ်လေတော့သည်။

=+=

အခန်း ( ၁၁ )

## တိုက်ပွဲအစ

ကျွန်းဟာန်ပြန်သွားပြီးနောက် မျက်မမြင်မိုရှမ်းသည် ဝမ်ချန်၏ဇာတ်မြစ်မှန်၊ ဘဝမှန်ကို ဖွင့်ပြောသင့်မပြောသင့် အချိန်ယူ၍ စဉ်းစားသည်။

ကျွန်းဟာန်လည်း ရောက်လာပြီးဖြစ်တာ သွေးစက်ပိုင်းဂိုဏ်းကို ပြန်လည်တည်ထောင်ရန် အစီအစဉ်ရှိကြောင်း ပြောထားပြီးဖြစ်ရာ ဝမ်ချန်ကို ဖွင့်မပြော၍ မဖြစ်တော့ပါချေ။

ဖွင့်ပြောလိုက်လျှင်လည်း သူမကို မေးစားမိခင်မှန်းပေါ်ပေါ်ထင်ထင် သိသွားပြီး အချစ်လျော့မှာကိုလည်း စိုးရိမ်မကင်း ဖြစ်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဂွာစန်းရတနာသိုက်မြေပုံကို ရယူလိုစိတ်ဖြင့် သူမ တို့ကို နှိပ်စက်မည့်သူများ ထပ်မံရောက်ရှိလာနိုင်သည်ဖြစ်လေရာ နောက်ဆုံးတွင် မိုရှမ်းသည် ဇမ်ချုန်အား အဖြစ်မှန်ကို ဖွင့်ပြော ရန် ဆုံးဖြတ်ချက်ချလိုက်တော့သည်။

ကျန်းဟန်ပြန်သွားပြီး သုံးရက်မြောက်နေ့တွင် မိုရှမ်းက ဇမ်ချုန်အား သူ့ဘဝဇာတ်မှန်ကို ဖွင့်ပြောလိုက်၏။

သူမသည် လွန်ခဲ့သော ကိုးနှစ်ကျော်က ဒုစရိုက်ဂိုဏ်း တစ် ဂိုဏ်းဖြစ်သည့် အဆိပ်တစ်ဆူဂိုဏ်း၏ ဂိုဏ်းချုပ်ဖြစ်ခဲ့ကြောင်း ပြောလိုက်၏။

သူမက ဂွာစန်းရတနာသိုက်မြေပုံအကြောင်း လွန်ခဲ့သော ကိုးနှစ်ကျော်က သွေးစက်ဝိုင်းဂိုဏ်း ခေါင်းချုပ်တိုက်ပွဲတွင် ဇမ် ချုန်၏ မိဘနှစ်ပါး သေဆုံးသွားခဲ့ကြပြီး သွေးစက်ဝိုင်းဂိုဏ်း လည်း ပြိုကွဲပျက်စီးသွားကြောင်း။

မျက်ခုံးမြူဘိုးဘိုးလက်ထဲမှ ဇမ်ချုန်ကို သူမက ကယ်တင်ခဲ့ ပြီး ဤ မှု မှု ကာလချိုမြောင်တွင် ဇာတ်မြှုပ်နေခဲ့ကြောင်း။

ဇမ်ချုန်၏ကျောတွင် ဆေးမင်ကြောင်ဖြင့် ရေးထိုးထား သော ဂွာစန်းရတနာသိုက်မြေပုံ တစ်ပိုင်းတစ်စ ရှိနေသည့် အကြောင်း။

ယခုအခါ သူမတို့ ဤနေရာတွင်ရှိနေကြောင်း သိုင်းလော ကတွင် သတင်းပေါက်ကြားသွားပြီ ဖြစ်၍ သိုင်းလောက သားများ စတင် ရောက်လာကြပြီဖြစ်ကြောင်း။



ကျိုးဟန်မြို့မှ ကျင့်ယွမ်ချော့ထောက်အဖွဲ့ ဦးစီးခေါင်း ဆောင် သိုင်းဆရာကြီးလုံဖေးက မွေးစားထားပြီး ဝမ်ရှောင် ကျောတွင်လည်း ရတနာသိုက်မြေပုံ တစ်ပိုင်းတစ်စ ရှိနေ သည်ကို ကျန်းဟန်ပြော၍ သိရကြောင်း။

တကယ်တော့ ကျန်းဟန်မှာ သွေးစက်ဝိုင်းဂိုဏ်းချုပ်ကြီး မ်ခ၏ ညာလက်ရုံးတစ်ယောက်ဖြစ်ကြောင်း၊ အသေးစိတ် င်းလင်းပြောပြလိုက်လေ၏။

ဝမ်ချုန်က ယခုမှ ဇာတ်မြစ်မှန်၊ ဘဝမှန်ကို သိသွားတော့ သည်။

'မေမေဟာ သားရဲ့ဘဝမှန်ကို ဖွင့်မပြောခဲ့တာက မေမေ ွးစားမေမေမှန်းသိပြီး မစ်သွားမှာကို စိုးရိမ်တာက တစ် ကြောင်း၊ သားဟာ လက်စားချေချင်တဲ့စိတ်နဲ့ သိုင်းလောက ကိုစင်ပြီး လူလူချင်း တိုက်ခိုက်သတ်ဖြတ်မှာကို မလိုလား ာတာက တစ်ကြောင်း၊ ဂွာစန်းရတနာသိုက်မြေပုံအကြောင်းကို သိသွားရင် လောဘဇောစင်ပြီး မလုပ်သင့်တာတွေကို လုပ်မိ မှာစိုးတာကတစ်ကြောင်း၊ ဒီအကြောင်းကြောင်းတွေကြောင့် င့်မပြောခဲ့တာပါသားရယ်....

'ခုတော့ မေမေတို့ကို ရန်မူမယ့်လူတွေလဲပေါ်လာပြီ၊ ပြီး တော့ မင်းဖေဖေရဲ့ သွေးစက်ဝိုင်းဂိုဏ်းကို ပြန်ထူထောင်တဲ့ ခါ သားတို့ညီအစ်ကိုနှစ်ယောက်စလုံး ပါဝင်ဆင်နွှဲစေချင်လို့ သူ့ဆိမ်တာကြောင့် သားကို အခုလို ဖွင့်ပြောလိုက်ရတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



မေမေ ဖုံးကွယ်ထားခဲ့မိတဲ့အတွက် မေမေ့အပေါ် ဖော်
မမြင်ပါနဲ့သားရယ်'

ဝမ်းချန်သည် သူ့ မိခင်ရင်းများ၏အဖြစ်ကို သိရသောအခါ
လွန်စွာ စိတ်မကောင်းဖြစ်သွားသည်။

မိဘများ၏အသက်ကို ယတ်ခဲ့ရှိသာမက သူ့ အသက်ကို
လုပ်ကြံသတ်ဖြတ်ရန် ကြိုးစားခဲ့သော မျက်ခုံးဖြူဘိုး
လျှံကျူ အပေါ်တွင် များစွာ အခဲမကျေဖြစ်သွားမိ၏။

သူ့တွင် အစ်ကိုရင်းတစ်ယောက် ရှိနေကြောင်းကို သိ
သောအခါ ဝမ်းသာအားရဖြစ်သည်။

သူသည် မွေးစားမိခင် မျက်မမြင်မိုရှမ်းအပေါ် အနည်း
ငယ်မျှ အပြစ်မမြင်မိပါချေ။

မျက်မမြင်ဘဝဖြင့် သူ့ကို လူလားမြောက်အောင် ကျေ
မွေးပြုစုစောင့်ရှောက်လာခဲ့သည် မဟုတ်ပါလား။

သူက မိုရှမ်း၏လက်နှစ်ဖက်ကို ဆွဲကိုင်လိုက်ပြီး သူ့ရင်ထဲ
ခံစားချက်အမှန်ကို ဖွင့်ပြောသည်။

'သားစိတ်ထဲမှာ သားငယ်ငယ်ကဖြစ်ရပ်တွေကို အိပ်မက်
လိုလို တကယ်လိုလို မထင်မရှား သတိရနေပါတယ်၊ ဒါပေ
မယ့် မေမေစိတ်ညစ်မှာစိုးလို့ မမေးခဲ့ပါဘူး၊ အခု မေမေ
ပြောပြမှပဲ သားရဲ့ဘဝမှန်ကို သိရပါတော့တယ်....

'မေမေ့ကို အမေရင်းမဟုတ်မှန်းသိရပေမယ့် သားစိတ်ထဲ
မှာတော့ မေမေဟာ သားရဲ့အမေရင်းပါပဲ၊ မေမေ့ကို နည်း
နည်းလေးမှ အချစ်လျော့မသွားခဲ့ပါဘူး၊ ဘယ်တော့မှ

ချစ်မသွားပါဘူး၊ မေမေ့ကျေးဇူးက သားတစ်သက် ဆပ်လို့
ကုန်ပါဘူးမေမေ'

'ဝမ်းသာလိုက်တာသားရယ်၊ သားဆီက ဒီလိုကြားရတာ
ဝမ်းသာလိုက်တာ'

'သားရဲ့အစ်ကိုရင်းကိုတော့ တွေ့ချင်လိုက်တာ မေမေ
ရယ်၊ သားမိဘတွေကိုသတ်ပြီး မေမေ့ကိုလဲ မျက်မမြင်အဖြစ်
ရောက်အောင်လုပ်ခဲ့တဲ့ ဗုစရိုက်ကောင်ကြီးကို ဖြန်ပြီး လက်
စားချေချင်တယ် မေမေ၊ မျက်စီးသွားတဲ့ သေွးစက်ဝိုင်းဂိုဏ်း
ကြီးကိုလဲ ဖြိုနှိမ်ပြီးတည်ထောင်ချင်တယ်'

'သားရဲ့အစ်ကိုနဲ့ မကြာခင် တွေ့ရမှာပါကွယ်၊ သားဖြစ်
ချင်တာတွေလဲ အခွင့်အခါနေ့ပေးတဲ့တစ်နေ့မှာ ဖြစ်ရမှာပါ၊
လူယုတ်မာအဘိုးကြီးလျှံကျူလဲ မေမေတို့ ဒီမှာရှိနေကြတဲ့
သတင်းကိုရရင် ရောက်လာမှာပါ၊ ဒါကြောင့် အခုကတည်း
ကစပြီး သားလဲ သတိဝီရိယနဲ့နေပါကွယ်'

'စိတ်ချပါမေမေ'

နောက်တစ်နေ့တွင် မျက်ခုံးဖြူဘိုးဘိုးလျှံကျူနဲ့ နောက်
လိုက်ဗုစရိုက်ဂိုဏ်းသားများ မိုမို ကု လျှိုမြောင်ဒေသသို့
ရောက်လာကြတော့သည်။

* * *

ထိုစဉ် မိုရှမ်းနှင့်ဝမ်ချန်တို့သည် လိုက်ဂူကြီးရှေ့တွင်ထိုင်
လျက် ရှေးဖြစ်နောက်ကြောင်းများကို ပြောနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



မို့ရှမ်းအာ ပြောလက်စစကားကို ရှတ်တရက်ရပ်၍ နား[illegible]ကာ ပြော၏။

'လူတွေ ပြေးလာနေကြတယ် ထင်း'

သူမက ဝမ်ချန်ထက် ပို၍ အကြားအာရုံကောင်းသူဖြစ်၍ ပြေးလာသောခြေသံများကို ဦးစွာ ကြားလိုက်ရခြင်းဖြစ်၏။

သူမက ပြောပြောဆိုဆိုပင် တောင်ဝှေးကိုဆွဲ၍ ထရပ်လိုက်၏။

ဝမ်ချန်လည်း ခုန်ထ၍ အနီးပတ်ဝန်းကျင်ကို ကြည့်လိုက်မိ၏။

ထိုအခါ သူတို့ထံ ပြေးလာသောလူတစ်စုကို တွေ့ရ၏။

ရှေ့ဆုံးမှပြေးလာသူမှာ ဆံပင်တွေ ဖွေးဖွေးဖြူနေသော အသက်ခုနစ်ဆယ်ခန့်အဘိုးကြီးတစ်ယောက်ဖြစ်ပြီး သူနောက်တွင် ဝတ်စုံနက်ကိုယ်စီဖြင့် လူဆယ်ယောက်ကျော်ခန့် ပါလာလေ၏။

သူတို့၏ပုံပန်းသဏ္ဌာန်သွင်ပြင်ကို မြင်ရရုံဖြင့် လူကောင်းများ မဟုတ်နိုင်ကြောင်း၊ မိမိတို့ကို အန္တရာယ်ပေးမည့်သူများသာဖြစ်ကြောင်း ဝမ်ချန် ခန့်မှန်းမိလိုက်၏။

တကယ်လည်း ထိုလူစုသည် လူကောင်းများမဟုတ်ကြပါချေ။

မို့ရှမ်းနှင့်ဝမ်ချန်တို့ကို အန္တရာယ်ပေးကြမည့်သူများလည်း ဖြစ်၏။



သူတို့သည် ယုတ်မာရက်စက်လှသော လျူကျူနှင့် ဒုစရိုက်သိုင်းသမားများဖြစ်ကြ၏။ သူတို့သည် မှောက်မှောက်ချင်းပင် မို့ရှမ်းနှင့်ဝမ်ချန်တို့ကို ဝိုင်းထားလိုက်ကြ၏။

ဝမ်ချန်သည် အဘိုးကြီးကို မျက်ခုံးဖြူဘိုးဘိုးလျူကျူမှန်း မသိပေ။

မို့ရှမ်းအနေနှင့်လည်း မမြင်ရသဖြင့် လျူကျူအဖွဲ့ ဖြစ်ကြောင်း ရှတ်တရက် မသိပါ။

အကြားအာရုံဖြင့်သာ ရောက်လာသူတို့၏ လှုပ်ရှားမှုကို နားထောင်ပြီး မိမိတို့ကို အန္တရာယ်ပေးမည့်သူများသာ ဖြစ်ကြောင်း သိလိုက်၏။

ထို့ကြောင့် ပြန်လည်တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်သည်။

လျူကျူက ဝမ်ချန်ကို အကဲခတ်ကြည့်လိုက်ပြီး မို့ရှမ်းကို စေ့စေ့ကြည့်ကာ ပြော၏။

'မင်းတို့ရဲ့သတင်းကို မကြားရတော့ ငါက နင်တို့တွေ သေပြီလို့တောင် ထင်နေတာ၊ လက်စသတ်တော့ နင်တို့အခု ဒီမှာလာပြီး ဇာတ်မြုပ်နေကြတာကိုး၊ ကဲ....ကဲ...ရှည်ရှည် ဝေးဝေး မပြောချင်ဘူး၊ နင်တို့မှာရှိတဲ့ ဂူစန်းရတနာသိုက် မြေပုံကိုသာ အေးအေးဆေးဆေး ထုတ်ပေးပေတော့၊ ဒါဆိုရင် ငါတို့ နင်တို့ကို ဒုက္ခမပေးဘဲ အေးအေးဆေးဆေး ပြန်သွားမယ်၊ အေး....ဒါမှမဟုတ်လို့ကတော့ နင်တို့ကိုသတ်ပြီး ရတနာသိုက်မြေပုံကိုယ် ဘာသာ ရှာယူလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



မိုရှမ်းသည် အသံကိုကြားလိုက်ရ၍ လျူကျူမှန်း သိလို...
ရပြီဖြစ်၍ လှန့်စွာ ခံပြင်းသွား၏။

လူယုတ်မာလျူကျူကြောင့် သူမသည် မျက်ကန်းအဖြ...
ရောက်ခဲ့ရသည် မဟုတ်ပါလား။

မိုရှမ်းက ခံပြင်းဒေါသဖြင့် ပြန်ပြော လိုက်၏။

'ဪ်....ဘယ်သူများလဲလို့၊ ရှင်ကိုး၊ ဒီမယ်အဘိုးကြီး...
ရှင်က ဒီအသက်အရွယ်အထိတောင်မှ နေနိုင်သေးတာရား ...
သေးဘူးလား၊ ရှင့်ကြောင့် ကျွန်မမျက်လုံး ကွယ်ခဲ့ရပြီ၊ အ...
ကျွန်မတို့ အေးအေးချမ်းချမ်းနေတဲ့ဘဝကို အနှောင့်အယှ...
ပေးဖို့ ရောက်လာပြန်ပြီ၊ ရှင်တို့ အေးအေးဆေးဆေး ပြန်သွ...
ကြရင် ကောင်းမယ်၊ ကျွန်မ လူသတ်တဲ့အလုပ်တွေကို မလု...
ချင်တော့ဘူး'

မိုရှမ်း၏စကားအရ အဘိုးကြီးမှာ သူ့မိဘများကို သတ်...
သော ဒုစရိုက်ခေါင်းဆောင်ကြီး လျူကျူဖြစ်ကြောင်း ...
ချန် သိလိုက်သည်။

သူ၏မျက်နှာ တမုဟုတ်ချင်း ဖင်းမခခက်ထန်သွား...
သူ မိုရှမ်းကို မေးလိုက်၏။

'မေမေ ဒီအဘိုးကြီးက ကျွန်တော့်မိဘတွေကို သတ်ခဲ့...
လူယုတ်မာကြီးလား'

မိုရှမ်းက နားအသံကို စူးစိုက်ထားရင်းမှ ပြန်ပြော၏။

'ဟုတ်တယ်သား၊ သူဟာ ကောက်ကျစ်ယုတ်မာတဲ့နည်း...
တိုက်ခိုက်တတ်တယ်သေး၊ သတိထား'

လျူကျူက ဟိန်းဟောခနဲ ရယ်၍ ပြောလိုက်၏။



'ဟဲဟဲ အပိုတွေပြောမနေနဲ့၊ ရတနာသိုက်မြေပုံကို ပေး
လား၊ မပေးဘူးလားဆိုတာပဲ ပြော'

မိုရှမ်းက လေသံပြတ်ပြတ်ဖြင့် ပြန်ပြော လိုက်၏။

'ကျွန်မတို့မှာ အာရတနာသိုက်မြေပုံမှလဲ မရှိဘူး၊ ရှိလဲ
...င်လိုလူမျိုးရဲ့လက်ထဲကို မပေးနိုင်ဘူး၊ ရှင်တို့တွေ ကိုယ်အသ...
...ကိုယ် အမိုက်ဇာတ်မသိမ်းကြရင် ကျွန်မက သိမ်းပေးရ
...ယ်'

'ဝှစ်....ဝှစ်....ဝှစ်'

ပြောပြောဆိုဆို မိုရှမ်းက တောင်ဝှေးကို ဝှေ့ယမ်း၍
...တိုက်ခိုက်ရန် အသင့်ပြင်လိုက်၏။

ဝမ်ချန်ကလည်း မိုရှမ်းနှင့် ဆယ်ပေခန့်အကွာထိ ရပ်လိုက်
...၏၊ သူ့ ခါးနှစ်ဖက်တွင် အမြဲတမ်း ချိတ်ဆွဲထားလေ့ရှိသော
...ားမြှောင်ရှည်နှစ်လက်ကို ဆွဲထုတ်လိုက်၏။

'ဝိုင်း တိုက်ကြစမ်းဟေ့'

မျက်ခုံးဖြူဘိုးဘိုးလျူကျူက ဒေါသတကြီးဖြင့် သူ့လူ
...များကို အမိန့်ပေးလိုက်ပြီး သူကိုယ်တိုင်လည်း ဓားရှည်ကို
...ဝှေ့ယမ်းကာ မျက်မမြင်မိုရှမ်းထံ ချဉ်းကပ် တိုက်ခိုက်လေတော့
...သည်။

နောက်ပါ ဒုစရိုက်သိုင်းသမားတစ်ဆယ်နှစ်ယောက်တို့
...သည်း ခြောက်ယောက်စီ လူစုခွဲလိုက်ကြပြီး မိုရှမ်းနှင့်ဝမ်ချန်
...တို့ကို တရကြမ်း ဝိုင်းတိုက်ကြ၏။

'ဝှစ်...ဝှစ်...ဝှစ်'

www.burmeseclassic.com



'ချွင်....ချွင်'

'ဟိတ်'

'ထန်း....ထန်း....ထန်း'

အော်ဟစ်တိုက်ခိုက်သံများ တစ်မုဟုတ်ခြင်း ဆူညံသွား

မိုရှမ်းက အကြားအာရုံကို စူးစိုက်၍ တောင်ဝှေးဖြင့်

လည်ခုခံတိုက်ခိုက်၏။ သူမသည် ရန်သူ၏လှုပ်ရှားမှုကို ပီပြ

မြင်ကြီး ကြားနေရ၏။

သူမတီထွင်ထားသည့် မျက်မမြင်သိုင်းကွက်မှာ ထက်မြ

လွန်းသဖြင့် ရန်သူ၏တိုက်ချက်က သူမအပေါ် ထိရောက်

မရှိလှပါချေ။

'အား'

သိုင်းကွက်ငါးကွက်အတွင်းမှာပင် သူမကို အထင်သေး

ဝင်တိုက်သော ဝတ်စုံနက်တစ်ယောက် သူမ၏ တောင်

ရိုက်ချက်ထိပြီး လဲကျသွား၏။

ဝမ်ချန်လည်း ရန်သူအင်အားကများနေသဖြင့် တရကြ

ပြန်တိုက်၏။

သူသည်သူ့အစွာက် မိုရှမ်းက သီးသန့်တီထွင်၍ သင်ကြ

ပေးထားသော 'ခွေးအစွယ်ချိုး' သိုင်းကွက်နှင့် မျက်မ

သိုင်းကွက်တို့ကိုပေါင်းစပ်ကာ ပြန်တိုက်နေခြင်းဖြစ်၏။

ခွေးတို့သည် အုပ်စုဖြင့် ဝိုင်းဆွဲတတ်ကြသည်။

တိုသိုင်းကွက်သည် ဤရန်ကို ခုခံကာကွယ်နိုင်ရန် အ

တီးထွင်ထားသည့် ထက်မြက်လှသောသိုင်းကွက် ဖြစ်လေ



ယခုလည်း ဒုစရိုက်သမားတို့သည် တောခွေးတွေ ဝိုင်းဆွဲသကဲ့သို့ အုပ်စုဖြင့် ဝိုင်းတိုက်နေခြင်းဖြစ်သည်။

ဝမ်ချန်၏လှုပ်ရှားမှုက သွက်လက်မြန်ဆန်လွန်းလှ၏။

သူ့ဓားမြှောင်ရှည်နှစ်လက်ကို ဝှေ့ယမ်းမှုကြောင့် သူ့ပတ်ပတ်လည်တွင် ဓားစက်ဝိုင်းနှစ်ဝိုင်း ဖြစ်နေ၏။

ရန်သူ၏လက်နက်များက သူ့ခန္ဓာကိုယ်ဆီ ရောက်မလာနိုင်ကြဘဲ ဓားမြှောင်ရှည်နှစ်လက်၏ ရိုက်ဖယ်မှုကိုသာ ခံနေရ၏။

မထမ်တွင် သူ့ကိုဝိုင်းတိုက်ကြသော ဒုစရိုက်သမားတို့သည် အသက် ဆယ့်လေးနှစ်ကျော်အရွယ်သာ ရှိသေးသော ဝမ်ချန်ကို အနည်းငယ်မျှမထင်မကြီးကြဘဲ လွယ်လင့်တကူ အနိုင်ရလိမ့်မည်အထင်ဖြင့် ပေါ့ပေါ့တန်တန် ဝင်တိုက်ကြခြင်းဖြစ်၏။

သို့သော် သိုင်းကွက်ဆယ်ကွက်အတွင်းမှာ သူတို့ လွယ်လွယ်နှင့် တိုက်လို့ရမည်မဟုတ်ကြောင်း သိသွားကြ၏။

ထို့ကြောင့် အရှိန်အဟုန်ကို မြှင့်၍ တရကြမ်း တိုက်ကြ၏။

'အင့်'

ဝမ်ချန်၏ဓားချက်ဖြင့် ဝတ်စုံနက်တစ်ယောက် လဲကျသွား၏။

ဝတ်စုံနက်၏လည်ပင်းမှ သွေးတွေ ပန်းထွက်နေ၏။

မိုရှမ်းကိုလည်း လျှကျူက ဦးဆောင်လျက် ဒုစရိုက် သိုင်းသမားငါးယောက်က မြင်းမြင်းထန်ထန် ဝိုင်းယှက်လျက် ရှိနေကြသေး၏။

www.burmeseclassic.com



လျှကျူသည် တိုက်ခိုက်ရင်းမှ မိုရှမ်း၏သိုင်းပညာမှာ ယခင်အထက် မြင့်မားထက်မြက်လှကြောင်း လက်တွေ့ သိရလေ၏။

သူသည် မိုရှမ်း မုံမုံ ကုလျှိမြောင်ထဲတွင်နေထိုင်ကြောင်း၊ မျက်မမြင်ဘဝ ရောက်နေသော်လည်း အာရုံဖြင့် ရန်သူကို တိုက်ခိုက်ရာတွင် ယခင်ကထက်ပင် ထက်ထက်မြက်မြက် ရှိလှကြောင်း ကြားသိခဲ့ရှိစဉ် သိပ်ပြီး မယုံကြည်လှသေးချေ။

လက်တွေ့ရင်ဆိုင်ရသောအခါ သူကြားထားသည့်သတင်း ထက်ပင် မိုရှမ်း၏တိုက်ခိုက်မှုမှာ ရေစက်မထင်အောင် အကွက်စေ့လှကြောင်း သိရလေ၏။

သူတို့လူစုက အရှိန်အဟုန်ကိုမြှင့်၍ တိုက်ခိုက်ကြသည်။

'ဖိတိုက်ကြ'

'ဝှစ်...ဝှစ်'

'ထန်း....ထန်း'

'ချွမ်း....ချွင်....ဝှစ်'

'ချွပ်'

'အား'

ဒုစရိုက်သမားတစ်ယောက်မှာ မိုရှမ်း၏သံမဏိတောင်ဝှေး ရိုက်ချက်မိတာ ခေါင်းဟက်တက်ကွဲ၍ လဲကျသွား၏။

ကျန်ဒုစရိုက်သမားများမှာ မိုရှမ်းကို အတင်းဝင်မတိုက်ရဲ ကြတော့ချေ။



ဟာကွက်လစ်ကွက်များရှိသော နေရာများ၌ သတိဖြင့် တိုက် ခိုက်နေကြ၏။

လျှကျူသည် ဤနည်းဖြင့်တိုက်ခိုက်နေပါက သူတို့လူစု သေအထိနာတော့မည်ဖြစ်ကြောင်း တွက်ဆမိ၏။

ထို့ကြောင့် သူသည် နောက်ဆုံးနည်းလမ်းကို သုံးရန် ကြိုတင်အကွက်ရိုက်သည့်အတိုင်း သူ့လူတွေကို အော် ပြောလိုက်၏။

'တိုက်ဟေ့'

လျှကျူ၏အသံ ဟိန်းထွက်သွားပြီးနောက် တိုက်ပွဲတွင်းမှ ဆိုင်းသမားလေးယောက်တို့လည်း နောက်ကို ခုန်ထွက်လိုက် လေ၏။

ထို့နောက် သူတို့၏ခါးပတ်ဖက်တစ်ချက်တွင် ချိတ်ထား သော လင်းကွင်းတို့ကိုဖြုတ်ယူလိုက်ပြီး မိုရှမ်းပတ်ပတ်လည် တွင် လင်းကွင်းများ အရစ်ပေ တီးလိုက်ကြ၏။

'ချမ်းချမ်း....ချမ်းချမ်း'

'ချမ်းချမ်း....ချမ်းချမ်း'

လင်းကွင်းတီးသံများ ဆူညံသွား၏။

ဒုစရိုက်သမားတို့သည် မိုရှမ်း၏အကြားအာရုံကို ဆူညံ သောလင်းကွင်းသံများဖြင့် ဖျက်ဆီးလိုက်ကြခြင်းဖြစ်၏။

'ချမ်းချမ်း... ချမ်းချမ်း'

မျက်မမြင်မိုရှမ်း ဆိတ်ခနဲဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



သူမနားထဲတွင် ဆူညံသောလင်းကွင်းသံမှအပ မည်သည့် အသံကိုမျှ မကြားရတော့သောကြောင့်ဖြစ်၏။

သူမသည် တစ်ဖက်ရန်သူ၏လှုပ်ရှားသံကို လုံးလုံး မကြား ရတော့ပါချေ။

လင်းကွင်းသံများကို ဒုစရိုက်သမား လေးယောက်တို့က သူမ၏ပတ်ပတ်လည်မှ တီးခတ်နေကြခြင်းဖြစ်၍ သူမသည် လင်းကွင်းတီးသူများရှိသည့်နေရာကို မခန့်မှန်းနိုင်ချေ။

မိုရှမ်းသည် စိုးရိမ်စိတ်စွာဖြင့် သူမ၏ခန္ဓာကိုယ်ကို တရစပ် လှည့်ပတ်ကာ ရန်သူ ဝင်တိုက်၍မရအောင် ကာကွယ်နေရ၏။

အကြားအာရုံမရှိတော့သဖြင့် သူမသည် ရန်သူ့ထံ မလိုက် နိုင်တော့ပါချေ။

လျူကျူသည် အရွှေးမီးဂိုင်းသကဲ့သို့ဖြစ်နေသော မိုရှမ်း၏ အဖြစ်ကိုကြည့်၍ များစွာ သဘောကျနေ၏။

သူက မိုရှမ်းကို လျှပ်တစ်ပြက် ဝင်တိုက်ပြီး အနိုင်ယူရန် အကွက် ချောင်းနေ၏။

လင်းကွင်းသံများ ပေါ်ထွက်လာချိန်တွင် ဝမ်ချန်သည် နောက်ထပ်ရန်သူတစ်ယောက်ကို ထပ်မံ သုတ်သင်နိုင်လိုက်ပြီ ဖြစ်၍ ကျန်နေသော ဒုစရိုက်သမားလေးယောက်နှင့် ရင်ဆိုင် တိုက်နေရချိန်ဖြစ်၏။

လင်းကွင်းတီးသံများ ရုတ်တရက် ပေါ်ထွက်လာသော အခါ သူသည် မိခင်ဖြစ်သူအတွက် စိုးရိမ်မကင်း ဖြစ်မိ၏။



မိခင်ဖြစ်သူသည် အကြားအာရုံ၊ အနံ့အာရုံဖြင့်သာ ရန် သူကို ပြန်လည် တိုက်ခိုက်နိုင်စွမ်းရှိသည်ကို သူသိထားသော ကြောင့် ဖြစ်၏။

သူသည် မိခင်ရှိရာသို့ ကြည့်လိုက်သောအခါ မိခင်ဖြစ်သူ ၏ ပတ်ပတ်လည်တွင် ဒုစရိုက်သမားလေးယောက်တို့က လင်း ကွင်းကိုယ်စီ တီးနေကြသည်ကိုလည်းကောင်း၊ မိခင်ဖြစ်သူ၏ လှုပ်ရှားမှုမှာ ပရမ်းပတာဖြစ်နေသည်ကိုလည်းကောင်း တွေ့ လိုက်ရလေ၏။

အချိန်ကြာလာသည်နှင့်အမျှ မိခင်ဖြစ်သူ အန္တရာယ် ဖြစ် တော့မည်ကို သိလိုက်ရသဖြင့် ဝမ်ချန်လည်း သူ၏တိုက်ခိုက်မှု အရှိန်အဟုန်ကို တစ်ရှိန်ထိုး မြှင့်တင်လိုက်၏။

ပထမတုန်းက ကျုံ့ဝင်လာသော ရန်သူကိုသာ စောင့် တိုက်နေခြင်းဖြစ်၏။

ယခုအခါ အချိန်လု၍ မိခင်ဖြစ်သူကို ကူညီရမည်ဖြစ်၍ သူက ရန်သူ့ထံ အတင်းဝင်တိုက်ခြင်းဖြစ်၏။ သူ၏တိုက်ခိုက်မှု အရှိန်အဟုန်မှာ ပြင်းထန်လှသည်။

သွက်လက်မြန်ဆန်လှ၏။

သူနှင့်တိုက်ခိုက်နေသော ဒုစရိုက်သမား လေးယောက်တို့ က အထိတ်တလန့်ဖြစ်ကုန်ကြပြီး နောက်ကို ဆုတ်ရှောင်ကြ သည်။

သို့သော် သူတို့အားလုံး ဆုတ်ရှောင်၍ မလွယ်လှချေ။

www.burmeseclassic.com

www.burmeseclassic.com



‘ဝှစ်....ဝှစ်....ဝှစ်’

‘အီး....အား’

ဝမ်ချုန်၏တိုက်ခိုက်မှုက လှိုင်းလုံးကြီးမှင့်ရိုက်သကဲ့သို့ ပြင်းထန်လှလေရာ ဒုရိုက်သမားနှစ်ယောက်တို့လည်း ဓားမြှောင်များကို မိသွားကြပြီး လဲကျသွားကြ၏။

ထိုစဉ် ဝမ်ချုန်သည် မီခင်ကြီးထံ ပြေးလာ၏။

ပြေးလာရင်းမှ သူ၏ဓားမြှောင်ရှည်နှစ်လက်ကို ပစ်လွှတ်လိုက်၏။

ဓားမြှောင်နှစ်လက်က လင်းကွင်းတီးနေသော ဝတ်စုံနက်လေးယောက်အနက် နှစ်ယောက်၏ခန္ဓာကိုယ်ကို စိုက်ဝင်သွားသည်။

‘အီး....အင့်’

လင်းကွင်းကိုင်ထားသူနှစ်ယောက် လဲကျသွား၏။

ဝမ်ချုန်က လင်းကွင်းကိုင်ထားသည့် ကျန်နှစ်ယောက်ကို ရှန်ဖင်တိုက်ခိုက်၏။

ထိုအခါ လင်းကွင်းသံများသည်း တစ်ဟုတ်ချင်း ရပ်သွား၏။

ဓားမြှောင်ရှည်တစ်လက်က စိုက်ဝင်ခြင်းခံရပြီး လင်းကွင်းကိုင်ထားသော ဝတ်စုံနက်နှစ်ယောက် လဲကျသွားချိန်တွင် အကွက်ချောင်းနေသော လူယုတ်မာကြီး လျုကျုကလည်း မိုရှမ်းထံ ခုန်ဝင်၍ ဓားနှင့် ပိုင်းချလိုက်၏။

သူ၏ဓားချက်မှာ ပိုင်နိုင်မှုရှိ၏။



အကယ်၍ လင်းကွင်းသံများ ဆက်လက်၍ ဆူညံနေမည်ဆိုပါက မိုရှမ်းသည် လျုကျု၏လှုပ်ရှားသံကို မကြားရဘဲ အငိုက်မိသွားမည်ဖြစ်သော်လည်း ယခုမူ ကောင်းစွာ ကြားလိုက်ရပြီး ဓားရွှေ့ယမ်းသံ ထွက်ပေါ်လာရာဆီသို့ သူမ၏ သံမဏိတောင်ဝှေးဖြင့် ရိုက်ထုတ်လိုက်၏။

‘ထန်း’

သံသံချင်း ပြင်းထန်စွာ ထိမိသံ ပေါ်လာ၏။

ဓားကိုင်ထားသော လျုကျု၏လက်မှာ မခံမရပ်နိုင်အောင် ထုံကျဉ်သွားသည်။ သူ့လက်ထဲမှ ဓားကိုပင် မြဲမြဲ မကိုင်နိုင်တော့အဖြင့် လွှတ်၍ လွင့်စင်ကျသွား၏။

လျုကျုသည် ထိတ်လန့်ဖြစ်သွားပြီး ခဏမျှ ကျောက်ခဲသဲသော သွား၏။

သူသည် မိုရှမ်းကို ပိုင်ပိုင်နိုင်နိုင် အနိုင်ယူရလိမ့်မည်ဟူသော ဖျိန်းမသေပေါက် တွေးဆချက်ဖြင့် ဓားနှင့် ဝင်ပိုင်းခြင်းဖြစ်လေ၏။

ထိုစဉ် လင်းကွင်းသံများက ရုတ်တရက် ရပ်သွား၏။

သူ့ဓားကို မျက်မမြင်မိုရှမ်းက ရိုက်ဖယ်နိုင်၏။

ထို့ကြောင့် သူ၏ သေချာပေါက်တိုက်ကွက် ပျက်သွားသဖြင့် ကြက်သေသေသွားခြင်းဖြစ်၏။

ထိုအချိန်မှာပင် မိုရှမ်းက ဆက်လက်တိုက်ကွက်ဆင်၏။

သူမ၏တောင်ဝှေးရိုက်ချက်ကို ခုခံကာကွယ်နိုင်ခြင်းမရှိဘဲ လျုကျု၏လည်ပင်းနှင့် နောက်စေ့ဆီကို အရှိန်ပြင်းစွာ ကျသွား၏။

www.burmeseclassic.com

www.burmeseclassic.com



'ခွပ်'

'အ....ဆစ်'

လူယုတ်မာကြီး လျှံကျ ကားခနဲလဲကျကာ အသက်ပျောက်သွား၏။

အမိုက်ဇာတ် သိမ်းသွား၏။

ထိုအချိန်တွင် ဝမ်ချန် သည် လင်းကွင်းကိုင်ထားသော ဝတ်စုံနက်နှစ်ယောက်ကို မိုရှမ်း တီထွင်သင်ကြားပေးထားသော သတ္တဝါငါးမျိုး လက်ဝါးသိုင်းကွက်ဖြင့် တိုက်ခိုက်လျက်ရှိ၏။

သတ္တဝါငါးမျိုး လက်ဝါးသိုင်းကွက်ကို တစ်ဦးတည်းအသုံးပြုခြင်းထက် နှစ်ဦးပေါင်း၍ အသုံးပြုပါက ပိုပြီး ထိထိမိမိရှိ၏။

ထိုသိုင်းကွက်ကို မျက်စိမြင်သူများသာ အသုံးပြုလေရာ မိုရှမ်းအနေနှင့် အသုံးချနိုင်စွမ်း မရှိပါ။

ဒုစရိုက်ခေါင်းဆောင်ကြီး လျှံကျ သေဆုံးသွားသည်နှင့် မရှေးမနှောင်းမှာ လင်းကွင်းကိုင်ထားသော ဝတ်စုံနက် တစ်ယောက်မှာ ဝမ်ချန်၏လက်ဝါးရိုက်ချက် မိသွား၏။

'ဘုန်း'

'အင့်'

ထိုဝတ်စုံနက်သည် ပါးစပ်ထဲမှသွေးများ အန်ထွက်ကာ လဲကျသွား၏။

ထိုအခါ လင်းကွင်းကိုင်ထားသော ကျန်တစ်ယောက်မှာ ဝမ်ချန်ကို မယှဉ်ရဲတော့ဘဲ ချာခနဲ လှည့်ထွက်ပြေးသည်။



ဝမ်ချန်ကို တိုက်ခိုက်ကြသူများအနက် ကျန်နေသော ရိုက်အမားနှစ်ယောက်တို့မှာ သူတို့၏ဦးစီးခေါင်းဆောင် ကျ သေဆုံးသွားသည်ကိုမြင်သည်နှင့် ထွက်ပြေးကြ၏။

'ခင်ဗျားတို့ ပြေးလို့လွတ်မလား'

ဝမ်ချန်က ဒေါသတကြီးဖြင့် အော်ဟစ်၍ နပြေးလိုက်မည် ပြု မျက်မမြင်မိုရှမ်းလည်း ကျန်နေသောရန်သူများ ထွက် ပြေးသွားကြပြီဖြစ်ကြောင်း သိလိုက်သဖြင့် ဝမ်ချန်ကို လှမ်း၍ နှိတားလိုက်၏။

'သားလေး...မလိုက်နဲ့တော့'

ထိုကြောင့် ဝမ်ချန်လည်း မလိုက်တော့ဘဲ မိုရှမ်းအနီးသို့ လျှောက်လာသည်။

'သုံးယောက်တော့ ထွက်ပြေးသွားတယ်မေမေ၊ ကျန်တဲ့လူ တွေတော့ သေကုန်ပြီ'

မိုရှမ်းက သူမစိတ်ထဲတွင် မရေရာသဖြင့် မေးလိုက်၏။

'လူယုတ်မာကြီးကော သား'

'သူလဲ မေမေ့ လက်ချက်နဲ့ သေပြီ၊ ဒီအဘိုးကြီးဟာ သေ ခါနီးအထိတောင်မှ ယုတ်မာစောက်ကျစ်တုန်းပဲ၊ ဒီလိုလူ ကြီး နှစ်ခါပြန်တောင် သေသင့်တယ်'

မျက်ခုံးမွှေးဘိုး လျှံကျရန်ဘေး ကင်းသွားသဖြင့် မိုရှမ်း သည် အနည်းငယ် စိတ်အေးသွား၏။

လက်ရှိအခြေအနေအရ လျှံကျသည် သူတို့၏ အဓိကရန် သူကြီး ဖြစ်နေသည်မဟုတ်ပါလား။

'သားလေးကော ဒဏ်ရာတွေ ရသေးလား'

www.burmeseclassic.com

www.burmeseclassic.com



'မရှုပါဘူး မေမေ'

'သူတို့ဘက်က ဘယ်နှစ်ယောက် သေကျန်ခဲ့သလဲ'

'လူထုတ်မှာအဘိုးကြီးအပါအဝင် ဆယ်ယောက်ပါ'

ခိုရှမ်းသည် ဝမ်းချန်၏အရည်အချင်းကို ကြိုတင်တွက်ဆမိ…

'လူလူချင်းတိုက်ပွဲမှာ သားဟာ ပထမဦးဆုံးအတွေ့အကြုံ ဖြစ်ပေမယ့် ဒီလောက်အထိ တိုက်ခိုက်နိုင်စွမ်းရှိတယ်ဆိုတော့ သားကို မေမေ စိတ်ချရပါပြီ၊ လူမှုတွေကို ဒုက္ခအမျိုးမျိုး ပေး နေတဲ့ ဒုစရိုက်သမားတွေကို သတ်လိုက်ရတဲ့အတွက် နောင်တ ရစရာ မလိုဘူး၊ တစ်ခုတော့ရှိတယ် သား၊ လူကောင်း တစ် ယောက်ကို ဘယ်တော့အခါမှ နို့ဆက်စီးနင်းမလုပ်မိဖို့ သ… သတိထားပါကွယ်'

'ဒီအတွက်တော့ စိတ်ချပါမေမေ၊ မေမေ့ရဲ့ ဆုံးမစကား တွေဟာ သားရဲ့ဦးခေါင်းထဲမှာ အမြဲ စွဲနေပါတယ်'

'ကဲ...သား၊ ဒုစရိုက်ကောင်တွေရဲ့အလောင်းတွေကို … ဝေးဝေးမှာ သွားပြီးမြှုပ်နှံလိုက်ပေတော့ကွယ်'

=+=

အခန်း ( ၁၂ )

## ဒုတိယအကြိမ် တိုက်ပွဲ

နောက်ငါးရက်အကြာတွင် မုံမုံကုလျှိမြောင်သို့ သိုင်း သမားတစ်စု ရောက်လာကြပြန်သည်။

သိုင်းလောကတွင် နာမည် အကျော်အဇော် ကျော်ကြား သော ခုံတုံဂိုဏ်းပင်ဖြစ်၏။

ခုံတုံဂိုဏ်း၏ ဂိုဏ်းချုပ်ကြီး ဝမ်ဆောက်ဇှာ ကိုယ်တိုင် ဦးဆောင်လာပြီး ဂိုဏ်းဝင် လက်ရွေးစင်သိုင်းသမား သုံးဆယ် ခန့်လည်း ပါလာကြသည်။

ခုံတုံဂိုဏ်းသည် ဝမ်ဆောက်ဇှာ ဂိုဏ်းချုပ်ကြီးမဖြစ်ခင်က ယခင်ဂိုဏ်းချုပ်ကြီးလက်ထက်အခါနှင့်က မည်သူ့ကိုမှ အနိုင် မပြုသလို မည်သူ့ကိုမှလည်း ဒုက္ခမပေးတဲ့ သီးခြားရပ်တည် ဂိုဏ်း ဖြစ်၏၊ သိုင်းလောက၏ကောင်းကျိုးကို ဆောင်ရွက် သလို ဆိုးကျိုးကိုလည်း မလုပ်ခဲ့ပေ။

www.burmeseclassic.com



ဝမ်ဆောက်ဝှာ ဂိုဏ်းချုပ်ကြီးဖြစ်လာသော အခါ ခုစရိုက်ဂိုဏ်ကြီး ဖြစ်မှန်းမသိ ဖြစ်လာခဲ့၏။

လူတွေကို အကျိုးပြုလုပ်ငန်းမျိုး တစ်ခုမှမလုပ်ဘဲ အကျိုးမဲ့စေသည့်လုပ်ရပ်ကိုသာ လုပ်လာကြ၏။

သိုင်းလောကကြီးအတွက် အနှောင့်အယှက် ဖြစ်စေသော လုပ်ငန်းများကို လုပ်လာ၏။

မိုက်ကြေးခွဲခြင်း၊ မားပြတိုက်ခြင်း၊ နိုင့်ထက်စီးနင်း ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခြင်းများကို လုပ်လာ၏။

ထို့ကြောင့် ခုံတုံဂိုဏ်းသည် လူကောင်းတို့၏ အောနှလုံးနာစရာ၊ အဖြူရောင်သိုင်းသမားတို့၏ရန်သူ ဖြစ်လာခဲ့ရလေ၏။

ခုံထုံဂိုဏ်း၏လုပ်ရပ်များ၊ လုပ်ငန်းများ ဤသို့ပြောင်းလဲသွားသည်မှာ ခုနှစ်နှစ်ကျော် ရှစ်နှစ်ခန့်သာရှိ၏။

ခုံတုံဂိုဏ်းချုပ်ကြီး ဝမ်ဆောက်ဝှာနှင့် လက်ရွေးစင်ဂိုဏ်းဝင်များသည် ဝှာစန်းရတနာသိုက်မြေပုံကို ရယူလိုသောဖြင့် မုံမုံကုလျှိမြောင်သို့ ရောက်လာကြခြင်းဖြစ်၏။

သူတို့လူစုသည် မညီအညွှတ်စကားမှမဆိုကြဘဲ မျက်မမြင်မိုရှမ်းကို ရှာကြ၏။

ကြာကြာမရှာလိုက်ရဘဲ မိုရှမ်းနှင့်ဝမ်ချန်တို့ကို တွေ့သွားကြသည်။

ထိုစဉ်က မိုရှမ်းနှင့်ဝမ်ချန်တို့သည် ကွက်လပ်ကျယ်တစ်ခုထဲတွင် သိုင်းလေ့ကျင့်နေ၏။

မိုရှမ်း၏ လက်တစ်ဖက်စီတွင် တောင်ဝှေးတစ်ချောင်း ဓား ရှည်တစ်လက်ကို ကိုင်ထား၏။



ဝမ်ချန်၏လက်ထဲတွင် ဓားရှည်နှစ်လက်ကို ကိုင်ထားလေ၏။

သူတို့နှစ်ယောက်၏ အောင်တစ်လေ့ကျင့်နေသံများကို ဝမ်ဆောက်ဝှာနှင့်နောက်လိုက်များက ကြားကြရပြီး အသံထွက်ပေါ်ရာသို့ အသာအယာ ကြည့်လိုက်သောအခါ သူတို့နှစ်ဦး သိုင်းလေ့ကျင့်နေသည်ကို မြင်ကြရခြင်းဖြစ်လေ၏။

သူတို့သည် မိုရှမ်းမှာ မျက်မမြင်ဘဝသို့ ရောက်နေသော်လည်း ယခင်ကထက် ပိုပြီး သိုင်းပညာအဆင့်မြင့်လာကြောင်း သူမ မွေးစားထားသော ဝမ်ချန်မှာလည်း အရွယ်နှင့်မလိုက်အောင် သိုင်းပညာထက်မြက်ကြောင်း ကြားသိထားကြပြီးဖြစ်၏။

ထို့ကြောင့်လည်း ခုံတုံဂိုဏ်းချုပ်ကြီး ဝမ်ဆောက်ဝှာက လိုအပ်သောအင်အားကို အလုံးအရင်းဖြင့် ခေါ်လာခဲ့ခြင်းဖြစ်သည်။

ယခု သူတို့သည် မိုရှမ်းတို့၏သိုင်းလေ့ကျင့်မှုကို ကြည့်ကာ မည်မျှအဆင့်ရှိနေပြီဖြစ်ကြောင်းကို ခန့်မှန်း ကြည့်နေကြ၏။

မိုရှမ်းနှင့်ဝမ်ချန်တို့သည် သိုင်းလေ့ကျင့်မှုတွင်သာ အာရုံဝင်စားနေကြသဖြင့် ခုံတုံဂိုဏ်းဝင်များ သူတို့နှင့် မလှမ်းမကမ်းတွင် ရောက်နေကြသည်ကို ရုတ်တရက် မသိကြချေ။

ဝမ်ဆောက်ဝှာနှင့် နောက်လိုက်များက သစ်ပင်မျိုးစုံချုံပင်များနောက်မှ တိတ်ဆိတ်ငြိမ်သက်စွာ ချောင်းကြည့်နေကြခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဝမ်ချုန်အနေဖြင့် ရှတ်တာရက်၏ မမြင်မိခြင်း ဖြစ်သည်။

သိပ်မကြာခင်မှာပင် မိုရှမ်း၏နှာခေါင်းက လူစိမ်း၏အနံ့ အသက်များ ရှူမိလေသည်။ သူမက မျက်ခုံးနှစ်ဖက် တွန့်သွား၏။

ဝမ်ချုန်ကို လေ့ကျင့်မှုရပ်ရန် လက်ပြလိုက်သည်။

ပြီး... စိတ်မသက်သာသောလေသံဖြင့် ပြော၏။

'လူစိမ်းတွေ ရောက်နေကြပြန်ပြီ သားရေ'

ထိုအခါ ဝမ်ချုန်လည်း ဘေးပတ်ဝန်းကျင်ကို ထိတ်ထိတ် ပျာပျာဖြင့် ကြည့်လိုက်၏။

ရှတ်တာရက် မည်သူ့ကိုမှမတွေ့ရသဖြင့်အော်ပြောလိုက်၏။

'ဘယ်သူတွေလဲ ထွက်ခဲ့ပါ'

ခုံတိုဂိုဏ်းချုပ်ကြီး ဝမ်ဆောက်ဝှာနှင့် ဂိုဏ်းဝင်များသည် မနေသာတော့ဘဲ ကွက်လပ်ထဲသို့ ထွက်လာကြသည်။

သူတို့လူစုသည် ညင်သာအေးဆေးစွာ လျှောက်လာကြ၏။

'လူအင်အား သုံးဆယ်လောက်ရှိတယ် မေမေ'

ဝမ်ချုန်က စိုးရိမ်စိတ်ဖြင့် မိုရှမ်းကြားသာရုံ ပြော၏။

အင်အားများလွန်းနေသဖြင့် မိုရှမ်းစိတ်ထဲတွင် စိုးရိမ်မှု ဖြစ်သွား၏။

ယခုရောက်လာသူများမှာ မည်သူမည်ဝါတွေမှန်း မသိသော်လည်း အတတ်နိုင်ဆုံး အဆင်ပြေအောင် ဆက်ဆံကြမည်ဟုလည်း ဆုံးဖြတ်ချက် ချလိုက်၏။



မိုရှမ်းက ခြေသံများ ထွက်ပေါ်လာရာဆီသို့ မျက်နှာမူ၍ ရပ်နေသည်။

ဝမ်ဆောက်ဝှာတို့လူစုသည် သူမတို့နှင့် ဆယ်ပေခန့်အကွာ တွင် ရပ်လိုက်ကြ၏။

ဝမ်ချုန်က သူတို့လူစုကို လိုလားသလို မှန်းထားတနှင့် ကြည့်နေသည်။

ဝမ်ဆောက်ဝှာက မိုရှမ်းနှင့်ဝမ်ချုန်တို့ကို ခပ်ပြုံးပြုံးပင် ကြည့်၍ ညင်သာအေးဆေးစွာ စကားဆိုသည်။

'ကျုပ်က ခုံတိုဂိုဏ်းရဲ့ဂိုဏ်းချုပ်ကြီး ဝမ်ဆောက်ဝှာပါ နတ်မိမယ်မိုရှမ်း၊ ကျုပ်တို့ မိုရှမ်းနဲ့ ဆွေးနွေးစရာရှိလို့ ရှာလာတာ၊ ညှိနှိုင်းဆွေးနွေးမှု ပြေလည်မယ်ဆိုရင်တော့ နှစ်ဦး နှစ်ဘက် အကျိုးရှိနိုင်ပါတယ်'

ခုံတိုဂိုဏ်းကဆိုသဖြင့် မိုရှမ်း အနည်းငယ် ရင်အေးသွားရသည်။

သူမသည် လွန်ခဲ့သော ကိုးနှစ်ကျော်က မုံမုံ လျှို့မြောင်သို့ ရောက်လာပြီးကတည်းက သိုင်းလောကနှင့် အဆက်အသွယ် ပြတ်သွားခဲ့သည်။

သူမကလည်း သိုင်းလောက၏သတင်း အဖုံဖုံကို ကြားသိ လိုသဖြင့် စုံစမ်းခြင်းမပြုခဲ့ချေ။

သိုင်းလောက၏သတင်းများကို ကြားသိရပါက ဒေါသ ဖြစ်စရာများ၊ မခံချင်စရာများ၊ ကျေကွဲဝမ်းနည်းဖွယ်ရာများ ခံစားရမည်စိုးသောကြောင့် ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



မုံမုံကုလျှိမြောင်တွင် သူမရောက်နေသည့် ကိုးနှစ်ကျော် ကာလအတွင်း ခုံတုံဂိုဏ်း၏ပြောင်းလဲမှုကို မသိခဲ့ပါ။

အဆိပ်တစ်ရာဂိုဏ်းချုပ်အဖြစ် သူမ ရပ်တည်နေစဉ်က ခုံတုံဂိုဏ်းသည် ဒုစရိုက်လုပ်ငန်းလည်း မလုပ်ဘဲ အဖြူရောင်သိုင်းသမားများနှင့်လည်း ပြဿနာမပေါ်အောင်နေသော ကြားနေဂိုဏ်းတစ်ဂိုဏ်းဖြစ်ကြောင်း သိထားသည်။

ခုံတုံဂိုဏ်းချုပ်ကြီးမှာ ထေ့ချင်လန်ဖြစ်ကြောင်းလည်း သိထား၏။

သူမသည် ထေ့ချင်လန်နှင့်ပင် နှစ်ကြိမ်သုံးကြိမ် တွေ့ဖူးခဲ့သည်။

ယိုစဉ်က ဝမ်ဆောက်ဝှာကိုမူ လက်ထောက်ဂိုဏ်းချုပ်အဖြစ်သာ ကြားသိထားသည်။

ဝမ်ဆောက်ဝှာကိုတော့ မတွေ့ဖူးခဲ့ချေ။

ယခုမူ ဝမ်ဆောက်ဝှာက ခုံတုံဂိုဏ်းချုပ်ကြီးအဖြစ် မိတ်ဆက်စကားပြောနေသဖြင့် မိုရှမ်းမှာ အနည်းငယ် တွေဝေသွားမိသည်။

သူမက ညာသာခအေးဆေးစွာပင် မေးလိုက်၏။

'ခုံတုံဂိုဏ်းချုပ်ကြီးဟာ ထေ့ချင်လန်လို့ပဲ ကျွန်မသိထားပါတယ်၊ ရှင်က လက်ထောက်ဂိုဏ်းချုပ် ဝမ်ဆောက်ဝှာ မဟုတ်ပါလား ရှင်'

သူမအနေနှင့် ခုံတုံဂိုဏ်းသည် ဒုစရိုက်ဂိုဏ်းသို့ ပြောင်းလဲသွားကြောင်း မသိသေးသဖြင့် ကောင်းမွန်စွာ ဆက်ဆံလိုက်ခြင်းဖြစ်လေ၏။



ဝမ်ဆောက်ဝှာက ပြန်လည်ရှင်းပြသည်။

'ဪ...နတ်မိမယ်က ဂိုဏ်းချုပ်ကြီးထေ့ချင်လန် ကွယ်လွန်သွားတာကို မသိသေးဘူးကိုး၊ ဆရာထေ့ချင်လန် ဆုံးသွားတာ ရှစ်နှစ်လောက်ရှိသွားပါပြီ၊ ဒါကြောင့် ကျုပ်ဟာ ခုံတုံဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးဖြစ်လာတာပါပဲ'

'အို...ဟုတ်လား၊ ကျွန်မ မသိပါဘူးရှင်၊ ကျွန်မလဲ ဒီမှာပဲ ဇာတ်မြှုပ်နေတာကိုး၊ သိုင်းလောကရဲ့သတင်းမှန်သမျှ ကျွန်မ မကြားသိခဲ့တာ ကိုးနှစ်ကျော်ရှိသွားပါပြီ၊ ကျွန်မကိုတော့ ရှင်က ဘယ်သူဘယ်ဝါမှန်း သိနေတယ်နော်'

'တစ်ချိန်က အဆိပ်တစ်ရာဂိုဏ်းချုပ်ကြီးဖြစ်ခဲ့တဲ့ နတ်မိမယ်မိုရှမ်းဟာ မုံမုံကုလျှိမြောင်မှာ ဇာတ်မြှုပ်နေတယ်ဆိုတဲ့သတင်းကို ကျုပ်တို့ ကြားရတယ်လေ၊ ဒီမုံမုံကုလျှိမြောင်ထဲ တခြားသူနေတာမှမဟုတ်ဘဲ၊ ဒါကြောင့် နတ်မိမယ်ကို မြင်မြင်ချင်း ဘယ်သူဘယ်ဝါဆိုတာ သိလိုက်တာပေါ့၊ ဒီကောင်လေးကိုလဲ သေးစက်ဗိုင်းဂိုဏ်းချုပ်ကြီး ဝမ်ခရဲ့သား ဝမ်ချန်ဖြစ်လိမ့်မယ်လို့ သိပါတယ်'

မိုရှမ်းက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ကာ...

'ဟုတ်ပါပြီလေ ထားပါတော့၊ ရှင်တို့တွေ လာရင်းကိစ္စကိုပဲ သိပါရစေ'

ဝမ်ဆောက်ဝှာသည် လာကတည်းက မိုရှမ်းတို့ကို အနုနည်းဖြင့် စည်းရုံးမည်၊ အဆင်မပြေမှသာ အကြမ်းနည်းသုံး

www.burmeseclassic.com

www.burmeseclassic.com



မည်ဟု ကြံစည်စိတ်ကူးထားခြင်းဖြစ်သောကြောင့် ညင်သာအေးဆေးစွာ ပြောဆိုနေခြင်းဖြစ်၏။

'ဒီလိုပါ နတ်မိမယ်၊ နတ်မိမယ်ဆီမှာ ဝှာစန်းရတနာသိုက်မြေပုံရှိနေတယ်ဆိုတာ ကျုပ်တို့သိထားပါတယ်၊ ဒီသတင်းကိုကြားသိထားတဲ့သိုင်းလောကသားတွေဟာ နတ်မိမယ်ဆီကရတနာသိုက်မြေပုံကို ရရှိရေးအတွက် နည်းအမျိုးမျိုးနဲ့ တိုက်ခိုက်လုယက်ကြလိမ့်မယ်....

'နတ်မိမယ်က အရင်ကထက် သိုင်းပညာထက်မြက်တယ်၊ ဝမ်ချန်အာလဲ အရွယ်နှင့်မလိုက်အောင် သိုင်းပညာ ထက်မြက်နေတယ်လို့ ကျုပ်တို့ ကြားသိထားပဲတယ်၊ ဒါပေမယ့်နတ်မိမယ်တို့က ရောက်လာသမျှ သိုင်းသမားတိုင်းကိုတော့ အနိုင်ယူ တိုက်ခိုက်နိုင်ကြမှာ မဟုတ်ပါဘူး၊ တစ်နေ့မဟုတ်တစ်နေ့မှာ အသက်ဘေးနဲ့ ကြုံတွေ့နိုင်ပါတယ်၊ ဒါကြောင့်ကျုပ်တို့က လာပြီး ညှိနှိုင်းဆွေးနွေးရတာပါ'

'ကျွန်မ တစ်ခုတော့ ပြောပါရစေ'

မိုရှမ်းက သူမတွင် မည်သည့်ရတနာသိုက်မြေပုံမှ မရှိတဲ့အကြောင်း ဖြတ်ပြောမည်အပြု ဝမ်ဆောက်ဝှခက လက်ကာ၍ ဆက်ပြောသည်။

'ကျုပ်ပြောတာ ဆုံးအောင်နားထောင်ပါဦး နတ်မိမယ်၊ ကျုပ်က နတ်မိမယ်ကိုလဲ အသက်အန္တရာယ်မဖြစ်တဲ့ အကျိုးရှိပြီး ကျုပ်တို့အတွက်လဲ အကျိုးရှိအောင် ဆွေးနွေးမှာပါ၊



နတ်မိမယ်အ နဲ့မျက်မမြင်ဘဝကိုရောက်နေပြီး ဝမ်ချန်ကလဲ အသိဉာဏ်အတွေ့အကြုံနည်းသေးတော့ ဝှာစန်းရတနာသိုက်ကို ဖော်ထုတ်ယူနိုင်ဖို့ဆိုတာ အယ်လိုမှမလွယ်ပါဘူး....

'ကျုပ်တို့နဲ့ပူးပေါင်းပြီး ဝှာစန်းရတနာသိုက်ကို ဖော်ထုတ်ပါလို့ ကျုပ်က ကမ်းလှမ်းပါတယ်၊ ကျုပ်တို့က ရရှိလာတဲ့ရတနာတွေရဲ့တစ်ဝက်ပဲယူပါမယ်၊ နတ်မိမယ်တို့က ရတနာတွေတစ်ဝက်နဲ့ ကျင်းစာန်သိုင်းကျမ်းကိုယူပါ၊ ဒီအချက်ကိုသဘောတူမယ်ဆိုရင် ကျုပ်တို့အနေနဲ့ နတ်မိမယ်တို့ရဲ့လုံခြုံရေးကို အပြည့်အဝ တာဝန်ယူပါတယ်၊ နတ်မိမယ်တို့ကိုအန္တရာယ်ပေးလာမယ့် ရန်သူမှန်သမျှကို ကျုပ်တို့က ချေမှုန်းတိုက်ခိုက်ပစ်ပါမယ်၊ ဘယ့်နှယ်လဲနတ်မိမယ်၊ ကျုပ်တို့ရဲ့ညှိနှိုင်းဆွေးနွေးချက်ကို သဘောတူပါရဲ့လား'

ဝမ်ဆောက်ဝှာက ပိုင်ပိုင်နိုင်နိုင်ကြီးပြောနေသဖြင့် မျက်မမြင်မိုရှမ်းမှာ အတော်စိတ်ရှုပ်သွားမိ၏။

ထကယ်တော့ ဝမ်ချန်၏ကျောတွင် ဆေးမင်ကြောင်ဖြင့်ရေးထိုးထားသော ဝှာစန်းရတနာမြေပုံ တစ်စိပ်သာ ရှိနေခဲ့သည်။

ထိုအကြောင်းကိုလည်း မည်သူ့ကိုမှ ဖွင့်မပြောပါချေ။ ဖွင့်ပြောလိုက်ပါက ဝမ်ချန်သတ်ပြီး အရေခွံခွာယူမည်သာဖြစ်သည်။

သိုင်းလောကသားတွေက မိမိတို့ထံတွင် ဝှာစန်းရတနာသိုက်မြေပုံ အပြည့်အစုံရှိနေသည်ဟု ထင်နေကြခြင်းမှာ များစွာခက်လှ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ချန်သည် ဝမ်ဆောက်ဝှာနှင့် နောက်လိုက်များ၏မျက်နှာအမူအရာ ပုံပန်းသဏ္ဌာန်များကို မကြိုက်ပါချေ။

သူမတော်ကောင်းဟန်ဆောင်နေသော ကောက်ကျစ်ယုတ်မာသည့် ဝံပုလွေများဖြစ်ကြောင်း ခန့်မှန်းမိ၏။

သူ့အနေနှင့် ဘဝင်မကျ ဖြစ်သော်လည်း မိခင်ဖြစ်သူ ကျော်ရာကူးမည်မို့ ငြိမ်နေမြဲငြိမ်နေလိုက်သည်။

သူ့မျက်နှာကတော့ သုန်ထုန်မှုန်မှုန်ဖြစ်နေသည်။

မိုရှမ်းစီးတော်ထဲတွင် လေသာဇောတိုက်ပြီး ရောက်လာသော ဂိုဏ်းချုပ်ကြီးဝမ်ဆောက်ဝှာတို့လူစုကို သဘောမတွေ့သော်လည်း တစ်ဘက်မှ အင်အားများလွန်းနေသဖြင့် တိုက်ခိုက်ခြင်းအမှုကို မပြုလိုပါ။

ထို့ကြောင့် ငြိမ်းအေးစွာဖြင့် ပြဿနာ ပြီးသွားလို ပြီးသွားငြား လေသံအေးအေးဖြင့် ပြောလိုက်လေသည်။

'ခက်တော့ ခက်နေပါပြီရှင်၊ ဘယ်သူကများ ကျွန်မတို့ဆီမှာ ရတနာသိုက်မြေပုံရှိနေတယ်လို့ သတင်းလွှင့်လိုက်တယ် မသိပါဘူး၊ တကယ်တော့ ကျွန်မတို့ဆီမှာ အဲဒီရတနာသိုက်မြေပုံမပြောနဲ့ ဘာမြေပုံမှမရှိပါဘူး ကျွန်မတို့ဆီမှာ ဒီရတနာမြေပုံရှိမှတော့ ဒီတောကြီးထဲမှာ ဆင်းဆင်းရဲရဲ ဇိုက်ခါပြီ ဘယ်နေပါတော့မလဲ၊ ကျွန်မရဲ့ အဆိပ်တစ်ရာဂိုဏ်းအင်အားနဲ့ ဒီရတနာသိုက်ကို ဖော်ထုတ်ပြီပေါ့'

ဝမ်ဆောက်ဝှာ၏မျက်နှာက မသိမသာ တင်းမာသွား၏။



'ဒီလိုတော့ ပြတ်ပြတ်သားသားကြီး ဘူးမကွယ်ပါနဲ့ နတ်မိမယ်၊ ကျုပ်က နှစ်ဦးနှစ်ဖက် အကျိုးရှိအောင် ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဆွေးနွေးနေတာပါ'

'ကျွန်မတို့လက်ထဲမှာ ဝှာစန်းရတနာသိုက်မြေပုံ ရှိနေရင်တော့ ရှင့်ရဲ့ဆွေးနွေးမှုကို လက်မခံနိုင်စရာ မရှိပါဘူး၊ အခုကျွန်မတို့မှာမရှိတော့ ခက်နေပါတယ်'

'ဒီမှာနတ်မိမယ်၊ ကျုပ်ဘက်က တစ်ထစ်လျှော့ပေးလိုက်ပါဦးမယ်၊ ဝှာစန်းရတနာသိုက်ကို ဖော်ထုတ်လို့ရရင် ရတနာတွေအစုလိုက်ရဲ့ သုံးပုံတစ်ပုံကိုပဲ ကျုပ်တို့ ယူပါမယ်၊နတ်မိမယ်တို့က ရတနာတွေရဲ့ သုံးပုံနှစ်ပုံအပြင် ကျင်းကန်သိုင်းကျမ်းကိုလဲ ယူပါ၊ ဒီလောက်အထိ ကျုပ်တို့ဘက်က အလျှော့ပေးနေမှတော့ နတ်မိမယ်အနေနဲ့ သဘောတူသင့်ပါပြီ'

'ခက်လိုက်တာရှင်၊ ကျွန်မတို့ဆီမှာ ဘာရတနာသိုက်မြေပုံမှမရှိပါဘူး'

ဝမ်ဆောက်ဝှာ၏မျက်နှာ တင်းမာခက်ထန်သွား၏။

'ဒီမှာနတ်မိမယ်၊ ကျုပ်တို့အင်အားနဲ့ မင်းတို့ကို တိုက်ခိုက်အနိုင်ယူပြီး ရတနာသိုက်မြေပုံကို ရအောင်ယူမယ်ဆိုရင် ပါတယ်၊ ဒီနည်းကိုမသုံးချင်လို့ ပြေလည်ရာပြေလည်ကြောင်း ဆွေးနွေးနေတာပါ၊ ဒါကိုမှ မင်းက ဘူးကွယ်နေမယ်ဆိုရင်တော့ ကျုပ်တို့က အကြမ်းနည်း သုံးရလိမ့်မည်'

www.burmeseclassic.com

www.burmeseclassic.com



ရှုယ်ပီပီ စိတ်မြန်လက်မြန်ရှိသော ဝမ်ချန်က မခံချင်သဲ ဝင်ပြောလိုက်တော့၏။

'ကျုပ်တို့မှာ မရှိလို့ မရှိဘူး ပြောနေတာပဲ၊ ဒါကိုမှ ခင်ဗျားတို့က မကျေနပ်ရင် ကြိုက်သလိုသာလုပ်၊ ကျုပ်တို့က မမှုဘူး'

ဝမ်ဆောက်ဝှာက ဝမ်ချန်ကို မှုန်ကုပ်ကုပ်မြင့်ကြည့်လိုက်ပြီး....

'မင်းက ဘယ်ရှိဂင်းမပါသား၊ လူကြီးတွေစကားထဲမှာ မင်းက ဘာဖြစ်လို့ ဝင်ရှုပ်ရတာလဲ၊ ယောင်ယောင်ရှယ်ရှယ်နဲ့ သေချင်နေလို့လား'

ဝမ်ချန်ကို ယခုကဲ့သို့ပြောလိုက်သဖြင့် မိုရှမ်းလည်း ဒေါသဖြစ်သွား၏။

'ရှင်တို့ အေးအေးဆေးဆေး ပြန်သွားကြပါ၊ ကျွန်မနဲ့ ဘာမှ ဆွေးနွေးစရာ မလိုဘူး၊ ကျွန်မမှာ ရတနာသိုက်မြေပုံ ရှိနေရင်တောင် ရှင်တို့နဲ့ မပူးပေါင်းနိုင်ဘူး'

ဝမ်ဆောက်ဝှာက မိုရှမ်းကို မဲ့၍ကြည့်လိုက်ကာ....

'ဩော်....မင်းက ဒီလိုလား၊ ဒီလိုဆိုလဲ သိကြသေးတာပေါ့'

စကားအဆုံးတွင် ဝမ်ဆောက်ဝှာက သူ့လူတွေကို လက်ခေါ့ယမ်း၍ အချက်ပြလိုက်၏။

ရုတ်ခြည်းပင် နောက်ပါခိုတိုဂိုဏ်းသားများက မိုရှမ်းနှင့် ဝမ်ချန်တို့ကို ဝိုင်းတိုက်ကြ၏။

ဝမ်ချန်သည် ဓားရှည်နှစ်လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်၍ မိုရှမ်းနှင့် ဆယ်ပေခန့်အကွာသို့ သွားရပ်လိုက်၏။

သူသည် မိုရှမ်းနှင့် အတူပူး၍ ရန်သူမကိုတိုက်ခိုက်ခြင်းမှာ အကြားအလှမ်းဖြင့်သာတိုက်ခိုက်သောမိုရှမ်းက သူ့ကို လူမှားပြီး တိုက်ခိုက်မိမည်စိုးသောကြောင့် ဖြစ်သည်။

မိုရှမ်းကလည်း ရန်သူနှင့်တိုက်ခိုက်လျှင် ယခုကဲ့သို့ သူမနှင့် ခွာ၍တိုက်ခိုက်ရန် မှာကြားထားလေသည်။

မိုရှမ်းသည် ခိုတိုဂိုဏ်းဝင်များ၏လှုပ်ရှားသံကို ကြားလိုက်သည်နှင့် တိုက်ပွဲဝင်ရတော့မည်ဖြစ်ကြောင်း သိလိုက်၏။

သူမက သံမဏိတောင်ဝှေးနှင့် ဓားရှည်ကို ကျစ်ကျစ်ပါအောင်ကိုင်ကာ နားအာရုံကို စူးစိုက်ထားလိုက်သည်။

ဝမ်ဆောက်ဝှာက နောက်ဆုံးအနေနှင့်ခြိမ်းခြောက်စကား ပြောသည်။

'ဒီမယ်နှုတ်မိမယ်၊ ကျုပ်နဲ့အတူ လက်ရွေးစင်ထိုင်းသမား အယောက်သုံးဆယ်ကတိတွေပါတယ်နော်၊ မင်းတို့ရဲ့ ဘာမဟုတ်တဲ့အင်အားလောက်နဲ့ ကျုပ်တို့ကို မယှဉ်နိုင်ပါဘူး၊ မယှဉ်နိုင်မှန်းသိရက်နဲ့ အသေမခံချင်ပါနဲ့၊ ကျုပ်ရဲ့ဆွေးနွေးချက်ကို လက်ခံပြီး ရတနာတွေကိုသာ ခွဲဝေပြီးယူစမ်းပါ'

မျက်မမြင်မိုရှမ်းက ပြတ်သားသောလေသံဖြင့် ပြန်ပြော၏။

'အပိုတွေပြောမနေနဲ့၊ သေချင်တဲ့သူ ရှေ့တိုးခဲ့ကြ'

'တောက်....ဝိုင်းတိုက်ကြ'

www.burmeseclassic.com

www.burmeseclassic.com



ဗမ်ဆောက်ဂှာလည်း ခံပြင်းစိတ်ဖြင့် တက်ခေါက်လိုက်ကာ သူ့လူတွေကို အော်တစ်၍ အမိန့်ပေးလိုက်သည်။

'ကျား'

'ယား'

ခိုတ်ဂိုဏ်းဝင်များက အုပ်စုနှစ်စုခွဲကာ မိုရှမ်းနှင့် ဝမ်ချန်တို့ကို ဝိုင်းတိုက်ကြလေသည်။

'ချင်....ချင်'

'ဟိုင်း....ဟိတ်'

'ထန်း....ဝှစ် ဝှစ်'

'ချွမ်း....ချွမ်း....ချင်'

တမဟုတ်ချင်း အော်ဟစ်တိုက်ခိုက်သံများ ညံစီသွား၏။

ဒုစရိုက်သိုင်းသမား ရန်သူအင်အားက များလွန်းလှသဖြင့် မိုရှမ်းနှင့်ဝမ်ချန်တို့သည် အပေါ်စီးမှ မတိုက်ခိုက်နိုင်ကြဘဲ အောက်စီးမှသာ အကြိတ်အနယ်ကို ခုခံတိုက်ခိုက်နေကြရ၏။ ဓားရောင်များ ဖင်းဝင်းလက်နေသည်။

မိုရှမ်းမှာ လက်နက်နှစ်မျိုးကိုကိုင်၍ တိုက်ခိုက်နေရခြင်းကြောင့်သာ တစ်ခဏနှင့် မရှုံးနိမ့်သွားခြင်းဖြစ်သည်။

ရန်သူတွေက အင်အားများသော်လည်း အရမ်းစာရော မတိုက်ခိုက်ကြချေ။

အကွက်စေ့စေ့ဖြင့်သာ တစ်သုတ်ပြီးတစ်သုတ် ဝင်တိုက်ကြသည်။



တစ်သုတ်က ပင်ပန်းနွမ်းနယ်လာသောအခါ နားနေသောအစ်ထုတ်က ဝင်တိုက်ကြသည်။

လူချင်းလဲ၍ ဝင်တိုက်ကြခြင်းဖြစ်၍ သူတို့သည် ပင်ပန်းနွမ်းနယ်ခြင်း မဖြစ်ကြချေ။

မိုရှမ်းနှင့် ဝမ်ချန်တို့ကမူ ဝင်လာသမျှရန်သူများကို မနားတမ်း တိုက်ခိုက်နေကြရသဖြင့် မိနစ်နှစ်ဆယ်ခန့် အကြာတွင် သိသိသာသာ ပင်ပန်းနွမ်းနယ်လာကြသည်။

ခြေကုန်လက်ပန်း ကျလာကြ၏။

ထိုအချိန်ထိ သူတို့သည် ရန်သူငါးယောက်ကိုသာ လဲကျအောင် တိုက်ခိုက်နိုင်ကြသေး၏။ ဂိုဏ်းချုပ်ကြီး ဗမ်ဆောက်ဂှာသည် တိုက်ပွဲတွင်းသို့ မဝင်သေးဘဲ မိုရှမ်းနှင့်ဝမ်ချန်တို့၏ တိုက်ခိုက်ပုံတိုက်ခိုက်နည်းကိုသာ အကဲခတ်ကြည့်နေ၏။

သူကိုယ်တိုင် ဝင်တိုက်စရာမလိုဘဲ သူ့လူတွေ၏အင်အားဖြင့် အနိုင်ရလိမ့်မည်ဟုလည်း တွက်ဆမိ၏။

မိုရှမ်းလည်း အခြေအနေမဟန်တော့မှန်း သိလာ၏။

သူမအတွက်ထက် ဝမ်ချန်ကို ပိုပြီး စိုးရိမ်ပူပန်လာ၏။

ထို့ကြောင့် သူမသည် ရန်သူများကို တိုက်ခိုက်နေရင်းမှ အော်ပြောလိုက်၏။

'အားလေးဝမ်ချန် ကိုယ်လွတ်ရုန်းပြီးပြေးတော့'

ဝမ်ချန်သည် မိုရှမ်းထံမှ ထိပ်တန်းကိုယ်ဖော့ပညာကို အင်ကြီးစားတတ်မြောက်ထားသူဖြစ်သည့်ပြင် တောထဲတွင် အမြဲ

www.burmeseclassic.com

www.burmeseclassic.com



တမ်း ပြေးလွှား၍ သားကောင်လိုက်သော အလေ့အကျင့်ရှိထားသူဖြစ်လေရာ ရန်သူကို ထိုးဖောက်ကာ ကိုယ်လွတ်ရုန်းပြေးမည်ဆိုပါက လွတ်အောင်ပြေးနိုင်မည်ဖြစ်၏။

သို့သော် သူသည် မိခင်ကို အင်အားများပြားသော ရန်သူ့လက်တွင် အစ်ယောက်တည်း မထားရက်နိုင်ပါချေ။

သူသည် မိခင်နှင့်အတူ သေအတူ ရှင်မကွာ ရှိနေချင်၏။

သူကိုယ်တိုင်လည်း ရန်သူများကို မနိုင်တော့မှန်းသိသော်လည်း သေသည်အထိ တိုက်ပွဲဝင်သွားချင်သည်။

ထို့ကြောင့် သူသည် ပတ်ပတ်လည်ဝိုင်းနေသော ရန်သူများကို ပြန်လည်တိုက်ခိုက်နေရင်းမှ မိခင်ဖြစ်သူကို ပြန်အော်လိုက်သည်။

'ကျွန်တော် မပြေးဘူးမေမေ၊ မေမေနဲ့ပဲတိုက်ရင်း အသေခံမယ် အား'

ထိုစဉ် ဝမ်ချန်၏ ဝဲဘက်ပခုံးကို ဓားချက်တစ်ချက် ရှပ်ထိသွား၏။

အကြားအာရုံထက်မြက်သော မိုရှမ်းသည် ဝမ်ချန်ကို ထိသွားကြောင်း သိလိုက်ရသဖြင့် ထိတ်လန့်ဖြစ်ကာ မေးလိုက်၏။

'သားလေး ဘာဖြစ်သွားလဲ'



ဝမ်ချန်သည် အရွယ်နှင့်မလိုက်အောင် ခန္ဓာကိုယ် ကျစ်လျစ်သန်မာသူဖြစ်လေရာ ဤဒဏ်ရာလေးကို ကြံ့ကြံ့ခံနိုင်စွမ်းရှိသည်။

ထို့ကြောင့် ဘာမှမဖြစ်သလို ပြန်အော်ပြောလိုက်၏။

'ကျွန်တော် ဘာမှမဖြစ်ပါဘူးမေမေ၊ ကျွန်တော့်အတွက် စိတ်မပူပါနဲ့'

တိုက်ပွဲကိုကြည့်နေသော ဂိုဏ်းချုပ်ဝမ်ဆောက်ဖှာသည် ဝမ်ချန် ဒဏ်ရာရသွားသည်ကိုမြင်သည်။

ဝမ်ချန်က မိုရှမ်း စိတ်ချောက်ချားပြီး တိုက်ခိုက်မှု လွဲမှားသွားမည်ကို စိုးရိမ်၍ လိမ်ပြောလိုက်ခြင်းဖြစ်ကြောင်း သိ၏။

ထို့ကြောင့် သူသည် မိုရှမ်းကို စိတ်ချောက်ချားပြီး လွဲလွဲမှားမှားဖြစ်စေရန် အော်၍ပြောလိုက်၏။

'နှုတ်မိမယ်....ဝမ်ချန့်ဗိုက်ကိုထိသွားပြီ ဒီကောင် နောက်သိုင်းကွက် ဆယ့်ဝါးကွက် အတွင်း ငါ့လူတွေရဲ့လက်ချက်နဲ့သေရတော့မယ်'

မိုရှမ်း၏စိတ်တွေ ချောက်ချားသွားသည်။

အယောင်ယောင်အမှားမှား ဖြစ်တော့မတတ် စိတ်တွေ လှုပ်ရှားသွားသည်။

ထိုစဉ် ဝမ်ချန်ကလည်း ရန်သူများကို တိုက်ခိုက်နေရာမှ ခံပြင်းစိတ်ဖြင့် အော်ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'မေမေ လူယုတ်မာကြီးရဲ့စကားကို မယုံပါနဲ့၊ ကျွန်တော် သားမှမဖြစ်ဘူး၊ ကျွန်တော့်အသံကိုကြားရုံနဲ့ သိနိုင်ပါတယ်'

ဝမ်ချန်၏အသံက မာသည်။

ပြတ်ပြတ်သားသားရှိ၏။

ဒဏ်ရာရထားသူတစ်ယောက်၏လေသံမျိုး မဟုတ်ချေ။

သားဖြစ်သူ၏အသံကို ကြားရမှတော့ မိုရှမ်း၏စိုးရိမ်စိတ်များ ပျောက်သွားပြန်၏။

ရန်သူ၏လှည့်ကွက်ဖြစ်ကြောင်း ရိပ်စားမိလိုက်ပြီး သူမ၏အာရုံကို မပျံ့မလွင့်စေတော့ဘဲ တိုက်ခိုက်မှုတွင်သာ အာရုံစုစည်း၍ ရန်သူများကို ပြန်တိုက်၏။

'ထန်း....ထန်း'

'ဝှစ်....ဝှစ်....ချွင်'

'ဟိတ်'

အော်ဟစ်တိုက်ခိုက်သံများက ညံစီနေ၏။

သူတို့၏လက်ချက်ဖြင့် ရန်သူနှစ်ယောက် ထပ်လျော့သွားချိန်တွင် မိုရှမ်းကောဝမ်ချန်ပါ အတော်ကြီး ခြေကုန်လက်ပန်းကျလာကြ၏။

သူတို့တွေ ထောချိန်ရောက်လှပြီဟု သိလိုက်ကြသည်။

ထိုစဉ် စူးဝါးသောအော်သံတစ်သံကို ကြားလိုက်ရသည်။

'မမရေ....ညီမလေးတို့ရောက်လာပြီ၊ ကြံ့ကြံ့ခံထား'

'အား'

'မြွေ....မြွေ....အား'



'အား'

ဒုစရိုက်သမားများ၏ နာကျင်စွာ ညည်းတွားသံများက တစ်ပြိုင်တည်းလိုလို ပေါ်လာကြ၏။

အဆိပ်တစ်ဆူဂိုဏ်းချုပ် ချောကလျှာမိုဖန်း ဦးဆောင်သော ဂိုဏ်းဝင်မိန်းမလှလေးများ ရုတ်တရက် ရောက်လာကြခြင်း ဖြစ်သည်။

* * *

ချောကလျှာမိုဖန်းသည် သံမဏိကျားမှတ်ရှင် လိမ်ကွန်း၏ ပြောပြချက်အရ အစ်မဖြစ်သူမိုရှမ်းတစ်ယောက် မျက်မမြင် ဒုက္ခိတဘဝဖြင့် မုံမုံကုလျိမြောင်တွင် ဇာတ်မြှုပ်နေထိုင်လျက်ရှိကြောင်း သိရသည်။

သူမသည် အစ်မဖြစ်သူအပေါ် သံယောဇဉ်ရှိသူဖြစ်လေရာ ထိုအကြောင်းကို သိရသောအခါ အစ်မဖြစ်သူကို လွန်စွာသနားသွားသည်။

အစ်မဖြစ်သူနှင့်အတူ ဝမ်ချန်သာမက ဝှာစန်းရတနာသိုက်မြေပုံပါရှိနေကြောင်း သိရပြန်သောအခါ ရတနာသိုက်ကို ဖော်ထုတ်ယူလိုသောလောဘစိတ်က ဝင်လာပြန်သည်။

ထိုသတင်းကို အခြားသိုင်းဂိုဏ်းများလည်း သိသွားကြပြီဖြစ်၍ အစ်မဖြစ်သူ၏အသက်ကို ဝိုင်းဝန်းလုပ်ကြံကြလိမ့်မည်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်း သိရပြန်သောအခါ စိုးရိမ်ပူပန်သွားရပြန်လေ၏။

သူမသည် အစ်မဖြစ်သူကို ပြန်ခေါ်၍ စည်းရုံးသိမ်းသွင်းသော ဝှာစန်းရတနာသိုက်ကို ဖော်ထုတ်ရန် ဆုံးဖြတ်ချက် ချလိုက်တော့၏။

သို့သော် သူမသည် သတင်းကြားကြားချင်း မုံမုံကုလျှိုမြောင်သို့ မလာနိုင်ခဲ့ပေ။

ဂိုဏ်းစခန်းချုပ်တွင် လုပ်ဆောင်စရာ အရေးတကြီးကိစ္စများရှိနေ၍ လုပ်ကိုင်ဆောင်ရွက်နေရသည်။

ထို့ကြောင့် ရက်အတော်ကြာသွားပြီးမှသာ လိုအပ်သောအင်အားကိုခေါ်၍ မုံမုံကုလျှိုမြောင်သို့ ရောက်လာခြင်း ဖြစ်လေ၏။

သူမတို့လူစု မုံမုံကုလျှိုမြောင်သို့ ရောက်ရောက်ချင်းပင် အော်ဟစ်တိုက်ခိုက်သံများကို ကြားကြရသည်။

အသံများ ထွက်ပေါ်ရာနေရာသို့ အားချင်း ပြေးလာကြလေသည်။

ကွက်လပ်အစပ်သို့ ရောက်လာသောအခါ ကွက်လပ်ထဲမှ တိုက်ပွဲကို တွေ့ကြရတော့၏။

အစ်မဖြစ်သူနှင့် ကောင်လေးတစ်ယောက်ကို အင်အားများပြားသော ရန်သူတွေက ဝိုင်းတိုက်နေသည်ကို မြင်ရ၏။

ကောင်လေးမှာ စမ်ချန်ဖြစ်လိမ့်မည်ဟု တွေးဆမိ၏။



ထို့ကြောင့် သူမသည် သူ၏နောက်လိုက်မိန်းမချောလေးများအား ရန်သူများအား အဆိပ်ကက်နက်များဖြင့် တိုက်ခိုက်ရန် အမိန့်ပေးကာ သူမကိုယ်တိုင်လည်း တိုက်ပွဲဆီသို့ ပြေးသွားကာ အစ်မဖြစ်သူကို အော်ဟစ်အားပေးလိုက်၏။

ထိုစဉ် အဆိပ်တစ်ရာဂိုဏ်းဝင် မိန်းမလှလေးများက ရန်သူများထံ အဆိပ်ပြင်းထန်လှသော မြွေကလေးများဖြင့်လည်းကောင်း၊ အဆိပ်လုံးကလေးများဖြင့် လည်းကောင်း ပစ်ပေါက်ပြေးလာကြသည်။

အဆိပ်မြွေကလေးများမှာ လက်သန်းလုံးခန့်ရှိပြီး အရှည်နှစ်ပေကျော်ရှိကာ မည်းနက်နေ၏။

အဆိပ်ပြင်းထန်လှန်းပြီး ရွှေကျန့်မြွေဟု ခေါ်ကြလေ၏။

၎င်းမြွေမျိုးသည် သူ့ကိုယ်ထဲမှ အဆိပ်များအားလုံးကို ထုတ်လွှတ်၍ ရန်သူကို တစ်ကြိမ်သာ ကိုက်ကြ၏။

ထိုသို့ကိုက်ပြီးလျှင် နောက်ထပ် သုံးလေးရက် အတွင်း အဆိပ်ကို ထုတ်လွှတ်၍ မကိုက်နိုင်တော့ချေ။

ထိုသုံးလေးရက်အတွင်း အဆိပ်များကို ပြန်လည်စုစည်းနေရသောကြောင့်ဖြစ်၏။

ထို့ကြောင့် ၎င်းမြွေမျိုး အကိုက်ခံရသူမှန်သမျှ ဆေးမမီပါချေ။

အကိုက်ခံရလျှင် ခံရချင်း တုံးခနဲ သေဆုံးရသည်သာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်လုံးများမှာသည်း အဆိပ်တစ်ရာဂိုဏ်း တစ်ဂိုဏ်းသာ တီထွင်ပြုလုပ်နိုင်သောအဆိပ်မျိုးဖြစ်၏။

အဆိပ်လုံးကလေးများမှာ ကုလားပဲလုံးအရွယ်ပမာဏခန့်သာရှိသည်။

၎င်းအဆိပ်လုံးဖြင့် သစ်ပင် သို့မဟုတ် ကျောက်တုံးကို ပစ်ပေါက်လိုက်မည်ဆိုပါက ထိလိုက်သည်နှင့် ပေါက်ကွဲသွားမည်ဖြစ်ပြီး ထိသောနေရာတွင်လည်း မီးလောင်ကျွမ်းသွားမည်သာဖြစ်၏။

လူတစ်ယောက်ကို ထိမည်ဆိုပါက ထိသည့်နေရာတွင် မီးကျွမ်းသွားရုံသာမက အသားထဲကိုပင်ဖောက်ဝင်ပြီး သွေးကြောမျှင်များအထိ ပြတ်တောက်ကုန်ကာ ချက်ချင်းပင် သေဆုံးရပေလိမ့်မည်။

ယခု အဆိပ်တစ်ရာဂိုဏ်းက အဆိပ်မြွေများဖြင့်အစ မဟာ အဆိပ်လုံးများနှင့်ပါ တိုက်ခိုက်လိုက်သောအခါ ခုံတုံဂိုဏ်းဝင်တို့မှာ မည်သို့မှ ခုခံရှောင်တိမ်းနိုင်ခြင်းမရှိဘဲ သေဆုံးကုန်ကြတော့၏။

'အဆိပ်တစ်ရာဂိုဏ်းတဲ့ဟေ့'

'အဆိပ်တစ်ရာဂိုဏ်းဟေ့'

ဂိုဏ်းဝင်မိန်းမလှလေးများမှာ သံပြိုင်တစ်ကြွေး၍ တိုင်ပွဲဆီ ရောက်လာကြလေရာ ခုံတုံဂိုဏ်းချုပ်ကြီးဝမ်ဆောက်ဂူ



သည် သူ့ဘက်မှ အင်အားဆယ်ယောက်ပင်မပြည့်တော့သဖြင့် ထိတ်လန့်တုန်လှုပ်သွား၏။

အဆိပ်တစ်ရာဂိုဏ်းက မိုရှမ်းတို့ဘက်မှ စစ်ကူ ရောက်လာပြီဖြစ်၍ အခြေအနေမဟန်တော့မှန်းလည်း သိလိုက်သည်။

'ဆုတ်ကြ....ဆုတ်ကြ'

ဝမ်ဆောက်ဂူသည်း သူ့လူများကို အော်ပြောရင်း ထွက်ပြေးလေတော့သည်။

အင်အားအနည်းငယ်သာ ကျန်တော့သည့် ခုံတုံဂိုဏ်းဝင်တို့မှာ ဝမ်ဆောက်ဂူ အမိန့်မပေးခင်ကပင် တုန်လှုပ်ချောက်ချားစွာဖြင့် ခြေဦးတည့်ရာသို့ ပြေးကြလေ၏။

ဝမ်ချန်ပင်လျှင် သတ္တိကောင်းသူဖြစ်သော်လည်း အဆိပ်တစ်ရာဂိုဏ်း၏တိုက်ခိုက်ပုံကို မြင်ရသောအခါ ထိန့်လန့်သွားမိသည်။

မြွေကိုက်ခံရ၍ သေဆုံးသွားသူတို့၏အသား အရေများမှာ တစ်ခဏအတွင်း ညိုမည်းသွားကြ၏။

အဆိပ်လုံးထိမှန်၍ သေဆုံးသူတို့ကမူ အသားတွေ ဟောင်းလောင်းပေါက် ပွင့်ထွက်နေကြသည်။

အဆိပ်တစ်ရာဂိုဏ်းဝင် မိန်းမလှအချို့မှာ အဆိပ်မဲ့သွားပြီဖြစ်သော မြွေကလေးများကို ပြန်ကောက်၍ သိမ်းနေကြ၏။

မိုရှမ်းသည် မျက်စိမမြင်သော်လည်း အခြေအနေကို သိလိုက်ပြီဖြစ်၏။

'ညီမလေး ရောက်လာပြီလား'

www.burmeseclassic.com

www.burmeseclassic.com



ဟုလည်း မေးလိုက်လေ၏။

'ညီမလေးတို့ ရောက်လာကြပါပြီ မေရယ်၊ ရန်သူတွေလဲ ပြေးကုန်ကြပြီ'

ချောကလျာမိုဖန်းက ပြန်ပြောရင်း အစ်မဖြစ်သူမိုရှမ်းကို ကြည့်၍ လွန်စွာ စိတ်မကောင်းဖြစ်သွားသည်။

မိုရှမ်းသည် မျက်မမြင်ဘဝသို့ ရောက်နေသည့်ပြင် တန်ဖိုးနည်း၍ တောင်းနွမ်းသော အဝတ်ကိုဝတ်ထားလေရာ တကယ့်တောင်းစားသူ ပုံဆင်းရဲနွမ်းပါးသူမျိုး ဖြစ်နေသည်။

အဆိပ်ဟစ်ရာကိုကျော်လွှားခဲ့ရသည့် ကဝိပန်းဆင်းရဲနွမ်းပါးသူနှင့်ကွာခြား စွာ ဖြစ်နေ၏။

'မမရယ်...ဘာဖြစ်လို့ ဒီလောက်တောင် ဒုက္ခခံပြီး ဒီမှာ နေနေတာလဲ၊ အိမ်ကို ဘာဖြစ်လို့ ပြန်မလာတာလဲဟင်၊ ညီမလေးဖြင့် မမကို လွမ်းလိုက်ရတာ၊ စိုးရိမ်လိုက်ရတာ'

မိုဖန်းက မျက်မမြင်မိုရှမ်းကို ဖက်၍ ဝမ်းနည်းစွာ ပြောသောအခါ မိုရှမ်းကလည်း ညီမဖြစ်သူကို ပြန်ဖက်၍ ပြောလေ၏။

'မမလဲ ညီမလေးကို အမြဲတမ်း သတိရပါတယ်ကွယ်၊ မျက်မမြင်ဘဝမျိုးနဲ့တော့ မမ အိမ်ကိုမပြန်ချင်ဘူး၊ ဒါကြောင့် ဒီမှာပဲ ဘဝမြှုပ်နေလိုက်တာပါ'

'တစ်လောကလုံးမှာ သွေးသားရင်းချာဆိုလို့ မမနဲ့ညီမလေး တို့ပဲရှိကြတာပါ၊ မမ ဘယ်လိုဘဝမျိုးပဲ ရောက်နေနေ ညီမလေး နဲ့ပဲနေရမှာပေါ့'



မိုရှမ်းသည် ဝမ်ချန်ကို သတိရသွားသည်။

ဝမ်ချန်၏အသံကို မကြားရသဖြင့် စိုးရိမ်တကြီးလည်း ဖြစ်သွား၏။

သားလေးဝမ်ချန် ရန်သူ့လက်ချက်ဖြင့် သေဆုံးလေပြီ လားဟုလည်း စိုးထိတ်စွာ တွေးမိသည်။

'သားလေး....သားလေး ဝမ်ချန်ရော'

မိုရှမ်းက အသံကိုမြှင့်၍ မေးလိုက်သည်။

မိုရှမ်းနှင့်မိုဖန်းတို့ကို မလှမ်းမကမ်းမှ အကဲခတ်ကြည့်နေ သော ဝမ်ချန်လည်း မိခင်ထံသို့လျှောက်လာပြီး အသံပြုလိုက် သည်။

'ကျွန်တော် ရှိပါတယ်မေမေ'

ဝမ်ချန်၏အသံကို ကြားရတော့မှ မိုရှမ်းလည်း အမောကို ဖြေနိုင်သွားသည်။

'သားလေး ဘာမှမဖြစ်ဘူးနော်'

'မဖြစ်ပါဘူး မေမေ'

'ဒဏ်ရာတော့ ရအောင်သလားကွယ်'

'ပခုံးမှာ မဖြစ်စလောက်ဒဏ်ရာလေးပဲ ရတာပါမေမေ'

မိုရှမ်းက ညီမဖြစ်သူ၏လက်ကို အသာ ဆုပ်ညှစ်လိုက်ပြီး ပြော၏။

'ညီမလေး သူက မမရဲ့သားလေး ဝမ်ချန်ပါ၊ သားလေး ရထားတဲ့ ဘဝ ...... တော်မျှားသလားလို့ ကြည့်ပေးစမ်းပါ ကွယ်'

www.burmeseclassic.com

www.burmeseclassic.com



မိုးဖန်း၏စိတ်ထဲတွင် အစ်မဖြစ်သူက ဝမ်ချန်ကို ဂရုတစိုက် ရှိလှန်းလှသည့်အတွက် တစ်မျိုးကြီးဖြစ်သွားမိ၏။

အစ်မဖြစ်သူ၏ဆန္ဒအတိုင်းတော့ ဝမ်ချန်၏ဒဏ်ရာ ကြည့်ပေးသည်။

ပြီးမှ အစ်မဖြစ်သူကို ပြန်ပြော၏။

'သိပ်မများပါဘူးမမ၊ ဆေးထည့်လိုက်ရင် လေးငါးရက်ဆို ပျောက်သွားမှာပါ'

ထိုအခါမှ မိုးရွှမ်းသည်း စိုးရိမ်စိတ် ပျောက်သွားသည်။ မိုးဖန်းက အစ်မဖြစ်သူ၏လက်ကို ဆွဲကိုင်လိုက်ပြီးပြော၏။

'မမကို ညီမလေး ပြောစရာစကားတွေ အများကြီးရှိပါတယ်၊ အေးအေးဆေးဆေး ပြောကြတာပေါ့'

မိုးရွှမ်းနှင့် ဝမ်ချန်တို့သည် မိုးဖန်းတို့လှေစုကို လိုက်ဂူကြီးထဲသို့ ခေါ်ခဲ့ကြသည်။

မိုးဖန်းက အတွင်းရေးစကားများကို အစ်မဖြစ်သူနှင့် လွတ်လပ်စွာပြောဆိုသဖြင့် ဂိုဏ်းဝင်မိန်ကလေးများကို လိုဏ်ဂူအပြင်တွင် စောင့်ကြပ်၍နေစေသည်။

လိုဏ်ဂူအတွင်းသို့ မိုးရွှမ်း၊ မိုးဖန်းနှင့် ဝမ်ချန်တို့သာ ဝင်ခဲ့ကြသည်။

ယခုမှ မိုးရွှမ်းသည် မိုးဖန်းကို ကျေးဇူးတင်စကား ပြောဖြစ်သည်။



'ညီမလေးတို့ အရောက်စောပေလို့ပေါ့ကွယ်၊ သည့်ထက် နည်းနည်း နောက်ကျသွားရင် မမတို့ ရန်သူ့လက်ချက်နဲ့ သေလောက်ပြီ၊ ညီမလေးတို့ကို ကျေးဇူးတင်ပါတယ်'

'မမရယ်....မမနဲ့ညီမလေးတို့ဟာ ညီအစ်မ အရင်းအချာတွေပါ၊ ကျေးဇူးတင်စကား ပြောဖို့ မလိုပါဘူး'

ထို့နောက် မိုးဖန်းက အစ်မဖြစ်သူ၏သတင်းကို လိမ်ကွန်းထံမှကြားရ၍ လိုက်လာခဲ့ရခြင်းဖြစ်ကြောင်း ပြောပြ၏။

'အစ်ကိုလိမ်ကွန်းက ညီမလေးဆီကို အဆက်အသွယ် ရှိနေလို့လား'

'အမြဲလိုလို သူလာပါတယ်မမ၊ မမမရှိတော့ကတည်းက ညီမလေးကိုလဲ သူက ချစ်ရေးဆိုတယ်၊ သူ့ကို ညီမလေး သဘောမတွေ့ပါဘူး၊ ဒါပေမယ့် သူ့ဆီက အကျိုးရှိတဲ့ သတင်းတွေကို ရနေလို့သာ သူ့ကို အလိုက်အထိုက်ကြည့်ပြီး ဆက်ဆံနေရတယ်'

'ဘယ်လိုအကျိုးရှိတဲ့သတင်းတွေကို ရနေလို့လဲ ညီမလေး'

'ပိုင့်ပိုင်နိုင်နိုင် ငွေရမယ့် အလုပ်သတင်းမျိုးတွေကို သူက ပေးတာယ်လေ၊ သူပေးတဲ့သတင်းအတိုင်း သွားလုပ်ရင် အောင်မြင်တာ များပါတယ်'

ဤသို့ပြောရုံဖြင့် မျက်မမြင်မိုးရွှမ်းနားလည်လိုက်ပြီ။

www.burmeseclassic.com



မို့ရှမ်းသည် ကျွန်းတန်ထဲမှ အဆိပ်တစ်ရာဂိုဏ်း၏ အတင်းကို ကြားသိထားပြီးဖြစ်ရာ ညီမဖြစ်သူအတွက် စိတ်မကောင်းဖြစ်ရ၏။

မို့ဖန်းက ဆက်ပြော၏။

'အခုတော့ အစ်ကိုလိမ်ကွန်လည်း ဒုစရိုက်လုပ်ငန်းကို ပေါ်ပေါ်ထင်ထင်ပဲ လုပ်နေပြီမမ။ ညီမလေးလဲ နောက်ပိုင်း သူ့အကြောင်းကို ကောင်းကောင်းကြီး သိခဲ့ရတယ်၊ ညီမလေးက အစ်မအောက်မြီးမေးလို့သိရတာပါ၊ သူက ပြိုကွဲပျက်စီးသွားတဲ့ ယက္ခဂိုဏ်းကြီးကို ပြန်ပြီးတည်ထောင်ဖို့ စီစဉ်နေတယ်မမ၊ သူနဲ့ မျှော်ခိုး ဖြူဘိုးဘိုးလျှုကျူတို့က လွန်ခဲ့တဲ့ဆယ်နှစ်နှစ်လောက်ကတည်းက တွဲပြီး အလုပ်လုပ်ခဲ့ကြတယ်...

'မသွေးစက်ဝိုင်းဂိုဏ်းကို လျှုကျူတို့ ဝင်တိုက်ကြတာလဲ သူ့ လက်ချက်ပဲလို့ သူကိုယ်တိုင်ဝန်ခံတယ်၊ အဲဒီတုန်းက မမတို့အဖွဲ့ ရောက်လာလိမ့်မယ်ဆိုတာ မသိလို့ သူစီစဉ်မိတာပါတဲ့၊ ညီမလေးကို တောင်းပန်တယ်၊ လျှုကျူဟာ အစ်ကိုလိမ်ကွန်ရဲ့လက်အောက်မှာပဲရှိတယ်၊ ဒါကြောင့် သူလိုလူမျိုးကို ညီမလေးက အထိုက်အလျောက် ဆက်ဆံနေရတာပေါ့'

မို့ရှမ်းသည် လိမ်ကွန်၏ဇာတိရုပ်ကို သိရသောအခါ လန့်ရှာ ခဲ့ပြင်းသွား၏။

သူမမျက်စိကွယ်ရခြင်းနှင့် ဝမ်ချန်၏မိဘများ သေဆုံးရ၍ သွေးစက်ဝိုင်းဂိုဏ်းကြီး ပျက်စီးခဲ့ရခြင်းတို့၏ အဓိကတရားခံမှာ လိမ်ကွန်ဖြစ်နေလေသည်။



သူတော်ကောင်းဟန်ဆောင်ထား၍ သူမထံချဉ်းကပ်ခဲ့သည့် အတွက်လည်း ဒေါသဖြစ်မိ၏။

လောလောဆယ် သူမတို့ညီအစ်မ ကိုယ်ရေးကိုယ်တာကိစ္စများကို ပြောရမည်ဖြစ်၍ မို့ရှမ်းသည် လူယုတ်မာလိမ်ကွန်၏ အကြောင်းကို ခေါင်းထဲမှ ပယ်ထုတ်ထားလိုက်၏။

'ညီမလေးကို မမ ပြောချင်တယ်'

'ပြောပါမမ'

'မမဟာ ဒီတောကြီးထဲမှာနေပေမယ့် အဆိပ်တစ်ရာဂိုဏ်း အကြောင်းကို ကြားရပါတယ်၊ အဆိပ်တစ်ရာဂိုဏ်းဟာ မမ လက်ထက်ကလို မဟုတ်ဘဲ တိုးတက်ကြီးပွားနေပြီဆိုတာ မမ ကြားရတယ်၊ ဒီလိုတိုးတက်ကြီးပွားလာရတာလဲ ဒုစရိုက် လုပ်ငန်းတွေ များများလုပ်လို့ပဲဆိုတာ သိရတယ်...

'ဒါကြောင့် ညီမလေးကို မမပြောချင်တယ်၊ ဒီမကောင်း တဲ့အလုပ်တွေကို မလုပ်ပါနဲ့တော့၊ ခုအချိန်ကစပြီး ရပ်တန်းက ရပ်လိုက်ပါတော့ ညီမလေးရယ်၊ အဆိပ်တစ်ရာဂိုဏ်းကိုလဲ အများအကျိုးပြုတဲ့ဂိုဏ်းအဖြစ် ပြုပြင်ပြောင်းလဲလိုက်စေချင် တယ်'

'ဟာ...မဖြစ်နိုင်တာပဲမမရယ်၊ ညီမလေးဟာ မေမေ ချမှတ်ခဲ့တဲ့ စည်းမျဉ်းစည်းကမ်းအတိုင်း တစ်သွေမတိမ်း လိုက်နာကျင့်သုံးပြီးလုပ်တာပါ၊ မေမေဟာ အဆိပ်တစ်ရာဂိုဏ်းကို

www.burmeseclassic.com

www.burmeseclassic.com



စတင်တည်ထောင်ခဲ့တယ်၊ မေရှမ့်ထက်ထက်မှာလဲ ချမှတ်ထား တဲ့စည်းမျဉ်းစည်းကမ်းချက်တွေအတိုင်း လိုက်နာကျင့်သုံးခဲ့တာပဲ’

‘မေမေဟာ ဖေဖေ အပေါ် နစ်ကြည်းစိတ်တစ်ခုတည်းနဲ့ ဒီမှာ လွဲမှားတဲ့စည်းမျဉ်းတွေကို ချခဲ့တာပေါ့ ညီမလေးရယ်၊ မမတို့ညီမလေးတို့အနေနဲ့ အကောင်းကိုယူပြီး မကောင်းတာကို ပယ်သင့်ပါပြီ’

‘‘မမရယ်....ဒါတွေကို ပြောမနေပါနဲ့ဦး၊ မမသာ ညီမလေးနဲ့ ပြန်လိုက်ခဲ့ပါ၊ ဝမ်းချန်ကိုလဲ ခေါ်ခဲ့ပေါ့၊ မမကို အဆိပ်တစ်ရာဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးအဖြစ် ညီမလေး ပြန်လွှဲပေးပါမယ်၊ မမ စည်းစိမ်ချမ်းသာနဲ့နေပါ’

မို့ရှမ်းက ဖြည်းလေးစွာ ခေါင်းကို ခါယမ်းလိုက်၍....

‘ဒုစရိုက်ဂိုဏ်းရဲ့ ဦးစီးခေါင်းဆောင်ဆာတော့ မမ မလုပ်နိုင်ဘူး ညီမလေး၊ ညီမလေးကို မမ ချစ်ပါတယ်၊ သံယောဇဉ်ရှိတယ်၊ ညီမလေးနဲ့လဲ အတူပြန်နေချင်ပါတယ်၊ ဒါပေမယ့် အဆိပ်တစ်ရာဂိုဏ်းကို သုစရိုက်ဂိုဏ်းအဖြစ် မပြောင်းလဲနိုင်သေးသ၍ ညီမလေးနဲ့ မမ ပြန်မလိုက်နိုင်ဘူး၊ အေး....ညီမလေးအနေနဲ့ ပြုပြင်ပြောင်းလဲမယ်ဆိုရင်တော့ မမလိုက်နေပါ့မယ်’

မိုဖန်းသည် သက်ပြင်းမျှင်းမျှင်းချလိုက်ကာ....



‘မမရယ် ညီမလေး ကြီးပွား ချမ်းသာချင်တယ်၊ သိုင်းလောကကြီးတစ်ခုလုံး ဩဇာအာဏာထက်မြက်တဲ့သူ ဖြစ်ချင်တယ်၊ ညီမလေးအနေနဲ့ ဒုစရိုက်အလုပ်တွေကို လုပ်နေပေမယ့် မလိမ်တတ် မညာတတ်ဘူး၊ ဘယ်သူ့ကိုမှလဲ မလိမ်ခဲ့ဘူး၊ မမကိုလဲ မညာချင်ဘူး၊ မမကိုညာပြီး မခေါ်ချင်ဘူး၊ လောလောဆယ် ညီမရဲ့ဆန္ဒက အဆိပ်တစ်ရာဂိုဏ်းကို သုစရိုက်ဂိုဏ်းအဖြစ် မပြောင်းချင်သေးဘူး’

‘ဒါဆို မမလဲ ဘယ်နည်းနဲ့မှ မလိုက်နိုင်ဘူး ညီမလေး၊ ညီမလေးတို့ပြန်သွားကြပါ၊ မမဖြစ်စေချင်သလို အဆိပ်တစ်ရာဂိုဏ်းကိုပြောင်းလဲသွားတဲ့နေ့ကျမှ ညီမလေးနဲ့အတူ မမလာနေမယ်’

‘မမက ဒီမှာပဲနေမှာလား’

‘ဒီမှာပဲနေမယ်၊ မျက်မမြင်တစ်ဝနဲ့ ဒီနေရာမှာ မမနေသားကျနေပြီ၊ ဒီမုံမုံ ကုလျှိမြောင်မှာ မမသွားလာလှုပ်ရှားရတာ မျက်စိမြင်တဲ့သူလို လွယ်ကူနေပြီ၊ ပြီးတော့ ငြိမ်းငြိမ်းချမ်းချမ်းလဲနေရတယ်’

‘ဒါပေမယ့် အခုတော့ ဒီဒေသဟာ မမတို့အတွက် မငြိမ်းချမ်းတော့ဘူးဆိုတာလဲ လက်တွေ့သိနေရပါပြီ၊ မမဆီမှာ ထူးဆန်းရတနာသိုက်မြေပုံ ရှိနေတယ်လို့ သိုင်းလောကမှာ သတင်းပျံ့နှံ့နေတယ်၊ ဒီနေ့လိုပဲ မမကို အန္တရာယ်ပေးမယ့်သူတွေ တစ်သုတ်ပြီးတစ်သုတ် ရောက်လာကြဦးမှာပဲ၊ ဒီနေ့လိုပဲ

www.burmeseclassic.com

မေတို့ကိုအန္တရာယ်ဖြစ်ကုန်မှာပေါ့၊ ဒါကြောင့် ညီမလေးနဲ့ လိုက်နေဖို့ခေါ်နေတာပါ'

'မမ ဒီမှာပဲဆက်နေမယ်၊ တွေ့ကြုံရမယ့် အန္တရာယ်ကိုလဲ ရင်ဆိုင်မယ်၊ တစ်ခုတော့ ညီမလေးကို မမမေးချင်တယ်'

'မေးပါမမ'

'ညီမလေးတော့ မမဆီမှာ ဝှာစန်းရတနာသိုက်မြေပုံရှိနေတယ်လို့ ထင်နေသလား၊ ညီမလေးက မလိမ်တတ်ဘူးဆိုတာ မသိလို့မမမေးနေတာနော်'

'ညီမလေးလဲ ကြားရတဲ့သတင်းစကားတွေကို ဆက်စပ်ပြီး မမမှာ ဝှာစန်းရတနာသိုက်မြေပုံ ရှိနေလိမ့်မယ်လို့ ထင်ပါတယ်'

'ဝှာစန်းရတနာသိုက်မြေပုံကို ညီမလေး လိုချင်စိတ်မရှိဘူးလား'

'မလိမ်မညာဘဲပြောရရင် သိပ်ပြီးလိုချင်ပါတယ် မမ'

'ညီမလေးကိုတော့ ယုံကြည်စိတ်ချရတဲ့ သွေးသားအရင်းမို့ မမအမှန်အတိုင်းပြောမယ်၊ ဒါမှလဲ ညီမလေးစိတ်ထဲမှာ ရှင်းသွားလိမ့်မယ်၊ မမဆီမှာ ဘာရတနာသိုက်မြေပုံမှ မရှိဘူး ညီမလေး၊ အားလုံးက သားလေးဝမ်ချုန်နဲ့အတူ ဝှာစန်းရတနာမြေပုံပါလာတယ်လို့ပဲ ထင်ကြတယ်၊ တကယ်တမ်း သားလေးဝမ်ချုန်နဲ့ပါလာတာ ဝှာစန်းရတနာသိုက် မြေပုံရဲ့



လေးစိတ်တစ်စိတ်ပါ၊ အားလေးဝမ်ချုန်၊ သားလေးရဲ့နောက် ကျောကိုပြလိုက်ပါကွယ်'

မျက်မမြင်မိုရှမ်းကပြောလိုက်သဖြင့် ဝမ်ချုန်လည်း ငြင်းပယ်ခြင်း တွေဝေခြင်း တို့ ဆိုင်းခြင်းအလျှဉ်းမရှိဘဲ အင်္ကျီကို မကာ သူ့ကျောကိုလှန်ပြလိုက်သည်။

မိုဖန်းလည်း ဆက်စပ်၍ရသော ဆေးမင်ကြောင်နှင့်ထိုး ထားသည့် မြေပုံအပိုင်းအစကိုတွေ့ရသည်။

ဝမ်ချုန်၏ကျောတွင်ရှိသော မြေပုံအပိုင်းအစ တစ်ခုတည်း နှင့် မည်သို့မှအသုံးမဝင်ပါချေ။

သူမက အစ်မဖြစ်သူကိုကြည့်၍ မေးလိုက်၏။

'ကျန်တဲ့မြေပုံအပိုင်းတွေကော မမ'

'ဒါတော့ မမမသိဘူး၊ သိလဲပြောပိုင်ခွင့် မရှိဘူးကွယ်၊ မမဆီမှာ ဝှာစန်းရတနာသိုက်မြေပုံ အပြည့်အစုံမရှိဘူးဆိုတာ ညီမသိရင်တော်ပြီပေါ့၊ ဒါမှ ညီမလေးစိတ်ထဲမှာ ရှင်းသွားမှာ၊ တစ်ခုတော့ ညီမလေးကို တောင်းပန် ချင် တယ်၊ ဒီအကြောင်းကိုတော့ ညီမလေး နှုတ်လုံစေချင်တယ်'

'ညီမလေး နှုတ်လုံပါ့မယ်၊ ကတိပေးပါတယ်'

'အေးကွယ် တို့ညီအစ်မတွေ အယူအဆချင်း အတွေး အခေါ်ချင်းမတူကြပေမယ့် ညီအစ်မတွေကတော့ ညီအစ်မပါပဲ

www.burmeseclassic.com



မဇာဆိုကို ညီမလေးရောက်လာတုန်း အေးအေးဆေးဆေးနေနိုင်ရင် နေသွားဦးပေါ့'

'မမနဲ့အေးအေးဆေးဆေး စကားပြောရအောင် ဒီတစ်ညတော့ နေသွားမယ်၊ ညီမလေးမှာ လုပ်စရာတွေရှိနေသေးလို့ မနက်ဖြန်တော့ပြန်မယ်'

ထိုညက မိုဖန်းနှင့်နော်ကလိုက်မိန်းမလေး လိုက်ကူကြီး ထဲမှာပင်အိပ်ကြသည်။

မိုဖန်းကိုယ်တိုင် ဝမ်ချန်ပခုံးတွင် ရထားသော ဒဏ်ရာကိုလည်း ဆေးထည့်ပေးသည်။

သူမတို့နှင့်ပါလာသော ဆေးဝါးများကိုလည်း မိုရှမ်းနှင့် ဝမ်ချန်တို့အတွက်ပေးခဲ့သည်။

မိုရှင်းနှင့်မိုဖန်းတို့ညီအစ်မနှစ်ယောက်မှာ တစ်ညလုံးလိုလို စကားပြောကြသည်။

စိတ်ညစ်စရာစကားများကို အထူးရှောင်ရှားကြကာ စိတ်ချမ်းသာမည့်စကားမျိုးကိုသာ ရွေးရှာပြောကြသည်။

မိုးလင်းတော့ မိုဖန်းတို့လူစုလည်း ပြန်သွားကြသည်။

ပြန်ခါနီးမှ မိုဖန်းက သူမ၏အဆိပ်တစ်ရာဂိုဏ်းကို အစ်မဖြစ်သူ ဖြစ်စေချင်သလို သိုစရိုက်ဂိုဏ်းကြီးတစ်ဂိုဏ်းဖြစ်အောင် တစ်နေ့နေ့တွင် ပြောင်းလဲပါမည်ဟူသော ကတိကိုပေးသွားသည်။

မိုရှမ်းကလည်း ထိုသို့ဖြစ်လာသည့်တစ်နေ့တွင် ညီအစ်မနှစ်ယောက် ပြန်နေပါမည်ဟု ကတိပေးလိုက်လေသည်။

• • •



မိုဖန်းတို့ပြန်သွားပြီးနောက် မိုရှမ်းသည် ဝမ်ချန်၏နောင်ရေးကို စဉ်းစားရတော့၏။

သူမအနေနှင့် ဝမ်ချန်ကိုခွဲမနေချင်ပါသော်လည်း ဝမ်ချန်၏ အသက်အန္တရာယ်ကင်းရှင်းရေးအတွက် ခွဲနေဖို့ဆုံးဖြတ်ချက်ချလိုက်၏။

ထိုညနေမှာပင် သူမ၏ဆုံးဖြတ်ချက်ကို ဝမ်ချန်အား ဖွင့်ပြောသည်။

'သား လောလောဆယ် အားရဲအစ်ကို ဝမ်ရှောင်နဲ့အတူ သွားနေပါလားကွယ်'

'ဟင်....ဘာဖြစ်လို့လဲ မေမေ'

မိခင်ထံမှ ထိုကဲ့သို့သောစကားမျိုးကို ရုတ်တရက် ကြားလိုက်ရသဖြင့် ဝမ်ချန်လည်း အံ့သြသွားပြီး ပြန်မေးခြင်းဖြစ်သည်။

မိုရှမ်းရင်ထဲတွင်မချိသော်လည်း စိတ်ကို တည်ငြိမ်အောင်ထိန်း၍ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'မေမေတို့ကိုအန္တရာယ်ပေးမယ့်သူတွေ တစ်သုတ်ပြီး တစ်သုတ် နောက်ကိုလိုက်လာကြဦးမှာပဲ၊ မေမေတစ်ယောက်တည်းဆိုရင် သားကိုငဲ့ညှာစိုးရိမ်နေစရာမလိုဘဲ ရန်သူကိုပြတ်ပြတ်သားသား တိုက်ခိုက်နိုင်စွမ်းရှိတယ်၊ သားအခုနေနဲ့ သားအစ်ကိုမော်ရှောင်ဆီကိုသွားနေတော့ ဘာအန္တရာယ်မှ မစိုးရိမ်ရတော့ဘူး'

'ခုလိုအန္တရာယ်တွေပေါ်လာနိုင်မယ့်အချိန်မျိုးမှာ မေမေကို တစ်ယောက်တည်းထားခဲ့ပြီး ဘယ်ကိုမှ သားမသွားနိုင်ဘူး၊ မေမေ့မှာ ဒီအန္တရာယ်တွေနဲ့လွတ်အောင် သားနဲ့လိုက်ခဲ့မယ်ဆိုရင်တော့ သားသွားပါမယ်'

မိုရှမ်းက ဖြည်းလေးစွာ ခေါင်းခါယမ်းလိုက်ပြီး....

'မေမေဟာ တစ်ချိန်က အဆိပ်တစ်ဆူဂိုဏ်းချုပ် ဖြစ်ခဲ့ဖူးတယ် သား၊ ဒုစရိုက်ဂိုဏ်းခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့ဖူးပါတယ်၊ အခုထက်ထိ သိုင်းလောကသား အတော်များများဟာ မေမေ့ကို ဒုစရိုက်သမားတစ်ယောက်လို့ပဲ ယူဆနေကြတုန်းပဲ၊ ဒါကြောင့် အဖြူရောင် သိုင်းသမားတွေဟာ မေမေ့ကိုလက်ခံကြလိမ့်မယ်မဟုတ်ဘူး၊ သားရဲ့အစ်ကို မော်ရှောင်နဲ့ မွေးစားအဖေလိုဖေးကလဲ မေမေ့ကိုလက်ခံကြမှာမဟုတ်ပါဘူး၊ ဒါကြောင့် သားပဲသွားပါကွယ်'

'ဒါဖြင့် သားရဲ့အစ်ကိုက မေမေ့ကို ကြည်ကြည်ဖြူဖြူနဲ့ လက်ခံကြမယ်ဆိုရင်တော့ မေမေ လိုက်နေမလားဟင်'



'အေးကွယ်...ဒီလိုဆိုရင်တော့ မေမေ လိုက်နေပါမယ်၊ ခုတော့ သားတစ်ယောက်တည်းပဲ သွားပြီး အခြေအနေတွေကို လေ့လာကြည့်လိုက်ပါဦး၊ သူတို့က ကြည်ကြည်ဖြူဖြူနဲ့ လက်ခံကြမယ်ဆိုရင် မေမေ့ကို သား ပြန်လာခေါ်ပေါ့'

'ဒါဆိုရင် သားသွားမယ်၊ မေမေ့ကို အမြန်ဆုံး ပြန်လာခေါ်နိုင်အောင် သားကြိုးစားမယ်၊ ဒါနဲ့ အစ်ကိုမော်ရှောင်က သားကို သိပါ့မလား၊ အစ်ကို့ရဲ့မွေးစားအဖေကကော သားကို ဝမ်ချန်ဆိုတာ ယုံပါ့မလား'

'ဒီအတွက်တော့ မပူပါနဲ့သား၊ သားရဲ့ကျောမှာရှိနေတဲ့ ဆေးမင်ကြောင်မြေပုံဟာ သားအတွက် အကောင်းဆုံး သက်သေပါကွယ်၊ သားရဲ့အစ်ကိုဆီမှာလဲ ဒီလို ဆေးမင်ကြောင်မြေပုံမျိုးရှိနေတယ်မဟုတ်လား'

'ဟုတ်ပါရဲ့ မေမေ၊ သား မေ့သွားတယ်'

ထိုနေ့က မိုရှမ်းသည် ဝမ်ချန်ကို မှာစရာရှိတာ မှာသည်။ ကျိနန်မြို့ အရောက်သွားနိုင်ရန်လည်း အတတ်နိုင်ဆုံး လမ်းညွှန်သည်။

နောက်တစ်နေ့မနက်ဘက်မှာ ဝမ်ချန်သည် မိခင်ဖြစ်သူကို နောက်ဆံတင်းစွာဖြင့် ထားခဲ့ကာ ခရီးထွက်လေတော့သည်။

ဝမ်ချန်သည် မှုံမှုံကုလျှိုမြောင်မှအထွက်တွင် ကျွန်းယာန်နှင့် မမျှော်လင့်ဘဲတွေ့ကြလေသည်။

ယုံကြည်အားထားရသော ကျွန်းယာန်ကို တွေ့လိုက်ရသဖြင့် ဝမ်ချန်လည်း ဝမ်းသာအားတက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟာ....ဦးဦးကျွန်းဟုန် ဘယ်ကိုသွားမလို့လဲ'

ကျွန်းဟုန်သည် အထုပ်အပိုးဖြင့် ခရီးသွားတစ်ယောက်ပုံစံမျိုးပေါက်နေသောဝမ်ချွန်ကိုကြည့်ကာ ရင်းနှီးချစ်ခင်စွာ ပြန်ပြော၏။

'မင်းတို့သားအမိဆီကို လာတာပဲ၊ အရေးကြီးတဲ့ သတင်းတစ်ခု ပေးစရာရှိလို့ ဆိုပါတော့'

'အာသတင်းများလဲ ဦးဦး'

'သံမဏိကျားပွတ်ရှင်လိမ်ကွန်က အင်အားအလုံးအရင်းနဲ့ မင်းတို့သားအမိကို လာပြီး အန္တရာယ်ပေးဖို့ အစီအစဉ်လုပ်နေတယ်ဝမ်ချွန်၊ အနှေးနဲ့အမြန်ကို သူရောက်လာမှာပဲ၊ လိမ်ကွန် တကယ်လို့ လာတိုက်မယ်ဆိုရင် မင်းတို့သားအမိနှစ်ယောက်တည်းအင်အားနဲ့ ခုခံနိုင်စွမ်း ရှိမှာမဟုတ်ဘူး၊ ဒါကြောင့် ရှောင်သင့်ရင် ရှောင်နေရအောင် လာပြောတာပဲ'

'မေမေကတော့ ရှောင်နေမှာမဟုတ်ဘူးဦးဦး၊ လိမ်ကွန်ရဲ့ ယုတ်မာကောက်ကျစ်ပုံတွေကိုသိသွားလို့ ဒီလူနဲ့ ရင်ဆိုင်ချင်နေတာ'

'အိမ်း...ဒီလိုဆိုရင်တော့ တခြားနည်းလမ်း တစ်ခုခုကို စဉ်းစားရတော့မှာပဲ၊ ဒါနဲ့ မင်းကိုကြည့်ရတာ တစ်နေရာရာကို ခရီးထွက်မယ့်ပုံမျိုးပဲ၊ ဘယ်ကိုသွားမှာလဲ'

ကျိနန်မြို့ကို သွားမလို့ပဲဦးဦး၊ ကျွန်တော် အစ်ကိုဝမ်ရှောင်ဆီကို သွားမလို့လေ'

'ဟင်...မင်းဘဝဇာတ်မြစ်ကို သိသွားပြီပေါ့ ဟုတ်လား'



'မေမေက အားလုံးကို ဖွင့်ပြောလိုက်ပါပြီ၊ ကျွန်တော်တို့ရဲ့ သွေးကော်ဝိုင်းဂိုဏ်းကြီးကို ဦးဦးတို့ပြန်ပြီး ထူထောင်ဖို့ကြိုးစားနေတယ်ဆိုတာသိရလို့ ဦးဦးကိုလေးစားပါတယ်'

'အေးကွာ....မင်းအကြောင်းကို မင်း သိထားပြီဆိုတော့ မိုကောင်းပါတယ်၊ ဝမ်ရှောင်သာ မင်းကို ရုတ်တရက် တွေ့လိုက်ရရင် အံ့ပြီးအံ့ဩသွားမှာပဲ၊ ငါလဲ မင်းတို့ဆီကို တစ်ခေါက်ရောက်ပြီးကတည်းက ကျိနန်မြို့ကို ခြေဦးမလှည့်ဖြစ်သေးဘူး၊ ဒါကြောင့် မင်း အသက်ရှင်လျက် ဒီမှာနေတယ်ဆိုတာ ဝမ်ရှောင်နဲ့ ဆရာလုံပေးတို့ သိကြမှာမဟုတ်သေးဘူး၊ မင်းနဲ့ ငါတောင် လိုက်ချင်တယ်၊ ဒါပေမယ့် မင်းအမေကို လိမ်ကွန်ရဲ့ အတင်း မပေးလို့ မဖြစ်ဘူး'

'ဒီလိုလုပ်ပါလား ဦးဦး'

'ဘယ်လိုလဲ'

'ကျွန်တော်က အစ်ကိုဝမ်ရှောင်ဆီကို အရောက်ဆက်သွားမယ်၊ ဦးဦးက မေမေ့ဆီကိုပဲသွားပါ၊ လိမ်ကွန်အကြောင်းကို ပြောပြပြီး ကျွန်တော် ကိုယ်စား မေမေ့ကို စောင့်ရှောက်ပေးပေးပါ၊ ကျွန်တော် ပြန်ရောက်မလာမချင်း မေ့မေဆီကပဲ ကျွန်တော့် ကို စောင့်ပါ၊ ကျွန်တော် အစ်ကိုဝမ်ရှောင်တို့ကို စေ့စပ်ခေါ်ပြီး အမြန်ဆုံး ပြန်လာခဲ့မယ်'

'အေး...ဒီအစီအစဉ် ကောင်းတယ်၊ မင်းဆီက အကျိုးအကြောင်း သိရရင် ဆရာလုံပေးနဲ့ဝမ်ရှောင်တို့ လိုက်လာကြ

www.burmeseclassic.com

www.burmeseclassic.com



မှာပဲ၊ စိတ်ချသွားသွား၊ မင်း ပြန်မရောက်မချင်း မင်းမေမေနဲ့ အတူ ငါရှိနေမယ်'

ကျွန်းဟာန်သည် သိုင်းဆရာကြီးလုံဖေးနှင့် ဝမ်ရှောင်တို့ထံ စာတစ်စောင် ရေးပေးသည်။

ခရီးစဉ်ချောမွေ့စေရန် ဝမ်ချွန်ကိုလည်း တိကျစွာ လမ်းညွှန်သည်။

ထို့နောက် ကျွန်းဟာန်သည် မုံမုံ ကုလျှိမြောင်ထဲသို့ ဝင်သွားသလို ဝမ်ချွန်လည်း ခရီးပြင်း နှင်ခဲ့လေတော့၏။

=+=

## အခန်း ( ၁၃ )

### ညီအစ်ကိုနှစ်ဦး ပြန်လည်ဆုံတွေ့ခြင်း

ကျင့်ယွမ်ချောထောက်ဖွဲ့အတွင်းရှိ စံအိမ်ညည့်ခန်းဆောင်ထဲတွင် ဖြစ်၏။

သိုင်းဆရာကြီးလုံဖေးသည် လက်နှစ်ဖက်ကို နောက်ပစ်၍ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ သူ့မျက်နှာက မခံချိမခံသာအသွင်မျိုး ဖြစ်နေ၏။

ဝမ်ရှောင်က ခုံတစ်လုံးပေါ်တွင်ထိုင်ကာ ဆရာကြီးလုံဖေးကို အကဲခတ်ကြည့်နေ၏။

ခဏအကြာတွင် လုံဖေးသည် ဝမ်ရှောင်ရှေ့ရှိပေါ်တွင် မျက်နှာချင်းဆိုင် ထောင်ထိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ရှောင်ကိုမကြည့်ဘဲ စားပွဲကိုမျက်မှောင်ကြုတ်၍ကြည့်ရင်းမှ ပြောသည်။

'လျူကျူတစ်ယောက်ပျောက်ချင်းမလှပျောက်နေတာစဉ်းစားစရာဖြစ်နေတယ်၊ ဘာဘာလိုက်သွားတော့ တေလွဲကလေးလွဲသွားတယ်၊ သူ့သတင်းကို ထပ်မကြားရတော့ပြန်ဘူး'

ဝမ်ရှောင်က မေးလိုက်သည်။

'အဘိုးလျူကျူဆီမှာ ဂျာစန်းရတနာသိုက်မြေပုံတစ်ခြမ်းရှိနေတယ်ဆိုတဲ့သတင်းဟာ ခိုင်လုံရဲ့လား ဘာဘာ'

'ခိုင်လုံတယ် လူလေးရဲ့၊ ရတနာသိုက်မြေပုံ တစ်ခြမ်းကိုလိမ်ကွန်ကရထားတယ်၊ လိမ်ကွန်က လျူကျူတို့ကို အပ်ထားတယ်၊ သူတို့နှစ်ယောက်ဟာ ကြံဖော်ကြံဖက် လုပ်ဖော်ကိုင်ဖက်တွေပဲ၊ လိမ်ကွန်ဟာ အသက်ငယ်ပေမယ့် ကြံရည်ဖန်ရည်ပိုရှိတယ်....

'ဒါကြောင့် သူတို့နှစ်ဦးမှာ လိမ်ကွန်ဟာ ခေါင်းဆောင်ပဲ၊ လိမ်ကွန်စီစဉ်စေခိုင်းတဲ့အတိုင်း လျူကျူက လုပ်ရတယ်၊ ဒုစရိုက်ဂိုဏ်းကြီးတစ်ဂိုဏ်းဖြစ်တဲ့ ယကျွဂိုဏ်းကို ပြန်ပြီး တည်ထောင်တာနဲ့ လိမ်ကွန်က ယကျွဂိုဏ်းချုပ်ကြီးအဖြစ် ဆောင်ရွက်လိမ့်မယ်၊ လျူကျူက လက်ထောက်ဂိုဏ်းချုပ်ပေါ့

'ဒါဆို လျူကျူထက် လိမ်ကွန်ကိုပိုပြီး သတိထားရမှာပေါ့ ဘာဘာ'



'ဟုတ်တယ်၊ လျူကျူက လိမ်ကွန်ထက်ပိုပြီး ကြောက်စရာကောင်းတယ်၊ လိမ်ကွန်ဟာ အရွယ်နဲ့မလိုက်အောင်ဉာဏ်စွမ်းဉာဏ်စထက်တယ်၊ သိုင်းပညာအဆင့်လဲမြင့်တယ်၊ ဒါကြောင့် လိမ်ကွန်ကိုပိုပြီး သတိထားရလိမ့်မယ်'

ဝမ်ရှောင်သည် ရှုတ်ခြည်း စဉ်းစားမိသဖြင့် ပြောလိုက်သည်။

'ကျွန်တော် စဉ်းစားမိတယ် ဘာဘာ၊ ဂျာစန်းရတနာသိုက်မြေပုံတစ်ခြမ်းဟာ အဘိုးကြီးလျူကျူဆီမှာရှိသလို သံမဏိကျားပွတ်ရှင် လိမ်ကွန်ဆီမှာလဲရှိနိုင်တာပဲ'

'ဟုတ်တယ်လေ၊ သူတို့နှစ်ယောက်အနက် တစ်ယောက်ယောက်ဆီမှာရှိတာတော့ သေချာတယ်၊ တခြား ဘယ်သူ့ဆီမှာမှမရှိနိုင်ဘူး၊ ရှိရင်လဲ သူတို့ကိုယ်နဲ့မကွာ ထားမှာသေချာတယ်၊ သူတို့ကိုနိုင်အောင်တိုက်နိုင်မှသာ ရတနာမြေပုံတစ်ခြမ်းကို ရနိုင်လိမ့်မယ်'

'လိမ်ကွန်ဆီကိုကော ဘာဘာမသွားဘူးလား'

'မသွားဘဲ ဘယ်နေပါ့မလဲ လူလေး၊ သွားတာပေါ့၊ ဒါပေမယ့် ဒီကောင့်ကိုမတွေ့ခဲ့ဘူး၊ ထောင်စမ်းတို့လူစုကို ဖြတ်တိုက်ပြီး အာမခံရတနာတွေကို ဖြတ်လုကြတာ၊ လိမ်ကွန်ရဲ့လက်ချက်မှန်း ဘာဘာသိပြီးပြီ၊ ထောင်စမ်း ကိုယ်လွတ်ရုန်းပြေးနိုင်ခဲ့လို့သာ ရှေ့မှီတော်ကို ရတနာတွေ မပျောက်မပျက်

www.burmeseclassic.com

ဗိုလ်နိုင်ခဲ့တာပေါ့၊ ဒီအချက်နဲ့ပဲ လိမ်ကွန့်နဲ့အတူတို့ ပြဿနာရှင်းရလိမ့်မယ်'

ခဏမျှ သူတို့နှစ်ဦးစလုံး စကားပြတ်သွားကြပြီးမှ ဝမ်ရှောက ဆက်ပြောသည်။

'ဦးလေးကျန်းဟန့်လဲ ဒီကိုရောက်မလာတာ သုံးလလောက်ရှိသွားပြီဟာ၊ ဘယ်ကိုများ ခရီးလွန်နေသလဲမသိဘူး'

'သူ့မှာ အရေးတကြီးဆောင်ရွက်စရာကိစ္စတွေရှိနေလို့ဖြစ်မှာပေါ့၊ လူလေးတို့ရဲ့ သွေးစက်ဝိုင်း ဂိုဏ်းကြီးကို ပြန်ပြီး တည်ထောင်ဖို့ သူက ကြိုးစားနေရတာ မဟုတ်လား၊ သိုင်းဂိုဏ်းကြီးတစ်ဂိုဏ်းကိုထူထောင်တယ်ဆိုတာ ငွေအင်အား လူအင်အားပါလိုတယ်၊ ဘာတို့မှာ ငွေအင်အားက နည်းနေသေးတော့ အခက်အခဲတွေရှိတာပေါ့'

ထိုစဉ် အိမ်ရှေ့ဘက်မှ ဧည့်ခန်းဆောင်တွင်းသို့ ထောင်စမ်း ဝင်လာသည်။

သူက သိုင်းဆရာကြီးလုံဖေးကို အရိုအသေပေး၍ ပြောသည်။

'ကျွန်တော့်ရဲ့အသက်ကိုကယ်ခဲ့တဲ့ ချာတိတ်လေး ရောက်လာပါတယ် ဆရာကြီး'

'ဟေ...ဘယ်ကချာတိတ်လေးလဲ'



သိုင်းဆရာကြီးလုံဖေးက ရုတ်တရက် အမှတ်မရသဖြင့် ပြန်မေးလိုက်သောအခါ ထောင်စမ်းက ပြန်ရှင်းပြသည်။

'လူဆိုးတွေလက်က ကျွန်တော်ကိုယ်လွတ်ရုန်း ပြေးတုန်းက တောထဲမှာတွေ့ခဲ့တဲ့ ချာတိတ်လေးလေ ဆရာကြီး၊ ဒီချာတိတ်လေးက လမ်းလွဲလိုက်လို့သာ ကျွန်တော့်ကို ဟိုကောင်တွေ မမိတာပေါ့၊ ဒင်းတို့လက်ထဲ အာမခံရတနာတွေ ပါမသွားတာပေါ့'

ယခုမှ သိုင်းဆရာကြီး လုံဖေးလည်း အမှတ်ရသွားလေသည်။

'သတိရပြီထောင်စမ်း၊ သတိရပြီ၊ ဒီကောင်လေးရဲ့ကျေးဇူးတို့အပေါ်မှာရှိပါတယ်၊ ဒီကောင်လေးက မင်းဒီမှာရှိနေတယ်ဆိုတာသိလို့ ရောက်လာတာလား'

'မဟုတ်ပါဘူး၊ သူက ဆရာကြီးနဲ့ ဝမ်ရှောင်တို့ကိုတွေ့ဖို့ သတ်သတ်ရောက်လာတာတဲ့၊ ကျွန်တော့်ကို ဒီမှာတွေ့ရလို့တောင် အံ့ဩသွားတယ်'

'ဟေ...ငါနဲ့ဝမ်ရှောင်ကိုတွေ့ဖို့ ရောက်လာတာ ဟုတ်လား၊ ဘယ်လိုအကြောင်းများ ရှိနေလို့ပါလိမ့်၊ နေပါစေ ဘာပဲဖြစ်ဖြစ် ငါကလဲ သူ့ကိုတွေ့ချင်ပါတယ်၊ အဲဒီ ကောင်လေး ဘယ်မှာလဲ၊ ခေါ်လာခဲ့လေကွာ'

www.burmeseclassic.com



'အိမ်ရှေ့မှာစောင့်နေပါတယ်၊ ဆရာကြီးဆီက ခွင့်မြွက်ချက်ကို ကျွန်တော်လာယူတာပါ၊ ကျွန်တော်သွားပြီး ခေါ်လိုက်ပါ့မယ်'

ထောင်စမ်း ပြန်ထွက်သွားသည်။

ထောင်စမ်းပြန်ဝင်လာသောအခါ သူနှင့်အတူ ဝမ်ချွန်အလေးလည်း ပါလာလေသည်။

သေချာစကားပြောသည်မို့ ဝမ်ရှောင်သည် ဝမ်ချွန်ကို သူ၏ညီမှန်းမသိသေးသော်လည်း မြင်မြင်ချင်း ချစ်ခင်သွားမိလေသည်။

လုံဖေးက ခုံတစ်လုံးကိုညွှန်ပြပြီး ဝမ်ချွန်ကို ဖော်ဖော်ရွှေရွှေဖင် ပြောလိုက်၏။

'ထိုင်ကွယ် ကလေး'

ဝမ်ချွန်သည် ခုံပေါ်တွင် အသာအယာထိုင်ရင်း ဆရာကြီးလုံဖေးနှင့်ဝမ်ရှောင်တို့ကို အကဲခတ်ကြည့်သည်။

ဝမ်ချွန်နှင့်ဝမ်ရှောင်တို့ အကြည့်ချင်း အတန်ကြာအောင်ဆုံမိကြ၏။

ဝမ်ချွန်ကမူ ဝမ်ရှောင်ကို သူ့အစ်ကိုဖြစ်လိမ့်မည်ဟု တွေးမိအဖြင့် စမ်းသခရှင်လှန်းနေသည်။

'တခမ္ဘမသိရသောဝမ်ရှောင်၏ စိတ်တွေလှုပ်ရှားနေမိလေသည်။



'ကောင်လေးရေ မင်းတွေ့ချင်တဲ့ ဆရာကြီးလုံဖေးနဲ့ ဝမ်ရှောင်ဟာ သူတို့ပဲကွ'

ထောင်စမ်းက မိတ်ဆက်ပေးလိုက်သောအခါ ဝမ်ချွန်သည် ဝမ်ရှောင်ကို သူ့အစ်ကိုဖြစ်ကြောင်း သိသွား၏။

သူသည် စိတ်ကို ထိန်းမထားနိုင်တော့ဘဲ ဝမ်ရှောင်အနီးသို့ ရောက်လာကာ လက်နှစ်ဖက်ကိုဆုပ်ကိုင်၍ ပြောလိုက်၏။

'အစ်ကိုကြီးဝမ်ရှောင်၊ ကျွန်တော်ဟာ အစ်ကိုကြီးရဲ့ညီ ဝမ်ချွန်ပါ'

'ဟာင်....'

'ဟေ....'

ကြားရသူအားလုံးပင် အံ့ဩသွားကြ၏။

ရုတ်တရက်မို့ ယုံရခက်မယုံရခက်လည်း ဖြစ်နေကြ၏။

ဝမ်ရှောင်မှာ အံ့ဩနေပြီး ချက်ချင်းပင် စကားပြန်မပြောနိုင်အောင် ဖြစ်နေသည်။

'မင်း ဝမ်ချွန်ဖြစ်ကြောင်း ဘာသက်သေပြနိုင်သလဲ'

သူက ရှင်လန်းတက်ကြွစွာ ပြန်ပြော၏။

'အစ်ကိုကြီးဝမ်ရှောင်မှာ ဆေးမင်ကြောင်ထိုးထားတာရှိသလို ကျွန်တော့်မှာလဲ ဆေးမင်ကြောင်ထိုးထားတာ ရှိပါတယ် အစ်ကိုကြီး၊ ဦးကျန်းဟန်ကလည်း စာရေးပေးလိုက်ပါ

www.burmeseclassic.com



တယ်၊ ဒီကို ချောချောမောမောရောက်လာအောင် ဦးဦးကျန်းဟန်က လမ်းညွှန်လိုက်တာပါ'

ဝမ်ချန်သည် ဇောင်စမ်းရှိနေသဖြင့် ဆေးမင်ကြောင် ထိုးထားသည့်အချက်ကို ထိန်းထိန်းသိမ်းသိမ်း ပြောလိုက်ခြင်းဖြစ်၏။

'ဟင်...မင်းနဲ့ကျန်းဟန် တွေ့ခဲ့ကြပြီလား'

'နှစ်ခါတွေ့ပါတယ် ဘဘကြီး၊ ဦးကျန်းဟန်ပြောပြလို့ အစ်ကိုဝမ်ရှောင်မှာ ကျန်တော် လိုပဲ ဆေးမင်ကြောင် ထိုးထားတာကို သိရတာပါ'

'ဖြစ်မ်း...ဖြစ်မ်း၊ မင်းကျောကို ပြစမ်း'

ဆရာကြီးလုံဖေးသည် လူရင်းလူယုံတစ်ယောက်ဖြစ်သော ဇောင်စမ်းကို ဤဆေးမင်ကြောင်အကြောင်း ဖွင့်ပြောပြီးပြီမို့ ဝမ်ချန်၏အင်္ကျီနောက်ကျောကို လှန်ကြည့်လိုက်၏။

ကျောမှ ဆေးမင်ကြောင်နှင့်ထိုးထားသောမြေပုံ၏ သက်သေခံနေသဖြင့် သံသယကင်းစွာဖြင့် ယုံကြည်သွားကြ၏။

'ညီလေးဝမ်ချန်...ညီလေး'

ထိုအခါမှ ဝမ်ရှောင်လည်း ဝမ်းသာအားရ ပြန်ခေါ်ရင်း ဝမ်ချန်ကို ဖက်လိုက်သည်။

'အစ်ကိုကြီး'

ဝမ်ချန်ကလည်း ဝမ်ရှောင်ကို ပြန်ဖက်သည်။



ညီအစ်ကိုနှစ်ယောက်ကိုကြည့်ပြီး ဆရာကြီးလုံဖေး ဝမ်းသာဝမ်းနည်း ဖြစ်နေ၏။

ဝမ်းသာရခြင်းမှာ ဝမ်ရှောင်တို့ညီအစ်ကိုပြန်တွေ့ကြသောကြောင့်ဖြစ်ပြီး ဝမ်းနည်းရခြင်းမှာ ညီအစ်ကိုကဲ့သို့ ချစ်ခင်သော သူ၏မိတ်ဆွေသွေးစက်ဝိုင်းဂိုဏ်းချုပ်ကြီးဝမ်ခကို သတိရ တမ်းတမိသောကြောင့်ဖြစ်၏။

ညီအစ်ကိုနှစ်ယောက် လူချင်းပြန်ခွာလိုက်တော့မှ ဆရာကြီးလုံဖေးလည်း ညီအစ်ကိုနှစ်ယောက်၏ လက်တစ်ဖက်စီကို ဆွဲကိုင်ကာ ပြောလိုက်၏။

'အေးအေးဆေးဆေး စကားပြောကြရအောင် လူလေးတို့ နှစ်ယောက်စလုံး ထိုင်ကြပါဦးကွယ်'

ထိုအခါမှ ဝမ်ရှောင်နှင့်ဝမ်ချန်တို့လည်း လူချင်း ယှဉ်ထိုင်လိုက်ကြ၏။

ဆရာကြီးလုံဖေးက စကားဝိုင်းကို စလိုက်၏။

'လူလေးဝမ်ချန်ရဲ့သတင်းကို လုံးလုံးမကြားရတော့ ဘဘတို့က သေပြီလို့တောင် ထင်နေမိကြတာကွယ်၊ အခုရက်ပိုင်းအတွင်းမှာမှ လူလေးနဲ့နတ်မိမယ်မိုရှမ်းတို့ မုံမုံ ကုလျှိမြို့မှာ ရှိနေတယ်ဆိုတဲ့သတင်းကို ကြားရတယ်၊ ဒါပေမဲ့ ဒီသတင်းကို ဘဘအခုနန့် ဆီပိမယ်လို့ ဝမ်ရှောင်ကိုတောင် မပြောမိသေးဘူး၊ ရန်သူ့ဇာ ထောင်ချောက်ဆင်ထားတဲ့သတင်းလွှင့်

www.burmeseclassic.com



အမျိုး ဖြစ်နိုင်တယ်မဟုတ်လား၊ လူလေးတို့ ဘာကြောင့် မုံမုံကုလျှိုမြောင်မှာ ရှိနေကြသလဲ'

ဆမ်ချန်က ကျိုးနွံစွာ ပြန်ပြော၏။

'ဟုတ်ကဲ့အဘ၊ ကိုးနှစ်ကျော်လုံးလုံး ကျွန်တော်တို့ အဲဒီလျှိုမြောင်မှာ နေခဲ့ကြပါတယ်'

'ဒါနဲ့မျှားလူလေးရယ်၊ အခုမှပဲ ဒီကို ရောက်လာရသလား၊ အရင်က တည်းက လူလေးရဲ့အစ်ကိုဆီကို ဘာဖြစ်လို့ မရောက်လာရတာလဲ'

'ကျွန်တော့် အစ်ကိုဇာတ်မြစ်မှန်ကို မသိရလို့ပါ အဘကြီး၊ ကျွန်တော့်ရဲ့မေးစားမေမေက ကျွန်တော့်ကို သားအရင်း လိုမဟုတ်ဘဲ ချစ်ပါတယ်၊ မေမေဟာ မျက်မမြင်ဒုက္ခိတ ဘဝကို ရောက်နေတော့ ကျွန်တော့်ရဲ့ဇာတ်မြစ်မှန်ကို သိရင် လူ့ကိုကျွန်တော် ပစ်ပြေးသွားမှာစိုးပြီး ကျွန်တော့် ဇာတ်မြစ် ကို ပြောမပြခဲ့ပါဘူး....

ပြီးတော့ ကျွန်တော့် အစမှန်ကိုသိရင် တိုက်ခိုက်သတ် ဖြတ်တဲ့အလုပ်မျိုးတွေကို လုပ်မိမှာစိုးလို့ ဖွင့်မပြောတာလဲ ပါပါတယ်၊ မုံမုံကုလျှိုမြောင်ကို ဦးဦးကျွန်းဟန် ရောက်လာ ပြီးတော့မှ မေမေဟာ ကျွန်တော့်ရဲ့ဇာတ်မြစ်ကို ပြောပြတာ ပါ၊ ကျွန်တော်သိရတာ ရက်ပိုင်းလောက်ပဲ ရှိပါသေးတယ်၊ အခုဆိုရင် မုံမုံကုလျှိုမြောင်ဟာ ကျွန်တော်တို့ အတွက် အန္တရာယ်နယ်မြေဖြစ်လာလို့ ကျွန်တော်လဲ ဒီကိုလာခဲ့ရတာ ပါ'



'မုံမုံကုလျှိုမြောင်မှာ ညီလေးတို့ ဘယ်လို နေထိုင်ခဲ့ရ တယ်ဆိုတာ ပြောပြပါဦး'

ဂမ်ရှောင်ကလည်း ဝင်မေးလာသဖြင့် ဆမ်ချန်ကလည်း မုံမုံကုလျှိုမြောင်တွင် နေထိုင်ခဲ့ပြီး ကြီး ပြင်း လာ ခဲ့ ရပုံ အကြောင်းတို့ ပြောပြလိုက်လေသည်။

'အခုနောက်ပိုင်းမှာတော့ မုံမုံကုလျှိုမြောင်မှာ ကျွန် တော်တို့ရှိနေတဲ့သတင်းကို သိုင်းလောကသား အတော်များ များက သိသွားကြပါတယ် အဘကြီး၊ အားလုံးက ကျွန် တော့်ဆီမှာ ဝှာစန်းမြေပုံ အပြည့်အစုံရှိနေမယ်လို့ ထင်ကြ တယ်လေ....

ဒါကြောင့် သိုင်းသမားတွေတစ်သုတ်ပြီးတစ်သုတ် ကျွန် တော်တို့ဆီကိုရောက်လာပြီး ရန်မူတိုက်ခိုက်ကြပါတယ်၊ ကျွန် တော်တို့ကံကောင်းလွန်းလို့ ခုထိအသက်ရှင် နေကြရတာပါ'

'လူလေးတို့ ဘယ်သူတွေနဲ့ ရင်ဆိုင်ခဲ့ကြရတယ်ဆိုတာပြော ပြပါဦး'

ဆမ်ချန်က မိမိတို့ထံ ဦးစွာ သံမဏိကျားပွတ်ရှပ် လိမ်ကွန် ရောက်လာခဲ့ကြောင်း၊ နောက် ရှောင်လင်ဂိုဏ်းတော်ကြီးမှ ဆရာတော်ကြီးများ ရောက်လာကြောင်း၊ ကျွန်းဟန်ရောက် လာသဖြင့် ပြဿနာမပေါ်ခဲ့ကြောင်း၊ ထို့ကြောင့်မျက်ခုံးဖြူ ဘိုးဘိုးလျှုကျုဦးဆောင်သောဖုစရိုက်သိုင်းသမားများရောက် လာပြီးတိုက်ခိုက်သဖြင့် မိမိတို့ သားအမိကလည်း ပြန်လည်

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်ရာ မျက်ခုံးမွှေးဘိုးလျှကျှနှင့်နောက်လိုက်အတော်များများ အေဆုံးကုန်ကြပြီး ကျန်လူများမှာ ထွက်ပြေးသွားကြကြောင်း ပြောပြလိုက်၏။

ထိုအခါ သိုင်းဆရာကြီးလုံဖေးက စိတ်လှုပ်ရှားစွာဖြင့် မြှတ်မေးသည်။

'လျှကျှနဲ့သူ့လူတွေကို လူလေးတို့ ရှာမကြည့်ကြဘူးလား'

'ကျွန်တော်ကိုယ်တိုင် မြေမြှုပ်မပစ်ခင် ရှာကြည့်ပါတယ် ဘာဘကြီး'

'လျှကျှဆီမှာ ဝှာစန်းမြေပုံ တစ်ခြမ်းကို မတွေ့ရဘူးလား'

'မြေပုံနဲ့တူတာဆိုလို့ တစ်ခုမှမတွေ့ရပါဘူး အာဘကြီး၊ စာရွက်စာတမ်းအချို့နဲ့ ငွေငွေရတနာ နည်းနည်းပါးပါးကိုတော့ တွေ့ရပါတယ်၊ ကျွန်တော်ကတော့ စာမဖတ်တတ် မေမေလဲ မျက်စိမမြင်တော့ ဘာစာတွေမှန်းတော့ မသိပါဘူး၊ အဲဒီစာရွက်စာတမ်းတွေကိုတော့ ကျွန်တော် သေသေချာချာ သိမ်းထားပါတယ်'

သိုင်းဆရာကြီးလုံဖေးလည်း မျက်မှောင်ကြုတ်၍စဉ်းစားလိုက်ပြီးမှ ခေါင်းတဆတ်ဆတ်ညိတ်၍ ဝမ်ရှောင်ကို ပြောလိုက်လေသည်။

'လူကလေးဝမ်ရှောင် ဒီအတိုင်းသာဆိုရင်တော့ ဝှာစန်းမြေပုံတစ်ခြမ်းဟာ လိမ်ကွန်ဆီမှာရှိနေတာ သေချာပြီ၊ ဘာဘတို့တစ်တွေ လိမ်ကွန်ကိုတွေ့အောင် ရှာကြဖို့ပဲလိုတယ်'



ဝမ်ချန်က ဝင်ပြောသည်။

'လူယုတ်မာကြီးလိမ်ကွန်ဟာ ကျွန်တော်တို့ရဲ့ မုံမုံကုလျှိုမြောင်ကိုရောက်လာလိမ့်မယ် ဘာဘကြီး'

'ဟင်...ဟုတ်လား၊ လူလေး ဘယ်ကိုသိသလဲ'

'ဦးဦးကျွန်းဟန်ပြောပြလို့ သိရတာပါ၊ ဪ...ဦးဦးကျွန်းဟန်ရဲ့စာပေးဖို့တောင် မေ့နေတယ်'

ဝမ်ချန်လည်း ပြောပြောဆိုဆိုပင် ကျွန်းဟန်ရေးပေးလိုက်သော စာကိုထုတ်၍ ဆရာကြီးလုံဖေးအား ဘာရိုတသေပေးလိုက်၏။

ဆရာကြီးလုံဖေးက ကျွန်းဟန်၏စာကိုဖတ်သည်။

စာထဲတွင် ယခုစာယူငင်လာသူမှာ ဝမ်ချန် ဖြစ်ကြောင်း၊ မုံမုံကုလျှိုမြောင်သို့လိမ်ကွန်ရောက်လာလိမ့်မည်ဖြစ်ကြောင်း၊ မိမိကမူ မိုရှမ်းကိုအကာအကွယ်ပေးရန် နေခဲ့ခြင်းဖြစ်ပြီး ဝမ်ချန်ကိုသာလွှတ်လိုက်ရကြောင်း၊ ဆရာကြီးလုံဖေးနှင့် ဝမ်ရှောင်တို့လည်း အင်အားစုစည်း၍ မုံမုံကု လျှိုမြောင်သို့ လာကြစေချင်ကြောင်း ပါရှိလေသည်။

စာကိုဖတ်ပြီး၍ စဉ်းစားနေသော ဆရာကြီးလုံဖေးကို ဝမ်ချန်ကပြောလိုက်သည်။

'လူယုတ်မာလိမ်ကွန်က သိုင်းပညာအတော်ကြီး တော်မြက်ပြီး အင်အားတောင့်တင်းတယ်လို့ ဦးဦးကျွန်းဟန် ပြောပြလို့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သိရပါတယ် ဘဘကြီး၊ မေမေ့အနေနဲ့ လိမ်ကွန်ကို ဘယ်လိုမှယုံနိုင်မှာမဟုတ်ပါဘူး၊ ဘဘကြီးနဲ့ အစ်ကိုကြီးတို့ တစ်တွေ မေမေ့ကို အကူအညီ ပေးကြပါလို့ ကျွန်တော် တောင်းပန်ပါတယ်'

ဆရာကြီးလုံဖေးက ဝမ်ချန်ကိုစေ့စေ့ကြည့်၍ မေးလေသည်။

'လူကလေးရဲ့မွေးစားမိခင်မိုရှမ်းဟာတစ်ချိန်ကတော့ ရက်စက်ကြမ်းကြုတ်တဲ့ အဆိပ်တစ်ရာဂိုဏ်းချုပ်ကြီး တစ်ယောက်ပဲ၊ ပြီးတော့ မိုရှမ်းနဲ့လိမ်ကွန်ကလဲ အရင်ကတည်းက အဆက်အသွယ်ရှိခဲ့ကြတဲ့သူတွေ၊ လိမ်ကွန်ဆီမှာ ဂှာစန်းရတနာသိုက် မြေပုံတစ်ခြမ်းရှိနေတယ်....

'လူလေးတို့ညီအစ်ကိုမှာ ရတနာသိုက် မြေပုံတစ်ခြမ်းရှိနေတယ်၊ ဒါကြောင့် မိုရှမ်းနဲ့လိမ်ကွန်တို့ပူးပေါင်းပြီး လူကလေးတို့ညီအစ်ကိုနှစ်ယောက်စလုံးကို သူတို့ထောင်ချောက်ထဲ ဝင်လာအောင် ကြံစည်တာများဖြစ်နေမလားလို့ ဘဘစဉ်းစားမိတယ်'

'မေမေဟာ အရင်က အဆိပ်တစ်ရာဂိုဏ်းချုပ်ဖြစ်ခဲ့ပူးပေမယ့် ကျွန်တော်နဲ့အတူနေလာတဲ့ တစ်လျှောက်မှာ မေမေရဲ့စိတ်ဓာတ်တွေ ပြောင်းလဲသွားပါပြီ ဘဘကြီး၊ မေမေ့မှာ ချမ်းသာကြီးပွားလိုစိတ်မရှိပါဘူး၊ ဒီအကြောင်းကို ဦးဦးကျန်းဟန်ကသိလို့ မေမေ့ကိုကူညီဖို့ နေခဲ့တာပါ'



ဝမ်ချန်က သူတို့သားအမိနှင့် ခုတိုဂိုဏ်းဝင်များ တိုက်ပွဲဖြစ်ပွားစဉ်က မိုဖန်းဦးဆောင်သော အဆိပ်တစ်ရာဂိုဏ်းဝင်များ ရောက်လာပုံနှင့် မိုရှမ်းနှင့်မိုဖန်းတို့ အပြန်အလှန် ပြောဆိုကြသော စကားအချက်အလက်များကိုလည်း ပြောပြလိုက်၏။

မိခင်ဖြစ်သူ၏ စိတ်ရင်းစိတ်ဓာတ်နှင့် ခံယူချက်အမှန်ကို ဆရာကြီးလုံဖေးနှင့် အစ်ကိုကြီးဝမ်ရှောင်တို့သိစေရန် ပြောပြခြင်း ဖြစ်လေသည်။

ဝမ်ချန်က သူ့ကိုဒုစရိုက်အမင်းတစ်ယောက် မဖြစ်အောင် အမြဲတမ်းဆုံးမတတ်ကြောင်းလည်း ပြောပြသောအခါ သိုင်းဆရာကြီးလုံဖေးလည်း မိုရှမ်းအပေါ် ယုံကြည်သွားလေသည်။

'အေးကွယ် မိုရှမ်းမှာ ဒီစိတ်ဓာတ်မျိုးရှိတယ်ဆိုလို့ သိရတဲ့အတွက်ဝမ်းသာပါတယ်၊ မိုရှမ်းဟာ အဆင့်မြင့်ဆိုင်းပညာရှင်တစ်ယောက်မို့ လူကောင်းတစ်ယောက်ဖြစ်လာတာ လက်ခံကြိုဆိုရမှာပေါ့၊ ကဲကွယ်ဒီလိုဆိုလဲ မနက်ဖြန်ဘဲ ဘဘတို့တစ်တွေ မုမု ကုလျှံမြောင်ကိုသွားကြတာပေါ့၊ လိမ်ကွန်ကို အုပ်မိအောင် သွားကြမယ်'

သိုင်းဆရာကြီး လုံဖေး၏ စကားကြောင့် ဝမ်ချန်လည်း အားတက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ချတ်ချင်းစင် ဆရာလုံဖေးလည်း သူ၏ညာလက်ရှိ လူယို တော် ထောင်စမ်းကို အမိန့်ပေးလိုက်သည်။

'ထောင်စမ်း မနက်ဖြန်ခရီးထွက်ဖို့ အခုပဲ မင်းသွားပြီး စီစဉ်လိုက်ပေတော့၊ လက်ရွေးစင်သိုင်းသမား နှစ်ဆယ် ပါပေ စေ ကျန်းထိုကိုလဲခေါ်မယ်'

'ကောင်းပါပြီ ဆရာကြီး'

ထောင်စမ်း ပေါ့ပါး သွက်လက်စွာ ညှို့ခန်းဆောင်ထဲမှ ထွက်သွားသည်။

ဝမ်ရွှေခင်က ဝမ်ချန့်လက်တစ်ဘက်ကိုဆွဲကိုင်၍ ပြောလိုက် သည်။

'ညီလေးလဲ ကိစ္စဝိစ္စတွေပြီးသွားရင် အစ်ကိုကြီးနဲ့ပဲလာနေ တော့ပေါ့၊ သွေးစက်ဝိုင်းဂိုဏ်းကို ပြန်ပြီးတည်ထောင်ရမယ့် အရေးလဲရှိသေးတာယ်မဟုတ်လား'

'ကျွန်တော် အစ်ကိုကြီးနဲ့အတူနေချင်ပါတယ်၊ ဒါပေမယ့် ကျွန်တော့် မေမေ မျက်မမြင်ဒုက္ခိတကြီးကိုတစ်ယောက်တည်း ထားခဲ့ရမှာဆိုတော့ ကျွန်တော်စိတ်မချဘူး အစ်ကိုကြီးရယ်'

ဝမ်ရွှေခင်က ဆရာကြီး လုံဖေး၏မျက်နှာကို လှမ်းကြည့် သည်။

ဆရာကြီးလုံဖေးကလည်းဝမ်ရွှေခင်၏အကြည့်ကိုနားလည် သည်။

ဆရာကြီး လုံဖေးက ဝမ်ချန်ကို ပြောလိုက်သည်။



'မိုရှမ်းကိုလဲ လူလေးတို့နဲ့ပဲခေါ်ထားပေါ့ကွယ်၊ မိုရှမ်းက လူကောင်းတစ်ယောက် ဖြစ်နေပြီပဲ၊ အဘတို့လို အဖြူရောင် သိုင်းသမားတွေက ကြိုဆိုလက်ခံကြရမှာပေါ့'

ဆရာကြီး လုံဖေးစကားကြောင့် ဝမ်ချန်လည်းပို၍ဝမ်းသာ သွားလေသည်။

=+=

www.burmeseclassic.com

## အခန်း ( ၁၄ )

## နောက်ဆုံးတိုက်ပွဲ

မုံမုံကု လျှိုမြောင်ကသာသာယာနေသည်။

တောလမ်းကလေးတွင် ကျန်းဟန်နှင့် မျက်မမြင် မိုရှမ်းတို့ သွဉ်တွဲ၍လျှောက်လာကြသည်။ မျက်မမြင် မိုရှမ်း၏တောင်ဝှေးဖြင့် စမ်း၍လျှောက်လေသည်။

ကျန်းဟန်က မိုရှမ်းဘေးမှလျှောက်ရင်း ‘သူမ၏မျက်နှာအလေးကို တစိမ့်စိမ့်ကြည့်လာသည်။

သူ့စိတ်ထဲတွင် သူမ၏မျက်နှာကို ကြည့်မဝအောင်ဖြစ်နေသည်။

ကျန်းဟန်သည် မိုရှမ်းနှင့်အတူနေခဲ့ရသည့်ရက်ပိုင်းအတွင်း သူမအပေါ် သံယောဇဉ် ရစ်ပတ်မိလေပြီ။



မိုရှမ်း၏စိတ်နေစိတ်ထား ခံယူချက်ကို ပိုမိုသိရသဖြင့်လည်း လေးစားမြတ်နိုးရလေပြီ။

ဖရှုဏာစိတ် ဖြစ်ပေါ်မိရာမှ ချစ်မေတ္တာပို့ခဲ့ရလေပြီ၊

သူသည် မျက်မမြင် မိုရှမ်းအပေါ် လိုအပ်သလို ပြုစုစောင့်ရှောက်ခဲ့သည်။

ထမင်းဟင်း ချက်ပြုတ်ကာ ဂရုစိုက်ကျွေးသည်။

လိုအပ်မည့်ကိစ္စကို ဂရုတစိုက် ဆောင်ရွက်ပေးလေသည်။ မိုရှမ်း စိတ်သက်သာရာ ရစေမည့်စကားကိုလည်း ပြောဆိုအားပေးခဲ့သည်။

မျက်မမြင် မိုရှမ်းအနေနှင့်လည်း ကျန်းဟန် ပြုစုစောင့်ရှောက်မှုအပေါ် ကြည်နူးနှစ်သိမ့်ခြင်း ဖြစ်ခဲ့ရတော့လေသည်။

သူမသည် မျက်မမြင်ဘဝကိုရောက်ပြီးမှ ဝမ်းချွန်ကလေးကိုသာ ပြုစုစောင့်ရှောက်၍ ကြီးပြင်းအောင် မွေးခဲ့ရသူ ဖြစ်သည်။

သူမကပြန်လည်ပြုစုစောင့်ရှောက်ခြင်းကို မခံခဲ့ရသေးချေ။

ယခုမှ ပထမဦးစွာ ကျန်းဟန်၏ပြုစုစောင့်ရှောက်မှုကို ခံရ၍ ကြည်နူးခြင်းဖြစ်ရလေ၏။ ပြီးတော့ သူမသည် ယခင်က ကျန်းဟန်၏ ကောင်းသတင်းကိုသာ ကြားဖူးပြီး ကိုယ်တိုင်မကြုံဘူးခဲ့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ယခု ကိုယ်တိုင်ကြုံတွေ့ရသောအခါ ကျန်းဟန်ကို ပို၍လေးစား အထင်ကြီးလာမိသည်။

ကျန်းဟန်သည် သူမကို မျက်မမြင်တစ်ယောက်ဆိုပြီး ထိပါး ရိကပါးမလုပ်ခဲ့ချေ။

စေတနာအပြည့်ဖြင့် ပြုစု ဆောင်ရွက် ပေးခဲ့ခြင်းဖြစ်ကြောင်းလည်း သူမနားလည်သည်။ သူမအနီးတွင် ကျန်းဟန်တစ်ယောက်ရှိနေသည်မှာ သူမအတွက် လုံခြုံစိတ်ချရသကဲ့သို့ခံစားရသည်။ ကျန်းဟန်ကိုအားကိုး အားထား ပြုလိုစိတ်မျိုးပင် ပေါ်လာသည်။

ကျန်းဟန်လိုလူမျိုးသာ သူမ၏ဘဝအဖော်မွန် ဖြစ်ပါက သူမ၏ဘဝသည် သာယာစိုပြည်ခြင်းဖြစ်လိမ့်မည်ဟုပင် အခါခါ တွေးမိသည်။

သို့သော် သူမသည် မျက်မမြင် ဒုက္ခိတ တစ်ယောက်မို့ ကျန်းဟန်နှင့် နီးစပ်နိုင်မည်မဟုတ်ကြောင်း စဉ်းစားမိသောအခါ အားငယ်ရပြန်သည်။

သူမသည် ကျန်းဟန်နှင့် နေခဲ့သည့်ရက်ပိုင်းအတွင်း စိတ်ချမ်းမြေ့မှုကို အပြည့်အဝ ရရှိခဲ့သည်။ ပူပင်သောကများ အတော်ကြီး ကင်းရှင်းခဲ့ရသည်။

ယခုလည်း ကျန်းဟန်နှင့်ယှဉ်တွဲလျှောက်ရသည်ကိုပင် သူမ စိတ်ထဲတွင် ကြည်နူးနေသည်။



သူမအနီးတွင် ကျန်းဟန် ရှိနေသည့်အတွက် အားတက်လန်းဆန်းနေသည်။

နှစ်ယောက်သား စကားမပြောဖြစ်ဘဲ လျှောက်လာကြခြင်းဖြစ်၏။

ကျန်းဟန်က ရှေ့ကိုပင်မကြည့်ဘဲ မို့ရှမ်း၏မျက်နှာကလေးကိုသာ တစိမ့်စိမ့်ကြည့်လာသည်။ သူသည် မို့ရှမ်းကိုချစ်စကားဖွင့်ဟချင်သော်လည်း ပြောရမှာမဝံ့မရဲဖြစ်နေသည်။ စကားစကို ရှာမရဘဲ ဖြစ်နေသည်။

ကြည်နူးချမ်းမြေ့စိတ်ဖြင့် လျှောက်လာသော မျက်မမြင်မို့ရှမ်း ကျောက်စွန်းကလေးတစ်ခုကို ခလုတ်တိုက်မိသည်။

'အိုး'

မို့ရှမ်း လဲကျမသွားသော်လည်း ခန္ဓာကိုယ်ကလေးက အနည်းငယ်ယိမ်းထိုးသွားသည်။

ကျန်းဟန်က စိုးရိမ်စိတ်ဖြင့် ပွေ့ဖက်၍ ထိန်းလိုက်သည်။

'အို'

မျက်မမြင်မို့ရှမ်း အနေခက်သွားပြီး ထပ်၍ အော်မိပြန်သည်။

ကျန်းဟန်ကလည်း ဖက်မြဲဖက်ထားပြီး မလွှတ်မိတော့ချေ။

ရုတ်တရက်လည်း သူ့ဆန္ဒကပွင့်ထွက်သွားမိသည်။

'မို့ရှမ်းကို အစ်ကိုလက်ထပ်ပါရစေ'

www.burmeseclassic.com

www.burmeseclassic.com



'အို'

မျက်မမြင်မိုရှမ်း တတိယအကြိမ် အိုသွားရပြန်သည်။ ကျွန်းဟန် စကားအရှိန်ရသွားသဖြင့် ဆက်ပြောသည်။

'ဟုတ်တယ်၊ မိုရှမ်းကို အစ်ကိုချစ်တယ်၊ လက်ထပ်ချင်တယ်၊ မိုရှမ်းကိုတစ်သက်လုံး ကြင်နာ ယုယသွားချင်တယ်၊ မိုရှမ်းကိုတစ်သက်လုံး စောင့်ရှောက်သွားပါရစေနော်'

မျက်မမြင်မိုရှမ်းရင်ထဲတွင် ဘာသိမ့်သိမ့်တုန်နေမိသည်။

ကျွန်းဟန့်စကားကိုကြားရသဖြင့် ကြည်နူးချမ်းမြေ့ခြင်း ဖြစ်နေမိသည်။

သူမဆန္ဒကလည်း နွေးထွေးသော ကျွန်းဟန်၏ရင်ခွင်တွင် ဆာ ခိုဝင်နေချင်သဖြင့် မရှုန်းထွက်မိပါချေ။

'ကိုယ်တို့နှစ်ယောက် လက်ထပ်ကြရအောင်လား၊ မိုရှမ်း ရယ် ပြောပါဦးလား'

မိုရှမ်း ပြန်ပြောရမှာတော့ မဝံ့ရဲပါချေ။

သူမရင်ထဲမှာတော့ ခေါင်းညိတ်နေမိသည်။

ထိုစဉ် သူတို့ရှေ့နားသို့ လူတစ်ယောက် လှစ်ခနဲရောက်လာသည်။

မိုရှမ်းဆီအရင်ရောက်နေသော ကျွန်းဟန်ကတော့ ချက်ချင်းမသိချေ။



မျက်မမြင်မိုရှမ်းတမူ မြေးလာသောခြေသံကိုကြားလိုက်ရသဖြင့် မေးလိုက်၏။

'ဘယ်သူလဲ'

သူတို့နှစ်ဦးအနီးကို ရောက်လာသူမှာ သံမဏိကျာပွတ်ရှင် လိမ်ကွန့်ပင်ဖြစ်လေသည်။

လိမ်ကွန့်၏လက်ထဲတွင် သူ၏ သံမဏိကျာပွတ်ကို အသင့်ကိုင်ထားသည်။

သူ၏မျက်နှာတင်းမာနေသည်။

လိမ်ကွန့် သူတို့အနီးရောက်လာမှ ကျွန်းဟန်လည်း မိုရှမ်းကို လွှတ်လိုက်မိသည်။

လိမ်ကွန့်ကိုမြင်လိုက်ရသဖြင့် စိုးရိမ်ခအင်းလှည်း ဖြစ်သွားသည်။

လိမ်ကွန့်နောက်သို့ ဝတ်စုံနက်ဝတ် လက်နက်ကိုင် သိုင်းသမားများ ထပ်၍ရောက်လာကြသည်။

လူအင်အားနှစ်ဆယ်ကျော်ခန့်ရှိသည်။

ထို့ကြောင့် ကျွန်းဟန် ပို၍စိုးရိမ်သွားမိသည်။

လိမ်ကွန့်တို့၏အင်အားကို သူတို့နှစ်ယောက်တည်းနှင့် ယှဉ်နိုင်လိမ့်မည်မဟုတ်ကြောင်းလည်း တွက်ဆမိသည်။ လိမ်ကွန့်က ကျွန်းဟန်နှင့်မိုရှမ်းတို့တို့ မဲပြုံး ပြုံး၍ကြည့်လိုက်ကာ ခနဲ့တဲ့တဲ့ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟင်း.... ဟင်း.... ဟင်း အကြည်စိုက်နေတဲ့အချိန်မှာ ငါ ရောက်လာတဲ့အတွက်တော့ အနှောက်အယှက်ဖြစ်သွားကြမှာပဲနော်၊ မင်းတို့နှစ်ယောက်က ဒီလိုအခြေအနေမျိုးထောင် ရောက်နေပြီကိုး'

အသံကိုကြားလိုက်သောအခါမှ မျက်မမြင် မိုရှမ်းလည်း လူယုတ်မာ လိမ်ကွန်မှန်းသိသွားသည်။ သူမသည် ညီမဖြစ်သူ မိုဖန်းထံမှလည်းကောင်း၊ ကျုန်းဟာန်ထံမှလည်းကောင်း လိမ်ကွန်၏ယုတ်မာရက်စက်ပုံများကို သိခဲ့ရပြီးဖြစ်၍ ခံပြင်းဒေါသ ဖြစ်လျက်ရှိနေသည်။

ယခု လိမ်ကွန်ရောက်လာပြီဖြစ်ကြောင်း သိရသောအခါ ပို၍ခံပြင်းသွားသည်။

တင်းမာမြတ်သားစွာဖြင့်လည်း ပြန်ပြောလိုက်၏။

'ကျွန်မတို့ ကိုယ်ရေး ကိုယ်တာကိစ္စကို ရှင်ဘာမှပြောစရာ မလိုဘူး'

'ကောင်းပါပြီလေ၊ ဒီလိုဆိုလဲ မပြောပါဘူး၊ ငါလုပ်ရင်း ကိစ္စကိုပဲ ပြောရတော့မှာပေါ့၊ မင်းဆီမှာရှိနေတဲ့ ဌာစန်း ရတနာသိုက်မြေပုံကို ငါလိုချင်တယ် မိုရှမ်း၊ မင်းအနေနဲ့ ဒီရတနာသိုက်မြေပုံကို ကြာရှည်ထိန်းသိမ်းထားနိုင်မှာမဟုတ် ဘူး၊ တော်ကြာ မသူတော်သူယုတ်မာတွေရဲ့လက်ထဲ ရောက် သွားရင် ခက်ကုန်လိမ့်မယ်'



'ဟင်း....ဟင်း....ဟင်း ရှင်လို မသူတော်လူယုတ်မာကိုပြော တာလား၊ ရှင်ဟာ ကြောင်သူတော်ယောင်ဆောင်နေတဲ့ မသူ တော် လူယုတ်မာဆိုတာ ကျွန်မသိပြီးပြီ၊ ရှင့်စံနက်ကြောင့် ကျွန်မမျက်လုံးလဲ ကန်းခဲ့ရပြီးပြီ၊ အခုလဲ ရှင်ဒုက္ခပေးဖို့ရောက် လာပြန်ပြီ၊ ရှင် ပြန်သွားရင်ကောင်းမယ်၊ ကျွန်မမှာ ဘာ ရတနာမြေပုံမှလဲမရှိဘူး'

ဆိမ်ကွန်၏အေးစက်သောအကြည့်က ကျုန်းဟာန်ထံ ရောက် သွားပြီး လက်ညှိုးဆတ်ခနဲထိုး၍ ပြောလိုက်သည်။

'မင်းက ငါမကောင်းကြောင်းတွေကိုပြောပြီး မိုရှမ်းကို စည်းရုံးလိုက်တာပေါ့ ဟုတ်လား'

ကျုန်းဟာန်ကလည်း တင်းမာ ပြတ်သားစွာပင် ပြန်ပြော သည်။

'အေး....မိတ်ဆွေဟာန်ဆေ့ခွင်တဲ့ ရန်သူဟာ ပိုပြီးကြောက် စရာကောင်းလို့ မိုရှမ်းသတိရှိအောင် ငါပြောတယ်၊ မိုရှမ်းဟာ ငါမပြောခင်ကတည်းက မင်းရဲ့ယုတ်မာပုံတွေကိုသိပြီးပြီ၊မင်း နဲ့ လျူကျုံနဲ့တစ်ကြိတ်တည်း တစ်ညာဏ်တည်းဆိုတာလဲ သိပြီး နေပြီ'

'သိပြီးရင်လဲ ငါဂရုမစိုက်ဘူးဟေ့၊ ငါကတော့ ဌာစန်း ရတနာသိုက်မြေပုံကို မရ ရအောင်နည်းနဲ့ ယူရမှာပဲ'

မိုရှမ်းက ဘုဆတ်ဆတ်ပင် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မမှာ ဘာရတနာသိုက်မြေပုံမှ မရှိဘူးလို့ ရှင့်ကို ပြောပြီးပြီပဲ'

လိမ်ကွန်လည်းလေသံပျော့မနေတော့ဘဲ မိုရှမ်းကိုတင်းမာစွာ ပြန်ပြောသည်။

'သေနတ်ဝိုင်းဂိုဏ်းချုပ်ကြီး ဝမ်ခဆီမှာ ဂုဏ်စန်း ရတနာသိုက်မြေပုံ တစ်ခြမ်းရှိနေတာကို ငါသိတယ် မိုရှမ်း၊ နောက် ဝမ်ခသေသွားတော့ ဝမ်ချန်နဲ့အတူပါလာတယ်၊ ဝမ်ချန်ဆီက တဆင့် ဒီမြေပုံတစ်ခြမ်းကို မင်းရထားတယ်၊ ဒီတော့ ငါ့ကို အေးအေးဆေးဆေးထုတ်ပေးစမ်းပါ၊ ဒီရတနာမြေပုံတစ်ခြမ်းကို ရဖို့အတွက်ဆိုရင် သတ်ရမှာကိုလည်း ငါဝန်မလေးဘူး'

'ကျွန်မမှာရှိလည်း ရှင်လိုဓားစက်ကိုယ်ကောင်းဆန်ပြီးယုတ်မာတဲ့ လူမျိုးကို မပေးနိုင်ဘူး'

'ဘာကွ မင်းတာခဆချင်နေပြီလား'

ကျွန်းဟာန်ဆာ မိုရှမ်း လိမ်ကွန်ကြားတွင် လှစ်ခနဲဝင်ရပ်လိုက်ကာ လိမ်ကွန်ကိုပြောလိုက်၏။

'ငါ့ဆေမှ မိုရှမ်းကို မင်းထိလို့ရမယ်ကွ'

'ကြော် အခုမှ အချစ်သူရဲကောင်းနဲ့လာတွေ့နေရတာကိုး ဟဲ...ဟဲ...ဟဲ ဒါဆိုလဲ မင်းကိုပဲ အလျှင် သတ်ရတော့မှာပေါ့ကွာ'

'ဟိုင်း'



ကျွန်းဟာန်သည် ရှောင်လွှဲ၍မရတော့ကြောင်း သိရသဖြင့် မိုရှမ်း နောက်ကိုဆုတ်သွားစေရန်တွန်းလိုက်ပြီး သူ့အမူ လိမ်ကွန်ထံခုန်ဝင်၍ စောင်တိုက်ခိုက်လိုက်လေတော့သည်။

လိမ်ကွန်ကနောက်ကိုခြေသုံးလေးလှမ်းမျှ ဆုတ်ခွာလိုက်ပြီးမှ သံမဏိကျာပွတ်ကို ဝှေ့ယမ်း၍ကျွန်းဟာန်ကိုပြန်တိုက်သည်။

'ထန်း ထန်း ထန်း'

'ရှမ်း ရှမ်း ရှမ်း'

လိမ်ကွန်၏ကျာပွတ်က မြွေတစ်ကောင်ကို တွန့်လိမ်ကာ ကျွန်းဟာန်ကိုရစ်ပတ်ရန် ကြိုးစားနေသည်။ ကျာပွတ်၏အရှိန်အဟုန်က ပြင်းထန်မြန်ဆန်သည်။

ကျွန်းဟာန်သည် သူ၏ဓားရှည်ဖြင့် သံမဏိကျာပွတ်ကို ဖြတ်တောက်ပစ်ရန် ကြိုးစားသည်။

သို့သော် လိမ်ကွန်၏ ကျာပွတ်မှာရိုးရိုးကျာပွတ်မဟုတ်ဘဲ သံမဏိကျာပွတ်ဖြစ်မသရော ဓားဖြင့် ဖြတ်တောက်၍မရဘဲ ဖြစ်နေသည်။

ကျာပွတ်ကသာ သူ၏ဓားရှည်ကို ရစ်ပတ် ဆွဲယူမည်ပြုနေသဖြင့် ကျာပွတ်နှင့်ဓားကို ထိပ်တိုက်ရင်မဆိုင်ရဲတော့ချေ။

ကျွန်းဟာန်သည် ကျာပွတ်ရိုက်ချက်ကိုရှောင်ရင်း လိမ်ကွန်ကို ပူးတိုက်နိုင်ရန်သာ ကြိုးစားနေရတော့သည်။ ထိုအချိန်တွင် သံမဏိတောင်ဝှေးကိုကျစ်ကျစ်ပါအောင် လုပ်ကိုင်ကာ

www.burmeseclassic.com

www.burmeseclassic.com



နောက်ကိုဆုတ်နေပြီး နားအောရုံကိုသာစိုက်ထားသည့် မိုရှမ်းသည် ကျန်းဟန်နှင့် လိမ်ကွန်တို့တိုက်ခိုက်နေသည်ကို ကြားနေရ၍ တိုက်ပွဲအခြေအနေမှာ မည်သို့ရှိနေကြောင်း ခန့်မှန်းနိုင်သည်။

ထိုစဉ် လိမ်ကွန်၏နောက်လိုက်ငါးယောက်က သူမအနားသို့ အသံမကြားအောင် ဖြည်းဖြည်းချင်း ချဉ်းကပ်လာနေကြသည်။

ကျန်းဟန်သည် လိမ်ကွန်နှင့် ကျားပွတ်ကိုသာ ဂရုစိုက်နေရသဖြင့် မိုရှမ်းထံ မကြည့်နိုင်

မျက်မမြင်မိုရှမ်း၏အနီး( ကပ်)လာကြသည့် ဓားစုံနက်ငါးယောက်အနက် နှစ်ယောက်မှာ ပိုင်ပြီအထင်နှင့် ရှေ့ကိုခုန်ဝင်ပြီး သူမကို ဓားကိုယ်စီဖြင့် ပိုင်းလိုက်ကြ၏။

မိုရှမ်းက သွက်လက်စွာ လှုပ်ရှားလိုက်သည်။

'ထန်း....ထန်း'

'ဗွစ်....ဗွစ်'

'အား....အီး'

ဓားစုံနက်နှစ်ယောက် တောင်ဝှေးရိုက်ချက်မိကာ လဲသွားကြသည်။

ကျန်ဓားစုံနက်များမှာ မိုရှမ်းအကြောင်းကို သိသွားကြပြီဖြစ်၍ ရှေ့တရက် မကပ်ရဲကြတော့ချေ။



မိုရှမ်း ငြိမ်၍နားစွင့်နေလိုက်ပြန်၏။

'ရှမ်း....ရှမ်း....ရှမ်း'

ကျန်းဟန်သည် လိမ်ကွန်နှင့် တစ်ခါမှ မတိုက်ခိုက်ဖူးချေ။ ယခုမှ ဦးစွာ ရင်ဆိုင်တိုက်ခိုက်ရခြင်း ဖြစ်လေသည်။

လိမ်ကွန်သည် ကျားပွတ်ကို ပိုင်နိုင်ကျွမ်းကျင်စွာ အသုံးပြုနိုင်သလို သူ၏အတွင်းအားကို ကျားပွတ်ဆီ ပို့လွှတ်ပြီး တိုက်ခိုက်ခြင်းမျိုးဖြစ်သဖြင့် ပြင်းထန်၏။

ကျန်းဟန် သတိထားနေသည့်ကြားမှ ခါးကိုင်ထားသည့် ညာလက်ကောက်ဝတ်ကို ကျားပွတ်က ရစ်ပတ်မိသွား၏။

ထိုစဉ် လိမ်ကွန်က သူ့ကျားပွတ်ကိုဆွဲယူလိုက်ရာ ကျန်းဟန်လည်း သူ့နားကို အရှိန်ဖြင့် ရောက်လာလေ၏။

ထိုအခါ လိမ်ကွန်က သူ၏ဘယ်လက်ဝါးဖြင့် ကျန်းဟန်၏ရင်ဝကို ရိုက်ချလိုက်တော့၏။

'ဗုန်း'

'အင့်'

ကျန်ဟန်သည် လက်ဝါးရိုက်ချက်မိကာ ပါးစပ်မှ သွေးများ အန်ထွက်၍ နောက်သို့ လွင့်စင်လဲကျသွား၏။

'ဟား....ဟား....ဟား၊ မင်းပညာလောက်နဲ့ ငါ့ကိုယှဉ်လို့မရဘူးကွ'

နားစွင့်ထောင်နေသောမိုရှမ်းလည်း ကျန်းဟန် ရှုံးနိမ့်သွားပြီဖြစ်ကြောင်း သိလိုက်ရသဖြင့် စိုးရိမ်ပူပန်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



သူမက တွေဝေတုံ့ဆိုင်းခြင်းမရှိဘဲ လိမ်ကွန်၏ အသံထွက်ပေါ်လာရာသို့ ခုန်ဝင်ကာ သံမဏိတောင်ဝှေးကို တရစပ်ဝှေ့ယမ်း၍ တိုက်ခိုက်တော့၏။

'ခွေးကောင်မ၊ နင်ကပါ သေချင်နေတော့ သေရစေမယ်ဟေ့'

လိမ်ကွန်က ဆော်ဟစ်ကြိမ်းဝါးရင်း မိုရှမ်းကို သံမဏိကျားပွတ်ဖြင့် ပြန်တိုက်၏။

မိုရှမ်းသည် ကျားပွတ်ကို နားစွင့်ရှောင်တိမ်းရင်း လိမ်ကွန်ကို အပြင်းအထန် ပြန်တိုက်၏။

သို့သော် သူမ၏တိုက်ခိုက်မှုမှာ ထိရောက်ခြင်း သိပ်မရှိလှချေ။

လိမ်ကွန်သည် ယခု ကိုးနှစ်ကျော်အတွင်း ကျားပွတ်သိုင်းပညာတွင် ကြောက်ရလောက်အောင် တိုးတက်လာကြောင်း သိလာရ၏။

သူမ၏သံမဏိတောင်ဝှေးကို လိမ်ကွန်က သံမဏိကျားပွတ်ဖြင့် ဆွဲပက်လိုက်သောအခါ မိုရှမ်း ထိတ်ခနဲဖြစ်သွားမိ၏။

'ရှမ်း'

'အား'

တဆက်တည်းမှာပင် ကျားပွတ်က သူ့ကို တစ်ချက် ရိုက်မိသွားသဖြင့် လွင့်စဉ်လဲကျသွား၏။

'ဟား....ဟား...ဟား'

လိမ်ကွန်က အားပါးတရရယ်ပြီး လဲကျနေသော မိုရှမ်းကို သံမဏိကျားပွတ်ဖြင့် ထပ်မံ၍ရိုက်၏။

'ဟိတ်ကောင်....ရပ်လိုက်စမ်း'

ထိုစဉ် ဟိန်းဟောက်ဟန့်တားသံနှင့်အတူ လိမ်ကွန်နှင့် မလှမ်းမကမ်းသို့ အဘိုးကြီးတစ်ယောက် လှစ်ခနဲ ရောက်ရှိလာသည်။

ထိုအဘိုးကြီးမှာ သိုင်းဆရာကြီးလုံဖေးပင်ဖြစ်၏။

နောက်ဘက်မှ ဝမ်ချန်၊ ဝမ်ရှောင်၊ ထောင်စမ်း၊ ကျိုးထုံနှင့် လက်ရွေးစင်သိုင်းသမားများ အပြေးရောက်လာ၏။

'မေမေ....မေမေ၊ သားတို့ရောက်လာကြပြီ၊ ဘာဘကြီးလုံဖေးကော၊ အစ်ကိုကြီးဝမ်ရှောင်ကော နောက်လိုက်အဖွဲ့သားတွေပါ ပါလာကြတယ်၊ မေမေ ဘာဖြစ်သွားသေးလဲ'

မိုရှမ်းသည် ဝမ်းသာအားတက်သွားပြီး လူးလဲ၍ ထရပ်သည်။

သူမသည် ကျားပွတ်ရိုက်ချက်ကြောင့် နာကျင်မှုသာရှိမှတပါး ပြင်းပြင်းထန်ထန် ဒဏ်ရာမရပါချေ။

ထို့ကြောင့် သူမက ပြန်အော်ပြောလိုက်၏။

'မေမေ ဘာမှမဖြစ်ဘူးသား၊ အစ်ကိုကျွန်းဟန်ကိုသာ ကြည့်ပါဦး'

ဝမ်ချန်နှင့်ဝမ်ရှောင်၊ ထောင်စမ်းတို့လည်း လဲကျနေသော ကျွန်းဟန်ထံ ပြေးလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို ပိတ်ဆို့ရန်ကြိုးစားနေသော လိမ်ကွန်၏နောက်လိုက်များကို လက်နက်ကိုယ်စီဖြင့် တိုက်ခိုက်ထိုးဖောက်၍ ကျွန်းဟန်ထံ ရောက်လာကြ၏။

ဆရာကြီးလုံဖေးနှင့် လိမ်ကွန်တို့ကမူ မလှုပ်မရှားဘဲ တစ်ယောက်ကိုတစ်ယောက် စူးစိုက်ကြည့်နေကြ၏။

ဆရာကြီးလုံဖေးက လိမ်ကွန်ကို တင်းမာစွာပြော၏။

'လိမ်ကွန်၊ မင်းကို အမိုက်ဇာတ်သိမ်းဖို့ တို့ ရောက်လာပြီကွ၊ တို့တွေ အချိန်မီရောက်လာတာ မင်းအတွက် သိပ်ပြီး ကံဆိုးတာပဲ'

လိမ်ကွန်ကလည်း မကျေမချမ်းနှင့် ပြန်ပြောလိုက်၏။

'ဆရာလုံဖေး၊ ဒီပြဿနာမှာ ခင်ဗျား ဝင်မပါရင် ကောင်းမယ်'

'ဟာ....ဝင်မပါလို့ဖြစ်မလားကွ၊ ငါ့ရဲ့အာမခံရတနာတွေကို မင်းလုယူဖို့ကြိုးစားခဲ့တာ မေ့သွားပြီလား လိမ်ကွန်၊ ဒီကိစ္စအတွက်နဲ့ပဲ မင်းနဲ့ငါ စာရင်းရှင်းသင့်နေပြီ၊ ပြီးတော့ မင်းဟာ ယာကူဇာဂိုဏ်းကြီးကို ပြန်လည်ထူထောင်ပြီး သိုင်းလောကကြီးကို အကျိုးယုတ်အောင်လုပ်မယ်ကောင်ဆိုတော့ မင်းကိုပိုပြီး ရှင်းပစ်သင့်တာပဲ'

'ခင်ဗျားကို ရင်ဆိုင်စံ့လို့ ကျုပ်ကပြောနေတာမဟုတ်ဘူးဗျ၊ ကျုပ်ကသတ်ရဲသရဲတဲ့ကောင်၊ ရှင်ရှေ့ထိုး သေမြေကြီးပဲ'

'ဒါဆိုရင် မင်းသဘောအတိုင်းပဲ ပေါ့ကွာ'

လုံဖေးက လိမ်ကွန်အား တိုက်ခိုက်မည်ပြု၏။



ထိုစဉ် သူ့ခါးနားမှ ကျိုးထုံက သူ့ကို ပြောလိုက်လေသည်။

'ဆရာကြီး ဒီလူယုတ်မာကို ကျွန်တော့်ပဲ စတိုက်ပါရစေ၊ ကျွန်တော်တို့ချောထောက်အဖွဲ့က အာမခံရတနာတွေကို လုယူဖို့ကြိုးစားခဲ့တဲ့အတွက် ဆုံးမပါရစေ'

လုံဖေးက ကျိုးထုံကို မျက်မှောင်ကြုတ်၍ကြည့်လိုက်တော့—

'မင်းနဲ့ဖြစ်ပါ့မလား ကျိုးထုံ'

'ဖြစ်ပါတယ်ဆရာကြီး၊ မဖြစ်တော့မှ ဆရာကြီးဝင်ကူပေးပါဦးစွာ ကျွန်တော့်လက်နဲ့တိုက်ခိုက်ချင်လို့ပါ'

ထိုအခါမှ ဆရာကြီးလုံဖေးသည်း ခေါင်းညိတ် ခွင့်ပြုလိုက်သည်။

ဆရာကြီး လုံဖေးကပြောပြီး လိမ်ကွန်ကိုသာ သတိထား ကြည့်နေလိုက်၏။

ကျိုးထုံလည်း အတွင်းအားကိုစုစည်းလိုက်ပြီး လိမ်ကွန်ထံ ဦးတည်တိုက်ခိုက်မည်လုပ်ပြီးမှ ရုတ်တရက် ညာလက်ဖဝါးဖြင့် ဆရာကြီးလုံဖေး၏ရင်ဝကို ပြင်းထန်စွာရိုက်ချလိုက်လေတော့။

'ဗုန်း'

'အင့်'

ကျိုးထုံ ဤသို့လုပ်လိမ့်မည်မထင်သဖြင့် ဆရာကြီး လုံဖေးသည် ခုခံကာကွယ်ခြင်းလုပ်မထားချေ။ ထို့ကြောင့် ကျိုးထုံ၏ လက်ဝါးရိုက်ချက်ကို ပြင်းပြင်းထန်ထန်ခံလိုက်ရပြီး ပါးစပ်မှ သွေးများအန်ထွက်ကာ လဲကျသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟာ'

'ဟင်'

'ဟေ့ လူ ကျိုးထုံ ခင်ဗျားဘာလုပ်လိုက်တာလဲ'

'ကျိုးထုံ သစ္စာဖေါက်ပြီ'

ဆရာကြီး လုံးဖေ၏ဘက်တော်သားများထံမှ အာမေဋိတ်သံများ ပြောဆိုသံများ ပေါ်ထွက်လာကြပြီး ဆရာကြီးလုံးဖေးထံ ပြေးလာကြ၏။

'ဘဘ...ဘဘ'

'ဆရာကြီး....ဆရာကြီး'

ကျန်းဟန်အနီးတွင်ရှိနေကြသော ဝမ်ရှောင်နှင့်ထောင်စမ်းတို့လည်း ဆရာကြီး လုံးဖေး၏အဖြစ်ကို မြင်ရသောအခါ စိုးရိမ်စိတ်ဖြင့် အော်ပြီး ပြေးလာကြသည်။

ထိုအချိန်တွင် ကျိုးထုံမှာ လိမ်ကွန်အနီးသို့ ရောက်နေပြီဖြစ်၏။

ဝမ်ချုန်သည် သတိမေ့နေဆဲဖြစ်သော ကျန်းဟန်ကို တိုက်ပွဲနှင့် လွတ်ရာသို့ ပို့သွားလိုက်ပြီး မိုရှမ်းထံ ရောက်လာပြောလိုက်၏။

'ဦးဦးကျန်းဟန် အတွင်းဒဏ်ရာ ရသွားပါတယ် အခုမေ့ အသက်အန္တရာယ် စိုးရိမ်စရာမလိုပါဘူး၊ ကျွန်တော်တို့ဆေး တိုက်ထားပါတယ်'



ဝမ်ချုန်၏စကားကိုကြားရတော့မှ မိုရှမ်းလည်း ကျန်းဟန်၏ အတွက် စိုးရိမ်စိတ် အတော်ကြီးပြေပျောက်သွားသည်။

ဝမ်ချုန်က မျက်မမြင် မိုရှမ်းလက်ထဲသို့ ဆေးရှည်တစ်ချက် ထည့်ပေးသည်။

'ဆရာကြီး လုံဖေး ဘာဖြစ်လို့လဲသား'

ဝမ်ချုန်က ခံပြင်းစိတ်ဖြင့် ဖြစ်ပျက်ပုံကို ပြန်ပြောပြလိုက်သည်။

ထောင်စမ်းက ဆရာကြီးလုံဖေးကိုပွေ့လိုက်ရင်းမှ ကျိုးထုံကို ဒေါသတကြီးဖြင့် အော်ပြော၏။

'ဟေ့ ကောင်... ကျိုးထုံ၊ မင်းဘာလုပ်လိုက်တာလဲ၊ ဆရာကြီး မင်းကိုအခွင့်အရေး ပေးပြီးကောင်းခဲ့တာကို မင်းက အခုလိုမကျေးဇူးဆပ်ရသလား'

'ဟဲ....ဟဲ....ဟဲ'

ကျိုးထုံက မခိုးမခန့်ရယ်၍ ထောင်စမ်းကို ပြန်ပြောလိုက်သည်။

'ငါဟာ ကျေးဇူးရှင်ကို ကျေးဇူးရှင်မှန်း သိတတ်ပါတယ်၊ ဒါပေမယ့် ငါ့ရဲ့ ကျေးဇူးရှင်က မင်းတို့ရဲ့ ဆရာကြီး လုံးဖေး မဟုတ်ဘူး၊ ငါ့ရဲ့ကျေးဇူးရှင်အစစ်က ဟောဒီက ငါ့ဆရာ လိမ်ကွန်ပဲ၊ ဆရာလိမ်ကွန်ရဲ့တာဝန်ပေးချက်အရ ငါဟာ မင်း တို့အဖွဲ့မှာလာပြီး တာဝန်ထမ်းနေရတာကွ၊ မင်းတို့အဖွဲ့ရဲ့ပတ်

www.burmeseclassic.com

www.burmeseclassic.com



သက်တဲ့အတွင်းရေး သတင်းတွေကို ငါက ဆရာလိမ်ကွန်ဆီကို ပို့ပေးနေရတယ်လေ၊ အခု အခြေအနေမှာ ငါကဒီလိုမှမလုပ်ရင် ဆရာလိမ်ကွန်အနေနဲ့ မင်းတို့ဆရာကြီး လုံဖေးကို တော်တော်ကြီးဖြို့ရလိမ့်မယ်။ ဒါကြောင့် ငါကဦးဆုံးဖြို့လိုက်ရတာပဲကွ၊ ကျန်နေတဲ့ မင်းတို့ကောင်တွေလောက်ကိုတော့ ဆရာလိမ်ကွန်က မှုစရာမလိုတော့ဘူးကွ၊ ဟား ဟား ဟား ဟား'

'ခွေးမသား'

ထောင်စမ်းတို့အဖွဲ့က မခံချိမခံသာဖြင့် ကျိုးထိုကို ဝိုင်းဆဲကြသည်။

တိုက်ခိုက်ရန်ပြင်ကြသည်။

'ဟား....ဟား....ဟား'

လိမ်ကွန်က အားပါးတရရယ်၍ ကျိုးထိုပခုံးကိုအသာပုတ်ကာ ပြော၏။

ကျိုးထို မင်းဟာ အတော်ကိုတော်တာပဲ၊ မင်းကိုဆုချရမယ်'

'ရှမ်း'

ရုတ်တရက် လိမ်ကွန်သည် ကျိုးထိုလည်ပင်းကို ကျစ်ပွတ်ဖြင့် ရစ်ပတ်လိုက်ကာ ဆွဲညှစ်လိုက်တော့၏။

ကျိုးထိုလျှာထွက်ပြီး မျက်လုံးပြူးကာ သေသွားလေသည်။

'ဟား ဟား ဟား မင်းကို ငါ အသုံးချစရာမလိုတော့လို့ အနားပေးလိုက်တာပါ'



လိမ်ကွန်သည် လွန်စွာရက်စက် ယုတ်မာလှကြောင်း ဤအဖြစ်ကထင်ရှားလှ၏။

ကျိုးထိုတစ်ယောက် လူယုတ်မာ ဒုစရိုက်သမားအပေါ် သစ္စာထားမိသည့်အတွက် သေခြင်းဆိုးသော ဆုကို ရသွားလေပြီ။

'ယား'

ဦးစွာ ဖမ်ရှောင်က သူ၏မွေးစားဖခင်အတွက် နာကြည်းခံပြင်းသွားပြီး ဓားရှည်ကိုဝှေ့ယမ်း၍ လိမ်ကွန်ထံသို့ ခုန်စင်ကာ တိုက်ခိုက်လေသည်။

ဖမ်ရှောင် လှုပ်ရှားသည်နှင့် ညီဖြစ်သူ ဖမ်ချန် ကလည်း လိမ်ကွန်ထံခုန်ဝင်၍တိုက်ခိုက်လိုက်သည်။ ထိုအခါ ထောင်စမ်း ဦးဆောင်သော သူစရိုက်သိုင်းသမားများနှင့် လိမ်ကွန်၏အကောင်အားတို့လည်း ပြင်းပြင်း ထန်ထန် တိုက်ခိုက်ကြလေတော့၏။

'ယား'

'ဝှစ်....ဝှစ်'

'ထန်း....ထန်း'

'ရှမ်း....ရှမ်း....ရှမ်း'

'ချွင်....ချွင်....ထန်း'

'ဟိတ်'

'အား....အင့်'

www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ် တိုက်ခိုက်သံတွေ ဆူညံစွာပေါ်လာသည်။ ညည်းတွားသံတွေလည်း ပေါ်လာသည်။

မျက်မမြင် မိုရှမ်းသည် လိမ်ကွန်ကိုသာ တိုက်ခိုက်လိုသော ကြောင့် ကျားပွတ်သံထွက်ပေါ်လာရာသို့ မှန်းဆ၍ ရှေ့တိုးခဲ့သည်။

သူမအနီးသို့ရောက်လာသောသူမှန်သမျှကိုလည်း ဓားနှင့် ခုတ်ပိုင်းခဲ့၏။

ဝမ်ချန်သည် လမ်းခရီးမှာကတည်းက သူနှင့်ပါလာသောသူအားလုံးကိုတိုက်ပွဲစင်လျှင် သူ၏မွေးစားမိခင် မိုရှမ်းအနားသို့မကပ်မိအောင် ရှောင်၍တိုက်ခိုက်ရန် မိခင်ဖြစ်သူမှာ မျက်စိမမြင်သဖြင့် အသံကိုအာရုံပြု၍ တိုက်ခိုက်ရသောကြောင့် သူမအနီးသို့ရောက်လာသူမှန်သမျှ ရန်သူ မိတ်ဆွေမခွဲခြားနိုင်ဘဲ တိုက်ခိုက်သတ်ဖြတ်ကြောင်းသတိပေးထားခဲ့ပြီးဖြစ်လေရာ ချောထောက်အဖွဲ့ဝင်များသည် တိုက်ပွဲစလျှင် စချင်း မျက်မမြင် မိုရှမ်းအနီးသို့ မရောက်အောင် သတိထား၍ တိုက်ခိုက်ကြ၏။

ဝမ်ချန်သည် စောစောက သူ့မိခင်နှင့် အတူရှိနေခဲ့၏ လည်း....

'ကျွန်တော်တို့ဘက်တော်သားတွေကို မေမေ့အနား မကပ်ဖို့ မှာထားပြီးပြီမေမေ၊ မေမေ အနားရောက်လာတဲ့သူဟာ ရန်သူတွေချည်းပဲ၊ မေမေမညှာတမ်းသာ တိုက်ပေတော့'

ဟု မှာထားပြီးဖြစ်၏။



ထို့ကြောင့် မျက်မမြင် မိုရှမ်းသည် သူမအနီးသို့ရောက်လာသူမှန်သမျှကို ဓားရှည်ဖြင့်ခုတ်ပိုင်းခဲ့ခြင်းဖြစ်လေသည်။

'ရှမ်း....ရှမ်း....ရှမ်း'

သူမသည် ကျားပွတ်သံကိုနားစွင့်၍ ဘစ်ဘက်မှလိမ်ကွန်ကို ဝင်တိုက်သည်။

'မေမေ....သတိထား'

'ဒေါ်လေး....ကျွန်တော်တို့ဒီမှာ'

ဝမ်ချန်နှင့်ဝမ်ရှောင်တို့ကလည်း လူမမှားစေရန်အမြဲမပြတ် အသံပြုကြ၏။

လိမ်ကွန်သည် မိုရှမ်း၊ ဝမ်ချန်နှင့်ဝမ်ရှောင်တို့က ဝိုင်းတိုက်ကြသော်လည်း ကောင်းစွာပြန်လည်တိုက်ခိုက် နိုင်လေသည်။

သူသည် ခံစစ်မဟုတ်ဘဲ တိုက်စစ်ကိုသုံးနိုင်သည်။

သံမဏိကျားပွတ်ကို ကျွမ်းကျင်စွာ အသုံးပြုလျက် အမြဲ စီးမှ တိုက်နိုင်သည်။

လိမ်ကွန်၏ကျားပွတ်က ဝမ်ချန်နှင့် ဝမ်ရှောင်တို့ ကိုင်ထားသော ဓားရှည်များကိုပင် ရစ်ပတ်၍အဝေးသို့ လွှင့်ပစ်နိုင်လေသည်။

မိုရှမ်းမှာ သူမ၏လက်မှဓားရှည် ပါမသွားအောင် သတိထား၍ ရှောင်တိမ်းတိုက်ခိုက်နေရလေသည်။

သူမတို့ ဓားပတ်လည်မှ အော်ဟစ် တိုက်ခိုက်သံများမှာ တဖြည်းဖြည်းနည်းလာပြီး ပျောက်သွားကြသော်လည်း သူမတို့ထံမှ လိမ်ကွန်ကို ဝိုင်းတိုက်နေကြရအားဆည်။

www.burmeseclassic.com

www.burmeseclassic.com



ယောင်စမ်းတို့ လူစုသည် အကျအသုံး နည်းနည်းဖြင့် လိမ်ကျွန်၏နောက်လိုက်များကို အနိုင်ယူရေမွှန်းနိုင်လိုက်ကြပြီ ဖြစ်၏။

ယောင်စမ်းက လိမ်ကျွန်ကိုဝိုင်းတိုက်မနေသော ဝမ်ရှောင်တို့ ကိုကြည့်၍ အော်ပြောလိုက်၏။

'ဝမ်ရှောင်နဲ့ ဝန်ချုန်... ဒုစရိုက်သမားတွေ အကုန်လုံး ကြွ ကုန်ပြီ၊ လူယုတ်မာကြီးတယောက်ကိုပဲ ဖြိုဖို့ကျန်တော့တယ်၊ စောင့်ထားကြ၊ ဗျူဝင်ကူမယ်'

မိုရှမ်းမှာ ထိုအချိန်၌ရှင်းမှ ယောင်စမ်း၏အသံကို ကြား ရသဖြင့် အခြေအနေကိုသိရလေသည်။ ယောင်စမ်းတို့ လူစု သည်း လိမ်ကျွန်ကိုဝင်တိုက်ရန် ကြိုးစားကြ၏။

'ရှမ်း....ရှမ်း'

သူ့သော် သူတို့၏သိုင်းပညာနှင့် လိမ်ကျွန်၏သိုင်းပညာမှာ ကွာလှသဖြင့် ကျားမှုတ်ရိုက်ချက်မိကာ အနားသို့ပင် မကပ်နိုင် အောင်ဖြစ်နေ၏။

'ရော့မော....ဝမ်ချုန် ခား'

'ရော့...ဝမ်ရှောင် ခား'

အချို့က လက်နက်မဲ့နေပြီဖြစ်သော ဝမ်ရှောင်နှင့် ဝမ်ချုန် ထိုထံ ဓားများပစ်ပေးကြသော်လည်း ဓားအစ်လက်မှ သူတို့ ထံ မရောက်ပါချေ။

လိမ်ကျွန်က ကျားမှုတ်ဖြင့် လှုင့်လာသောဓားများကို ရိုက် ပယ်နေသောကြောင့်ဖြစ်သည်။



မိုရှမ်းသည် မထမှတ္တင် ကြုံရာဓရဖြစ်နေသော်လည်း မကြာ ခင်မှာပင် လိမ်ကျွန်အား အနိုင်တိုက်နိုင်မည့်နည်းလမ်းကို စဉ်း စားမိသွားသည်။

ချက်ချင်းပင် သူမက ဝမ်ချုန်...ဂူချင်ကျန်သိုင်းကိုသုံး'

* * *

ဂူချင်ကျန်သိုင်း၊ သို့မဟုတ် ငှက်သတ္တ ၁၀ ဝါးမျိုးသိုင်း။

မျက်မမြင် မိုရှမ်းသည် ထိုးခုတ် တိုက်ခိုက်တတ်သော စွန် ငှက်၊ သိန်းငှက်တို့၏တိုက်ခိုက်ပုံကိုစေ့စပ်ရင်းသတ္တ ၁၀ ဝါးမျိုး သိုင်းကွက်ကို တီထွင်၍ ဝမ်ချုန်အား သင်ကြားပေးထားခြင်း ဖြစ်လေသည်။

ထိုသိုင်းကို အသုံးပြုသူသည် အတွင်းအား အတန် အသင့် သာလိုပြီး ကိုယ်ဖော့ပညာကိုအဓိကအသုံးပြုရလေတော့သည်။

ဝမ်ချုန်သည် မိခင်ဖြစ်သူ၏စကားကို ကြားရသောအခါ ဝမ်ရှောင်ကိုလည်းပြောလိုက်၏။

'အစ်ကိုကြီး၊ ကျွန်တော်တိုက်သလို လိုက်တိုက်'

'ကောင်းပြီ ညီလေး'

ဝမ်ရှောင်ကလည်း မျက်မမြင်မိုရှမ်းနှင့် ဝမ်ချုန်တို့၏သိုင်း ပညာစွမ်းကိုယုံကြည်အားပြီးဖြစ်၍ ယခုလိုအကျဉ်းကျဖြစ် နေချိန်တွင် သဘောတူလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ချန်လှစ်ရှားတိုက်ခိုက်သလို သူကလည်းလိုက်ပြီးလှုပ်ရှား တိုက်ခိုက်သည်။

ညီအစ်ကိုနှစ်ယောက်တို့သည် ကျိုးကန်း၊သိမ်းငှက်၊ငှက်စွန် တို့ကဲ့သို့လည်း၊ ကျားပွတ်ရိုက်ချက်ကို ရှောင်တိမ်းကြ လေ၏။ ပြန်လည်ထိုးခုတ်ကြ၏။

လိမ်ကွန်မှာ ဝမ်ချန်တို့ညီအစ်ကို၏ လှုပ်ရှားတိုက်ခိုက်ပုံကို ကြည့်၍နားမလည်နိုင်အောင်ဖြစ်လာသည်။ စိုးရိမ်စိတ်လည်း ဖြစ်လာသည်။

ဝမ်ချန်နှင့်ဝမ်ရှောင်တို့၏ကျားပွတ်ရိုက်ချက်ကို ကောင်းစွာ ရှောင်တိမ်းနိုင်ကြပြီး လိမ်ကွန်၏မျက်လုံးနှင့် လည်ပင်းကို ထိုး ခုတ်ရန်ကြိုးစားကြ၏။

လိမ်ကွန်သည် ဝမ်ချန်တို့ကိုသာအာရုံစိုက်နေရတော့သည်။

'ယား'

'ဟိုင်း'

ရုတ်တရက် ဝမ်ချန်က ခုန်လိုက်သောအခါ တစ်ပြိုင်နက် တည်းဆိုသလို ဝမ်ရှောင်ကလည်း ခုန်လိုက်၏။ လိမ်ကွန်သည် သူ၏ ကျားပွတ်ရိုက်ချက် အရှိန်လွန်နေသဖြင့် ပြန်လည်ရုတ်ဖို့ အချိန်မရခင်မှာပင် ဝမ်ချန်နှင့် ဝမ်ရှောင်တို့၏ထိုးခုတ်ချက်အား သူ့မျက်လုံးနှင့်လည်ပင်းဆီ ပြိုင်တူရောက်လာသည်။



လိမ်ကွန်ဗျာများ၍ အားလုပ်ရမှန်း မသိဖြစ်သွားစဉ်မှာပင် အခြေအနေကိုနားစွင့်ထောင်နေသော မိုရှမ်းက လွှားကနဲခုန်ပြီး လိမ်ကွန်၏ကျောကို မားရှည်ဖြင့် ထိုးစိုက် ချလိုက်လေ တော့၏။

'အား....အီး'

ထိုငှော် ဝမ်ချန်၏လက်ညှိုးနှစ်ချောင်းကလည်း လိမ်ကွန်၏ မျက်လုံးအစုံကို ထိုးဖောက် ဝင်သွားသည်။ လိမ်ကွန် မချိ မဆန့် ညည်းတွားရင်း လဲကျသေဆုံးသွားသည်။

'မမမေရေ....လူယုတ်မာကြီးတော့ စခန်းသိမ်းသွားပြီ'

ဝမ်ချန်က မောဟိုက်စွာဖြင့် မိခင်ဖြစ်သူကို အသိပေးလိုက် သည်။

'ညီလေး၊ သူ့ဆီမှာ ဗုဒ္ဓစန်းရတနာသိုက်မြေပုံတစ်ခြမ်း ကို ရှာကြည့်ကြရအောင်'

ညီအစ်ကိုနှစ်ယောက်က လိမ်ကွန်၏ကိုယ်တွင် သေချာစွာ ရှာကြည့်သောအခါ လက်မောင်းတွင် စည်းပတ်ထားသော စာရွက်လိပ်တစ်လိပ်ကို တွေ့ကြရ၏။

စာရွက်ကို ဖြန့်ကြည့်သောအခါ ဗုဒ္ဓစန်းရတနာသိုက်မြေပုံ တစ်ခြမ်းဖြစ်နေကြောင်း ဝမ်းသာစွာ တွေ့ရတော့သည်။

'မမမေ...လူယုတ်မာကြီးဆီက ဗုဒ္ဓစန်းရတနာသိုက်မြေပုံ အစ်ခြမ်းကို ရပြီ၊ ကျွန်တော်တို့ညီအစ်ကိုဆီမှာ တစ်ခြမ်းရှိနေ တော့ ရတနာသိုက်ကို ကျွန်တော်တို့ ထုတ်ယူနိုင်ပြီ မေမေ'

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ရှောင်ကလည်း ဝမ်းသာအားရ ပြောလိုက်လေ၏။

'ရတနာသိုက်က ရမယ့်ရတနာတွေနဲ့ အစ်ကိုကြီးတို့တွေ အသွေးစက်ဂိုဏ်းကြီးကို ကောင်းကောင်းကြီး ပြန်ထူထောင်နိုင်ပြီကွ၊ ကျင်းကန်သိုင်းကျမ်းထဲက နည်းစနစ်တွေကိုသာရရင် အစ်ကိုကြီးတို့ကို ဘယ်ဗုစရိုက်သမားကမှ မော်ကြည့်ရဲတော့မှာ မဟုတ်ဘူး'

ထိုစဉ် တောင်ဝမ်းက သူ့လူတွေကို ပြောလိုက်၏။

'ဆရာကြီးကို မြန်မြန်သတိရလာအောင် ကုကြရအောင် ဟေ့၊ ဆရာကြီးသာ တို့ရဲ့အောင်ပွဲကို သိရင် သိပ်ဝမ်းသာမှာပဲ'

'လူလေးဝမ်ချန်၊ မေမေ့ကို အစ်ကိုကျွန်းဟန်ဆီ ပို့ပေးပါဦးကွယ်'

မိုရှမ်းက ပြောလိုက်သဖြင့် ဝမ်ချန်သည် သတိရလုဆဲဆဲ ဖြစ်နေသော ကျွန်းဟန်ထံ သူမကို တွဲပို့ပေးသည်။

သူမက စိုးရိမ်စိတ်ဖြင့် ကျွန်းဟန်ကို ပွေ့ဖက်၍ခေါ်၏။

'အစ်ကိုကျွန်းဟန်...အစ်ကိုကျွန်းဟန်'

'ဦးဦးကျွန်းဟန်'

ဝမ်ချန်ကပါ ဝိုင်း၍ အသံပြုသည်။

'အင်း...ကျွတ်...ကျွတ်...ကျွတ်'

ကျွန်းဟန်ထံမှ ညည်းတွားသံပေါ်လာကာ သတိရလာ၏။ မျက်လုံး ပွင့်လာသည်။

မိုရှမ်းနှင့်ဝမ်ချန်တို့ကိုမြင်တော့ ဝမ်းသာအားတက်သွားသည်။



'မိုရှမ်း...ဝမ်ချန်'

ဝမ်ချန်က ဝမ်းသာအားရပြော၏။

'ကျွန်တော်တို့တွေ အောင်ပွဲဆင်နိုင်ကြပြီ ဦးဦး၊ လူယုတ်မာကြီးလိမ်ကျွန်နဲ့အဖွဲ့ကို ကျွန်တော်တို့ ချေမှုန်းလိုက်ကြပြီး လိမ်ကျွန်ဆီကလဲ ဝှာစန်းရတနာသိုက်မြေပုံတစ်ခြမ်းကို ရတယ်'

'ဟာ...ဟုတ်လား၊ ဝမ်းသာလိုက်တာ ဝမ်ချန်ရယ်'

'ညီလေးရေ၊ ခဏ...ခဏ'

ထိုစဉ် ဝမ်ရှောင်က လှမ်းခေါ်သဖြင့် ဝမ်ချန်သည် ပြေးထွက်သွားသည်။

ကျွန်းဟန်က မိုရှမ်းကို ပြောလိုက်၏။

'အစ်ကိုတော့ သိပ်ဝမ်းသာတာပဲမိုရှမ်း၊ ဒါပေမယ့် အစ်ကို့ရဲ့ဝမ်းသာမှုက မပြည့်စုံသေးဘူး၊ မိုရှမ်းကို လက်ထပ်ခွင့်ရမယ်ဆိုရင်တော့ အစ်ကို့ရဲ့ဝမ်းသာမှုက ပြည့်စုံသွားမှာပဲ၊ ဘယ့်နှယ်လဲမိုရှမ်း၊ အစ်ကို့မေတ္တာကို လက်ခံရဲ့လားဟင်'

ကျွန်းဟန်ကို ပွေ့ဖက်ထားဆဲမှပင် မိုရှမ်းက ပြုံးပြုံးလေး ပြန်ပြော၏။

'ညီမရင်ခွင်ထဲကိုတောင် ရောက်နေမှပဲအစ်ကိုရယ်၊ [illegible] စပ်ကာ ပြောနေစရာ လိုသေးသလား...လို့'

ကျွန်းဟန်က ဝမ်းသာအားရဖြင့် မိုရှမ်းကို ပြန်ဖက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အား....ကျွတ်...ကျွတ်'

သူ့တွင် အတွင်းဒဏ်ရာရရှိထားသဖြင့် ရင်ထဲတွင် နာကျင်သွားကာ ညည်းမိသည်။

'ခစ်....ခစ်....ခစ်'

မို့ရှမ်းက ရယ်လိုက်လေသည်။

မို့ရှမ်း၏ရယ်သံကလေးသည် အေးချမ်းစွာ အာယာနေလေတော့သတည်း။ ။

ပြီး ပါ ပြီ

www.burmeseclassic.com